# ချင်းပြည်နယ် ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာ ပံ့ပိုးရေးစီမံချက်နှင့် နယ်မြေဒေသ လူမှုဖွံ့ဖြိုးရေး နှစ်အလိုက် အစီအစဉ် (၂၀၁၆ - ၂၀၂၀)

## အတွဲ (၂) ဖွံ့ဖြိုးရေးအဆိုပြုချက်များ








အောက်တိုဘာ၊ ၂၀၁၄ ခုနှစ်

## ကျေးဇူးတင်လွှာ

ယခုတင်ပြမည့် အစီအစဉ်များသည် ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသားတပ်ဦး၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ကိုယ်စားလှယ်များ၏ ကူညီပံ့ပိုးမှုသာ မပါဝင်ခဲ့ပါလျှင် ဤသို့ ပေါ်ထွက်လာလိမ့်မည် မဟုတ်ပေ။ တွေ့ဆုံမေးမြန်းရာ၌လည်းကောင်း၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အုပ်စုဖွဲ့မေးမြန်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရာ၌လည်းကောင်း နိုင်ငံနှင့်အဝှမ်း လှုပ်ရှားသွားလာ ပါ ဝင်ကူညီပေးခဲ့ကြသူများ အားလုံးကို ယခုအစီအစဉ် ရေးသားသူများ က အထူးကျေးဇူးတင်ရှိပါသည်။ လုပ်ငန်း၏ အဓိက အစိတ်အပိုင်းအတွက် ဘဏ္ဍာရေးပံ့ပိုး မှုပေးခဲ့သော ဒိန်းမတ်အစိုးရ (Danida) နှင့် နယ်မြေဒေသလူမှု ဖွံ့ ဖြိုးရေးအစီအစဉ်အတွက် ဘဏ္ဍာရေး ထောက်ပံ့ပေးခဲ့သော ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ စေတနာရက်ရောမှုကိုလည်းကောင်းစွာ အသိအမှတ်ပြုပါသည်။

**Myanmar Institute for Integrated Development**

41/7 B, Golden Hill Avenue

Bahan Township

Yangon Myanmar

Contact: info@mmiid.org

# မာတိကာ


**ဝေါဟာရအညွှန်း** **I**

**၁။ လူမှုကာကွယ်ရေးနှင့် ထိခိုက်လွယ်သူများ အုပ်စု** **1**

**၁.၁။ အဖွဲ့အစည်းမှုဘောင်သွင်းခြင်းစွမ်းရည်တိုးတက်မြင့်မားရေးစီမံကိန်း** **1**

ထိခိုက်လွယ်သူများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း 1
အခြေခံပညာ မူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့်တွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမ မလုံလောက်ခြင်းကိစ္စကို တုန့်ပြန်ဆောင်ရွက်ခြင်း။ 3
ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များကို မြှင့်တင်ခြင်း 7

**၁.၂။ ကလေးသူငယ်အခွင့်အရေးကိုကာကွယ်ပေးရန်နှင့် ၎င်းတို့၏ လိုအပ်ချက် ပြည့်မီအောင်ဆောင်ရွက်ရန် စီမံကိန်းအဆိုပြုချက်များ** **12**

ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး (ECCD) ကို လက်လှမ်းမီနိုင်မှုနှင့် ၎င်း၏ အရည်အသွေး တိုးတက်မြင့်မားစေခြင်း 12
ချင်းဘာသာစကား သင်ရိုးညွှန်းတမ်း ရေးဆွဲခြင်း 16
အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် အာဟာရ 18

**၁.၃။ မသန်စွမ်းသူတို့၏အခွင့်အရေးကို ပံ့ပိုးပေးခြင်းနှင့် ၎င်းတို့၏ လိုအပ်ချက်များကို ပြည့်မီရေး စီမံကိန်း** **24**

မသန်စွမ်းကလေးငယ်တို့အတွက် အခြေခံပညာမူလတန်းပညာရေး 24
မသန်စွမ်းသူတို့အခွင့်အရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း 26

**၁.၄။ အမျိုးသမီးများအခွင့်အရေးကိုပံ့ပိုးပေးရန် စီမံကိန်း** **29**

အမျိုးသမီးများအတွက် မျိုးပွားခြင်းနှင့် သားဆက်ခြား ကျန်းမာရေး 29
ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေး သင်တန်း (PLAT) 32
အမျိုးသမီးအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံမှုဘောင်သွင်းခြင်းဓလေ့ကို ခိုင်မာစေခြင်း 37
ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ခြင်း 40

**၁.၅။ ကျန်းမာရေးကဏ္ဍတွင် ဖွံ့ဖြိုးရေးအတွက် အရေးပေါ် လိုအပ်နေသော နယ်ပယ်များကို တုန့်ပြန်ဖြေရှင်းရေး စီမံကိန်း** **44**

ကျန်းမာရေးပြုစုစောင့်ရှောက်မှု ဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း - ကျန်းမာရေးသင်တန်းဆင်း လုပ်သားများစွာ မွေးထုတ်ပေးခြင်းဖြင့် ကျေးလက်ကျန်းမာရေးတွင် ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှု ပြဿနာကို တုန့်ပြန်ဖြေရှင်းခြင်း 44

ကူးစက်လွယ်သော ရောဂါများ - ဦးစားပေးတုန့်ပြန်သင့်သော ကူးစက်ရောဂါများ ကာကွယ်မှု အတွက် ကူညီပံ့ပိုးမှုကို တိုးမြှင့်ခြင်း 47

**၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တော** **50**

**၂.၁။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်ကိုပြန်ဖြေရှင်းပေးမည့်စီမံကိန်းများ** **50**

လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဝင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ် ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့်  ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးဖြေရှင်းခြင်း 50

**၂.၂။ စားနပ်ရိက္ခာထုတ်လုပ်မှုမြင့်မားရေးစီမံကိန်း** **55**

ပြောင်း စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ခြင်း 55
တောင်ယာစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ခြင်း 57
ရေသွင်းစပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး 59
ချင်းပြည်နယ်တဂုမ်းရှိ လက်ရှိဆည်မြောင်းများကို ပြုပြင်မွမ်းမံခြင်းနှင့် အသေးစား ဆည်မြောင်းအသစ်များ ထပ်မံတည်ဆောက်ရေးအတွက် ပုံစံရေးဆွဲ သတ်မှတ်ခြင်း 63

**၂.၃။ ဝင်ငွေတိုးပွားရေးစီမံကိန်းများ** **66**

ဂျူစိုက်ပျိုးရေး 66
ပိုးမွေးမြူရေးအတွက် စိုက်ပျိုးရေး အကြံပြုတင်ပြခြင်း 69
ဘိန်းအစားထိုး သီးနှံစိုက်ပျိုးခြင်း 71
သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးရေးအတွက် အကြံပြုတင်ပြခြင်း 73

**၃.၁။ မွေးမြူရေးစီမံကိန်းများ** **76**

မွေးမြူရေးတိရိစ္ဆာန်တို့၏ ကျန်းမာရေးကုသစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာခြင်းနှင့်  မွေးမြူရေးလုပ်ငန်း တိုးချဲ့ခြင်း 76
အသေးစား ဝက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေး 79
ကျွဲနွားနှင့် နွားနောက် အသားတိုးရေး အသေးစားလုပ်ငန်း 82
ဆိတ်မွေးမြူထုတ်လုပ်မှု တိုးတက်ရေး 85
နို့စားနွား အသေးစားမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး 87

**၂.၅။ ရေလုပ်ငန်းစီမံကိန်းများ** **90**

အိမ်ခြံဝင်းအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း 90

**၂.၆။ သစ်တောရေးရာစီမံကိန်းများ** **94**

အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ခြင်း 94
ဆေးဘက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ရန် အကြံပြုခြင်း 97
ထင်းရှူးစေ့စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအကြံပြုချက် 99

**၃။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) ဖွံ့ဖြိုးရေး** **102**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက် လက်လှမ်းမီနိုင်သော ဂန်းကျင်တစ်ခု ဖန်တီးပေးခြင်း 102
ကနဦးအစီအစဉ် - ရွေးချယ်သတ်မှတ်ထားသော ထုတ်ကုန်၏ တန်ဖိုးကွင်းဆက်နှင့်အတူ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး 106

**၄။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် သင်တန်းများ** **112**

လက်ရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် သင်တန်း (TVET) ဌာနများကို ပြုပြင်မွမ်းမံခြင်း 112

အစားအသောက် ထိန်းသိမ်းပြုပြင်ခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်စီမံခြင်းအတွက် သင်တန်းနှင့် အသိပညာများပံ့ပိုးပေးခြင်း 114
တည်ဆောက်ရေးနှင့် အိမ်ဆောက်လုပ်မှုတွင် လက်သမားတို့၏ ကျွမ်းကျင်မှုပညာ အရည်အချင်း မြှင့်တင်ခြင်း 117

**၅။ အခြေခံအဆောက်အအုံ** **121**

ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး မဟာစီမံချက် 121
ဆင်ခြေလျှောစောက်များကို တည်ငြိမ်စေခြင်းနှင့် မြေပြိုမှုကို တားဆီးကာကွယ်ခြင်း 125
ကျေးလက်ဒေသချိတ်ဆက်မှု စီမံကိန်း 128
မြန်မာနိုင်ငံအပ္ပမ်းရှိ ပြည်တွင်းလေကြောင်းလိုင်းများနှင့် ချင်းပြည်နယ်ကို ချိတ်ဆက်ပေးမည့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း ဖော်ဆောင်နိုင်မှု ဖြစ်တန်စွမ်းကို လေ့လာဆန်းစစ်ခြင်း 132

**၆။ ခရီးသွားလုပ်ငန်း** **135**

အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်း - ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျ လမ်းညွှန်ချက်များ 135
နတ်မတောင် (ဗစ်တိုရီးယားတောင်) အမျိုးသားဥယျာဉ် စီမံကိန်းနှင့် ခြေလျင်နှင့်တောင်တက်ခရီးအတွက် လမ်းပြမြေပုံရေးဆွဲခြင်း 138
ချင်းပြည်နယ်အတွင်းရှိ စီမံကိန်းဦးတည်ဒေသများအတွက် ဘာသာစကားပံ့ပိုးမှုနှင့် ဧည့်လမ်းညွှန်သင်တန်း 142
တည်းခိုရိပ်သာ အဆောက်အအုံများအတွက် ပံ့ပိုးပေးခြင်း 144
အမွေအနှစ်များ လေ့လာရေးလမ်းကြောင်း ညောင်ဦး - ကန်ပက်လက် 146

**၇။ အဖွဲ့အစည်းမှုဘောင်သွင်းနိုင်းဆိုင်ရာ ခလေ့များ ဖွံ့ဖြိုးတိုးတက်လာခြင်း** **149**

လုပ်ငန်းစဉ်များ ရေးဆွဲပြင်ဆင်ရာတွင် ချင်းပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်များ မြင့်မားလာခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ခိုင်မာစေခြင်း 149

# ဝေါဟာရအညွှန်း

| | |
|---|---|
| AHW | (Auxiliary Health Workers) အရန်ကျန်းမာရေးလုပ်သားများ |
| CBO | (Community Based Organisation) ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| CCDAC | (Central Committee for the Drug Abuse Control) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ |
| CDO | Chin Disabled Organisation ချင်းမသန်စွမ်းသူများအဖွဲ့အစည်း |
| CEDAW | (Convention on the Elimination of all Discrimination Against Women) အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် |
| CHW | (Community Health Worker) လူထုကျန်းမာရေးလုပ်သား |
| CWO | (Chin Women's Organizations) ချင်းအမျိုးသမီးများအဖွဲ့အစည်းများ |
| CWON | (Chin Women's Organizations Network) ချင်းအမျိုးသမီးများအဖွဲ့အစည်းများကွန်ယက် |
| DSW | (Department of Social Welfare) လူမှုဝန်ထမ်းဦးစီးဌာန |
| ECD | (Early Childhood Development) ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး |
| FESR | (Framework for Economic and Social Reforms) စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင် |
| GDI | (Gender and Initiative Development) အေးချမ်းမြန်မာ လူမှုဖွံ့ဖြိုးရေးအသင်း |
| GOM | (Government of Myanmar) မြန်မာနိုင်ငံတော်အစိုးရ |
| IELTS | (International English Language Teaching System) နိုင်ငံတကာအင်္ဂလိပ်စာ သင်ကြားရေးစနစ် |
| IID | (Institute for International Development) နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း |
| KAPB | (Knowledge, Attitudes, Practices and Beliefs (Survey) ) အသိပညာ၊ သဘောထား၊ အလေ့အထနှင့် ယုံကြည်မှု စစ်တမ်း |
| LCCI | (London Chamber of Commerce and Industry) လန်ဒန်စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအသင်း |
| MILI | (Myanmar Independent Living Initiative) မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ |
| MNCWA | (Myanmar National Committee for Women's Affairs) မြန်မာနိုင်ငံအမျိုးသမီးသမီးရေးရာ ကော်မတီ |
| MoE | (Ministry of Energy) စွမ်းအင်ဝန်ကြီးဌာန |
| NFPG | (National Frequency Planning Group) အမျိုးသား စီမံကိန်းအစီအစဉ်ရေးဆွဲရေး အဖွဲ့ |
| NGO | (Non-Governmental Organisation) အစိုးရမဟုတ်သော လူမှုကူညီရေးအဖွဲ့အစည်း |
| NSPAW | (National Strategic Plan for the Advancement of Women) အမျိုးသမီးများ |

| | |
|---|---|
| | ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း |
| PLAT | (Para-Legal Advisory Training) ဥပဒေအထောက်အကူပြုသင်တန်း |
| PWD | (People With Disabilities) မသန်စွမ်းသူများ |
| STBA | (Southern Tedim Baptist Association) တောင်ပိုင်းတီးတိန်နှစ်ခြင်းခရစ်ယာန်အသင်းတော် |
| TOT | (Training of Trainers) ဆရာဖြစ်သင်တန်း |
| TVET | (Technical Vocational Education and Training) နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် သင်တန်း |
| UCI | (Universal Child Immunization) ကလေးသူငယ် ကာကွယ်ဆေးထိုးစီမံချက် |
| UNDCP | (United Nations Drug Control Programme) ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် |
| UNESCAP | (United Nationals Economic and Social Commission for Asia and the Pacific) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးကော်မရှင် |
| UNICEF | (United Nations International Children's Emergency Fund) ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့အစည်း |
| UNODC | (United Nations office on Drugs and Crime) ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ အဖွဲ့အစည်း |
| USD | (United States Dollar) အမေရိကန်ဒေါ်လာ |
| VHDC | (Village Health Development Committee) ကျေးရွာ ကျန်းမာရေးဖွံ့ဖြိုးရေးကော်မတီ |
| WFP | (World Food Programme) ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |
| YWDP | (Yangon Water Development Plan) ရန်ကုန် ရေဇလာဖွံ့ဖြိုးရေး စီမံကိန်း |

# ၁။ လူမှုကာကွယ်ရေးနှင့် ထိခိုက်လွယ်သူများ အုပ်စု

## ၁.၁။ အဖွဲ့အစည်းမူဘောင်သွင်းခြင်းစွမ်းရည်တိုးတက်မြင့်မားရေး စီမံကိန်း

### ထိခိုက်လွယ်သူများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏စွမ်းရည်ကို မြှင့်တင်ပေးခြင်း

| စီမံကိန်းခေါင်းစဉ် | ထိခိုက်လွယ်သူများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | လူမှုဘဝကာကွယ်စောင့်ရှောက်ရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်များအားလုံး |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ |
| | စီမံကိန်းကာလ | ၃ နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာ ရည်ရွယ်ချက်**<br>ချင်းပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဝန်ထမ်းများ၊ ၎င်းတို့နှင့် တွဲဖက်လုပ်ကိုင်နေသည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက်လွယ်သူအုပ်စုများ၏ အခွင့်အရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူ ဝါဒများအကြောင်း သိရှိနားလည်မှုရှိစေရန်။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>· ချင်းပြည်နယ်ရှိ မြို့နယ်အားလုံးမှလူမှု ဝန်ထမ်းဌာနဝန်ထမ်းများနှင့် အရပ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများအတွက် သင်တန်းများပို့ချပေးရန် ပြင်ဆင်ခြင်း။<br>· လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန်ခက်ခဲသော ထိခိုက်လွယ်သူအုပ်စုများ၏ အခွင့်အရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူဝါဒများအကြောင်းကို လူမှုဝန်ထမ်းဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ လက်လှမ်းမီသိရှိနိုင်ရန် ပံ့ပိုးပေးခြင်း။<br>· ရရှိသော အသိပညာဗဟုသုတကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေခြင်း။<br>· ချင်းပြည်နယ်တွင်ပြည်နယ်နှင့်မြို့နယ်အဆင့်များ၌အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်သော ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း။ |
| | စီမံကိန်း၏ ကြောင်းကျိုးဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက်လွယ်သူအုပ်စုများ၏ အခွင့်အရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူဝါဒများအကြောင်းကို လူမှုဝန်ထမ်းဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းမှတာဝန်ရှိ သူများ သိရှိနားလည်မှု နည်းပါးနေကြောင်း ကွင်းဆင်းသုတေသန က ဖော်ထုတ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုဘ ဝကာကွယ်ရေးအတွက် ချဉ်းကပ်ရာနှင့် ဖြေရှင်းရာ လက်တွေ့သဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းနေကြောင်း တွေ့ရှိ ရပါသည်။<br>**မျှော်မှန်းရလဒ်**<br>လူမှုဝန်ထမ်းဌာနမှ ဝန်ထမ်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းမှ လုပ်သားများသည် |

| စီမံကိန်းခေါင်းစဉ် | ထိခိုက်လွယ်သူများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း | |
|---|---|---|
| | | လူမှုဘဝရပ်တည်ရန်ခက်ခဲသောထိခိုက်လွယ်အုပ်စုတို့၏အခွင့်အရေးနှင့် လူမှုကာကွယ်ရေးများအကြောင်း အသိပညာဗဟုသုတများ တိုးပွားလာပြီး ကျောင်းများ၊ မူကြို ကျောင်းများ၊ မိဘမဲ့ကလေးဂေဟာများ၊ အခြားသော အစိုးရအဖွဲ့အစည်းနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများထံသို့သွားရောက်ကာအဆိုပါအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် ဆောင်ရွက်ရန်ဖြစ်သည်။<br><br>**ရလဒ်အညွှန်းကိန်း**<br>လူမှုဘဝ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် လူမှုဝန်ထမ်းမှ အမှုထမ်းအရာထမ်းတို့ ကို ဦးဆောင်လုပ်ကိုင် ပြီး ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ထိထိရောက်ရောက် ပူးပေါင်းဆက်သွယ် ဆောင်ရွက်ကြသည်။ |
| | လုပ်ငန်း ဆောင်ရွက် ချက်များ | • လူမှုဝန်ထမ်းအမှုထမ်း၊အရာထမ်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့မှလုပ်သားများ အတွက် သင်တန်းများပံ့ပိုးပေးရန် စီ မံခြင်း၊ သင်တန်းပို့ချပေးနိုင် မည့်ပြင်ပမှ ကျွမ်းကျင်သူများကို သတ်မှတ်ရှာဖွေခြင်းနှင့် သင်တန်းဆိုင်ရာ စာရွက်စာတမ်းများ ပြုစုခြင်း။<br>· လူမှုဝန်ထမ်းဦးစီးဌာန စာကြည့်တိုက်တွင် ထားရှိရန်နှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများထံသို့ဖြန့်ဝေရန် လိုအပ်သော စာရွက်စာတမ်းများ (စာအုပ်စာတမ်း၊ ကွန်ပြူတာဖိုင်လ်များ)ကို စုစည်းခြင်းနှင့် အဆိုပါ စာရွက်စာတမ်းများကို လက်တွေ့အသုံးချနိုင်ရန်အတွက် နောက်ဆက်တွဲ လိုအပ်သည့် လုပ်ငန်းများကို ပြင်ဆင်ခြင်း။<br>· ရပ်ရွာအခြေပြုအဖွဲ့များနှင့်အနီးကပ်ပူးပေါင်းဆောင်ရွက်၍ စီမံကိန်းအတွက် ရွေးချယ်ထားသောမြို့နယ် (၃) မြို့နယ်တွင် ထိခိုက်လွယ်အုပ်စုများကို စာရင်းပြုစု မှတ်တမ်းတင်ရေးအတွက်ရှေ့ပြေးဆောင်ရွက်ခြင်းနှင့်လုပ်ငန်းအတွက်ပုံစံရေး ဆွဲခြင်း။<br>· ကျောင်းများ၊ မူကြိုကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ အခြားသော အစိုးရဌာနများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများထံသို့သွားရောက်ကာလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသတင်းအချယ် အလက်ဖြန့်ဝေ ဂခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရှေ့ဆောင် ဆောင်ရွက်ခြင်း။<br>· ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အခြားပြည်နယ်န င့်တိုင်းဒေသကြီးတို့တွင် ဆင့်ပွားဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အတွေ့အကြုံများကို မှတ်တမ်းတင်ထားခြင်း။ |
| | လုပ်ငန်း အကောင် အထည် ဖော်ခြင်း | · စီမံကိန်းအတွက် လိုအပ်သော သင်တန်းများ ပံ့ပိုးပေးခြင်းနှင့် နောက်ဆက်တွဲ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူမှု ဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါမည်။ သို့မှသာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့ ၏ အတွေ့အကြုံကောင်းများကို လည်း ချင်းပြည်နယ်တွင် ပြန်လည် အသုံးချနိုင်ရုံမက ချင်းပြည်နယ်၏ လုပ်ရပ်ကောင်းများ ကိုလည်း အခြားနေရာဒေသတွင် ဆင့်ပွားကူးယူ ဆောင်ရွက်နိုင်မည် ဖြစ်သည်။<br>· ဤစီမံကိန်းကို ချင်းပြည်နယ် အစိုးရ (လူမှုကာကွယ်ရေးဦးစီးဌာန) က ဦးဆောင် ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းသည် စီမံကိန်းအတွက် အဓိက တာ ဝန်ရှိသူလည်း ဖြစ်ပါသည်။<br>· စီမံကိန်းနှင့်အဓိကပါဝင်သက်ဆိုင်သူများမှာ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစိုးရဌာနများ အတွင်းမှ သင်တန်း ပို့ချပေးနိုင်မည့်သူများ၊ အရပ်ဘ က်လူ့အဖွဲ့အစည်း၊ နိုင်ငံတကာလူမှု အဖွဲ့အစည်းများ၊ ချင်းပြည်နယ်ရှိ ပြည်နယ်နှင့် မြို့နယ်အဆင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ဖြစ်ပါသည်။ |

| ဘဏ္ဍာရေး ဆိုင်ရာ | ဘတ်ဂျက် | လုပ်ငန်းတာဝန် | စုစုပေါင်း ကုန်ကျငွေ |
|---|---|---|---|

| စီမံကိန်းခေါင်းစဉ် | ထိခိုက်လွယ်သူများ၏ အခွင့်အရေးနှင့် လူမှုကာကွယ်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်း | | |
|---|---|---|---|
| သတင်းအချက်အလက် | | | (အမေရိကန်ဒေါ်လာ) |
| | | အဖွဲ့ခေါင်းဆောင် - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ၂၀၀၀ ဖြင့် ၃၆ လ) | ၇၂၀၀၀ |
| | | ဥပဒေပိုင်းဆိုင်ရာ သုတေသီ - ပြည်တွင်း အကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြင့် ၆ လ) | ၁၂၀၀၀ |
| | | နိုင်ငံတကာ အကြံပေးနှင့် စီမံကိန်းအစီအစဉ် ဒီဇိုင်း ရေးဆွဲသူ (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် သုံးလ) | ၄၅၀၀၀ |
| | | မြို့နယ် (၃) မြို့နယ်တွင် လူမှုရေးလုပ်သားများ သုံးနှစ်စာ ခန့်ထားခြင်း | ၉၆၀၀၀ |
| | | သင်တန်းအတွက် စာရွက်စာတမ်းနှင့် လူမှုကာကွယ်ရေးအကြောင်း အသိပေး မြှင့်တင်မည့် စာရွက်စာတမ်းများကို ပုံနှိပ်ခြင်း | ၁၀၀၀၀ |
| | | ပြည်နယ်နှင့် မြို့နယ်အဆင့် သင်တန်းအလုပ်ရုံဆွေးနွေးပွဲများ | ၆၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး အထောက်အကူနှင့် ခရီးစရိတ်များ | ၂၀၀၀၀ |
| | | စုစုပေါင်း ကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ) | ၃၁၅၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်အတွက် ၁၀% ထပ်တိုးပေါင်းခြင်း | ၃၅၀၀၀ |
| | | စုစုပေါင်း ဘတ်ဂျက် | ၃၅၀၀၀၀ |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ* | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့်မဟာဗျူဟာတို့နှင့် ကိုက်ညီခြင်း | ပြည်နယ်နှင့် မြို့နယ်အဆင့်မှ အစိုးရ ဝန်ထမ်းများကို သင်တန်းများ ပို့ချရာတွင် စီမံကိန်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်အဆင့် ဘတ်ဂျက်ရေးဆွဲထားမှုနှင့် ကိုက်ညီမှု ရှိရန် လိုအပ်ပါသည်။ | |
| | လေ့လာစောင့်ကြည့်မှု | *ဖော်ပြရန် မရှိပါ။* | |

## အခြေခံပညာ မူလတန်းလွန်ကျောင်းများရှိမူလတန်းလွန်အဆင့်တွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမ မလုံလောက်ခြင်းကိစ္စကို တုန့်ပြန်ဆောင်ရွက်ခြင်း။

| စီမံကိန်းခေါင်းစဉ် | အခြေခံပညာ မူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့်တွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမ မလုံလောက်ခြင်းကို တုန့်ပြန်ဆောင်ရွက်နိုင်ရန် ရွေ့လျားသင်ကြားရေးအဖွဲ့များ ခန့်အပ်ရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ပညာရေး |
| | တည်နေရာ | မူလတန်းလွန်အဆင့်အတွက် ဆရာ၊ ဆရာမများ မလုံလောက်သော (၅) မြို့နယ် - ဟားခါး၊ ထန်တလန်၊ တီးတိန်၊ ဖလမ်းနှင့် မင်းတပ် |
| | စုစုပေါင်း ဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | အခြေခံပညာ မူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့်တွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမ မလုံလောက်ခြင်းကို တုန့်ပြန်ဆောင်ရွက်နိုင်ရန် ရွေ့လျားသင်ကြားရေးအဖွဲ့များ ခန့်အပ်ရေး စီမံကိန်း | |
|---|---|---|
| | စီမံကိန်းကာလ | သုံးနှစ် (ကနဦးအဆင့်) |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>ရွေ့လျားသင်ကြားရေးအဖွဲ့များ ခန့်အပ်ထားခြင်းဖြင့် မူလတန်းလွန် အဆင့်တွင် ဆရာ၊ ဆရာမ မလုံလောက်မှုကြောင့် ဖြစ်ပေါ်စေမည့် သင်ကြားရေးဆိုင်ရာ ဆိုးကျိုးများကို လျှော့ချနိုင်ပြီး ပြန်လည်တိုးတက် ကောင်းမွန်လာစေရန်။<br><br>**လတ်တလော ရည်ရွယ်ချက်များ**<br>မူလတန်းလွန်အဆင့် သင်ကြားရေးဝန်ထမ်းများ မလုံလောက်သည့် အခြေခံပညာ ကျောင်းများသို့ရွေ့လျားသင်ကြားရေးအထူးအဖွဲ့များသွားရောက်ကာ ဆဌမတန်း၊ သတ္တမတန်းနှင့် အဌမ တန်းကျောင်းသူ၊ ကျောင်းသားများအတွက် ပိုမိုပြည့်စုံ သည့် လေ့ကျင့်သင်ကြားရေးကို လတ်တလော ဆောင်ကျဉ်းပေးရန်။ |
| | စီမံကိန်း၏ ကြောင်း ကျိုးဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>အခြေခံပညာမူလတန်းလွန်ကျောင်းများ (အထူးသဖြင့်ဝေးလံခေါင်ပါးသော အရပ် ဒေသများ) တွင်သင်ကြားရေးတာဝန်ခံများလုံလောက်စွာမရှိခြင်းကြောင့် ကလေး များ ပညာသင်ကြားရေးတွင် ဆိုးကျိုးများ သက်ရောက်နေကြောင်း ကွင်းဆင်း လေ့လာမှုဖြင့် ဖော်ထုတ်ထားပါသည်။ အဆိုပါကိစ္စရပ်သည် ပညာရေး ဝန်ကြီး ဌာနနှင့် ချင်းပြည်နယ်အစိုးရတို့အနေဖြင့် အရေးပေါ်တုန့်ပြန် ဆောင်ရွက်ပေး သင့်သည့်အခြေအနေဖြစ်ပါသည်။နိုင်ငံတော်အစိုးရမှ လစ်လပ်နေသောသင်ကြား ရေးဝန်ထမ်းများကို တမဟုတ်ချင်း ဖြည့်ဆည်းပေးရန်မှာ လတ်တလောတွင် ဖြစ်နိုင်ချေမရှိပါ။ သို့ဖြစ်၍ သင်ကြားရေးဆရာများ အလွန်လိုအပ်နေသော မြို့နယ် များတွင် ရွေ့လျားစာသင်ကြားရေးအဖွဲ့များဖြင့် စီမံဆောင်ရွက်ပေးခြင်းကို ကြားဖြတ် အစီအစဉ်အဖြစ် လုပ်ဆောင်ပါမည်။<br><br>**မျှော်မှန်းရလဒ်**<br>မူလတန်းနှင့် မူလတန်းလွန်အဆင့် နှစ်ရပ်လုံးတွင် ကျောင်းသူ၊ ကျောင်းသားများ ၏ သင်ယူမှုတတ်မြောက်မှု စွမ်းရည်အပေါ် ကောင်းကျိုး သက်ရောက်စေမည် ဖြစ်သည်။ ရေရှည်တွင်လည်း အခြေခံပညာ အလယ်တန်း နှင့် အထက်တန်း ပညာရေးအဆင့်တွင် ကျောင်းအပ်ခြင်းနှင့် ဆုံးခန်းတိုင် ပညာသင်ကြားမှုနှုန်းများ မြင့်တက်လာပါလိမ့်မည်။<br><br>**ရလဒ်အညွှန်းကိန်း**<br>အရည်အချင်းနှင့် အရေအတွက်ပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုမှ ရလဒ်များ<br>· လုပ်ငန်းမစတင်မီနှင့် သင်ကြားရေးကာလတစ်ခုအပြီး လုပ်ငန်းဝန်ဆောင်မှု များရယူပြီးသည့်နောက်ပိုင်း အခြေအနေများ နှိုင်းယှဉ်လေ့လာရာတွင် သိသာ ထင်ရှားသော အကျိုးရလဒ်များကို တွေ့မြင်ရခြင်း။ အထူးသဖြင့် သင်ကြား-သင်ယူခြင်းဖြစ်စဉ်၊ သင်ယူတတ်မြောက်မှုများနှင့် သက်ဆိုင်ပါ သည်။<br>· ဆရာ၊ဆရာမများ၏ သင်ကြားရေးအရည်အသွေးကို ဆန်းစစ်ခြင်း - စာသင် ကြားရာတွင် ဆရာ၊ဆရာ မတို့၏ အာရုံစိုက်အချိန်ပေးမှု၊ သင်ခန်းစာများ အတွက် ကြိုတင်ပြင်ဆင်မှု၊ အလုပ်ပမာဏ၊ သင်ယူမှုအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ စိတ်ပါဝင်စားမှုကိုဂရုပြုမှု၊ သင်ကြားရေး-သင်ယူမှုနည်း |

| စီမံကိန်းခေါင်းစဉ် | အခြေခံပညာ မူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့်တွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမ မလုံလောက်ခြင်းကို တုန့်ပြန်ဆောင်ရွက်နိုင်ရန် ရွေ့လျားသင်ကြားရေးအဖွဲ့များ ခန့်အပ်ရေး စီမံကိန်း | |
|---|---|---|
| | | လမ်းနှင့် သင်ကြား-သင်ယူမှု၏ အကျိုးထိရောက်မှုများကို ဆန်းစစ်ပါမည်။<br>· ကျောင်းသူ၊ကျောင်းသားများ (မူလတန်းနှင့် မူလတန်းလွန် နှစ်ဆင့်လုံးတွင်)၏ သင်ယူမှု အရည်အသွေးနှင့် အရေအတွက်ပိုင်း လေ့လာဆန်းစစ်ခြင်း - သင်ယူမှုဖြစ်စဉ်၊ သင်ယူမှု အခြေအနေ (ဆရာ၊ဆရာမများ၏ အတန်းတွင်း သင်ကြားရေးချဉ်းကပ်နည်း)နှင့် သင်ယူတတ်မြောက်မှုများကို ဆန်းစစ်ပါမည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက်များ | · အဖွဲ့ဝင်နှစ်ဦးပါသင်ကြားရေးအဖွဲ့ (၂၀) မှ (၂၅) ဖွဲ့ အထိ ဖွဲ့စည်းခန့်အပ်ခြင်း။<br>· တိုတောင်းကျစ်လစ်သည့် သင်ကြားရေးစီမံကိန်း၊ သင့်တော်သည့်သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်သင်ကြားရေး ပစ္စည်းများကို သတ်မှတ်ဖော်ထုတ်ခြင်းဖြင့်ကျောင်းသူ၊ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များကို ပြည့်မီစေခြင်း။<br>· သင်ကြားရေးအဖွဲ့များအတွက်နည်းလမ်းနှင့်ကျွမ်းကျင်မှုဆိုင်ရာအထူး သင်တန်းများပေးခြင်း။<br>· သင်ကြားရေးအဖွဲ့များ ယာယီတာဝန်ကျရာနေရာများသို့ ရွေ့ပြောင်း သွားလာနိုင်ရန် သယ်ယူပို့ဆောင်ရေး အထောက်အပံ့များ စီစဉ်ပေးခြင်း။<br>· စီမံကိန်းအကောင်အထည်ဖော်သည့် ကျောင်းများတွင် ရွေ့လျားအဖွဲ့သည် တစ်နှစ်လျှင် ပညာသင်ကာလနှစ်ခုစာ ပံ့ပိုးသင်ကြားပေးခြင်း။<br>· ရွေ့လျားသင်ကြားရေးကို ပညာသင်ကာလအလိုက် စီစဉ်ပံ့ပိုးပေးခြင်း။ (ပထမ ပညာသင်ကာလ - ဇွန်လမှ အောက်တိုဘာလနှင့် ဒုတိယ ပညာသင် ကာလ - နိုဝင်ဘာလမှ မတ်လ)<br>· လုပ်ငန်းမစတင်မီအခြေအနေ(အခြေခံအညွှန်းမှတ်များ)နှင့် ရွေ့လျားသင်ကြားရေးပံ့ပိုးမှုများဆောင်ရွက်ပြီးအခြေအနေကို(အဆုံးသတ်အညွှန်းမှတ်များ)နှိုင်းယှဉ် ဆန်းစစ်ခြင်း။<br><br>**အကျိုးခံစားခွင့်ရှိသူများ**<br>မူလတန်းလွန်အဆင့်အတွက် ဆရာ၊ ဆရာမများအလွန်အမင်းလိုအပ်နေသောမြို့နယ်ငါးမြို့နယ်ရှိ မူလတန်းလွန်ကျောင်းများ၏ ၂၅% အကျိုးရှိစေပါမည်။ (ဥပမာ - မြို့နယ်ငါးမြို့နယ်ရှိကျောင်းပေါင်း ၂၀၅ ကျောင်းတွင်[၁] စာသင်ကျောင်း ၅၀ က အကျိုးကျေးဇူးရရှိမည်။<br>စုစုပေါင်း စာသင်ကျောင်းပေါင်း ၂၀၅ ကျောင်း - ဟားခါးမြို့နယ် (၃၂ ကျောင်း)၊ ထန်တလန်မြို့နယ် (၅၉ ကျောင်း)၊ တီးတိန်မြို့နယ် (၄၉ ကျောင်း)၊ ဖလမ်းမြို့နယ် (၃၀ ကျောင်း) နှင့် မင်းတပ်မြို့နယ် (၃၅ ကျောင်း) |
| | လုပ်ငန်း အကောင်အထည် ဖော်ခြင်း | **ဦးဆောင် ဆောင်ရွက်မည့်အဖွဲ့**<br>ပြည်နယ်အစိုးရအဖွဲ့<br><br>**အဓိက ပါဝင်ဆက်နွှယ်သူများ**<br>ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့အစည်း (UNICEF)၊ မြို့နယ်နှင့် ကျေးရွာ ဖွံ့ဖြိုးရေးထောက်ပံ့ကော်မတီ၊ ရပ်ရွာအခြေပြုအဖွဲ့ အရင်းအမြစ်ဌာနများ (ဥပမာ - ဖလမ်းနှစ်ခြင်းခရစ်ယာန်အသင်းတော် - အရင်းအမြစ်ဌာန)၊ ချင်းဖောင်ဒေးရှင်း (ဟားခါး +ထန်တလန်) - အရင်းအမြစ်ဌာန)၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ၊ လူငယ်အဖွဲ့များ။ |

[၁] ရည်ညွှန်းဇစ်မြစ် - ချင်းပြည်နယ် ပညာရေးဆိုင်ရာ အချက်အလက်များကို ချင်းပြည်နယ် ပညာရေးဝန်ကြီးရုံး၊ ဟားခါးက ကောက်ယူစုစည်းပါသည်။ (နိုဝင်ဘာ ၁၄၊ ၂၀၁၃ ခုနှစ်)

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">အခြေခံပညာ မူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့်တွင် သင်ကြားပေးမည့် ဆရာ၊ ဆရာမ မလုံလောက်ခြင်းကို တုန့်ပြန်ဆောင်ရွက်နိုင်ရန် ရွေ့လျားသင်ကြားရေးအဖွဲ့များ ခန့်အပ်ရေး စီမံကိန်း</th></tr>
<tr><td></td><td></td><td>အလှူရှင်မျိုးစုံထည့်ဝင်သော ရန်ပုံငွေများ (Multi-donors fund )၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဥရောပသမဂ္ဂ၊ AusAid ၊ OSI</td></tr>
<tr><td>ဘဏ္ဍာရေးဆိုင်ရာ သတင်း အချက်အလက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်</th><th>စုစုပေါင်း ကုန်ကျစရိတ် (အမေရိကန် ဒေါ်လာ)</th></tr>
<tr><td>သင်ရိုးပြင်ဆင် ရေးဆွဲမှုနှင့် ကြီးကြပ်ဆောင်ရွက်မှုအ တွက် ပြည်တွင်းအကြံပေးပညာရှင် ခန့်ထားခြင်း ။ (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ နှင့် ၁၅ လ) (၉+၃+၃)</td><td>၄၅၀၀၀</td></tr>
<tr><td>စီမံကိန်းအစီအစဉ်ညှိနှိုင်းရေးမှူး (တစ်လလျှင် အမေရိကန် ဒေါ်လာ ၂၀၀၀ ဖြင့် ၃၆ လ)</td><td>၇၅၀၀၀</td></tr>
<tr><td>ရွေ့လျားသင်ကြားရေး ဆရာ၊ဆရာမများအတွက် ခရီးသွားလာရေးစရိတ် (အဖွဲ့ (၅၀) အတွက် တစ်လလျှင် အမေရိကန် ဒေါ်လာ ၂၀၀ ဖြင့် ၃၆ လ)</td><td>၃၆၀၀၀၀</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေး - ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ် ၂၅ စီး</td><td>၁၀၀၀၀၀</td></tr>
<tr><td>သင်ကြားရေးကိရိယာနှင့် ကွန်ပြူတာများ</td><td>၆၀၀၀၀</td></tr>
<tr><td>သင်တန်းအလုပ်ရုံဆွေးနွေးပွဲများ</td><td>၃၀၀၀၀</td></tr>
<tr><td>သင်တန်းအတွက် စာရွက်စာတမ်းများ ပုံနှိပ်ခြင်း</td><td>၁၀၀၀၀</td></tr>
<tr><td>စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်မပါ)</td><td>၆၉၀၀၀၀</td></tr>
<tr><td>မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း</td><td>၆၀၀၀၀</td></tr>
<tr><td>စုစုပေါင်းဘတ်ဂျက်</td><td>၇၅၀၀၀၀</td></tr>
</table>
</td></tr>
<tr><td></td><td>ဘတ်ဂျက် ကြိုတင် မှန်းဆချက်များ</td><td>ဖော်ပြရန်မရှိပါ။</td></tr>
<tr><td>အခြားသော အချက်အလက်</td><td>အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာ တို့နှင့် ကိုက်ညီခြင်း</td><td>စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲရေး မူဘောင်သည် အလုံးစုံတိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှု ပုလုပ်ရခြင်း၏ အရေးပါပုံကို အသိအမှတ်ပြုပြီး ပညာရေးအတွက်လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး အတွက် ဦးစားပေးအချက်များ သတ်မှတ်ရန် ရည်ရွယ်ပါသည်။ ပြ မန်မာနိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးမူဝါဒနှင့် မဟာဗျူဟာကို ဖော်ဆောင်ရာတွင် အရေအတွက်သာမက အရည်အချင်းတိုးမြှင့်ရေးကိုပါ ဦးတည်သည်။ (မြန်မာနိုင်ငံတော်အစိုးရ၊ "စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေး မူဘောင် - အမျိုးသားဘက်စုံဖွံ့ဖြိုးရေး စီမံချက်အတွက် ရေရှည်ပန်းတိုင်များကို ထောက်ကူပေးမည့် ၂၀၁၂-၂၀၁၅ အတွက် မူ ဝါဒ ဦးစားပေးအချက်များ " ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (မူကြမ်း) မှ ထုတ်နုတ်ပါသည်။)</td></tr>
<tr><td></td><td>လေ့လာစောင့်ကြည့်ခြင်း</td><td>ဖော်ပြရန်မရှိပါ။</td></tr>
</table>

# ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များကိုမြှင့်တင်ခြင်း

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာပြီး အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းလျော့ချပေးမည့် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာန နယ်ပယ် | ပညာရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်း ဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ |
| | စီမံကိန်း ကာလ | သုံးနှစ်မှ ငါးနှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>· ပိုမိုသင့်တော်သည့်သင်ကြားရေးနည်းစနစ်များကိုစတင်အသုံးပြုခြင်းဖြင့်ချင်းပြည်နယ်ရှိအခြေခံပညာမူလတန်းနှင့်အလယ်တန်းကျောင်းတွင်သင်ကြားရေး အရည် အသွေးများ ကောင်းမွန်တိုးတက်လာစေရန်<br>· အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့်များတွင် ပညာရေးဆိုင်ရာရလဒ်များ တိုးတက်လာစေရန်။<br>· အထူးသဖြင့်အလယ်တန်းအဆင့်အငယ်တန်းများတွင်ကျောင်းထွက်ရာခိုင်နှုန်း လျော့ကျစေရန်။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>· (မူလတန်းနှင့် မူလတန်းလွန်အဆင့်တို့တွင် ) ဆရာမများ၏ အရည်အချင်းကို မြှင့်တင်ခြင်းအားဖြင့် သင်ကြားရေးနှင့်ဆိုင်သော အသိပညာနှင့် အရည်အချင်း များ တိုးတက်လာစေရန်။<br>· (ကျောင်းနှင့် စာသင်ခန်းအဆင့်တွင် ) ပြောင်းလဲမှုနှင့် အကျိုးအမြတ် သ က်သေ - စာသင်ခန်းတွင် သင်ကြားသူ -အသင်ယူခံ[၂] အလေ့အထများကို ပြောင်းလဲ လိုက်ခြင်းဖြင့် သင်ယူရေးဆိုင်ရာအရည်အသွေး တိုးတက်လာစေရန်[၃]။<br>· (စာသင်ကျောင်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသူ၊ကျောင်းသားများ၊ မိဘများ နှင့် ပြည်သူလူထု အပါအဝင်) ပညာရေးအပေါ် ထားရှိရမည့် သဘောထားနှင့် တန်ဖိုးကို မှန်ကန်စွာ နားလည်သဘောပေါက်စေရန်။<br>· မိဘဆရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို အထူးသဖြင့် ကျေးရွာများတွင် ပိုမို အလေးထား ဂရုပြုလာစေနိုင်ရန်အတွက် အသိပညာပေးရန်။ |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းရာ**<br>ချင်းပြည်နယ်ရှိ အခြေခံပညာ မူလတန်းနှင့် မူလတန်းလွန်အဆင့်များတွင် သင်ယူ နိုင်စွမ်းရည်နိမ့်ပါးနေကြောင်း ကွင်းဆင်းလေ့လာချက်များက ညွှန်းဆို သည်။ရလဒ် အားဖြင့် ‌ေ ကျောင်းသူ၊ ကျောင်းသားများ၏ ကျောင်းနေသက်နှင့် အတန်း အဆင့် လိုက်ဖက်ညီခြင်း မရှိသည်ကို ကျေးရွာ များတွင် ပိုမိုတွေ့ရပြီး မူလတန်းလွန် နှင့် အလယ်တန်း (အငယ်တန်းများ)တွင် ကျောင်းမှ |

[၂] အရည်အသွေးနိမ့်သော သင်ယူတတ်မြောက်ခြင်းဆိုသည်မှာ သဘောတရား နားလည်စေသော သင်ကြား-သင်ယူမှုမျိုး မဟုတ်ဘဲ စာကို နှုတ်တိုက်မှတ်ဉာဏ်တွင် ရိုက်သွင်း-ကျက်ခြင်း နည်းဖြင့် သင်ကြား-သင်ယူခြင်း။

[၃] "*သင်ယူရေးအရည်အသွေးတိုးတက်မှု*" ဆိုသည်မှာ အဓိပ္ပာယ်ပြည့်ဝသည့် သင်ယူမှုဖြင့် သဘောတရားရေးရာများကို ဘဝတွင် ပြန်လည်အသုံးချနိုင်လောက်သည်အထိ နက်နက်ရှိုင်းရှိုင်း နားလည်ခြင်းနှင့် ကြောင်းကျိုးဆင်ခြင်တတ်မှု၊ စဉ်းစားတွေးခေါ်မှုနှင့် စာသင်ချိန်အတွင်း လုံခြုံပျော်ရွှင် စိတ်ပါဝင်စားစွာဖြင့် အပြန်အလှန် မေးခွန်းများထုတ်ခြင်း အစရှိသည့် အခြားစွမ်းရည်များပါ တိုးတက်လာခြင်းဖြင့် ကျောင်းသားများ စွမ်းဆောင်ရည်မြင့်မားလာခြင်းကို ဆိုလိုပါသည်။

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာပြီး အခြေခံပညာ အလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းလျှော့ချပေးမည့် စီမံကိန်း |
|---|---|

နှတ်ထွက်ကြပါသည်။သင်ကြားရေးဆရာ၊ဆရာမများမလုံလောက်ခြင်းနှင့်ကျောင်းသူ၊ကျောင်းသား များ၏ သင်ယူ တတ်မြောက်မှုကို ထိရောက်သော ဆန်းစစ်ခြင်း မလုပ်နိုင်ခြင်း တို့သည် အဓိက ပြဿနာဖြစ်နေပြီး တစ်ပြိုင်နက်တည်းမှာပင် ကျောင်းတွင်သင်ယူရရှိခဲ့သည့်သင်ခန်းစာများသည် ကလေးတို့၏ လက်တွေ့ဘဝနယ်ပယ်တွင် အသုံး မချနိုင်ရုံသာမက ကလေးများ၏ ကြောင်းကျိုး ဆင်ခြင်နိုင်မှု အသိဉာဏ်ကိုလည်း မမြှင့်တင် ပေးနိုင်ပါ။ ဉာဏစွမ်းရည် ဖွံ့ဖြိုးမှုကိုအားပေးသည့် ကျိုးကြောင်းဆင်ခြင် တတ်ခြင်း၊ အဆင့်မြင့်မြင့် အစီအစဉ်တကျ တွေးခေါ်ခြင်း (HOTs) နှင့် မေးခွန်း မေးဆွေး နွေးခြင်းစသည်တို့ကိုမဖြစ်စေဘဲ နှုတ်တက်အာဂုံဆောင် (အလွတ်ကျက် မှတ်ခြင်း) သင်ကြား-သင်ယူမှုသာ ရှိပါသည်။ ပညာရေးအဖွဲ့၏ ကွင်းဆင်း လေ့လာမှုမှ အောက်ပါ အချက်များ တွေ့ရှိခဲ့ပါသည်။

(က) ကလေးများသည် သင်ယူပြီးဖြစ်သော ပုံနှိပ်စာအုပ်ပါ သင်ခန်းစာများမှ အဓိက စကားစုများနှင့် လက်တွေ့ သဘောတရားများကို ကောင်းစွာ နားမလည် ကြပါ။

(ခ) ဆရာ၊ဆရာမများတွင် အရည်အသွေးရှိသော သင်ကြား-သင်ယူမှု နည်းလမ်း အလေ့အကျင့်များကိုသိရှိနားလည်သူအနည်းအကျဉ်းသာရှိကြပါသည်။(သင်ခန်းစာကိုသဘော ပေါက်နား လည်စေရန်နှင့် လက်တွေ့အခြေအနေနှင့် ဆက်စပ်တွေး ခေါ်နိုင်စေရန် သင်ကြားမပြသ နိုင်ခြင်းကို ဆိုလိုသည်။)

လူသားအရင်းအမြစ်၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သဘောတရားပိုင်းဆိုင်ရာ ပြောင်းလဲတွေး ခေါ်နိုင်ခြင်း၊ အသိပညာဗဟုသုတများ တိုးပွားစေခြင်းတို့အတွက် လုပ်ဆောင် ပေးရန်လိုအပ်ပါသည်။ ခရိုင်/မြို့နယ်/ကျေးရွာအဆင့်များရှိ စာကြည့် တိုက်များတွင် အရင်းအမြစ်များရှိမှုနှင့် အသုံးချနိုင်မှုတို့ကို အလေးဂရုပြုရန်လို သည်။

ပြောင်းလဲတွေးခေါ်ခြင်းဆိုင်ရာ အသိပညာ မြှင့်တင်မှုနှင့်လူသားအရင်းအမြစ်တိုးတက်ရေး အတွက် စွမ်းရည်မြှင့်တင်မှုများ လိုအပ်နေပါသည်။ ခရိုင်/မြို့နယ်/ ကျေးရွာအဆင့်များ၏ စာကြည့်တိုက် များရှိ ရှိရင်းစွဲ အရင်းအမြစ်များကို အသုံးချနိုင် စေရန် အလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။

**မှတ်ချက် - ကန်ပက်လက်တွင် မူလတန်းလွန်ကျောင်း အနည်းငယ်သာ ရှိသဖြင့် မူလတန်းကျောင်းများအတွက်သာ ဖြစ်ပါသည်။*

**မျှော်မှန်းရလဒ်**

- မူလတန်းနှင့် မူလတန်းလွန်အဆင့်နစ်ရပ်လုံးတွင် ေ ကျာင်းသူ၊ ကျောင်းသားများ၏ သင်ယူ တတ်မြောက်နိုင်မှုစွမ်းရည် တိုးတက်လာခြင်း။
- အရည်အသွေးပြည့်ဝသော ပညာရေး။
- အလယ်တန်းကျောင်းများတွင် ကျောင်းထွက်နှုန်း လျော့ကျလာခြင်း။
- သင်ကြားရေးဆရာ၊ဆရာမများ အပြည့်အဝတာဝန်ထမ်းဆောင်ခြင်းဖြင့် ပိုမိုစိတ် ဝင်စားဖွယ်ကောင်းသော သင်ကြားရေးပတ်ဝန်းကျင်တစ်ခု ဖြစ်လာခြင်း။

**အထူးလိုလားသော လတ်တလောရလဒ်**

- ဆရာ၊ ဆရာမများကို အရည်အသွေးပြသင်ကြားနည်းစနစ် ပို့ချလေ့ကျင့်ပေးခြင်း အားဖြင့်၊ ၎င်းတို့၏ သင်ကြားမှုများမှာ ပိုမိုအကျိုးထိရောက် လာကာ ကျောင်းသူ၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်စွမ်းရည်လည်း ပြောင်းလဲတိုးတက် လာခြင်း။ (မူလတန်းနှင့် မူလတန်းလွန်အဆင့် နစ်ဆင့်စလုံး)
- အရည်အသွေးပြည့်ဝသော သင်ယူမှုဖြင့် ကျောင်းသူ၊ ကျောင်းသားတို့၏တတ် မြောက်အောင်မြင်မှုတွင် အပြုသဘောဆောင် တိုးတက်မှုများ ရှိလာခြင်း။

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာပြီး အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းလျှော့ချပေးမည့် စီမံကိန်း | |
|---|---|---|
| | | · စာသင်ကျောင်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသူ၊ကျောင်းသားများ၊ မိဘ များနှင့် ပြည်သူလူထုတို့သည် ကလေးများ၏ ပညာရေးနှင့်ပတ်သက်ပြီး မှန်ကန်သေ သာသဘောထားနှင့်မှန်ကန် သောတတ်မြောက်မှုအတွက်ဓမ္မဓိဌာန်ကျကျအကဲ ဖြတ်နိုင်လာခြင်း။ (စာတတ်တစ်ယောက်<br>ဖြစ်ခြင်းထက်ပညာတတ်တစ်ယောက်ဖြစ်စေရမည်ဆိုသည့်တွေးခေါ် မြော်မြင်မှုများရှိလာစေရန်)<br>· အထူးသဖြင့် ကျေးရွာများတွင် မိဘနှင့်ဆရာ ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည့် အသိနိုးကြားလာခြင်း။<br><br>**ရလဒ်အညွှန်းကိန်းများ**<br>· သင်ကြားရေးဆရာ၊ဆရာမများကိုအရည်အသွေးပြသင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲများနှင့်သင်တန်းများ ပေးရာတွင်ဆရာ၊ဆရာမများ လက်တွေ့လုပ် ဆောင်ရမည့် သင်ကြား-သင်ယူမှုအသိအမြင်နှင့်လုပ်နိုင်စွမ်းရည်များ သိသာစွာပြောင်းလဲတိုးတက်လာခြင်း။ (သင်တန်းမတက်မီ အခြေခံအညွှန်း ကိန်းများနှင့် သင်တန်းပြီးဆုံး အညွှန်းကိန်းများ နှိုင်းယှဉ်မှု)<br>· စီမံချက်မစတင်မီအခြေအနေ(အခြေခံအညွှန်းမှတ်များ)နှင့်အရည်အသွေးပြသင်ကြားရေးစီမံကိန်းပြီးသည့်နောက်ပိုင်းအခြေအနေများ (အဆုံးသတ်အညွှန်းမှတ်များ) နှိုင်းယှဉ်ဆန်းစစ်ရာတွင် ကျောင်းသူ၊ ကျောင်းသားများ၏ စာသင်ခန်းတွင်း သင်ယူမှုပုံစံ၊ စိတ်ပါဝင် စားမှု၊ အတန်းစာ တွင်ပျော်ရွှင်မှု၊အရည်အသွေးပြသင်ယူတတ်မြောက်ခြင်းစသည့် အခြေအနေများတွင်သိသာစွာ ပြောင်းလဲတိုးတက်လာမှု တွေ့မြင်ရခြင်း။<br>· စာသင်ကျောင်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသူ၊ကျောင်းသားများ၊ မိဘများနှင့် ပြည်သူလူထုတို့သည်ကလေးများ၏ပညာရေးနှင့်သက်ဆိုင်သည့်သဘောထားနှင့် ကျောင်းထားရခြင်း၏အကျိုးကျေးဇူးများ သိမြင်လာမှုကို အလုပ်ရုံဆွေးနွေးပွဲ အကြိုနှင့်အပိတ် ဆန်းစစ်ချက်များတွင် သိသာစွာတွေ့ရ ခြင်း။<br>· မိဘများ အထူးသဖြင့် ကျေးရွာများတွင် မိဘ-ဆရာ ပူးပေါင်း ဆောင်ရွက်ရမည် ဆိုသောအသိနိုးကြားလာမှုကို အလုပ်ရုံဆွေးနွေးပွဲ အကြိုနှင့်အပိတ် ဆန်းစစ်ချက်များတွင်သိသာစွာတွေ့ရခြင်း။ |
| | လုပ်ငန်း ဆောင်ရွက်ချက်များ | စွမ်းဆောင်ရည်မြှင့်တင်ခြင်း<br>· အရည်အသွေးပြ သင်ကြား-သင်ယူမှုအတွက် ထိရောက်သော စွမ်းရည်ပြည့် သင်ကြားခြင်းနည်းလမ်းနှင့်သင်တန်းများ ပံ့ပိုးခြင်း။(သင်ထောက်ကူပစ္စည်းများနှင့် ကျွမ်းကျင်စွာအသုံးပြုတတ်ရေးစွမ်းရည် မြင့်မားခြင်းတို့လည်း ပါဝင်သည်။)<br>· သင်တန်းအကြံပေးတာဝန်ခံနှင့် ဆရာဖြစ်သင်တန်းကို ပို့ချမည့်ဆရာ၊ ဆရာမ များ ခန့်ထားခြင်း။<br>· သင်တန်းလက်စွဲများနှင့် သင်ကြား-သင်ယူထောက်ကူပစ္စည်းများ ပြင်ဆင်ခြင်း။<br>· သင်ကြားရေးဆရာ၊ဆရာမများကို ထပ်ဆင့်သင်တန်းပို့ချနိုင်မည့် ဆရာဖြစ်သင် တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း။ (သင်တန်းများကို မည်သို့ဖော်ဆောင်မည်ဆိုသည့် နည်းလမ်းနှင့် ပတ်သက်သည့် ပို့ချချက်လည်း ပါဝင်ရမည်ဖြစ်သည်။)<br>· သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ကျောင်းအုပ်စုအလိုက် အဖွဲ့များ ဖွဲ့စည်း၍ အဆိုပါအဖွဲ့တွင်ထူးချွန်ပြီးစွမ်းရည်မြင့်မားသော ဆရာ၊ဆရာမများငါးဦးမှခြောက်ဦးအထိ ရွေးချယ်ထားခြင်းဖြင့် နောင်တွင် ဆင့်ပွားသင်တန်း များပို့ချပါက ၎င်းတို့ကို ဆရာအဖြစ် ပြန်လည်ခန့်အပ်နိုင်ခြင်းအားဖြင့် ရေရှည် တည်တံ့ရေးအတွက် အာမခံချက်ရှိခြင်း။<br>· စာကြည့်တိုက်မရှိသော နေရာများနှင့် စာကြည့်တိုက်ရှိသော်လည်း ပစ္စည်း အရင်း အမြစ် |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာပြီး အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းလျှော့ချပေးမည့် စီမံကိန်း</th></tr>
<tr><td></td><td></td><td>ရှားပါးသော နေရာများသို့ အရင်းအမြစ်များ ဖြန့်ဝေခြင်း။<br>· စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် ဆန်းစစ်ခြင်းများကို ဝေဖန် အကြံပေးမှုများအပေါ် မူတည်ကာ ပြောင်းလဲဖော်ဆောင်ခြင်းနှင့် အတူလုပ်ဆောင်ခြင်း။<br><br><u>ပြုပြင်ပြောင်းလဲမှုနှင့် အကျိုးအမြတ် အထောက်အထား (ကျောင်းနှင့် စာသင်ခန်း အဆင့်)</u><br>· စာသင်ခန်းအတွင်း သင်ကြား-သင်ယူမှု အလေ့အကျင့်ပြောင်းလဲခြင်းနှင့် အရည်အသွေးပြ သင်ကြားမှုကြောင့် သင်ယူတတ်မြောက်မှု တိုးတက်ခြင်း။<br>· ကျောင်းသူ၊ကျောင်းသားများသည် စာသင်ခန်းအတွင်း စိတ်ပါဝင်စား ပျော်ရွှင်စွာ သင်ယူလာနိုင်လာသည့်အတွက်ကြောင့် အရည်အသွေးပြသင်ယူခြင်းဆိုင်ရာ အခြေခံအညွှန်းမှတ်နှင့်အဆုံး သတ်ညွှန်းမှတ်များ နှိုင်းယှဉ်ဆန်းစစ်သည့်အခါ တိုးတက်မှုရှိခြင်း။<br><br><u>ပညာရေးတန်ဖိုး သိမြင်၍ သဘောထားအမြင်များ ပြောင်းလဲလာခြင်း</u><br>· ကလေးများ၏ ပညာရေးနှင့် ပတ်သက်သည့် သဘောထားအမြင်များ မှန်ကန် လာခြင်းနှင့် ၎င်းတို့တတ်မြောက်မှု အနေအထားကို ဓမ္မဓိဌာန်ကျကျ အကဲဖြတ် နိုင်ခြင်း။ အကဲဖြတ်မှု သဘောတရားများ မှန်ကန်လာခြင်း။<br>· ကျောင်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ မိဘနှင့် ရပ်ရွာလူထု သဘော ထားအမြင်များ ပြောင်းလဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးခြင်း။<br>· အလုပ်ရုံဆွေးနွေးပွဲ အဖွင့်နှင့် အပိတ်ကို နှိုင်းယှဉ်လေ့လာ ဆန်းစစ်ခြင်း။<br><br><u>အသိပညာဗဟုသုတ မြှင့်တင်ခြင်း</u><br>· မိဘဆရာ ပူးပေါင်းလုပ်ဆောင်မှု အသိနိုးကြားခြင်း။<br>· မိဘများ၏ အသိပညာတိုးတက်မှုအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း။<br>· အလုပ်ရုံဆွေးနွေးပွဲ အဖွင့်နှင့် အပိတ်ကို နှိုင်းယှဉ်လေ့လာ ဆန်းစစ်ခြင်း။<br><br>အကျိုးခံစားခွင့်ရှိသူများ<br>(ကျေးရွာများ ကိုယ်စားပြုပါ ဝင်ခြင်းဖြင့်) ချင်းပြည်နယ်၊ မြို့နယ်အသီးသီးမှ (မူလတန်းနှင့် မူလတန်းလွန်အဆင့်များရှိ) သင်ကြားရေးဆရာ၊ဆရာမများကို ကိုယ်စား ပြုသောအုပ်စုများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ မိဘများနှင့် ပြည်သူလူထုများ။<br>ကနဦးမှန်းဆချက်အရ ဆရာ၊ဆရာမ (၆၀၀၀) ဦး၊ ကျောင်းအုပ်ကြီး (၁၅၀၀) ဦး၊ ကိုယ်စားပြုရွေးချယ်ထားသည့် ကျောင်းသားမိဘ (၅၀၀၀) ဦးနှင့် ရပ်ရွာလူထုမှ (၃၀၀၀) ဦးခန့် အကျိုးခံစားခွင့်ရမည်ဖြစ်သည်။</td></tr>
<tr><td></td><td>လုပ်ငန်း<br>အကောင်<br>အထည်<br>ဖော်ခြင်း</td><td>ဦးဆောင် ဆောင်ရွက်မည့်အဖွဲ့အစည်း<br>ချင်းပြည်နယ်အစိုးရ<br><br>အဓိက ပါဝင်သက်ဆိုင်သူများ<br>ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့အစည်း (UNICEF)၊ ရပ်ရွာအခြေပြုအဖွဲ့ အရင်း အမြစ်ဌာနများ (ဥပမာ - ဖလမ်း နစ်ခြင်းခရစ်ယာန်အသင်းတော် - အရင်း အမြစ် ဌာန)၊ ချင်းဖောင်ဒေးရှင်း (ဟားခါး+ထန်တလန်) - အရင်းအမြစ်ဌာန)၊ ရပ်ရွာ အခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုအဖွဲ့ အစည်း၊ Pestalozzi Children’s Foundation အဖွဲ့၊</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာပြီး အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းလျှော့ချပေးမည့် စီမံကိန်း | | |
|---|---|---|---|
| | | ပြည်တွင်းလူမှုအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ (ဥပမာ - ဘာသာရေးဆိုင်ရာ ပုဂ္ဂလိကကျောင်း - တီးတိန်မြို့ရှိ Cornerstone Children Academy)၊ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အမျိုးသားအဆင့် ကွန်ယက်။ အလှူရှင်မျိုးစုံ ထည့်ဝင်သော ရန်ပုံ ငွေများ (Multi-donors fund)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဥရောပသမဂ္ဂ၊ AusAid၊ OSI | |
| | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | နည်းပညာအကူအညီ - ပြည်တွင်းအကြံပေးပညာရှင် (တစ်လ လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ၂၄ လ) | ၇၂၀၀၀ |
| | | ဒီဇိုင်းရေးဆွဲခြင်းနှင့် စီမံအုပ်ချုပ်ခြင်းအတွက် နိုင်ငံတကာ အကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် ၆ လ) | ၉၀၀၀၀ |
| | | အဖွဲ့ခေါင်းဆောင် - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြင့် ၃၆ လ) | ၇၂၀၀၀ |
| | | မြို့နယ် သင်တန်းပို့ချသူနှင့် ညှိနှိုင်းရေးမှူး တာ ဝန်ခံများ - ပြည်တွင်း အကြံပေးပညာရှင် (၂၄ ဦးအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြင့် ၉ လ) | ၄၃၂၀၀၀ |
| | | သင်ထောက်ကူပစ္စည်းများ | ၂၀၀၀၀ |
| | | သင်တန်းအတွက် စာရွက်စာတမ်းများပုံနှိပ်ခြင်း | ၄၀၀၀၀ |
| | | ပြည်နယ်နှင့်မြို့နယ်အဆင့် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ | ၆၀၀၀၀ |
| | | ပို့ဆောင်ရေးအထောက်အပံ့နှင့် ခရီးစရိတ် | ၃၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | ၈၁၆၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၈၄၀၀၀ |
| | | စုစုပေါင်း ဘတ်ဂျက် | ၉၀၀၀၀၀ |
| | ဘတ်ဂျက် မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြား သော အချက် အလက် | အမျိုးသား အဆင့်နှင့် မဟာဗျူဟာတို့ နှင့်ကိုက်ညီခြင်း | စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲရေးမူဘောင်သည် အလုံးစုံတိုးတက်ဖွံ့ဖြိုး ရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရခြင်း၏ အရေးပါပုံကို အသိ အမှတ်ပြုပြီး ပညာရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး အတွက် ဦးစားပေး အချက်များ သတ်မှတ်ရန်ရည်ရွယ်ပါသည်။ ပြမန်မာနိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးမူဝါဒ နှင့်မဟာဗျူဟာကို ဖော်ဆောင်ရာတွင် အရေအတွက်သာမက အရည်အချင်းတိုးမြှင့်ရေးကိုပါ ဦးတည်သည်။ (မြန်မာနိုင်ငံ တော်အစိုးရ၊ "စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေး မူဘောင် - အမျိုးသား ဘက်စုံဖွံ့ဖြိုးရေး စီမံချက်အတွက် ရေရှည်ပန်းတိုင်များကို ထောက်ကူပေးမည့် ၂၀၁၂-၂၀၁၅ အတွက် မူ ဝါဒ ဦးစားပေးအချက်များ " ၂၀၁၂ ခုနှစ်၊ နို ဝင်ဘာလ ၂၂ ရက် (မူကြမ်း) မှ ထုတ်နုတ်ပါသည်။) | |
| | လေ့လာ | *ဖော်ပြရန်မရှိပါ* | |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် သင်ကြားရေးနှင့် သင်ယူရေးစွမ်းရည်များ တိုးတက်ကောင်းမွန်လာပြီး အခြေခံပညာ အလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုနှုန်းလျှော့ချပေးမည့် စီမံကိန်း | |
|---|---|---|
| | စောင့်ကြည့်ခြင်း | |

## ၁.၂။ ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ၎င်းတို့၏ လိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်ရန် စီမံကိန်းအဆိုပြုချက်များ

## ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး (ECCD) ကို လက်လှမ်းမီနိုင်မှုနှင့် ၎င်း၏ အရည်အသွေး တိုးတက်မြင့်မားစေခြင်း

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် ECCD ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုနှင့် ၎င်း၏ အရည်အသွေးတိုးတက်မြင့်မားခြင်း စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ပညာရေး |
| | တည်နေရာ | ချင်းပြည်နယ် (အရည်အသွေးပိုင်း ဖွံ့ဖြိုးတိုးတက်ခြင်း )၊ မင်းတပ်နှင့် မတူပီ (အရေ အတွက် တိုးချဲ့ခြင်း) |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ |
| | စီမံကိန်းကာလ | ငါးနှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်မှန်းချက်**<br>ချင်းပြည်နယ်ရှိ ECCD မူကြိုကျောင်းများ အရည်အသွေးမီ လုပ်ဆောင်နိုင်လာခြင်းနှင့် အဆိုပါဝန်ဆောင်မှုရရှိမှု အနည်းဆုံးဖြစ်နေသည့် မြို့နယ်(၂)မြို့နယ်တွင် အရေအတွက် တိုးချဲ့နိုင်ခြင်း။<br><br>**လတ်တလောရည်မှန်းချက်**<br>· ချင်းပြည်နယ်အခြေအနေ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသော ECCD စနစ်နှင့် စံချိန်စံညွှန်းများ သတ်မှတ်ဖော်ဆောင်ရန်။<br>· မင်းတပ်မြို့နယ်ရှိ ကျေးရွာများတွင် ECCD မူကြိုကျောင်းများ ဖွင့်လှစ်ရန်နှင့် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသများတွင် မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်။ |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွှယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်၌ ECCD မူကြိုကျောင်းဝန်ဆောင်မှုပေးသူ အမျိုးအစား(၄)မျိုးရှိသည်ဟု ခြုံငုံ၍ဆိုနိုင်ပါသည်။ခရစ်ယာန်ဘုရားကျောင်း အခြေပြုအသင်းအဖွဲ့များ၊ ဘာသာရေးအခြေပြု(ရပ်ရွာလူထုအခြေပြု)၊ပညာရေးဝန်ကြီးဌာန(စာသင်ကျောင်းအခြေပြု)၊ လူမှု ဝန်ထမ်းဦးစီးဌာနနှင့် ပုဂ္ဂလိက ဝန်ဆောင်မှု ပေးသူများတို့ ဖြစ်ပါသည်။ လတ်တလော တွင် ချင်းပြည်နယ်၌ ECCD မူကြိုကျောင်းဝန်ဆောင်မှု လုပ်ငန်းများကို ဘာသာရေးအခြေပြုအဖွဲ့အစည်းများကအများအပြား ဆောင်ရွက်လျှက် ရှိပါသည်။<br>ကွင်းဆင်းလေ့လာမှုမှ တွေ့ရှိခဲ့သည်များမှာ ချင်းပြည်နယ်ရှိ မြို့ နယ် (၆) မြို့နယ် (ဟားခါး၊ ထန်တလန်၊ တီး တိန်၊ ဖလမ်း၊ မင်းတပ်နှင့် ကန်ပက်လက်)တွင် |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် ECCD ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုနှင့် ၎င်း၏ အရည်အသွေးတိုးတက်မြင့်မားခြင်း စီမံကိန်း |
|---|---|

အနည်းဆုံး(၂) မြို့နယ်၊ အထူးသဖြင့် ကျေးရွာများတွင် ECCD မူကြိုကျောင်း အရေ အတွက်မှာအနည်းသာရှိပါသည်။ မင်းတပ်မြို့နယ်သည် ECCDမူကြို ကျောင်း ဝန်ဆောင်မှုလုပ်ငန်းရရှိမှုတွင် နောက်ကျန်နေခဲ့ပါသည်။ထို့အပြင်ကန် ပက်လက်မြို့နယ်ရှိ ကျေးရွာများ၏ သုံးပုံတစ်ပုံခန့်တွင်သာ ECCD မူကြို ကျောင်းဝန်ဆောင်မှု လုပ်ငန်းရှိပါသည်။ ကန်ပက်လက်တွင် ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့အစည်း (UNICEF) မှထောက်ပံ့သည့် မူကြိုကျောင်းဝန်ဆောင်မှု လုပ်ငန်း တွေ့ရပါသည်။

ယေဘူယျအားဖြင့် မြို့နယ်(၆)မြို့နယ် အထူးသဖြင့် ကျေးရွာများတွင် ECCD မူကြိုကျောင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေအတွက်အရ ချဲ့ထွင်ရန် လိုအပ်နေ ပါသည်။ ချင်းပြည်နယ် လူမှုဘဝ အခြေအနေများအရ မိမိတို့ကျေးရွာ ဒေသများ တွင် ECCD မူကြိုကျောင်းများ ရှိသည်ဟုဆိုသော်လည်း လက်လှမ်းမီတက် ရောက် နိုင်ခြင်း မရှိသည်များကိုလည်း တွေ့ရသည်။

အထက်ဖော်ပြပါ အခြေအနေများအရ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ် ရှိ ကျေးရွာများတွင်မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်နေသည်ကို ဖော်ပြ နေပါသည်။

ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့်စောင့်ရှောက်ရေးထိရောက်စေရန်အတွက် ချင်း ပြည်နယ်၏ အခြေအနေ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ECCD စနစ်များနှင့် စံညွှန်းများ ဖေါ်ဆောင် သွားရန်လည်း လိုအပ်ပါသည်။

**မျှော်မှန်းရလဒ်**

- ECCD မူကြိုကျောင်းများ၏ အရည်အသွေးအတွက် ချင်းပြည်နယ်အခြေအနေ၊ ယဉ်ကျေးမှုနှင့်ကိုက်ညီသော ECCD စနစ်/စံညွှန်းများကို ရေးဆွဲအကောင် အထည် ဖော်ခြင်း။
- မင်းတပ်မြို့နယ်ရှိ ကျေးရွာများတွင် မူကြိုကျောင်း အရေအတွက် သိသာစွာ တိုးလာခြင်း။
- ကန်ပက်လက်မြို့နယ် ကျေးလက်ရွာများတွင် မူကြိုကျောင်း အရေအတွက် တိုးလာခြင်း။
- မူကြိုကျောင်း လက်လှမ်းမီတက်ရောက်နိုင်ခြင်းနှင့် အခြေခံပညာ မူလတန်း ကျောင်းတက်ရောက်နိုင်ရေးတို့တွင် သာတူညီမျှမှုရှိခြင်းနှင့် အားလုံးပါဝင်ကာ အကျိုးများခံစား ရရှိခြင်း။

**ရလဒ်အညွှန်းကိန်းများ**

- ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ခရစ်ယာန် ဘုရားကျောင်း အခြေပြု အသင်းအဖွဲ့များ၊ ဘာသာရေးအခြေပြု၊ လူထုအခြေပြုနှင့် ပုဂ္ဂလိက ဝန်ဆောင်မှု ပေးသူများ၊ မူကြိုကျောင်း ဆရာ၊ဆရာမများ၊ မူလတန်း ကျောင်း အုပ်ကြီးများနှင့် ဆရာ၊ဆရာမများ၊ မူကြိုကျောင်း ဝန်ဆောင်မှု ပေးနေသော လူမှုရေးအဖွဲ့များ ပါဝင် သော လုပ်ငန်းအဖွဲ့မှ လုပ်ငန်းရလဒ်များ - မူကြို ကျောင်းဝန်ဆောင်မှုတွင် လိုက်နာ ရမည့်အချက်များ မူဘောင်၊ မူကြို ကျောင်း ထားရခြင်း၏ အကျိုးရလဒ်များ၊ သဘော ထားစံနှုန်းများကို ECCE မူကြို ကျောင်းဝန်ဆောင်မှု အရည်အသွေး စံချိန်စံညွှန်း မီရေးများနှင့် ပတ်သက်၍ မျှော်မှန်းချက်များကို ဆွေးနွေးချမှတ် ထားရှိခြင်း။
- အခြေခံညွှန်းမှတ်နှင့် အဆုံးသတ်ညွှန်းမှတ်တို့ကို နှိုင်းယှဉ်ဆန်းစစ်ရာတွင်

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် ECCD ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုနှင့် ၎င်း၏ အရည်အသွေးတိုးတက်မြင့်မားခြင်း စီမံကိန်း | |
|---|---|---|
| | | တွေ့ရသော သိသာသောပြောင်းလဲတိုးတက်မှုရလဒ်များ - ECCD မူကြို ကျောင်း ဝန်ဆောင်မှုပေးခြင်းနှင့် ရယူခြင်းတွင် ပေးသွင်းရသည့် ထည့်ဝင်ကြေး၊ လုပ်ငန်းလုပ်ဆောင်မှု၊ အခြေခံပညာကျောင်းတွင် သင်ယူတတ်မြောက်နိုင်မှု အခြေအနေ၊ လုပ်ငန်းရလဒ်များ စသည်တို့ကို ဆန်းစစ်ရာတွင် အကျိုးရှိသော ပြောင်းလဲတိုး တက်မှုများ ရရှိခြင်း။<br>· မင်းတပ်မြို့နယ်ရှိ ကျေးရွာများတွင် မူကြိုကျောင်းအရေအတွက် သိသာစွာ တိုးလာ ခြင်း။<br>· ကန်ပက်လက်မြို့နယ် ကျေးလက်ရွာများတွင် မူကြိုကျောင်း အရေအတွက် တိုးလာ ခြင်း။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ချင်းပြည်နယ်အခြေအနေ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ECCD နည်းလမ်းနှင့် စံချိန်စံညွှန်းများ ရေးဆွဲဖော်ဆောင်ရန် နည်းပညာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း။<br>· နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (အမျိုးသားအဆင့် ECCD ဥပဒေကို မူတည်စဉ်းစားပါမည်)။<br>· နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုရလဒ်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် အသုံးချခြင်း။<br>· အရည်အသွေးပြည့်မီသော ECCD မူကြိုကျောင်းထားရခြင်း သဘောထားအမြင်(ထည့်ဝင်ကြေး၊လုပ်ငန်းလုပ်ဆောင်မှု၊အခြေခံပညာကျောင်းတွင် သင်ယူတတ်မြောက်နိုင်ခြင်း အခြေအနေ၊လုပ်ငန်းရလဒ်များစသည်တို့ကို)ကိုဆန်းစစ်ရာတွင် အခြေခံညွှန်းမှတ်နှင့် အဆုံးသတ်ညွှန်းမှတ်များ တိုးတက် ပြောင်းလဲမှု ရှိခြင်း၊(အခြေခံညွှန်းမှတ်အတွက် အချက်အလက်ကောက်ခြင်းကိုအသစ်ပြုပြင်ထားသော ECCD မူကြိုကျောင်းစနစ်နည်းလမ်း မစတင်မီနှင့်အဆုံး သတ်ညွှန်းမှတ်အတွက် အချက်အလက်ကောက်ခြင်းကို အသစ်ပြု ပြင်ရေးဆွဲထားသော ECCD မူကြိုကျောင်းစနစ် ကျင့်သုံးပြီး အနည်းဆုံး (၃)လအကြာတွင်လုပ်ဆောင်မည်။)<br>· မင်းတပ်မြို့နယ်နှင့်ကန်ပက်လက်မြို့နယ်များရှိ ကျေးရွာများတွင် မူကြိုကျောင်းသစ်များဖွင့်လှစ်ခြင်းနှင့် မူကြိုကျောင်းများအတွက် အခြေခံ သင်ထောက်ကူနှင့် ကစားစရာပစ္စည်းများ ဖြန့်ဝေခြင်း။<br>· အသစ်ခန့်အပ်ထားသော မူကြိုကျောင်း ဆရာ၊ ဆရာမများအတွက် ECCD သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပေးခြင်း<br><br>**အကျိုးခံစားခွင့်ရှိသူများ**<br>· ချင်းပြည်နယ်အတွင်းရှိ ECCD ဝန်ဆောင်မှု ပေးနေသူအားလုံး<br>· ချင်းပြည်နယ်အတွင်းရှိ မူကြိုကျောင်းနေ ကလေးများ<br>· မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများ<br>· ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများ |
| | လုပ်ငန်း အကောင်အထည် ဖော်ခြင်း | **ဦးဆောင် ဆောင်ရွက်မည့်အဖွဲ့အစည်း**<br>ချင်းပြည်နယ်အစိုးရ<br>**အဓိက ပါဝင်သက်ဆိုင်သူများ**<br>ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကမ္ဘာ့ကလေးများရန်ပုံငွေ (UNICEF)၊ Save the Children ၊ MBC ၊ ECCD ဆောင်ရွက်နေသော လူမှုအဖွဲ့ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် ECCD ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မှုနှင့် ၎င်း၏ အရည်အသွေးတိုးတက်မြင့်မားခြင်း စီမံကိန်း | | |
|---|---|---|---|
| | | အစည်းများ (KMSS, Yinthway Foundation)၊ FBO နှင့် ပုဂ္ဂလိက မူကြိုကျောင်း ဝန်ဆောင်မှု ပေးနေသူများ၊ မူကြိုကျောင်း ဆရာ၊ ဆရာမများ၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ရပ်ရွာအခြေပြု အဖွဲ့ အစည်းများ၏ အရင်းအမြစ်ဌာနများ၊ အလှူရှင်မျိုးစုံထည့် ဝင်သော ရန်ပုံငွေ၊ အာရှဘဏ်၊ ဥရောပသမဂ္ဂ၊ AusAID နှင့် OSI | |
| ဘဏ္ဍာရေး အချက် အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ) |
| | | နိုင်ငံတကာ အကြံပေးပညာရှင်/ အစီအစဉ် ရေးဆွဲသူ (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် သုံးလ) | ၄၅၀၀၀ |
| | | အဖွဲ့ခေါင်းဆောင် - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြင့် ၃၅ လ) | ၇၀၀၀၀ |
| | | သင်တန်းပို့ချရေး စာရွက်စာတမ်းများ ပုံနှိပ်ခြင်း | ၂၀၀၀၀ |
| | | ပြည်နယ်နှင့်မြို့နယ်အဆင့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ | ၆၀၀၀၀ |
| | | သင်ထောက်ကူပစ္စည်းများ | ၃၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး အထောက်အပံ့နှင့် ခရီးစရိတ် | ၂၀၀၀၀ |
| | | စီမံကိန်းမစတင်မီနှင့် ပြီးဆုံးခြင်းကာလတွင် ဆန်းစစ် အကဲဖြတ်ခြင်း | ၃၀၀၀၀ |
| | | မူကြိုကျောင်း အဆောက်အဦစိ ျမာ ဆော ်က ု လ်ပငြ ်း းs | ၅၄၅၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | ၈၂၀၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်ပေါင်းခြင်း | ၈၀၀၀၀ |
| | | စုစုပေါင်း ဘတ်ဂျက် | ၉၀၀၀၀၀ |
| | ဘတ်ဂျက်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက် အလက် | အမျိုးသားအဆင့်မူဝါဒနှင့် မဟာဗျူဟာ ကိုက်ညီခြင်း | မြန်မာ့အမျိုးသားပညာရေးစီမံကိန်းများ - အခြေခံပညာ ဖွံ့ဖြိုးတိုးတက်ရေး ရေရှည် စီမံကိန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ် ကာလအထိ လွှမ်းခြုံမှုရှိစေရန် နိုင်ငံတော်သမ္မတ၏ ပညာရေးမူဝါဒ (၁၀)ချက်၊ "လူတိုင်း အတွက်ပညာရေး" အမျိုးသားလုပ်ငန်းစီမံချက် (EFA - NAP)၂၀၀၃- ၂၀၁၅ (လူတိုင်း အတွက် မူလ တန်းပညာရေးကိုအကောင်အထည်ဖော်ရန် မူဘောင်ကို ဖော်ဆောင်သည်)-စသည် တို့နှင့်အညီ မကြာသေးမီက ပြင်ဆင်ခဲ့ပါသည်။ စီမံ ကိန်းများမှ အဓိက ကဏ္ဍ(၅) ရပ် တွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး (ECD)သည် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါ သည်။ မြန်မာနိုင်ငံတွင် ကလေး သူငယ်များ အခြေခံပညာမူလတန်းကျောင်းများကို လက်လှမ်းမီခြင်း၊ ကျောင်းနေ မြဲခြင်း တို့ကို မျှော်မှန်းချက်ထားကာ ECD စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် လျှက်ရှိပါသည်။ | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

# ချင်းဘာသာစကား သင်ရိုးညွှန်းတမ်း ရေးဆွဲခြင်း

| စီမံကိန်း<br>ခေါင်းစဉ် | အခြေခံပညာမူလတန်း ပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင် ယူနိုင်ရေးကို ပြန်လည် အကောင်အထည် ဖော်ရန်အတွက် ချင်းဘာသာစကားဖြင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရန် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ချက် | ပဓာနနယ်ပယ် | ပညာရေး |
| | တည်နေရာ | ချင်းပြည်နယ် |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း<br>အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>အခြေခံပညာမူလတန်းတွင်တိုင်းရင်းသားဘာသာစကားဖြင့်သင်ယူခြင်းကို ပြန်လည်အကောင်အထည်ဖော်နိုင်ရန်အတွက်ချင်းဘာသာစကားဖြင့်သင်ရိုးညွှန်းတမ်း တစ်ခုကိုရေးဆွဲရန်။ (ယခင်က အသုံးပြုခဲ့သော သင်ရိုးညွှန်းတမ်းမူ ကို ပြန်လည် ပြင်ဆင်ခြင်းနှင့် ခေတ်နှင့်အညီ မွမ်းမံခြင်း)<br><br>**လတ်တလောရည်ရွယ်ချက်**<br>ယခင်ကအသုံးပြုခဲ့သော သင်ရိုးညွှန်းတမ်းအဟောင်းကို ရည်ညွှန်းကိုးကားလျှက်<br>· ချင်းပြည်နယ်တွင်အသုံးပြုနိုင်မည့် ဘုံသင်ရိုးညွှန်းတမ်းမူကြမ်း ပြင်ဆင်ရေးဆွဲ ရန်<br>· ဒေသအတွင်းတွင်နယ်မြေအလိုက် ကွဲပြားမှုရှိသည့်အတွက် သီးသန့်သင်ရိုးညွှန်းတမ်း မူကြမ်းကို ဒေသအကြောင်းအရာအလိုက် ရေးဆွဲပြင်ဆင်ရန်<br>· အခြေခံပညာမူလတန်းရှိအတန်းအသီးသီး (အတန်းငယ်များ)အတွက် အတန်းနှင့်လျော်ညီသောသင်ရိုးညွှန်းတမ်းနှင့်သီးသန့်သင်ရိုးမာတိကာများပြင်ဆင်ရေးဆွဲရန်<br>· အတန်းအသီးသီးအတွက်ပုံနှိပ်စာအုပ်တွင်ပါဝင်မည့်အကြောင်းအရာများရေးသား ပြင်ဆင်ရန်<br>· ချင်းဘာသာစကားသင်ယူရာတွင် အထောက်အကူပြုမည့် သင်ကြားခြင်း-သင်ယူခြင်း ပစ္စည်းကိရိယာများပြင်ဆင်ရန် |
| | စီမံကိန်း၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>လက်ရှိတွင် မြန်မာဘာသာစကားကို ကျောင်းများတွင် သင်ကြားရေးကြားခံ အဖြစ်အဓိကအသုံးပြုနေပါသည်။လက်တွေ့တွင်မူတိုင်းရင်းသားကလေးငယ်များ၊ အထူးသဖြင့် မူလတန်းအတန်းငယ်မှကလေးများသည် မြန်မာဘာသာဖြင့် ဘာသာ ရပ်များကိုသင်ယူရာတွင်အခက်အခဲရှိနေပါသည်။ တိုင်းရင်းသားလူမျိုးအုပ်စုများမှ မူလတန်းကလေးငယ်များ ကြုံတွေ့နေရသည့် ဘာသာစကား အတားအဆီးသည် ထပ်ဆင့်ပြဿနာဖြစ်ပြီး၊ အဆိုပါကိစ္စရပ်ကိုဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။လတ်တလောတွင်မြန်မာနိုင်ငံပညာရေး ကဏ္ဍပြုပြင်ပြောင်းလဲရေးစီမံကိန်းတွင် အဆိုပါကိစ္စရပ်ကိုဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပါသည်။ တိုင်းရင်းသားဘာသာစကားဖြင့်သင်ကြား-သင်ယူခြင်းကို အခြေခံပညာမူလတန်း အဆင့်အတန်း ငယ်များ၏ သင်ရိုးညွှန်းတမ်းတွင် ပြန်လည် ထည့်သွင်းရန် သဘောတူဆွေးနွေး ခဲ့ကြပါသည်။ ချင်းဘာသာစကားဖြင့် ရေးသားသောသင်ရိုးညွှန်းတမ်း ရေးဆွဲပြင်ဆင်ရာတွင် အချိန်မီ ပြီးစီးနိုင်ရန် တောင်းဆို နေသည့်အတွက် ယခင်က အသုံးပြုခဲ့သော သင်ရိုးကို အခြေခံကာ ပြန်လည် ပြင်ဆင်ခြင်း၊ ခေတ်နှင့်အညီ မွမ်းမံခြင်းများ ပြုလုပ်ခြင်းသည် လျော်ကန်သော ဆောင်ရွက်ချက် ဖြစ်ပါသည်။ |

| စီမံကိန်း ခေါင်းစဉ် | အခြေခံပညာမူလတန်း ပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင် ယူနိုင်ရေးကို ပြန်လည် အကောင်အထည် ဖော်ရန်အတွက် ချင်းဘာသာစကားဖြင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရန် စီမံကိန်း |  |
|---|---|---|
|  |  | **မျှော်မှန်းရလဒ်**<br>အခြေခံပညာမူလတန်းအဆင့်အတန်းငယ်များအသီးသီးအတွက် ချင်းဘာသာစကား သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်မည့် အကြောင်းအရာများကို ပြန်လည် ပြင်ဆင်ခြင်းနှင့် ခေတ်နှင့်အညီမွမ်းမံခြင်း၊ ချင်းဘာသာစကား သင်ယူ ရာတွင် အထောက်အကူပြုမည့် သင်ကြား-သင်ယူခြင်းပစ္စည်း ကိရိယာများ ပြင်ဆင်ခြင်း။<br><br>**ရလဒ်အညွှန်းကိန်းများ**<br>မူလတန်းအဆင့် (အတန်းငယ်များ)ရှိ အတန်းတစ်ခုချင်းစီအတွက် ပြည့်စုံကောင်း မွန်သော သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်ပါ မာတိကာများ။ |
|  | လုပ်ငန်း ဆောင် ရွက်ချက်များ | · နည်းပညာကျွမ်းကျင်သူများအဖွဲ့ ဖွဲ့စည်းခြင်း။;<br>· အချက်အလက်နှင့် သင်ထောက်ကူပစ္စည်းများ စုစည်းခြင်း (ယခင် ချင်းဘာသာ စကားသင်ရိုးညွှန်းတမ်းနှင့်ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့်အကြောင်းအရာများ)<br>· နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း။<br>မူလတန်း (အတန်းငယ်) များရှိ အတန်းတစ်ခုချင်းစီအတွက် သင်ရိုးညွှန်းတမ်း နှင့် ပြဋ္ဌာန်းစာအုပ်ပါ မာတိကာကို ပြင်ဆင်ရေးဆွဲခြင်း။<br><br>**အကျိုးခံစားခွင့်ရှိသူများ**<br>ချင်းပြည်နယ်အတွင်းရှိ ပြည်သူလူထုနှင့် အခြေခံပညာမူလတန်း ကျောင်းသူ၊ ကျောင်းသားများအားလုံး. |
|  | စီမံကိန်း အကောင် အထည်ဖော်ခြင်း | **ဦးဆောင် ဆောင်ရွက်မည့် အဖွဲ့အစည်း**<br>ပညာရေးဝန်ကြီးဌာန (သင်ရိုးညွှန်းတမ်း ဌာန)၊ ချင်းပြည်နယ်အစိုးရ<br><br>**အဓိက ပါဝင်သက်ဆိုင်သူများ**<br>· ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ချင်းပြည်နယ်ပညာရေးရုံး၊ ကမ္ဘာ့ကလေး များရန်ပုံငွေအဖွဲ့ (UNICEF)<br>· ယခင် ချင်းဘာသာစကား သင်ရိုးညွှန်းတမ်း အသုံးပြု၍ စာသင်ခန်းအတွင်း သင်ကြား - သင်ယူမှု အတွေ့အကြုံရှိသော ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသူ၊ကျောင်းသားများ<br>· ချင်းပြည်နယ်အတွင်းရှိ ကွဲပြားသော မြို့နယ်များအလိုက် လက်ရှိ မူကြိုကျောင်း နှင့် ကျောင်း ဆရာ၊ ဆရာမများ<br>· ချင်းဘာသာစကား ကျွမ်းကျင်မှုစွမ်းရည် (၄) မျိုးစလုံး သင်ကြားနေသော ပုဂ္ဂလိက ကျောင်းများမှ ဆရာ၊ ဆရာမများ (ဥပမာ - တီးတိန်မြို့ရှိ Cornerstone Children Academy ကျောင်းတွင်ချင်းဘာသာစကားဖြင့် သူငယ်တန်းမှပဥ္စမတန်း အထိ သင်ကြားလျှက်ရှိသည်)၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ။<br>· ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ အရင်းအမြစ်ဌာနများ (ဥပမာ - ဖလမ်း နှစ်ခြင်း ခရစ်ယာန်အသင်းတော် (FBC) အရင်းအမြစ်ဌာန)<br>· ချင်းဖောင်ဒေးရှင်း (ဟားခါး + ထန်တလန်)၏ အရင်းအမြစ်ဌာန<br>· လူမှုကူညီရေးအဖွဲ့အစည်းများ |

| ဘဏ္ဍာရေး | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း |
|---|---|---|---|

| စီမံကိန်း ခေါင်းစဉ် | အခြေခံပညာမူလတန်း ပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင် ယူနိုင်ရေးကို ပြန်လည် အကောင်အထည် ဖော်ရန်အတွက် ချင်းဘာသာစကားဖြင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရန် စီမံကိန်း | | |
|---|---|---|---|
| အချက် အလက် | | | ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | အဖွဲ့ခေါင်းဆောင် - သင်ရိုးညွှန်းတမ်းရေးဆွဲရေးကျွမ်းကျင် ပညာရှင် - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ၁၀ လ) | ၃၀၀၀၀ |
| | | နိုင်ငံတကာအကြံပေးပညာရှင်/ အစီအစဉ်ရေးဆွဲသူ (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် နှစ်လ) | ၃၀၀၀၀ |
| | | ချင်းဘာသာစကား ကျွမ်းကျင်ပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ရှစ်လ) | ၂၄၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး | ၆၀၀၀ |
| | | သင်တန်းသင်ထောက်ကူပစ္စည်းများ ပုံနှိပ်ခြင်း | ၁၅၀၀၀ |
| | | ပြည်နယ်နှင့် မြို့နယ်အဆင့် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ | ၃၀၀၀၀ |
| | | စုစုပေါင်း ကုန်ကျစရိတ် (မမျှော်မှန်းသော စရိတ်များမပါ) | ၁၃၅၀၀၀ |
| | | မမျှော်မှန်းသော စရိတ်များ ၁၀% ထပ်ပေါင်းခြင်း | ၁၅၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၁၅၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက် | အမျိုးသားမူဝါဒနှင့် မဟာဗျူဟာနှင့် ကိုက်ညီခြင်း | အခြေခံမူလတန်းအဆင့် အတန်းငယ်များ၏ သင်ရိုးညွှန်းတမ်းများကို တိုင်းရင်းသား ဘာသာစကားဖြင့် သင်ယူနိုင်ရေးကို ပြန်လည် အကောင်အထည် ဖော် ရခြင်းမှာ လက်ရှိ မြန်မာ့ပညာရေး ျ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွင် အလေးထား ထည့်သွင်း စဉ်းစား သင့်သည့် ကိုယ်စားပြုအရေးဆိုခြင်း ကိစ္စရပ်ဖြစ်သည်။ | |
| | လေ့လာတွေ့ရှိချက်များ | *ဖော်ပြရန် မရှိပါ။* | |

## အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် အာဟာရ

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေး သူငယ်များအတွက် အာဟာရဆိုင်ရာအခြေအနေ တိုးတက်ကောင်းမွန်ရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ကျန်းမာရေး - အာဟာရ |
| | တည်နေရာ | မြို့နယ်များအားလုံး |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ |
| | စီမံကိန်းကာလ | ငါးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>· ချင်းပြည်နယ်ရှိ ပြည်သူလူထု၏ အာဟာရဆိုင်ရာ အခြေအနေ၊ အထူးသဖြင့် |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေး သူငယ်များအတွက် အာဟာရဆိုင်ရာအခြေအနေ တိုးတက်ကောင်းမွန်ရေး စီမံကိန်း | |
|---|---|---|
| | | အမျိုးသမီးများနှင့် ကလေးများ၏ အာဟာရ အခြေအနေ တိုးတက်ကောင်းမွန် လာစေရန်။<br>· ချင်းပြည်နယ်တပှမ်းရှိ ကလေးများ၏ အာဟာ ရအခြေအနေ တိုးတက်ကောင်း မွန်ရေးအစီအမံအတွက် လုပ်ငန်းစဉ်ပေါ်ပေါက်ရန်နှင့် ၎င်းကိုပြည်နယ် ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ဦးတည်ဆောင်ရွက် ရမည့် လုပ်ငန်း များ အတွက် စံသတ်မှတ်ချက်တစ်ခုအဖြစ် ထားရှိ အသုံးပြုရန်။<br><br>**လတ်တလောရည်ရွယ်ချက်**<br>· အမျိုးသမီးနှင့် ကလေးများအတွက် အာဟာရပိုင်းလိုအပ်ချက်များကို နိုင်ငံတော် အစိုးရနှင့် ပြည်သူလူထုအတွင်း သိရှိနားလည်မှုကို မြှင့်တင်ရန်။<br>· ချင်းပြည်နယ်ရှိ ကလေးသူငယ်များ၏ အာဟာရအဆင့်အတန်း အခြေအနေကို အလုံးစုံသုံးသပ်မြေပုံချထားခြင်းဖြင့်စီမံကိန်းများရေးဆွဲရာတွင်နှင့် အရင်းအမြစ် များ ခွဲဝေချထားပေးရေးအပိုင်းများတွင် အထောက်အကူဖြစ်စေရန်။<br>· ချင်းပြည်နယ်မှ မွေးကင်းစကလေးငယ်များ၏ ကိုယ်အလေးချိန်သည် အနိမ့်ဆုံး အားဖြင့် မြန်မာနိုင်ငံရှိ မွေးကင်းစကလေးငယ်များ၏ ကိုယ်အလေးချိန် ပျမ်းမျှ အညွှန်းကိန်းအဆင့်ရောက်အောင် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများဖော် ဆောင်ရန်။<br>· ချင်းပြည်နယ်တွင် ကလေးငယ်များ၏ ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးကွေးမှုကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပျမ်းမျှအဆင့်သို့ အနည်းဆုံး လျှော့ချနိုင်စေရန်။ |
| | စီမံကိန်း၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>၂၀၀၉/၂၀၁၀ ခုနှစ်တွင် ၆ မွေးဖွားသော မွေးကင်းစကလေးငယ်များတွင် ကိုယ် အလေးချိန် ၂၅၀၀ ဂရမ် အောက်သာရှိေ သာ ကလေးငယ် ၉.၄% ရှိပါသည်။ ထို့ပြင် ကလေးငယ် ၃၀.၇% ကို စမ်းသပ်ကြည့်သည့်အခါ ကိုယ်အလေးချိန် မပြည့်မီသူ ၃၀.၇% ရှိပြီး ၅၈% မှာ ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးကွေးခြင်းကို အသင့် အတင့်မှ ဆိုးဆိုးဝါးဝါး ခံစားနေရသူများဖြစ်သည်။<br>မွေးကင်းစကလေးငယ်များမွေးပေါင်ချိန်မပြည့်ခြင်းနှင့်ရှိသင့်သောကိုယ်အလေးချိန် မပြည့်မီသည့်ကလေးငယ်များရှိနေခြင်းမှာကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များ အာဟာရလုံလောက်စွာ မရရှိခြင်းကို ညွှန်းဆိုနေပါသည်။ ပိုမို ကောင်းမွန် သော နို့ဖြတ်ခြင်းအလေ့အကျင့်ကို စတင်ကျင့်သုံးရန် လိုအပ်ပါသည်။<br>ချင်းပြည်နယ်တွင် သီးနှံထုတ်လုပ်နိုင်မှုမှာ ပြည်နယ်လူဦးရေ၏ လိုအပ်ချက် ၇၀% အောက်ကိုသာ ထုတ်လုပ်နိုင်ပါသည်။ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုး ရေးသည်မအောင်မြင်တော့သောအနေအထားတွင်ရှိနေပြီး အတည်တကျ ရေရှည် စိုက်ပျိုးနည်းဖြင့်စိုက်ပျိုးမှုမှာလည်း စားနပ်ရိက္ခာလိုအပ်ချက်ပမာဏကို ဖြည့်ဆည်း နိုင်သည့် အခြေအနေတွင် မရှိသေးပါ။ စားနပ်ရိက္ခာအတွက် ထောက်ပံ့မှုများ နှင့် လုပ်အားအတွက်လုပ်ခပေးခြင်းဖြင့် ရိက္ခာရရှိစေသောအစီ အစဉ်များရှိသော်လည်း ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှုအညွှန်းကိန်းများ မှာ ကျေနပ်အားရဖွယ် မရှိပါ။ ထိုဖြစ်ရပ်က ပိုမိုကောင်းမွန်သည့် အာဟာရ ထောက်ပံ့မှု အစီအစဉ် လိုအပ် နေသည်ဟု ညွှန်းပြနေပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>· အမျိုးသမီးများကိုယ်ဝန်ဆောင်ချိန်ကာလနှင့်နို့တိုက်ကျွေးချိန်များတွင် အာဟာရ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေး သူငယ်များအတွက် အာဟာရဆိုင်ရာအခြေအနေ တိုးတက်ကောင်းမွန်ရေး စီမံကိန်း | |
|---|---|---|
| | | ပြတ်လပ်ခြင်း။<br>· ကလေးသူငယ်များ အစာရေစာ လုံလောက်စွာ မရရှိမှု - အထူးသဖြင့် ၎င်းတို့ ဘဝအစ ပထမ ငါးနှစ်အတွင်း။ မိခင်များတွင် ကောင်းမွန်သော နို့ဖြတ်ခြင်း အလေ့အကျင့် ရရှိကျင့်သုံးနိုင်ရေး အထူးအလေးထားဆောင်ရွက်ရန်။<br>· တစ်နှစ်စာ စားနပ်ရိက္ခာဖူလုံရေးအတွက် ဖင်ငွေရသီးနှံများကို စိုက်ပျိုးမထုတ် လုပ်နိုင်သော လယ်သမားအိမ်ထောင်စုများအတွက် တစ်နှစ်ပတ်လုံး ၎င်းတို့၏ အာဟာရဆိုင်ရာ လိုအပ်ချက်များကို ထိရောက်စွာ ပြည့်မီနိုင်ရေး။<br><br>**မျှော်မှန်းရလဒ်**<br>· ချင်းပြည်နယ်တပှမ်းရှိ ကျေးလက်နေအိမ်ထောင်စုများ၏ "အစာရေစာ ငတ်မွတ် ခေါင်းပါးမှု" ခံစားရသော ကာလ လျော့ကျစေခြင်း။<br>· မွေးကင်းစကလေးငယ်များ ကိုယ်အလေးချိန်ပြည့်မီမှု တိုးတက်လာခြင်းနှင့် အာဟာရ မပြည့်မီသော ကလေးငယ်အရေအတွက်ကို လျှော့ချနိုင်ခြင်း။<br>· ကြီးထွားဖွံ့ဖြိုးမှုနှုန်း နှေးကွေးသည့် ကလေးငယ်အရေအတွက် လျော့ကျခြင်း။<br>·<br><br>**ရလဒ်အညွှန်းကိန်းများ**<br>· စားနပ်ရိက္ခာပြတ်လပ်မှုခံစားရသော ရက် /လ အရေအတွက်ကို လျှော့ချရန် အိမ်ထောင်စုများ၏ တစ်နှစ်ပတ်လုံး ရိက္ခာရရှိမှုအခြေအနေကို စိုက်ပျိုးရေး အစိုးရဌာနက စောင့်ကြည့်လေ့လာခြင်း။<br>· မွေးကင်းစကလေးငယ်များ မွေးစတွင် ကိုယ်အလေးချိန် ၂၅၀၀ ဂရမ်အောက် လျော့ကျနေသော ကလေးအရေအတွက်ကို လျှော့ချနိုင်ခြင်း။<br>· ကျန်းမာရေးဆေးပေးခန်းနှင့် စာသင်ကျောင်းများတွင် အသက်အရွယ်အလိုက် ကလေးငယ်တို့၏ ကိုယ်အလေးချိန်ကို စောင့်ကြည့်လေ့လာခြင်း။<br>· ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းများတွင် ကျောင်းနေစဉ် ကလေး ငယ်များ၏အရပ်နှင့်ကိုယ်အလေးချိန်အချိုးအစားကို တိုင်းတာမှုများပြုလုပ် ခြင်း။ |
| | လုပ်ငန်း ဆောင်ရွက်ချက်များ | · ပြည်နယ်နှင့် မြို့နယ် အစိုးရအုပ်ချုပ်ရေးဌာနရှိ အဆင့်များအားလုံးနှင့် ရပ်ရွာ လူထုတို့အတွက် အသိပညာပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။<br>· အာဟာရဆိုင်ရာသင်တန်းများတွင်အသုံးပြုသည့် သတင်းအချက်အလက် နှင့်အကြောင်းအရာများကိုအစိုးရဌာနအဆင့်တိုင်းလက်လှမ်းမီသိရှိစေရေး အတွက် အာဟာရသတင်းလွှာများကို ပြင်ဆင်ဖြန့်ဝေခြင်း။<br>· ပြည်နယ်တွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရ ဆိုင်ရာ အညွှန်းကိန်းများအပေါ် မူတည်ကာ စီမံကိန်းများ ရေးဆွဲပြင်ဆင်ပြီး တစ်နှစ်တာကာလအတွင်း ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မည့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခြင်း။<br>· ကလေးသူငယ်များ၏ အာဟာရအခြေအနေကို စောင့်ကြည့်အကဲဖြတ်ခြင်း နှင့် ဒေသတွင်းနှင့် ပြည်နယ်အဆင့်များသို့ ကောင်းမွန်ထိရောက်စွာ အစီရင်ခံတင်ပြခြင်း။<br>· မြို့နယ်နှင့် ပြည်နယ်အဆင့် စီမံကိန်းများကို မပြင်ဆင်မီတွင် အာဟာရ အခြေအနေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပခြင်း။<br>· ဒေသတွင်း အမျိုးသမီးထုနှင့် စာသင်ခန်းထဲရှိ ကလေးငယ်များကို |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေး သူငယ်များအတွက် အာဟာရဆိုင်ရာအခြေအနေ တိုးတက်ကောင်းမွန်ရေး စီမံကိန်း | |
|---|---|---|
| | | အာဟာရဆိုင်ရာ အသိပညာနှင့် ဗဟုသုတ ပေးရန် သင်ထောက်ကူ ပစ္စည်းများ ပြင်ဆင်ခြင်း။<br>· ချင်းပြည်နယ်ဒေသတွင်း အာဟာရအဆင့်အတန်းအခြေအနေကို ဖော်ပြနိုင်ရန် အတွက် မြေပုံဆွဲခြင်းနှင့် ၎င်းမြေပုံကိုသုံးသပ်ခြင်း၊ ကျောင်းများရှိကလေးများ ၏ အရပ်နှင့်ခန္ဓာကိုယ်အလေးချိန်ကို တိုင်းတာကာ စာသင်ကျောင်း လွှမ်းခြုံ ဂန်းကျင်အတွက် အာဟာရအညွှန်းကိန်းအဖြစ် အသုံးပြုခြင်း။<br>· မြို့နယ်ကျေးရွာများအတွင်းအမျိုးသမီးများနှင့်ကလေးသူငယ်များ၏အာဟာရ အခြေအနေကို မြေပုံရေးဆွဲ၍ သုံးသပ်ခြင်း။<br>· အာဟာရပြတ်လပ်မှုကို ဆိုး ဝါးစွာတွေ့ကြုံနေရသော ေ ကျးရွာဒေသများကို စာရင်း ပြုစုထားပြီး၊ အဆိုပါကျေးရွာများတွင် စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေး စီမံကိန်းများနှင့် လုပ်အားအတွက် စားနပ်ရိက္ခာအစီအစဉ်များဖြင့် ပံ့ပိုး ပေးခြင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အာဟာရအခြေအနေ ကို စောင့်ကြည့် အကဲဖြတ်လေ့လာခြင်း။<br>· နို့ဖြတ်ခြင်းနှင့် ဖြည့်စွက်အစားအစာကျွေးခြင်း အလေ့အကျင့်ဆိုင်ရာ သတင်း အချက်အလက်များကို စုဆောင်းခြင်း။<br>· စိုက်ပျိုးရေးကဏ္ဍ - သီးနှံထွက်နှုန်းမြင့်မားစေမည့် စီမံချက်များကို ဦးစားပေး အကောင်အထည်ဖော်ပြီး သီးနှံထုတ်လုပ်နိုင်မှု အခြေအနေကို စောင့်ကြည့် အကဲဖြတ်လျှက် ရိက္ခာပြတ်လပ်မည့် အလားအလာကို တွေ့မြင်နေရလျှင် စောလျင်စွာ အသိပေးခြင်း။<br>· အိမ်ခြံဝင်းအတွင်း သီးပင်စားပင် စိုက် ပျိုးမှုကို အားပေးမြှင့်တင်ခြင်း - ရေရ ရှိမှု၊ ရေသွင်းရေထုတ်စနစ်နှင့် ငါးမွေးမြူရေးကန်များ စသည်တို့ တွဲဖက် ဖော် ဆောင်ပေးရမည်။<br>· ကျေးလက်ဆေးပေးခန်းများကို ဦးတည်လုပ်ဆောင်ခြင်း - ကျန်းမာရေး လုပ်သားများကို ဒေသတွင်း အာဟာရအခြေအနေများနှင့် အာဟာရဆိုင်ရာ အသိပညာဗဟုသုတသင်တန်းများ ပံ့ပိုးပေးထားခြင်းအားဖြင့် ကလေးသူငယ် များ၏ ခန္ဓာကိုယ်အလေးချိန် တိုင်းတာခြင်းကို စဉ်ဆက်မပြတ် လုပ်ဆောင် နိုင်စေမည်။ ထိုမျှမက ၎င်းတို့တတ်သိထားသည့် အာဟာရဆိုင်ရာ ဗဟု သုတများကိုလည်း ကျေးရွာတွင်းရှိ အမျိုးသမီးအုပ်စုများနှင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသို့ ပြန်လည်ဖြန့်ဝေပေးနိုင်ပါမည်။<br>· အဆိုပါ ကျေးရွာလူထုများကို ဦးတည်၍ လုပ်အားအတွက် စားနပ် ရိက္ခာ အစီအစဉ်များနှင့် ကျောင်းတွင်းအာဟာရ တိုက်ကျွေးခြင်းအစီအစဉ် များကို အကောင်အထည်ဖော်ပေးနိုင်မည်။ |
| | စီမံကိန်း အကောင် အထည် ဖော်ခြင်း | ဤလုပ်ငန်းစဉ်ကို ချင်းပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့တို့က ဦးစားပေး လုပ်ငန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော်ရန် အဆိုပြုလိုပါသည်။<br>ကျန်းမာရေးဝန်ကြီး၊ စိုက်ပျိုးရေး ဝန်ကြီး၊ ပညာရေး ဝန်ကြီး၊ စီမံကိန်း ရေးဆွဲရေး ဝန်ကြီးများ၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီ အစဉ် (WFP) နှင့် ချင်းပြည်နယ်အတွင်းရှိ အခြားသော အလှူရှင်နှင့် လူမှုအဖွဲ့ အစည်းများ ပူးေ ပါင်းပါဝင်မှုဖြင့် ပြည်နယ်လူမှု ဝန်ကြီးက ဦးဆောင်ကာ ကလေး သူငယ် အာဟာရဆိုင်ရာ ကိစ္စရပ်တို့အတွက် ဆောင်ရွက် နေသော အဖွဲ့များကို ပြည်နယ်အဆင့်တွင် ဖွဲ့စည်းပေးသင့်ပါသည်။<br>အလားတူပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းအဖွဲ့များကို မြို့နယ်အဆင့် တွင် လည်း ဖွဲ့စည်းသင့်ပေသည်။ မြို့နယ်တစ်မြို့နယ်စီတွင် အနည်းဆုံး လူမှု လုပ်သား |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ချင်းပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေး သူငယ်များအတွက် အာဟာရဆိုင်ရာအခြေအနေ တိုးတက်ကောင်းမွန်ရေး စီမံကိန်း</th></tr>
<tr><td></td><td></td><td>တစ်ဦး ခန့်အပ်ရန် အဆိုပြုလိုပါသည်။ အဆိုပါလူမှုလုပ်သား၏ တာ ဝန်ဝတ္တရားမှာ ကလေးသူငယ်အာဟာရဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေသောမြို့နယ် လုပ်ငန်းအဖွဲ့ကို ဦးဆောင်ရမည့်အပြင် လူမှုကူညီရေးအဖွဲ့ အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရပ်ရွာအတွင်း လူမှုရေးကိစ္စရပ်များကို တုန့်ပြန်ဖြေရှင်းရေးအတွက်အမျိုးသမီးများ အဖွဲ့ကွန်ယက်ပေါ် ပေါက်ရန်တာဝန်ယူဆောင်ရွက ရပါမည်။<br><br>အဆိုပါ ပြည်နယ်နှင့် မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့များသည် အစောပိုင်းကာလတွင် ကလေးသူငယ်များ၏ အာဟာရအခြေအနေ အဆင့်အတန်း တိုးတက်ကောင်းမွန်လာရေးကို ဦးစားပေးလုပ်ဆောင် သွားမည်ဖြစ်သော်လည်း၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းယန္တရား ပုံမှန်လည်ပတ်လာနိုင်လာသည့်အချိန်တွင်မူ သက်ဆိုင်ရာ မြို့နယ် အသီးသီးရှိ ဒေသတွင်းလူမှုရေးဆိုင်ရာစီမံကိန်းများကိုပါ ဦးဆောင် အကောင် အထည်ဖော်နိုင်သည့် အနေအထားအထိ ရောက်ရှိရန် မျှော်မှန်းထားပါသည်။<br><br>ကလေးသူငယ်များ၏ အာဟာရဆိုင်ရာဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူမှုကို လူမှုဝန်ထမ်းဦးစီးဌာနမှ အစပြု၍ ရှေ့ဆောင် ဆောင်ရွက်ပေးရမည်ဟု ဆိုသော်လည်း စီမံကိန်းလုပ်ဆောင်ချက်များကိုမူ ကျန်းမာရေးဌာနမှ အကောင်အထည်ဖော်ပေးရမည်ဖြစ်ပြီး၊ ၎င်းတို့သည် စဉ်ဆက် မပြတ် အကဲခတ် လေ့လာစောင့်ကြည့်ခြင်းဖြင့် မှတ်တမ်းတင်မှုများကိုပါ လုပ်ဆောင်ရပါမည်။ ထို့ပြင် မြို့နယ်နှင့် ကျေးလက် ကျန်းမာရေးဆေးပေးခန်းများတွင် ကလေးမွေးစ ကိုယ်အလေးချိန်ပေါင်ချိန်ခြင်း၊ ကလေးသူငယ်ဘဝ အစောပိုင်းကာလတလျှောက် ဖွံ့ဖြိုးမှုများကို စောင့်ကြည့်မှတ်တမ်းတင်ခြင်းများကို သေချာစွာဆောင်ရွက်ရမည် ဖြစ်ပါသည်။<br><br>အာဟာရဆိုင်ရာ လုပ်ငန်းအဖွဲ့များအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်အထည်ဖော်သူများနှင့် ပူးပေါင်းကာ အာဟာရညွှန်းကိန်း များတွင် ဖော်ပြ ထားချက်အရ ကူညီပံ့ပိုးရေး အမှန်တကယ်လိုအပ်နေသော မြို့နယ်များတွင် လက်တွေ့စီမံကိန်းများ ဖော်ဆောင်မှု သေချာရေရာစေရန် လုပ်ဆောင်ရပါမည်။ ပြည်တွင်းမှအကြံပေးပညာရှင်များ ခန့်အပ်ကာ သတင်း အချက်အလက်များ စုဆောင်း၍ သင်တန်းအတွက် စာအုပ်စာတမ်းများပြုစုခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ခြင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်းများ အတွက် အာဟာရသတင်းလွှာများနှင့် ပညာပေးစာစောင်များ ရေးသားဖြန့်ဝေခြင်း များ ဆောင်ရွက်ပါမည်။ ယင်းတို့မှတဆင့် ပြ ပည်နယ်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အာဟာရဆိုင်ရာ အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်နိုင်ပါလိမ့်မည်။</td></tr>
<tr><td>ဘဏ္ဍာရေး အချက်အလက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်များ</th><th>စုစုပေါင်းကုန်ကျငွေ(အမေရိကန်ဒေါ်လာ)</th></tr>
<tr><td>ကနဦး စစ်တမ်း ကောက်ယူခြင်း (၁)</td><td>၄၀၀၀၀</td></tr>
<tr><td>အာဟာရဆိုင်ရာ စောင့်ကြည့်လေ့လမှုအတွက် လိုအပ်သော ကိရိယာများ (ကနဦးစစ်တမ်းနှင့် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမှု) (၁)</td><td>၅၀၀၀၀</td></tr>
<tr><td>သင်တန်းနှင့် အသိပညာမြှင့်တင်ရေး စာရွက်စာတမ်း စာစောင်များ ပြင်ဆင်ခြင်း</td><td>၂၀၀၀၀၀</td></tr>
<tr><td>ရှေ့ပြေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ</td><td>၅၀၀၀၀၀</td></tr>
</table>
</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် အာဟာရဆိုင်ရာအခြေအနေ တိုးတက်ကောင်းမွန်ရေး စီမံကိန်း | | |
|---|---|---|---|
| | | ကျင်းပခြင်း (ပြည်နယ်နှင့်မြို့နယ်အဆင့်) | |
| | | စီမံကိန်း အကောင်အထည်ဖော်သော ကာလ တစ်လျှောက် နှစ်စဉ် အာဟာရဆိုင်ရာ တွေ့ရှိချက်များကို အစီရင်ခံခြင်းနှင့် စီမံကိန်း အစီအစဉ်ရေးသားမှု အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း (ပြည်နယ်နှင့် မြို့နယ်အဆင့်) (တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၈၀၀၀ နှင့် ငါးကြိမ်) | ၄၀၀၀၀ |
| | | နိုင်ငံသားဝန်ထမ်းများခန့်ထားခြင်း (အာဟာရဟာဆိုင်ရာ ညွှန်းကိန်း စစ်တမ်းအတွက် ငါးနှစ်တာကာလ အမြဲခန့်) | ၂၅၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်မပါ) | ၄၅၀၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်ပေါင်းခြင်း | ၅၀၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၅၀၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | · စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်များအတွက် ကုန်ကျစရိတ်များမှာ သီးသန့်စီမံကိန်းတွင် ပါရှိပါမည်။<br>· လုပ်အားအတွက် စားနပ်ရိက္ခာအစီအစဉ်နှင့် အခြားသော ကူညီကယ်ဆယ်ရေး အစီအစဉ်တို့ကို လုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ သို့သော် ထို့အတွက် လိုအပ်သောဘဏ္ဍာငွေကို သီးခြားပံ့ပိုးပေးမည်။ | |
| အခြားသော အချက်အလက်များ | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှုရှိခြင်း | *ဖော်ပြရန်မရှိပါ။* | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

## ၁.၃။ မသန်စွမ်းသူတို့၏ အခွင့်အရေးကို ပံ့ပိုးပေးခြင်းနှင့် ၎င်းတို့၏ လိုအပ်ချက်များကို ပြည့်မီရေး စီမံကိန်း

## မသန်စွမ်းကလေးငယ်တို့အတွက်အခြေခံပညာမူလတန်းပညာရေး

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူများ အခြေခံ ပညာသင်ကြားရေးနိုင်ရေး ရွေ့ပြောင်း စီမံကိန်း (NFPE) – ချင်းပြည်နယ်ရှိ မသန်စွမ်းကလေးငယ်နှင့် လူငယ်များအတွက် အခြေခံမူလတန်းပညာသင်ယူနိုင်ခွင့် အခွင့်အလမ်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ပညာရေး |
| | တည်နေရာ | အခြေခံပညာမူလတန်းပညာရေးကို လုံးဝမရရှိ/အကန့်အသတ်ဖြင့်သာ လက်လှမ်းမီနိုင်သော မသန်စွမ်းကလေးငယ်များနှင့် မသန်စွမ်းလူငယ်များရှိသည့် ချင်းပြည်နယ်ရှိ မြို့နယ်များ (ထန်တလန်) |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ်မှ ငါးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>ကျောင်းပြင်ပ ပညာသင်ကြားရေးဖြင့် မသန်စွမ်းကလေးငယ်နှင့် မသန်စွမ်း လူငယ်တို့အတွက် အခြေခံပညာမူလတန်းပညာရေးကို လက်လှမ်းမီစေနိုင်သော အခွင့်အလမ်းများ ပံ့ပိုးပေးရန်။ (ဥပမာ - NFPE - မသန်စွမ်းကလေးငယ်များ မူလတန်း ကျောင်းပြင်ပသင်ကြားရေးဖြင့်)<br><br>**လတ်တလောရည်ရွယ်ချက်**<br>· မြန်မာနိုင်ငံစာတတ်မြောက်ရေး အရင်းအမြစ်ဌာနက လက်ရှိအသုံးပြုနေသော မူလတန်းပညာကျောင်းပြင်ပသင်ကြားရေး (NEPE) ပြဌာန်းချက်နှင့်သင်ရိုးညွှန်းတမ်းများကို ပြန်လည်ပြင်ဆင်ပြီး NEPFမသန်စွမ်းသူများအခြေခံပညာ သင်ကြားရေးနိုင်ရေးရွေ့ပြောင်းအစီအစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်။<br>· ချင်းပြည်နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များနှင့်အတူ မသန်စွမ်း ကလေးငယ် / လူငယ်များအတွက် မူလတန်းပညာရေးကို ဖြည့်ဆည်းပေးရန်။ |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>မသန်စွမ်းသူများအကြောင်း ကွင်းဆင်းလေ့လာရာတွင် ပညာရေးကို သင်ယူခွင့် မရရှိ/အကန့်အသတ်ဖြင့်သာ ရရှိသော မသန်စွမ်းကလေးငယ်နှင့် မသန်စွမ်း လူငယ် မြောက်မြားစွာရှိနေကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကလေးများသည် ၎င်းတို့ဘဝတိုးတက်နိုင်ခွင့်နှင့် အလုပ်အကိုင် တိုးတက်ရရှိရေး အခွ င့်အလမ်းများ ဆုံးရှုံးနေရပါသည်။ ‌ေ ထာင်စုနှစ်ရည်မှန်းချက်ပန်းတိုင်၏ ဒုတိယအချက်တွင် "လူတိုင်းအခြေခံပညာမူလတန်းပညာအောင်မြင်စွာသင်ယူပြီးမြောက်မှု" ကိုညွှန်းဆိုသည့်အပြင်၊ ၂၀၁၅ ခုနှစ်၊ (education for all) အရလည်း အားလုံးပါဝင် ခွင့်ရသောသာတူညီမျှ ပညာရေးနှင့် မသန်စွမ်းလူငယ်နှင့် မသန်စွမ်းကလေး ငယ်တို့ လက်လှမ်းမီနိုင်သောပညာရေးကိုဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိသည်။<br><br>**မျှော်မှန်းရလဒ်**<br>ချင်းပြည်နယ်တွင်ရှိသော မသန်စွမ်းကလေးငယ်နှင့် မသန်စွမ်းလူငယ်များသည် အခြေခံပညာမူလတန်းပညာရေးကို လက်လှမ်းမီသင်ယူနိုင်ကာ အဆုံးတိုင်ပြီး မြောက်အောင်မြင်ကြပြီး အလယ်တန်းပညာသင်ကြားရေးကို ဆက်လက်တက် |

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူများ အခြေခံ ပညာသင်ကြားရေးနိုင်ရေး ရှေ့ပြေး စီမံကိန်း (NFPE) – ချင်းပြည်နယ်ရှိ မသန်စွမ်းကလေးငယ်နှင့် လူငယ်များအတွက် အခြေခံမူလတန်းပညာသင်ယူနိုင်ခွင့် အခွင့်အလမ်း | | |
|---|---|---|---|
| | | လှမ်း နိုင်ခြင်း။<br><br>**ရလဒ်အညွှန်းကိန်းများ**<br>ချင်းပြည်နယ်ရှိ (မြို့များနှင့်ရွာများမှ) မသန်စွမ်းကလေးငယ်နှင့် မသန်စွမ်းလူငယ်တို့သည် မသန်စွမ်းတို့အတွက် ရည်ရွယ်ရေးဆွဲထားသော NFPE ကျောင်းပြင်ပ ပညာရေးသင်ရိုးများကို ပုံမှန်တက်ရောက်ကာ မူလတန်းပညာကို အောင်မြင်ပြီး မြောက်စွာ သင်ယူနိုင်ခြင်းနှင့် ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းေ ကြာင့် မသန်စွမ်းကျောင်းသူ၊ ကျောင်းသားများ၏ ပညာရေးရလဒ် အထူးကောင်းမွန်ခြင်း။ | |
| | လုပ်ငန်း ဆောင်ရွက်ချက်များ | · စီမံကိန်းမစတင်မီကာလ - ချင်းပြည်နယ်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာများမှ အခြေခံပညာမူလတန်း မတက်ရောက်နိုင်သော မသန်စွမ်းကလေးငယ်များနှင့် မသန်စွမ်းလူငယ် အရေအတွက်ကို ကောက်ယူခြင်း။<br>· မြန်မာနိုင်ငံ၊ စာတတ်မြောက်ရေးအရင်းအမြစ်ဌာန၏ NFPE မသန်စွမ်းသူများ အခြေခံမူလတန်းပညာသင်ကြားရေးရှေ့ဆောင်စီမံကိန်းများတွင် အသုံးပြုသည့် ကျောင်းပြင်ပမူလတန်းပညာရေး (NEPE) သင်ရိုးညွှန်းတမ်းကို သင့်တော်သလို ပြန်လည်မွမ်းမံပြင်ဆင်ခြင်း<br>· ရွေ့ပြောင်းသင်ကြားနိုင်သော ဆရာ၊ ဆရာများခန့်အပ်ခြင်းနှင့် စီမံကိန်းကိုဦးဆောင် အကောင်အထည်ဖော်မည့် လူမှုကူညီရေးအဖွဲ့အစည်းနှင့် မိတ်ဖက်များကို ရှာဖွေသတ်မှတ်ခြင်း။<br>· ရွေ့ပြောင်းသင်ကြားရေးအဖွဲ့နှင့် ဦးဆောင်အကောင်အထည်ဖော်မည့် လူမှုရေးအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကို သင်တန်းများ ပို့ချခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊<br>· မြို့နယ်၊ကျေးရွာများတွင် မသန်စွမ်းကလေးသူငယ်များ/ လူငယ်များ လွယ်ကူစွာ သွားလာနိုင်သည့် အများစုလက်လှမ်းမီသော စာသင်ကျောင်း တည်ရာနေရာကို ရှာဖွေသတ်မှတ်ခြင်း။<br>· မသန်စွမ်းကလေးငယ်များနှင့်မသန်စွမ်းလူငယ်များကိုNFPEသင်ရိုး ပို့ချပေးခြင်း။ | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | **ဦးဆောင် ဆောင်ရွက်မည့်အဖွဲ့အစည်း**<br>ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချင်းပြည်နယ်အစိုးရ<br><br>**အဓိကပါဝင် သက်ဆိုင်သူများ**<br>Save the Children ၊ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့အစည်း (UNICEF)၊ NEFP စီမံကိန်း၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အရင်းအမြစ်ဌာန၊ ချင်းမသန်စွမ်းသူများ အဖွဲ့အစည်း (ထန်တလန်)၊ ပြည်တွင်း ပြည်ပ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ အရင်း အမြစ်ဌာနများ (ဥပမာ- ဖလမ်းနစ်ခြင်း ခရစ်ယာန်အသင်းတော် - အရင်းအမြစ်ဌာန၊ ချင်းဖောင်ဒေးရှင်း (ဟားခါး+ ထန်တလန်) - အရင်းအမြစ်ဌာန) | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | မသန်စွမ်းသူတို့၏ ပညာသင်ကြားမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် | ၁၀၅၀၀၀ |

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူများ အခြေခံ ပညာသင်ကြားရေးနိုင်ရေး ရွေ့ပြေး စီမံကိန်း (NFPE) – ချင်းပြည်နယ်ရှိ မသန်စွမ်းကလေးငယ်နှင့် လူငယ်များအတွက် အခြေခံမူလတန်းပညာသင်ယူနိုင်ခွင့် အခွင့်အလမ်း | | |
|---|---|---|---|
| | | အဖွဲ့ခေါင်းဆောင် - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ၃၅ လ) | |
| | | မသန်စွမ်းသူတို့အတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလေ့ကျင့်မှု - နိုင်ငံတကာအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် ၂ လ) | ၃၀၀၀၀ |
| | | စီမံကိန်းမစတင်မီ စစ်တမ်းကောက်ယူခြင်း | ၂၅၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး | ၄၀၀၀၀ |
| | | သင်တန်းအတွက် စာရွက်စာတမ်းများ ပုံနှိပ်ခြင်း | ၁၅၀၀၀ |
| | | မသန်စွမ်းတို့ကို ပညာသင်ကြားပေးမည့် ဆရာ၊ ဆရာမများအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ | ၃၀၀၀၀ |
| | | အထူးလိုအပ်သာ သင်တန်းသင်ထောက်ကူပစ္စည်းများ | ၁၀၀၀၀ |
| | | မသန်စွမ်းတို့အတွက် သင့်တော်သော ကျောင်းဝန်းကျင် ဖန်တီးခြင်း | ၄၂၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | ၆၇၅၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၇၅၀၀၀ |
| | | Overall budget | ၇၅၀၀၀၀ |
| | ဘတ်ချက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက်များ | အမျိုးသားအဆင့် မူဝါဒနှင့်မဟာဗျူဟာ နှင့် ကိုက်ညီခြင်း | *ဖော်ပြရန်မရှိပါ။* | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

## မသန်စွမ်းသူတို့အခွင့်အရေးအတွက်သတင်းအချက်အလက်များဖြန့်ဝေခြင်း

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူတို့ အခွင့်အရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး |
| | တည်နေရာ | ချင်းမသန်စွမ်းသူများအဖွဲ့အစည်း (CDO) ထန်တလန်မြို့နယ်နှင့်တောင်းဆို လာမှုအပေါ် မူတည်ပြီး အခြားမြို့နယ် (၃) မြို့နယ် |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ |
| | စီမံကိန်းကာလ | နှစ်နှစ် (ကနဦးစီမံကိန်း) |
| သတ်မှတ်ခြင်း | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>ချင်းမသန်စွမ်းသူများအဖွဲ့အစည်း (CDO) ကိုအားပေးမြှင့်တင်ခြင်းအားဖြင့် မသန်စွမ်းသူများ(PWD)၏ အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် |

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူတို့ အခွင့်အရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးရေး စီမံကိန်း |
|---|---|
| | **လတ်တလောရည်ရွယ်ချက်**<br>· မြို့နယ်နှင့် ကျေးရွာအဆင့်ရှိ အစိုးရအဖွဲ့အစည်းများထံသို့ မသန်စွမ်းတို့၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်<br>· မသန်စွမ်းသူများ အခွင့်အရေးအတွက် ရှေ့ဆောင် ဆောင်ရွက်မ ည့် အဖွဲ့များ ကို ရွေးချယ်ထားသော မြို့နယ် (၃) မြို့နယ်တွင် စတင်ဖွဲ့စည်း ဆောင်ရွက်ရန် |
| စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ယေဘုယျအားဖြင့် မသန်စွမ်းသူများသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် အဖယ်ကျဉ်ခံရဆုံးသော ထိခိုက်လွယ်အုပ်စုတစ်ခုဖြစ်သည်။ ချင်းပြည်နယ်တွင် ပြုလုပ်ခဲ့သော ကွင်းဆင်းလေ့လာမှုအရ ဤအချက်ကို အတည်ပြုနိုင်ခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် လူမှုအခြေအနေတို့ကို အစိုးရတာ ဝန်ရှိသူများ နှင့် ရပ်ရွာလူထုကအလေးထားမှုနည်းကြောင်း တွေ့ဆုံမေးမြန်းခြင်းအရ သိရပါသည်။ အထူးသဖြင့် မသန်စွမ်းကလေးငယ်များမှာ လူမှုအသိုင်းအ ဝိုင်းမှ ဖယ်ကျဉ်ခြင်းနှင့် နှိမ်ချဆက်ဆံခြင်းကို ခံစားနေရပြီး အခြေခံပညာကျောင်းများ တွင်တက်ရောက် ပညာသင်ကြားနိုင်မှု အလွန်နည်းပါးပါသည်။ မသန်စွမ်းသူများကိုသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်းသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး၊ အမှီအခို ကင်းစွာ ရပ်တည်နိုင်ရေးကိုလည်း အားပေးသည့်အချက်ဖြစ်သည်။ လူမှုကာကွယ်စောင့်ရှောက်ရေး ရှုထောင့်မှ ကြည့်မည်ဆိုပါက မသန်စွမ်းသူများ ပါဝင်သည့် အိမ်ထောင်စုများကိုဦးတည်ကာ စီမံကိန်းများ အကောင်အထည်ဖေ ာ်ခြင်း အားဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်ပါ သည်။ မသန်စွမ်းသူတစ်ဦး၏ ဝင်ငွေရှာနိုင်မှု စွမ်းရည်ကို လျစ်လျူရှုထားတတ်လေ့ ရှိကြသည်။ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရအလုပ်များ ဖော်ထုတ်ပေးနိုင်ရန်နှင့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေး များနှင့် ဖြစ်နိုင်ချေအခြေအနေများကိုအများပြည်သူသိရှိလိုက်နာကျင့်ကြံနိုင်စေရန်အတွက် အသိပညာပေးပွဲများဖြင့်ကနဦးလုပ်ဆောင်ရမည်။ အဆိုပါရှေ့ပြေးစီမံ ချက်ကာလတွင် အသိပညာပေးခြင်းလုပ်ငန်းရပ်များကို အထူးအလေးထား လုပ်ဆောင်ပါမည်။ ထန်တလန်မြို့နယ်တွင် ရှိပြီးဖြစ်သည့် ချင်းမသန်စွမ်းသူများ အဖွဲ့အနေဖြင့် တက်ကြွစွာဦးဆောင်ပါဝင်မည်ဖြစ်သဖြင့် ထိုကနဦး စီမံချက်ကို ထန်တလန်မြို့နယ်မှ အစပြုပါမည်။ ချင်းမသန်စွမ်းသူများအဖွဲ့ကို အမျိုးသားအဆင့် မသန်စွမ်းသူများအရေးကိုဆောင်ရွက်နေသည့်အဖွဲ့အစည်းများ၊ မြို့နယ်နှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများနှင့် ချိတ်ဆက်ပေး ခြင်းအားဖြင့် စွမ်းရည်နှင့် ဗဟုသုတများတိုးပွားလာကာချင်းပြည်နယ်အတွင်း အိမ်တိုင်ရာရောက်အသိ ပညာပေးလုပ်ငန်းများ၊ ကျေးရွာတွင်း အသိပညာပေး စကားဝိုင်းများကို လုပ်ဆောင်လာ နိုင်ပါမည်။ |
| လုပ်ငန်း လုပ်ဆောင်ချက်များ | · မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ တည်ဆဲဥပဒေနှင့် အမျိုးသားအဆင့် မဟာဗျူဟာများဆိုင်ရာအသိအမြင်ဗဟုသုတများကိုသိရှိနားလည်ရန်ချင်းမသန်စွမ်းသူများအဖွဲ့အစည်းကို သင်တန်းပို့ချပေးခြင်း။<br>· အမျိုးသားအဆင့်နှင့် ဆက်စပ်မှုရှိသော တစ်မိုးတည်းအောက်ရှိ အဖွဲ့ အစည်းများအတွက် ကွန်ယက် တည်ထောင်ခြင်း ။ (ဥပမာ - မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI http://www.myanmarili.org/ )<br>· မြို့နယ်နှင့် ကျေးရွာအဆင့်တွင် (ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လူမှုဝန်ထမ်းဆိုင်ရာ) ရွေးချယ်ထားသော အစိုးရအဖွဲ့အစည်းများ ထံသို့ မသန်စွမ်းသူတို့၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း။<br>· ထန်တလန်မြို့နယ်ရှိ ကျေးရွာများတွင် မသန်စွမ်းသူတို့ကို ဖော်ထုတ်ရန် စာရင်းကောက်ယူခြင်းနှင့် မှတ်ပုံတင်ခြင်း။ |

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူတို့ အခွင့်အရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးရေး စီမံကိန်း | | |
|---|---|---|---|
| | | · မသန်စွမ်းသူများအဖွဲ့ ဖွဲ့စည်းရန်အတွက် မြို့နယ်သုံးမြို့နယ်နှင့် ပူးပေါင်း လုပ်ဆောင်ခြင်း။ | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | ချင်းမသန်စွမ်းသူများအဖွဲ့အစည်း (CDO) သည် စီမံကိန်းလုပ်ငန်းများကို အဓိက ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်ပြီး အစိုးရဌာနများအတွင်းအသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ကို လူမှုဝန်ထမ်း ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပူးပေါင်းလုပ်ဆောင်သွားပါမည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | မသန်စွမ်းအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် အဖွဲ့ ခေါင်းဆောင် - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် လ ၂၀) | ၆၀၀၀၀ |
| | | မသန်စွမ်းအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ အကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် ၂ လ) | ၃၀၀၀၀ |
| | | ဥပဒေအကြံပေး - ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ၃ လ) | ၉၀၀၀ |
| | | မသန်စွမ်းသူများအတွက် အချက်အလက်ကောက်ယူမှုစစ်တမ်း | ၁၀၀၀၀ |
| | | နိုင်ငံတော်အဆင့် အစည်းအဝေးများတွင် တက်ရောက် ပါဝင်ခြင်း | ၁၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး | ၄၀၀၀၀ |
| | | သတင်းအချက်အလက်နှင့် မသန်စွမ်းအခွင့်အရေး မြှင့်တင်မှု စာရွက်စာတမ်းများ ပုံနှိပ်ခြင်း | ၅၀၀၀ |
| | | မသန်စွမ်းသူတို့အရေးဆိုင်ရာ လူမှုအဖွဲ့အစည်း၊ ရပ်ရွာ အခြေပြုအဖွဲ့အစည်းနှင့် ပြည်နယ်နှင့် မြို့နယ် အစိုးရတာဝန်ရှိသူများ အတွက် အလုပ်ရုံဆွေးနွေးပွဲများ | ၃၀၀၀၀ |
| | | သင်ထောက်ကူပစ္စည်းများ | ၄၀၀၀ |
| | | အခြားသော မြို့နယ်များတွင် မသန်စွမ်းသူများအတွက် အဖွဲ့အစည်းသစ်များ ဖွဲ့စည်းနိုင်ရန် စီမံကိန်းရန်ပုံငွေ | ၁၁၇၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါ) | ၃၁၅၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၃၅၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၃၅၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက်များ | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာ တို့နှင့် ကိုက်ညီခြင်း | *ဖော်ပြရန်မရှိပါ။* | |

| စီမံကိန်းခေါင်းစဉ် | မသန်စွမ်းသူတို့ အခွင့်အရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေပေးရေး စီမံကိန်း | |
|---|---|---|
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* |

# ၁.၄။ အမျိုးသမီးများအခွင့်အရေးကိုပံ့ပိုးပေးရန် စီမံကိန်း

## အမျိုးသမီးများအတွက် မျိုးပွားခြင်းနှင့် သားဆက်ခြား ကျန်းမာရေး

| စီမံကိန်း<br>ခေါင်းစဉ် | အမျိုးသမီးများအတွက် မျိုးပွားခြင်းနှင့်သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှုနှင့် ၎င်းတို့၏ အခွင့်အရေးများ တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | မျိုးပွားခြင်းနှင့် သားဆက်ခြား ကျန်းမာရေး |
| | တည်နေရာ | မြို့နယ် (၃) မြို့နယ်တွင် ရှေ့ပြေးဆောင်ရွက်ခြင်း |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ |
| | စီမံကိန်းကာလ | ကနဦးဆောင်ရွက်မှုအတွက် သုံးနှစ် |
| စီမံကိန်း<br>အကြောင်း<br>အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>ချင်းပြည်နယ်တွင် အမျိုးသမီးများသည် ၎င်းတို့၏ မျိုးဆက်ပွားခြင်းဆိုင်ရာဖြစ်စဉ်၊ မိသားစုအရွယ်အစား၊ သားဆက်ခြားကိစ္စရပ်နှင့် အထွေထွေ ကျန်းမာရေးဆိုင်ရာ ကိစ္စများကိုဆောင်ရွက်နိုင်ရန်အတွက်လိုအပ်သည့်သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် ထောက်ကူပစ္စည်းများ ရရှိနိုင်ရန်ကြိုးပမ်းရာတွင်၎င်းတို့ လက်လှမ်း မီနိုင်မှုကို သေချာစေရန်<br><br>**လတ်တလောရည်ရွယ်ချက်**<br>· ရပ်ရွာလူထုတစ်ရပ်လုံးနှင့် ကျန်းမာရေးလုပ်သားများကို ခုခံအားကျဆင်းမှုရောဂါ (HIV)၊ ကာလသားရောဂါများ (STDs) နှင့် သားဆက်ခြားခြင်း ကိစ္စရပ်တို့တွင် အသိပညာများမြှင့်တင်ပေးရန်။<br>· ထိရောက်သောသားဆက်ခြားအစီအစဉ်၊ကာလသားရောဂါများနှင့်ခုခံအားကျဆင်းသည့်ရောဂါ ကာကွယ်ကုသခြင်းနှင့် ထိန်းချုပ်ခြင်း လုပ်ငန်းများ ကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် ပစ္စည်းကိရိယာများ ကို ကျန်းမာရေး ဆေးပေးခန်းနှင့် ဆေးရုံများအားလုံးတွင် ထားရှိထားမှု သေချာစေရန်။<br>· မိခင်များ ကလေးမွေးဖွားမှုနှင့်ဆက်စပ်သည့် ကျန်းမာရေးနှင့် အသက်အန္တရာယ်ရှိမှုများကိုလျှော့ချနိုင်ရန် ကျေးလက်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအဆင့်ဆင့်မှ ကျန်းမာရေးဝန်ထမ်းများကိုကျွမ်းကျင်မှုသင်တန်းများ၊ပစ္စည်းကိရိယာများ၊ လုပ်ငန်းအထောက်အကူပစ္စည်းများ စသည်တို့ ပံ့ပိုးပေးရန်။ |
| | စီမံကိန်း၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>UNICEF/MICS ၏ ""Myanmar Multiple Indicator Cluster Survey 2009 – 2010" အစီရင်ခံစာအရ ချင်းပြည်နယ်တွင် သားဆက်ခြားခြင်းကိစ္စနှင့် ပတ်သက်၍ အိမ်ထောင်ရှင်အမျိုးသမီး ၇.၈% သာလျှင် ပဋိသန္ဓေတားဆေးသုံးရာ မြန်မာနိုင်ငံ တွင် အနည်းဆုံးပမာဏဖြစ်သည်။ ခုခံအားကျဆင်းသော HIV/AIDS ရောဂါနှင့် ပတ်သက်ပြီး အမျိုးသမီး ၃.၃% သာလျှင် မည်သည့်နေရာများတွင် ကုသမှု ခံယူ နိုင်ကြောင်း သိထား၍ ၂၂.၂% မှာ အိပ်ချ်အိုင်ဗီပိုး ကူးစက်မှု ကာကွယ်ရန် နည်းလမ်းသုံးသွယ်ကို သိရှိထားပါသည်။ ထို့ပြင် ချင်းပြည်နယ်တွင် မိခင်လောင်း ၅၀% ခန့်မှာ ကလေးမီးဖွားချိန်တွင် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများထံမှ ကျန်းမာရေး စောင့် |

| စီမံကိန်း ခေါင်းစဉ် | အမျိုးသမီးများအတွက် မျိုးပွားခြင်းနှင့်သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှုနှင့် ၎င်းတို့၏ အခွင့်အရေးများ တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း | |
|---|---|---|
| | | ရှောက်မှုကို မရယူဘဲ မီးဖွားကြပါသည်။ ကလေး မီးဖွားရာတွင် ၂၅.၁% က မိရိုးဖလာ ဝမ်းဆွဲသည်များနှင့် မီးဖွားကြပြီး၊ ၁၀.၄% ရာခိုင်နှုန်းကမူ မည်သည့်အကူအညီမှ မပါဘဲ မီးဖွားကာ၊ ၅.၆% သာလျှင် ကျန်းမာရေး စောင့်ရှောက်မှု ခံယူပြီး မီးဖွားကြောင်း တွေ့ရပါသည်။<br><br>**စီမံကိန်းရလဒ်**<br>· ချင်းပြည်နယ်ရှိ ပြည်နယ်အစိုးရ၊ လူမှုရေးအဖွဲ့အစည်း၊ ရပ်ရွာအခြေပြု အဖွဲ့အစည်း၊ ကျေးလက်ကျန်းမာရေး ဝန်ဆောင်မှုများမှတဆင့် အဆင့်အားလုံး တွင် သားဆက်ခြားခြင်းနှင့် မျိုးပွားခြင်းကိစ္စရပ်များဆိုင်ရာ ဗဟုသုတနှင့် နည်းပညာပိုင်း ကျွမ်းကျင်အရည်အသွေးများ မြင့်မားလာခြင်း။<br>· သားဆက်ခြားခြင်းနှင့် မျိုးပွားကျန်းမာရေးကိစ္စရပ်များတွင် (အမျိုးသားထုနှင့် အမျိုးသမီးထု နှစ်ရပ်လုံးအပါအဝင်) ရပ်ရွာလူထုက ကောင်းစွာ အသိရှိနေခြင်း။<br>· သင့်တော်သော သားဆက်ခြားမှုနှင့် မိသားစုအရွယ်ပမာဏထိန်းထားနိုင်ခြင်း။<br>· ကလေးနှင့် မိခင်သေဆုံးမှုနှုန်း လျော့ကျလာခြင်း။<br>· ခုခံအားကျဆင်းသောရောဂါ (HIV) အပါအဝင် လိင်မှတဆင့် ရောဂါကူးစက်မှုနှုန်း လျော့ကျလာခြင်း။ |
| | လုပ်ငန်းဆောင်ရွက်ချက် | · ဒေသတွင်းတာဝန်ရှိသူများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများအားလုံးနှင့် (သံဃာတော်များ၊ ဓမ္မဆရာများ၊ ခရစ်ယာန်ကျောင်း မှ ခေါင်းဆောင်များ)နှင့်ကိုယ်စားပြုအရေးဆိုခြင်းဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း။<br>· ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာစသည့် အဆင့်အသီးသီးရှိ အစိုးရဌာနများ၊ လူမှုရေးအဖွဲ့များ၊ ရပ်ရွာအခြေပြုအဖွဲ့များကို သားဆက်ခြားကျန်းမာရေးနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချခြင်း။<br>· ကျေးရွာအဆင့် ကျန်းမာရေးအကူဆရာ၊ဆရာမများကို ကလေးမွေးဖွားမှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်းနှင့် မွမ်းမံသင်တန်းများပို့ချခြင်း။<br>· သားဆက်ခြားကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး အထောက်အကူပြု စာစောင်များ စသည်တို့ကို ချင်းဘာသာစကားဖြင့် ပြင်ဆင်ဖြန့်ဝေခြင်း။<br>· ကလေးမွေးဖွားပေးသည့် ဆေးခန်းများအားလုံးကို ကြည့်ရှုစစ်ဆေးကာ ဘေးကင်းစွာမီးဖွားနိုင်စေရန်အတွက်လိုက်နာရမည့်အခြေခံသန့်ရှင်းမှုရှိရေးကိုလိုက်ပါ ဆောင်ရွက်ရန် အဆိုပြုခြင်း။<br>· သားဆက်ခြားကျန်းမာရေးနှင့်မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာများကိုအမျိုးသမီးထုကိုကောင်းစွာနားလည်သဘောပေါက်စေရန်အသိပညာမြှင့်တင်ရေးလုပ်ငန်း များကို အမျိုးသမီးအဖွဲ့များနှင့်ရပ်ရွာအခြေပြုအဖွဲ့များအားလှုပ်ရှားဖော်ဆောင်စေခြင်း။<br>· ဘေးကင်းစွာကလေးမီးဖွားနိုင်စေရန် လိုက်နာရမည့် အခြေခံသန့်ရှင်းမှုများ အတွက် မဖြစ်မနေသုံးစွဲရမည့် အခြေခံပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်းနှင့် ကျေးလက်ကျန်းမာရေးဆေးခန်းများကို ပြန်လည်ပြုပြင်ခြင်းများ။<br>· ကျေးရွာအသီးသီးရှိ သယ်ယူပို့ဆောင်ရေး အခြေအနေများကို စစ်တမ်းကောက်ယူကာ အမျိုးသမီးများ ကလေးမီးဖွားခြင်း၊ ပြည်သူများ နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရလျှင် ဆေးရုံ/ဆေးခန်းများသို့ အရေးပေါ်ပို့ဆောင်နိုင်ရန်အတွက် ရပ်ရွာအခြေပြုစနစ်ကို ဖွဲ့စည်းတည်ထောင်ခြင်း။ |

| စီမံကိန်း ခေါင်းစဉ် | အမျိုးသမီးများအတွက် မျိုးပွားခြင်းနှင့်သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှုနှင့် ၎င်းတို့၏ အခွင့်အရေးများ တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း | | |
|---|---|---|---|
| | | · မိုဘိုင်းဖုန်းလိုင်းမိသော နေရာများတွင် ဝေးလံသောကျေးရွာများနှင့် အနီးဆုံး ကျန်းမာရေးဌာနများအကြား ဆက်သွယ်ရေးအချက်ပြများ တပ်ဆင်ခြင်း။<br>· ကျေးလက်ဆေးပေးခန်းမရှိသောကျေးရွာများတွင်မိခင်များကလေးမမွေးမီကိုယ်ဝန် ဆောင်စောင့်ရှောက်ခြင်းနှင့်မွေးပြီးကာလ ကျန်းမာရေး စောင့်ရှောက်ခြင်း အတွက် ရွေ့လျားဆေးခန်းများကို ရွေ့ပြေးအစီအစဉ်အနေဖြင့် အကောင်အထည်ဖော်ခြင်း။<br>· ကိုယ်ဝန်ဆောင်မိခင်အားလုံးကို ခုခံအားကျဆင့်သည့်ရောဂါ (HIV) ဆေးစစ်ပေး ခြင်းနှင့်လိုအပ်ပါက မိခင်မှကလေးသို့ ရောဂါကူးစက်ခြင်းကို ကာကွယ်ရန် ကုထုံး ပေးခြင်း။<br>· စီမံကိန်း၏ ၆ နေရာအသီးသီးတွင် ပြည်သူလူထုအတွက် ရွေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်လုပ်ဆောင်ပေးခြင်း။ | |
| | စီမံကိန်း အကောင် အထည် ဖော်ခြင်း | **ဦးဆောင် ဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့အစည်း**<br>လူမှုဝန်ထမ်းဦးစီးဌာန<br><br>**အဓိကပါဝင်သက်ဆိုင်သူများ**<br>အမျိုးသမီး  အဖွဲ့များဖွဲ့စည်းခြင်း၊ လိုအပ်သော သတင်းအချက်အလက် စစ်တမ်း ကောက်ယူခြင်းနှင့် သင်တန်းပို့ချခြင်းကိစ္စရပ်များကို လူမှုကူညီရေး အဖွဲ့အစည်းများ နှင့်ရပ်ရွာအခြေပြုအဖွဲ့တို့နှင့် သဘောတူညီမှုချုပ်ဆိုကာ လုပ်ငန်းဆောင်ရွက်ပါမည်။ ကျေးလက်ဆေးပေးခန်းများ ပြုပြင်ခြင်း၊လိုအပ်ေ သာ ကိရိယာများ ပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် သက်ဆိုင်သော ဆေးဘက်ဆိုင်ရာကုသမှုများ ကိုမူ ကျန်းမာရေးဌာနက အဓိက တာဝန်ယူ ဆောင်ရွက်ပါမည်။ | |
| ဘဏ္ဍာရေး အချက် အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | သားဆက်ခြားခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေးကျွမ်းကျင် ပညာရှင် အဖွဲ့ခေါင်းဆောင် - ပြည်တွင်း အကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် လပေါင်း ၃၀) | ၉၀၀၀၀ |
| | | သားဆက်ခြားခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း နိုင်ငံတကာ အကြံပေး ပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဖြင့် ၂ လ) | ၃၀၀၀၀ |
| | | ဆက်သွယ်ရေးနှင့် အိုင်တီဝန်ဆောင်မှုများအတွက် ပြည်တွင်းအကြံပေးပညာရှင် (တစ်လလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖြင့် ၃ လ) | ၉၀၀၀ |
| | | ဝေးလံခေါင်းပါးသော အရပ်ဒေသရှိ လူထုအတွက် ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ဆောင်မှု အခြေအနေတို့ကို စစ်တမ်းကောက်ယူခြင်း | ၄၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေးစနစ် ပုံစံ ရေးဆွဲခြင်း | ၂၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး | ၄၀၀၀၀ |
| | | ကလေး မမွေးဖွားမီနှင့် မွေးဖွားအပြီးတွင် ပြုစုစောင့်ရှောက်မှု ပေးနိုင်မည့် ရွေ့လျားဆေးပေးခန်းများဖြင့် ကနဦး | ၁၀၀၀၀၀ |

| စီမံကိန်း ခေါင်းစဉ် | အမျိုးသမီးများအတွက် မျိုးပွားခြင်းနှင့်သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှုနှင့် ၎င်းတို့၏ အခွင့်အရေးများ တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း | | |
|---|---|---|---|
| | | စတင်ဆောင်ရွက်ခြင်း | |
| | | အသိပညာမြှင့်တင်ရေး စာတမ်း၊စာအုပ်၊ စာစောင်များ ပုံနှိပ်ခြင်း | ၁၅၀၀၀ |
| | | ပြည်နယ်နှင့်မြို့နယ်အဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များနှင့် အမျိုးသမီးအဖွဲ့တို့အတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ | ၄၀၀၀၀ |
| | | ဆေးပေးခန်းအတွက် လိုအပ်သော ကိရိယာများ | ၃၀၀၀၀ |
| | | ကျန်းမာရေးဆေးပေးခန်းများ ပြန်လည်ပြုပြင်မွမ်းမံခြင်း | ၁၅၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်မပါ) | ၆၄၅၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၅၅၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၇၀၀၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်း ဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့်မူဝါဒ နှင့် မဟာဗျူဟာနှင့် ကိုက်ညီခြင်း | *ဖော်ပြရန်မရှိပါ။* | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

## ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေး သင်တန်း (PLAT)

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေးမည့် စီမံကိန်း | |
|---|---|---|
| ဖော်ပြချက် | ပဓာနနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား-မ လူမှုကဏ္ဍ (ဂျဲန်ဒါ) ညီမျှရေး၊ လူ့အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း၊ အလုပ်အကိုင် ဖန်တီးခြင်း။ |
| | တည်နေရာ | ချင်းပြည်နယ်၊ မြန်မာနိုင်ငံ |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၂၁၅၀၀၀ |
| | စီမံကိန်းကာလ | နှစ်နှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>တရားစီရင်ရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်မှု မြှင့်တက်လာရန်။ ဥပဒေရေး ရာ အသိပညာဖြည့်တင်း လေ့ကျင့်ပေးမှု များ ရရှိထားသော အမျိုးသမီးများသည် အမျိုးသမီးများ အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတကာနှင့် နိုင်ငံတော် မူဝါဒတို့ကို သဘောပေါက်နားလည်လာကာ ချင်းပြည်နယ်အတွင်းတွင် ဂျဲန်ဒါညီမျှရေး ပိုမိုရရှိရန် ပါဝင်ဆောင်ရွက်မည် ဖြစ်သည်။<br><br>**လတ်တလောရည်ရွယ်ချက်** |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေးမည့် စီမံကိန်း |
|---|---|
| | · ဥပဒေရေးရာအကြံပေး ကျွမ်းကျင်ပညာရှင် အမြဲတမ်းအုပ်စု မွေးထုတ်ကာ ၎င်းတို့သက်ဆိုင်ရာမြို့နယ်တရားရုံးများနှင့်စပ်ဆက်သော ကဏ္ဍများတွင် ကြားခံစေ့စပ်ပေးသူ၊ဥပဒေရေးရာ နစ်သိမ့်ဆွေးနွေးပညာပေးသူနှင့် လူထုတရားသူကြီးများအဖြစ် ဆောင်ရွက်နိုင်စေရန်<br>· ပြည်နယ်အတွင်း တရားဥပဒေလိုက်နာမှု တိုးပွားလာခြင်း နှင့် ချင်းပြည်နယ်ရှိ အမျိုးသမီးများ ဥပဒေရေးရာကိစ္စရပ်များကို လက်လှမ်းမီသိရှိထားခြင်း၊<br>· ချင်းပြည်နယ်တရားစီရင်ရေးတွင်ကျား-မ ခွဲခြားဆက်ဆံမှုများ လျှော့ချနိုင်ရေးကို ကျား-မ လူမှုကဏ္ဍတန်းတူအခွင့်အရေးရရှိရေးနှင့် ဥပဒေအကြောင်း သင်ယူလေ့လာထားသော၊ လေ့ကျင့်ထားသော အမျိုးသမီးများက လက်တွေ့ဖော်ဆောင်ပေးနိုင်ခြင်း။ |
| စီမံကိန်း၏ ကြောင်းကျိုးဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ် တရားစီရင်ရေးလုပ်ဆောင်ချက်များတွင် ၂ မန်မာနိုင်ငံလုံးဆိုင်ရာ ဥပဒေ၊ ထုံးတမ်းစဉ်လာဥပဒေများနှင့် အချို့ကိစ္စရပ်များတွင် ဒေသတွင်းရိုးရာထုံးတမ်းစဉ်လာများ၊ ဓလေ့များနှင့် ရောယှက်နေပါသည်။ နေရာဒေသအသီးသီး တွင် ဥပဒေကို ဖြန့်ကျက်ခြင်းနှင့် အသက်သွင်းခြင်းများ ပြုလုပ်သည့်အခါ အမျိုးသမီးများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခွဲခြားနှိမ်ချဆက်ဆံခံရခြင်းများရှိပါသည်။ အဆိုပါဖြစ်ရပ်သည် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် ကျား-မ လူမှုကဏ္ဍတန်းတူ အခွင့်အရေးများ ရရှိခြင်းနှင့်မြန်မာနိုင်ငံမှ လိုက်နာဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) များနှင့် ဆန့်ကျင် နေပါသည်။ အဆိုပါ ဥပဒေမူဘောင်များက ကျား-မတန်းတူညီမျှခြင်းတွင် ဥပဒေပိုင်းနှင့်သဘောတရားပိုင်းသာမကယေဘူယျအားဖြင့် လက်တွေ့ဆောင်ရွက်နေမှုများ၏အရေး ပါမှုများကိုမီးမောင်းထိုးပြနေပါသည်။ ချင်းပြည်နယ်၏လက်ရှိတရားရေး စနစ်တွင်အဆင့်မြင့်တရားသူကြီးမင်းများမှသည်ကျေးရွာအဆင့် ဥပဒေအကြံပေးများအထိ တာဝန်ယူလုပ်ဆောင်နေသော လူသားအရင်းအမြစ်တွင် အမျိုးသားများကသာ နေရာယူထားပါသည်။ဓလေ့အားဖြင့် တရားရေးရာနှင့် ဥပဒေရေးရာများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်းကို တွေ့ရလေ့မရှိပါ။ မြန်မာနိုင်ငံနှင့် ချင်းပြည်နယ် ဥပဒေစနစ်များတွင် အလားအလာရှိသော ထူးချွန်သူ ဥပဒေပညာရှင် အမျိုးသမီးများကို ရွေးချယ်ကာအရည်အသွေးမြှင့်တင်ရေး သင်တန်းများဖြင့် အစပြုလုပ်ဆောင်လျက်ဥပဒေရေးရာစနစ်တွင် အမျိုးသမီးများ၏ ပါဝင်မှု တိုးမြင့်လာရေးကို ဖော်ဆောင်ရန် ရည်ရွယ်ပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>· ဆုံးဖြတ်ချက်ချမှတ်ရသော ဖြစ်စဉ်များအပါအ ဝင် ချင်းပြည်နယ်ရှိ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်တို့တွင် အမျိုးသမီးများ တူညီမျှစွာ ပါ ဝင်လာနိုင်စေရန် လိုအပ်ပါသည်။<br>· တရားစီရင်ရေးစနစ်တွင်အမျိုးသမီးတို့ကိုကိုယ်စားပြုပေးမည့်သူများရှိရန် လိုအပ်ပါသည်။<br>· တရားလို၊တရားခံ၊စွပ်စွဲသူ၊စွပ်စွဲခံရသူ မည်သည့်အမျိုးသမီးမဆို ၎င်းတို့၏ လိုအပ်ချက်နှင့် အခွင့်အရေးများအတွက် ကျား-မရေးရာ ဂရုပြုခြင်းနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်း ခံရသင့်သည်။ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေးမည့် စီမံကိန်း | |
|---|---|---|
| | | **မျှော်မှန်းရလဒ်**<br>· အမျိုးသမီးဥပဒေရေးရာအကြံပေး၊ကျွမ်းကျင်ပညာရှင်အမြဲတေအုပ်စုကိုချင်းပြည်နယ်ရှိ မြို့နယ်တိုင်းအတွက် မွေးထုတ်မည်။<br>· ပြည်နယ်အစိုးရ၏ လမ်းညွှန်ကူညီမှုဖြင့် လူမှုအသိုက်အဝန်းအတွင်း ၎င်းတို့၏ အခန်းကဏ္ဍ (အထူးသဖြင့်အမျိုးသမီးများအတွက်) ကို မြှင့်တင်ဖော်ဆောင် ပေးမည်။ ချင်းအမျိုးသမီးများ၏ အကျိုးအတွက်လုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ဖော်ဆောင်နိုင်ရန် အမျိုးသမီးဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်ကွန်ယက်ကို ထူထောင်မည်။<br>· အမျိုးသမီးဥပဒေရေးရာအကြံပေး၊ကျွမ်းကျင်ပညာရှင်များရှိကြောင်းကို ချင်းပြည်နယ်တွင်းရှိ အမျိုးသမီးများကို အသိပေးရမည်။ သို့မှသာ ထိုသို့ လေ့ကျင့်သင်တန်းပေးထားသော ကျွမ်းကျင်သည့် အမျိုးသမီးဥပဒေရေးရာ အကြံပေးများ ကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် အမျိုးသမီးအခွင့် အရေးများ လက်လှမ်းမီရယူနိုင်ခြင်းအတွက် သေချာစေမည်။<br>· လူမှုအသိုက်အဝန်းအတွင်း ကျား-မတန်းတူအခွင့်အရေးရ ရှိမှု အသိပညာများ တိုးပွားစေပြီး၊ အမျိုးသမီးအခွင့်အရေး များကို သဘောပေါက်နားလည်ခြင်းများ ဖြစ်စေမည်။<br><br>**ရလဒ်အညွှန်းကိန်းများ**<br>· အမျိုးသမီးဥပဒေရေးရာအကြံပေး၊ကျွမ်းကျင်ပညာရှင်အမြဲတေအုပ်စုကိုချင်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ရွေးချယ်ကာ ကွန်ယက်ဖွဲ့စည်းထားခြင်း။<br>· ခန့်မှန်းခြေအမျိုးသမီး (၅၀) ဦးပါဝင်သော အမျိုးသမီးဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ချင်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ထားရှိခြင်း။<br>· အမျိုးသမီးဥပဒေအကြံပေးကွန်ယက်ရှိသည်ဆိုခြင်းကို ချင်းပြည်နယ်အတွင်းရှိ အမျိုးသမီးများသိရှိပြီး ၎င်းတို့၏ တန်းတူညီမျှအခွင့်အရေးအတွက် ဥပဒေရေးရာ အထောက်အကူ အကြံပေးအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးကာ ရယူခြင်း။<br>· အမျိုးသမီးအခွင့်အရေးများအခြေပြုပွဲဦးထွက်ဥပဒေအမှုအခင်းများကိုအောင်မြင်စွာ ကိုင်တွယ်ခြင်း။<br>· တရားရေး၊ ဥပဒေရေးစနစ်တွင် ကျား-မတူရှုချက် သဘောထားများ ပိုမိုပေါင်းစည်းပါဝင်လာခြင်း။<br>· ဒေသတွင်း အစိုးရများ၏ ဆုံးဖြတ်ချက်များတွင် ကျား-မ တူရှုချက်သဘောထား ပါဝင်လာခြင်း။<br>· ဥပဒေစနစ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်း။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | · - ဥပဒေပညာနှင့် လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း များ ပို့ချခြင်း၊<br>· မြို့နယ်(၉)မြို့နယ်မှအမျိုးသမီးဥပဒေရေးရာအကြံပေး၊ကျွမ်းကျင်ပညာရှင်တစ်စု၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အောက်ပါ ဥပဒေသင်တန်း အခြေခံ (၁၅)မျိုးကို (ခေါင်းစဉ်တစ်ခုလျှင် တစ်ပတ်၊ တစ်မြို့နယ်လျှင် အမျိုးသမီးငါးဦး ) ပို့ချမည်။ (၁) အခြေခံကျသည့် ဥပဒေသဘောတရားများနှင့်ခံယူချက်များ၊ (၂) မြန်မာ့နိုင်ငံရေးနှင့်တရားရေး ဥပဒေစနစ်၊ (၃) မြန်မာ့အခြေခံဥပဒေ၊ (၄) နိုင်ငံတကာဥပဒေများ၊ (၅) ထုံးတမ်း ဓလေ့ဆိုင်ရာဥပဒေများ၊ (၆) ကျင့်ထုံးဆိုင်ရာ ဥပဒေများ၊ (၇) ပြစ်မှုဆိုင်ရာ ဥပဒေများ၊ (၈) တရားမဥပဒေများ၊ (၉) ထိမ်းမြား လက်ထပ်ခြင်း ဥပဒေများ၊ (၁၀) ဥပဒေဆိုင်ရာအရေးအသား နှင့်ညှိနှိုင်းခြင်းများ၊ (၁၁) စီးပွား |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေးမည့် စီမံကိန်း | | |
|---|---|---|---|
| | | ရေးနှင့် ကုန်သွယ်ရေးဥပဒေများ၊ (၁၂) လူမျိုးနှင့်နိုင်ငံသားဖြစ်မှု၊ (၁၃) အုပ်ချုပ်ရေးဥပဒေ၊ (၁၄) အမျိုးသမီး အခွင့်အရေး၊ လူ့အခွင့်အရေး၊ (၁၅) ကျား-မတန်းတူညီမျှခြင်း။<br>· အဆိုပါသင်တန်းများအတွက် သင်တန်းကာလမှ တစ်ခုစီလျှင် အနည်းဆုံးရက်သတ္တပတ်(၁)ပတ်ကြာမည်ဖြစ်ပြီးပါရင့်အတွေ့အကြုံရှိသောနိုင်ငံသားနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ ကျွမ်းကျင်ပညာရှင်များမှ သင်ကြားပို့ချပါမည်။ မြို့နယ်အသီးသီးမှ အမျိုးသမီး(၅)ဦးစီကို လေ့ကျင့်သင်ကြားပေးပါမည် (စုစုပေါင်းသင်တန်းဆင်း၄၅ ဦး)။<br>· သင်တန်းပြီးသည်နှင့် အဆိုပါသင်တန်းဆင်းများသည် အချင်းချင်း ဆက်သွယ်နိုင်မည့် နည်းလမ်းများ၊အတူပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊လုပ်နည်းများကို ဖလှယ် နိုင်ရန် ကွန်ယက်တစ်ခုကို ထူထောင်မည်။<br>· မြို့နယ်အသီးသီးတွင် သင်တန်းဆင်းအမျိုးသမီးများ၏ ဥပဒေအထောက်အကူအကြံဉာဏ်ရယူနိုင်သည့်ဌာန တစ်ခုစီကိုတည်ထောင်မည်။ အမျိုးသမီးအခွင့်အရေးဆိုင်ရာပွဲဦးထွက် ဥပဒေအမှုအခင်းများ ကိုအောင်မြင်စွာကိုင်တွယ်ပါလိမ့်မည်။<br>· အမျိုးသမီးဥပဒေအကြံပေးကွန်ယက်ရှိသည် ဆိုသည့်အကြောင်းကို ချင်းပြည်နယ်လူထုများအား ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ဝေခြင်းကို အင်တိုက်အားတိုက် လုပ်ဆောင်ခြင်းအားဖြင့် ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ပေးနိုင်မည်။<br>· ကျား-မတန်းတူ အခွင့်အရေးဆိုင်ရာ အသိပညာပေးပွဲများကို လူထုအတွင်းဖြန့်ကျက်ဖော်ဆောင်ကာ အသိပညာဗဟုသုတများ တိုးပွားစေပြီး ကျား-မတန်းတူညီမျှမှု ဖော်ဆောင်ခြင်းနှင့် အမျိုးသမီးများဥပဒေနှင့် အခွင့်အရေး ဆိုင်ရာ အထောက်အကူလိုပါက လက်လှမ်းမီဆက်သွယ်ရ ယူနိုင်ခြင်းကို ဖြစ်စေမည်။<br>· စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းစနစ်ကို တည်ဆောက်ပြီး ဒေသတွင်းအစိုးရများနှင့် အသိပညာအတွေ့အကြုံဗဟုသုတများ ဖလှယ်ကာ ဒေသအုပ်ချုပ်ရေးပိုင်းတွင် ကျား -မတူရှုချက်များ ထည့်သွင်းဖော်ဆောင်ခြင်းကို အထောက်အကူပြုစေပါမည်။ | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | သင်တန်းများစီစဉ်ခြင်းနှင့် ပို့ချခြင်းများကို ဒေသတွင်းလူမှုရေးအဖွဲ့အစည်းတစ်ခုမှ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ပါမည်။ သင်တန်းကာလပြီးဆုံးသည်နှင့် အမျိုးသမီးများအတွက် ဥပဒေဝန်ဆောင်မှုဌာနများ၊ စောင့်ကြည့်အကဲဖြတ်ခြင်းစနစ်တို့ကို ဖွဲ့စည်းတည်ဆောက်ပါမည်။ ကွန်ယက်တွင် ပုံမှန်အပြန်အလှန် ဆွေးနွေးတိုင်ပင်မှုများ၊ အစည်းအဝေးများ ကျင်းပခြင်းဖြင့်အချင်းချင်း ရိုင်းပင်းဆောင်ရွက်မှုနှင့် အရည်အသွေးကောင်း ရလဒ်များပေါ်ထွက်ရေးကို အထောက်အကူဖြစ်ပါလိမ့်မည်။ စီမံကိန်းအတွက် နည်းပညာနှင့်စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းများကို လူမှုရေးအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးမိတဖက်အဖွဲ့အစည်းများမှ ပံ့ပိုးပေးပါမည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | ဥပဒေပညာနှင့် ကျွမ်းကျင်မှုသင်တန်းများ (၄၅ ဦး) | ၄၀၀၀၀ |
| | | သင်ကြားလေ့ကျင့်ပေးထားသော အမျိုးသမီးများ၊ အမျိုးသမီး | ၃၆၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေးမည့် စီမံကိန်း | | |
|---|---|---|---|
| | | တရားသူကြီးများနှင့် ဥပဒေရေးရာအကြံပေးများ အချင်းချင်းကြားတွင် ကွန်ယက်ချိတ်ဆက် ဆက်သွယ်ခြင်း (၂ နှစ်) | |
| | | မြို့နယ်တစ်မြို့နယ်ချင်းစီတွင် ဥပဒေရေးရာပံ့ပိုးကူညီပေးသော ဌာနများ တည်ထောင်ခြင်း | ၄၅၀၀၀ |
| | | မြို့နယ်တိုင်းတွင် သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်းနှင့် ကမ်ပိန်းများ ပြုလုပ်ခြင်း။ | ၄၅၀၀၀ |
| | | စောင့်ကြည့်လေ့လာရေးစနစ်၊ ဒေသအစိုးရများနှင့် အသိအမြင်ဖလှယ်ခြင်းနှင့် အကဲဖြတ်ခြင်း | ၃၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းထားသော စရိတ်မပါ) | ၁၉၆၀၀၀ |
| | | မမျှော်မှန်းထားသောစရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၁၉၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၂၁၅၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူ ဟာတို့နှင့် ကိုက်ညီခြင်း | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CEDAW) ကို ပြည် ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၉၉၇ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အတူ ဘေဂျင်းကြေညာစာတမ်းနှင့်လုပ်ငန်းစီမံချက်များ (Bijing Platform for Action) တွင် လည်း လက်မှတ်ထိုးခဲ့ပါသည်။ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် ကျား-မ တန်းတူအခွင့်အရေးကို ထည့်သွင်းဖော်ပြထားပါသည်။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား-မ၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ ခွဲခြားဆက်ဆံခြင်းမရှိစေရ။ ၂၀၁၃ခုနှစ်တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၁၁) (NSPAW) ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MNCWA) မှ စတင် ခဲ့ပါသည်။ အဆိုပါ အဖွဲ့သည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းများကို အကောင်အထည် ဖော်ရန်နှင့် အမျိုးသမီးများဘဝကို မြှင့်တင်သည့် အနာဂတ် စီမံချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနကို အမျိုးသမီးရေးရာ အဓိကတာဝန်ခံအဖြစ် ခန့်အပ်ခဲ့ပါသည်။ NSPAW သည် အမျိုးသားအဆင့်မှ မြို့နယ်အဆင့်အထိ ကျားမတန်းတူအခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အကောင်အထည်ဖော်သည်။ | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

# အမျိုးသမီးအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံမူဘောင်သွင်းခြင်းခလွှော်ကို ခိုင်မာစေခြင်း

| စီမံကိန်း ခေါင်းစဉ် | ချင်းအမျိုးသမီးအဖွဲ့အစည်းများ ကွန်ယက်ကို ကူညီထောက်ပံ့ပေးခြင်း စီမံကိန်း | |
|---|---|---|
| ဖော်ပြချက် | ပဓာနနယ်ပယ် | ကျား-မ လူမှုကဏ္ဍညီမျှရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ် (၉) မြို့နယ် |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၈၅၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>အမျိုးသမီးများအခွင့်အရေးများနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ပေးမှုများကို အမျိုးသမီးများ အဖွဲ့အစည်းကွန်ယက် ဖွဲ့စည်းပုံအောက်တွင် အခွန့်ရှည်တည်တံ့စေရန်။<br>အမျိုးသမီးများအခွင့်အရေးများနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ပေးမှုများကို လက်တွေ့ကျင့်သုံး လိုက်နာကြခြင်းအားဖြင့် လူ့အသိုက်အဝန်းအတွင်းတွင် ကျား -မ အခွင့်အရေးတန်းတူညီမျှခြင်းကို သိသာစွာ ဆောင်ကျဉ်း ပေးရန်။<br><br>**လတ်တလောရည်ရွယ်ချက်**<br>· ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ကို ဖွဲ့ စည်းပုံတောင့်တင်းစေရန် ပံ့ပိုးပေးခြင်းဖြင့် ချင်းပြည်နယ်တွင်းရှိ အခြားသောအမျိုးသမီးလူမှုရေး အဖွဲ့အစည်းများကိုခေါင်းဆောင်သောကွန်ယက်အဖြစ်ဖြင့် သတင်းအချက်အလက်များ၊ ဆက်သွယ်ရေး၊ စွမ်းရည်ထုထောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်အကြောင်းအရာများကို ဦးဆောင်မည်။<br>· ချင်းအမျိုးသမီးအဖွဲ့အစည်းများအတွင်း ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာအောင် ဖော်ဆောင်ခြင်းဖြင့် အဖွဲ့အစည်းများ၏ ညီညွတ်မှုအင်အားကို ရရှိကာ အရင်းအမြစ်များ ပေါင်းစပ်ဖော်ဆောင်ခြင်းကို ဖြစ်စေမည်။<br>· အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကို ချင်းအမျိုးသမီးများအဖွဲ့အစည်း ကွန်ယက် (CWON) အဖွဲ့ဝင်အဖွဲ့အစည်းများမှထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီမည်။<br>· ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက်(CWON)၏ပံ့ပိုးမှုဖြင့်အဖွဲ့ဝင်အဖွဲ့အစည်းများ အတွင်း အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကိုယင်းတို့ ရေရှည် အဓိကလုပ်ဆောင်ရမည့် စီမံချက်များအသွင် ဖော်ဆောင်မည်။<br>· ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၄ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပရန်ရည်ရွယ်သည်) ကို ကျင်းပပြုလုပ်ပြီး ပြည်နယ်အစိုးရအဆင့်မြင့်တာဝန်ရှိသူများကို ကွန်ယက်၏လုပ်ဆောင်မှုများ၊ နိုင်ငံရေးတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်နေမှုအခြေအနေများ၊ လူထုကျယ်ပြန့်စွာ အသိအမြင်ရေးရှိရေးများနှင့် အမျိုးသမီးတို့ အတွက် ကိုယ်စားပြုအရေးဆိုခြင်းများ အစရှိသည်တို့ကို အသိပေးရှင်းလင်း တင်ပြပါမည်။ |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင် ဒေသတွင်းဖွံ့ဖြိုးရေးနှင့် အများပြည်သူဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ရာတွင်အမျိုးသမီးများသည်အမျိုးသားများတန်းတူပါဝင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို လေ့လာမှုမှတွေ့ရှိရပါသည်။ လူမှုအသိုက်အဝန်းနှင့် နိုင်ငံရေးနယ်ပယ်များတွင် အမျိုးသမီးများ၏ အကျိုးစီးပွားကိုကိုယ်စားပြုဖော်ဆောင်ပေးနိုင်မှု အလွန်နည်းပါးနေပါသေးသည်။ထို့ကြောင့် အကျိုးဆက်အနေဖြင့် နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေးနယ်ပယ်များတွင် အမျိုးသမီးများ၏ သီးသန့်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းကိုအလွန်တွေ့ရခဲပါသည်။ အထူးသဖြင့်မျိုးဆက်ပွားကျန်းမာရေး၊ပညာရေး |

| စီမံကိန်း ခေါင်းစဉ် | ချင်းအမျိုးသမီးအဖွဲ့အစည်းများ ကွန်ယက်ကို ကူညီထောက်ပံ့ပေးခြင်း စီမံကိန်း |
|---|---|

နှင့်နိုင်ငံရေး နယ်ပယ်များတွင် ဖြစ်ကြပါသည်။ အမျိုးသမီးများ၏ ပါဝင်ခြင်းနှင့် ၎င်းတို့အတွက် ကိုယ်စားပြု အရေးဆိုပေးခြင်း ကင်းမဲ့သည့်အတွက် အများပြည်သူဆိုင်ရာနှင့် တစ်ဦးချင်းတို့တွင် ခွဲခြားဆက်ဆံခံရခြင်းများကို တွေ့ကြုံလာ ရပါသည်။ ချင်းအမျိုးသမီးများအကျိုးကို ကူညီရန် ချင်းအမျိုးသမီးအဖွဲ့များကို ချင်းပြည်နယ်တွင်းရှိ မတူပီ၊ ဖလမ်း၊ ပလက်ဝ၊ မင်းတပ်၊ ထန်တလန် မြို့နယ်များတွင်လည်း ကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးမြို့နယ်တွင် သာဒိုအမျိုးသမီး အဖွဲ့ ကိုလည်းကောင်း ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ အဆိုပါအမျိုးသမီးအဖွဲ့များသည် လွတ်လပ်သော လူမှုရေး ရာအဖွဲ့များအသွင်ဆောင်ပါသည်။ (ဘာသာရေးနှင့် မဆက်နွယ်ပါ)။

ချင်းအမျိုးသမီးအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်မှာ အမျိုးသမီးများအတွက် ပညာရေး၊ သင်တန်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် သင့်လျော်သော မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးဖော်ဆောင်ပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများ၏ လူမှုစီးပွားဘဝ အခြေအနေပိုမိုကောင်းမွန်စေရန်နှင့် နိုင်ငံရေးနယ်ပယ်တွင်ဆုံးဖြတ်ချက်ချနိုင်သည့် အဆင့်အထိရောက် စေရန် ရည်ရွယ်သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် အဖွဲ့အစည်းများ၏ အဖွဲ့အစည်းမူဘောင်သွင်းခြင်း ဓလေ့ တောင့် တင်းခိုင်မာစေရန်နှင့် အဖွဲ့များအကြား ဆက်သွယ်ပူးပေါင်းလုပ်ဆောင်ခြင်းများ ဖြစ်စေရန်ရည် သန်၍ ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ကို ဖွဲ့စည်းခဲ့ပါသည်။ ကွန်ယက် သည် အဖွဲ့ဝင်အဖွဲ့အစည်းများအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ စီမံကိန်း လုပ်ငန်း များကို အကောင်အထည်ဖော်မှု ပိုမိုအားကောင်းရေးနှင့် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီး များစွမ်းရည်မြှင့်ခြင်းများ အောင်မြင်စေရန်အတွက်လည်း ဖြစ်ပါသည်။

**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**

လတ်တလောဖွဲ့စည်းခဲ့သည့် ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) သည် ဖွဲ့စည်း တည်ဆောက်ပုံ တောင့်တင်းခိုင်မာမှုအားနည်းနေပြီး အဖွဲ့အစည်းပိုင်းတွင် ပံ့ပိုးကူညီမှုများ လိုအပ် နေပါသည်။ (ဖွဲ့စည်းပုံအပိုင်း၊ မဟာဗျူဟာဖော်ဆောင်ခြင်း၊ ဆက်သွယ်ရေး မဟာဗျူဟာ၊ ရန်ပုံငွေ ရှာဖွေခြင်း၊ ရေရှည်မျှော်မှန်းချက်များ၊ ဦးတည်ချက်၊ ဝန်ထမ်းအင်အား၊ စွမ်းရည်ဖွဲ့စည်းခြင်း၊ နည်းလမ်းတကျမှတ်ပုံတင်ခြင်း၊ လုပ်ထုံးစံညွှန်းများ စသည်ဖြင့်)။ ကွန်ယက်နှင့် အဖွဲ့ဝင်အဖွဲ့ အစည်းများအကြား ထိရောက်သော ဆက်သွယ်ရေးအခြေခံအဆောက်အဦစ ု ခ=ဆာည်ဆောက် ရန်လည်း လိုအပ်ပါသည်။

**မျှော်မှန်းရလဒ်**

- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON)၏ နှစ်လလျှင်တစ်ကြိမ် ပုံမှန်အစည်း အဝေးကို ရန်ကုန်မြို့နှင့် ဟားခါးမြို့များတွင် အခြေစိုက်သည့် ကျား-မ အခွင့်အရေး တန်းတူ ညီမျှခြင်းရှေ့ဆောင်အဖွဲ့ (Gender Equility Initiative – GEI) နှင့် ပူးပေါင်း ကျင်းပခြင်း။
- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ရှေ့ဆက်ရမည့် ချင်းအမျိုးသမီးများအခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို လက်ခံကျင့် သုံးပြီး ချင်းပြည်နယ်တွင်းရှိ လူမျိုးစုငယ်များမှ အမျိုးသမီးများကိုပါ နိုင်ငံရေး နယ်ပယ်တွင် ဆုံးဖြတ်ချက်ချသည့် အဆင့်အထိရောက်အောင် ပါဝင်လာနိုင်စေရန် ပံ့ပိုးခြင်း။

- **ရလဒ်အညွှန်းကိန်းများ**
- အဖွဲ့ဝင်အဖွဲ့အစည်းများသည် နှစ်လတစ်ကြိမ် ကျင်းပသော ကွန်ယက်အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း။
- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခြင်း (၂၀၁၄ ခု နှစ်၊ နိုဝင်ဘာလ) နှင့် ရှေ့ဆက်ရမည့် ချင်းအမျိုးသမီးများ အခွင့်

<table>
<tr><th>စီမံကိန်း ခေါင်းစဉ်</th><th colspan="2">ချင်းအမျိုးသမီးအဖွဲ့အစည်းများ ကွန်ယက်ကို ကူညီထောက်ပံ့ပေးခြင်း စီမံကိန်း</th></tr>
<tr><td></td><td></td><td>အရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို လက်ခံကျင့်သုံးခြင်း။<br>· ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ဖွဲ့စည်းပုံ တောင့်တင်းခိုင်မာလာခြင်း၊ အဖွဲ့ဝင်အဖွဲ့အစည်းများတွင်လည်း အဖွဲ့အစည်းမူဘောင်သွင်းခြင်း ဓလေ့များ ဖွံ့ဖြိုးတိုးတက်လာခြင်း။<br>· ချင်းအမျိုးသမီးများအဖွဲ့ အစည်းကွန်ယက်(CWON)အတွက် မဟာဗျူဟာရေးဆွဲခြင်းနှင့်လုပ်ဆောင် ချက်လမ်းစဉ် ချမှတ်နိုင်ခြင်း။</td></tr>
<tr><td></td><td>လုပ်ငန်းဆောင်ရွက်ချက်</td><td>· ချင်းအမျိုးသမီးသမီးများအဖွဲ့အစည်းကွန်ယက် ထူထောင်ခြင်း။<br>· ကျား-မအခွင့်အရေးတန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ (GEI) နှင့် ပူးပေါင်း၍ နှစ်လလျှင် တစ်ကြိမ် ပုံမှန်အစည်းအဝေး ကျင်းပခြင်း။<br>· အဖွဲ့အစည်းပိုင်းနှင့် မဟာဗျူဟာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လုပ်ဆောင်ချက် လမ်းစဉ် ချမှတ်ခြင်း၊ ဝန်ထမ်းဖွဲ့ စည်းခြင်း၊ ဆောင်ရွက်ချက်နှင့် ရလဒ်အတွက် အညွှန်းကိန်းများ ဖေါ်ထုတ်ခြင်း။<br>· ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့်အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပနိုင်ခြင်း (၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ)နှင့် ရှေ့ဆက်ရမည့် ချင်းအမျိုးသမီးများအခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို လက်ခံကျင့်သုံးခြင်း။</td></tr>
<tr><td></td><td>စီမံကိန်း အကောင်အထည် ဖော်ခြင်း</td><td>ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON)ကို အဖွဲ့ဝင်အဖွဲ့အစည်းများက ရွေးချယ်တင်မြှောက်သည့် ဥက္ကဌမှ ဦးဆောင်မည်။ အဖွဲ့ဝင်အဖွဲ့အစည်းများသည် ချင်းအမျိုးသမီး အဖွဲ့အစည်းကဲ့သို့သော လူမှုရေးအဖွဲ့အစည်းများ ဖြစ်ကြသည်။ အစည်းအဝေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ကျား-မ အခွင့်အရေးတန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ (GEI) မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည်။</td></tr>
<tr><td>ဘဏ္ဍာရေး အချက် အလက်</td><td></td><td>
<table>
<tr><th>လုပ်ငန်းတာဝန်များ</th><th>စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ)</th></tr>
<tr><td>တစ်နှစ်အတွင်း ချင်းအမျိုးသမီးများအဖွဲ့အစည်းများကွန်ယက် (CWON) ဖွဲ့စည်း၍ လုပ်ငန်းအကောင်အထည်ဖော်ခြင်း</td><td>၂၀၀၀၀</td></tr>
<tr><td>အဖွဲ့ဝင်အဖွဲ့အစည်းများနှင့်အတူ နှစ်လတစ်ကြိမ် အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ရွေးချယ်ထားသောနေရာများ (အနောက်၊ အလယ်နှင့် တောင်ပိုင်းချင်းပြည်နယ်)တွင် GEI ၏ ပါဝင်ပံ့ပိုးမှုဖြင့် ကျင်းပခြင်း</td><td>၃၀၀၀၀</td></tr>
<tr><td>အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာရေးဆွဲခြင်း၊ လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊ အဖွဲ့အစည်း၏စွမ်းရည်နှင့် ဝန်ထမ်းများ၏ စွမ်းရည်ကို မြှင့်တင်ခြင်းနှင့် ရလဒ်အညွှန်းကိန်းများချမှတ် တိုင်းတာခြင်း</td><td>၈၀၀၀</td></tr>
<tr><td>ချင်းအမျိုးသမီးများအဖွဲ့အစည်းများကွန်ယက် (CWON) ညီလာခံကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာတွင် ကျင်းပခြင်း</td><td>၂၀၀၀၀</td></tr>
<tr><td>စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းသော စရိတ်များမပါ)</td><td>၇၈၀၀၀</td></tr>
<tr><td>မမျှော်မှန်းသော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း</td><td>၇၀၀၀</td></tr>
<tr><td>စုစုပေါင်းဘတ်ဂျက်</td><td>၈၅၀၀၀</td></tr>
</table>
</td></tr>
<tr><td></td><td>ဘတ်ဂျက် မျှော်</td><td>ဖော်ပြရန်မရှိပါ။</td></tr>
</table>

| စီမံကိန်း ခေါင်းစဉ် | ချင်းအမျိုးသမီးအဖွဲ့အစည်းများ ကွန်ယက်ကို ကူညီထောက်ပံ့ပေးခြင်း စီမံကိန်း | |
|---|---|---|
| | မှန်းဆ ချက်များ | |
| အခြားသော အချက် အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီခြင်း | · အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CEDAW) ကို ပြည် ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၉၉၇ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အတူ ဘေဂျင်းကြေညာ စာတမ်းနှင့်လုပ်ငန်းစီမံချက်များ (Bijing Platform for Action) တွင် လည်း လက်မှတ်ထိုးခဲ့ပါသည်။<br>· ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် ကျား-မ တန်းတူအခွင့်အရေးကို ထည့်သွင်းဖော်ပြထားပါသည်။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား-မ၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ခွဲခြားဆက်ဆံခြင်းမရှိစေရ။<br>· ၂၀၁၃ ခုနှစ်တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၁၁) (NSPAW) ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MNCWA) မှ စတင် ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် အမျိုးသမီးများဘဝကို မြှင့်တင်သည့် အနာဂတ် စီမံချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အမျိုးသမီးရေးရာ အဓိကတာဝန်ခံအဖြစ် ခန့်အပ်ခဲ့ပါသည်။ NSPAW သည် အမျိုးသားအဆင့်မှ မြို့နယ်အဆင့်အထိ ကျား-မ တန်းတူအခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အကောင်အထည်ဖော်သည်။ |

## ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင်အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ခြင်း

| စီမံကိန်းခေါင်းစဉ် | ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်မှုနှုန်း မြှင့်တင်ရေး စမ်းသပ်စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား - မ လူမှုကဏ္ဍညီမရေး |
| | တည်နေရာ | တီးတိန်မြို့နယ်၊ ချင်းပြည်နယ်၊ မြန်မာနိုင်ငံ |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၆၅၀၀၀ |
| | စီမံကိန်းကာလ | နှစ်နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေး ရည်ရွယ်ချက်**<br>ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အများပြည်သူနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်ပူးပေါင်းနိုင်ခွင့်ရှိသော ဒီမိုကရေစီနည်းကျ လူ့အသိုက်အဝန်းကို ထိရောက်စွာ တည်ဆောက်ရန်။<br><br>**လတ်တလောရည်ရွယ်ချက်**<br>· ကျား-မတန်းတူ အခွင့်အရေးများအကြောင်း သိရှိကာ အသိပညာဗဟုသုတများ တိုးပွားစေရန်။<br>· ဒေသတွင်းလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုတိုးတက် မြင့်မားလာစေရန်။<br>· တီးတိန်မြို့နယ်အတွင်းရှိအမျိုးသမီးအဖွဲ့များအကြားကွန်ယက်ကိုအားဖြည့်ပံ့ပိုးရန်။ |

| စီမံကိန်းခေါင်းစဉ် | ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်မှုနှုန်း မြှင့်တင်ရေး စမ်းသပ်စီမံကိန်း |
|---|---|

**စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု**

**နောက်ခံအကြောင်းအရာ**

ချင်းလူ့အဖွဲ့အစည်းအတွင်းတွင် ကျား-မအခွင့်အရေး တန်းတူညီမျှခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာများအမြောက်အမြား ရှိပါသည်။ အမျိုးသမီးများသည် အမျိုးသား များနှင့်တန်းတူအခွင့်အရေးများမရကြပါ။ အမျိုးသမီးများကို လူမှုအဖွဲ့အစည်းတွင်ဒုတိယ တန်းစားအဖြစ် သဘောထားကြသည်။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များတွင် အမျိုး သမီးကို ခေါင်းဆောင်တင်ရန် ငြင်းဆန်ခြင်း၊ အမှုဆောင် ကော်မတီများနေရာတွင် ထည့်သွင်းမှုမပြုခြင်းနှင့် ခရစ်ယာန်ကျောင်းတော် လူကြီးဖြစ်ရန် ငြင်းဆန်ခြင်းများ ရှိကြသည်။

လူ့အဖွဲ့အစည်းတွင် အမျိုးသမီးပညာတတ် အနည်းငယ်သာရှိပြီး အများစုမှာ ၎င်းတို့ ခင်ပွန်းသည်များကိုသာ မှီခိုကြရသည်။ အိမ်ထောင်စုတွင် အမျိုးသားတစ်ဦးရှိပါက စိတ်ဓာတ်ရေးရာ လုံခြုံသည်ဟု ခံစားကြပြီး၊ အမျိုးသားထက် ရှေ့ရောက်နေလျှင် မသင့်တော်၊ အမျိုးသမီးသည် နောက်လိုက်သာ ဖြစ်သင့်သည်ဟု ခံယူထားကြသည်။ ကိစ္စရပ်များကို အမျိုးသမီးများက ဆုံးဖြတ်နိုင်သော်လည်း ဆုံးဖြတ်လေ့မရှိဘဲ ၎င်းတို့၏အယူအဆ၊အကြံဉာဏ်ပေးခြင်းလောက်သာ လုပ်ဆောင်ကာသုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းများကို လုပ်ဆောင်လေ့မရှိကြပါ။

ဤရေ့ပြေးစီမံချက်သည် တီးတိန်မြို့နယ်မှ အမျိုးသမီးများ၏ ပညာအရည်အချင်း၊ အသက်မွေးဝမ်းကျောင်းအဆင့်များကို မြှင့်တင်ရေးအတွက် ပညာရေး အထောက် အကူကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးခြင်းအားဖြင့် ၎င်းတို့ကြုံတွေ့နေရသော ကန့် သတ်ချက်များ၊ အတားအဆီးများကို ကျော်လွှားနိုင်မည်ဟု ရည်မှန်းပါသည်။ ဤစီမံ ချက်ကြောင့် ချင်းပြည်နယ်မှ အမျိုးသမီးများသည် ၎င်းတို့၏ ကိုယ်ပိုင် အစွမ်းအစများ၊ ကျွမ်းကျင်မှုနှင့် ပါရမီများကို လေ့ကျင့်နိုင်ခြင်းအားဖြင့် မိမိကိုယ်ကို ယုံကြည်မှုနှင့် အသိပညာ ပိုမိုရရှိလာမည်။ ချင်းလူ့အဖွဲ့အစည်းအတွက် အကျိုးပြုမှု များကို လုပ်ဆောင်လာနိုင်မည်ဟု မျှော်မှန်းပါသည်။

**မျှော်မှန်းရလဒ်**

ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူထုနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာ တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိသော ဒီမိုကရေ စီနည်းကျ လူ့အဖွဲ့အစည်း တည်ဆောက်ခြင်းတွင် ထိရောက်စွာ ပါဝင် ဆောင်ရွက် နိုင်ခြင်း။

ကျား-မ တန်းတူအခွင့်အရေးများ၊ အမျိုးသမီးအခွင့်အရေးများအကြောင်းကို ပိုမိုသိရှိ နားလည်သဘောပေါက်လာခြင်းနှင့် တီးတိန်မြို့နယ်အတွင်းရှိ အမျိုးသမီးအဖွဲ့များ အကြား ကွန်ယက်ကို ကောင်းစွာထူထောင်လည်ပတ်စေခြင်းဖြင့် အခြားမြို့နယ်များ တွင် အလားတူစီမံကိန်းများ ဆင့်ပွားအကောင်အထည်ဖော်ခြင်း။

**ရလဒ်အညွှန်းကိန်းများ**

· လူထုနှင့် သက်ဆိုင်သော အ ဖွဲ့အစည်းများနှင့် အစိုးရဌာနများအတွင်း အဆင့်မြင့် ရာထူးများတွင် တာဝန်ထမ်းဆောင်သော အမျိုးသမီးအရေအတွက် ပိုမိုများပြား လာခြင်း။

· အမျိုးသမီးအဖွဲ့များကွန်ယက်ကိုဖွဲ့စည်းခြင်း။

· ကျား-မ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ လုပ်ငန်းများပိုမို လုပ်ဆောင်လာခြင်း၊ သင်တန်းတက်ရောက်သူများ အရေအတွက်အားဖြင့် ပိုမိုများ ပြားလာခြင်း။

| စီမံကိန်းခေါင်းစဉ် | ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်မှုနှုန်း မြှင့်တင်ရေး စမ်းသပ်စီမံကိန်း | | |
|---|---|---|---|
| | | · လူ့အဖွဲ့အစည်းအတွင်း သဘောထားနှင့် အမူအကျင့်များ ပြောင်းလဲလာခြင်း။ | |
| | လုပ်ငန်း ဆောင်ရွက်ချက် | · လူ့အခွင့်အရေးနှင့် နိုင်ငံရေးအသိအမြင်ကို ကျယ်ပြန့်စေမည့် သင်တန်းများကို အမျိုးသမီးများအတွက် ပို့ချခြင်း - သင်တန်းကို တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ အလားအလ ရှိသော အမျိုးသမီးများ (၃၀ဦး) ကို ရက်သတ္တပတ် (၁) ပတ်ကြာ ပို့ချမည်။ ကျား-မ တန်းတူညီမျှရေး၊ လူ့အခွင့်အရေးနှင့် မြန်မာ့နိုင်ငံရေး တို့ကို အမျိုးသမီးများ သိရှိနားလည်ကြစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။<br>· "အမျိုးသမီးများနှင့်ခေါင်းဆောင်မှု"ဆိုသော ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် စွမ်းရည်ပြပွဲများကို အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသူ၊ကျောင်းသားများ (ပဥ္စမတန်းမှ နဝမတန်းအထိ)အတွက် ကျင်းပပေးခြင်း- အမျိုးသမီး ကလေးငယ်များအနေဖြင့် အလယ်တန်းအဆင့် ငယ်ရွယ်စဉ်ကတည်းကပင်၎င်း အကြောင်းအရာကို ကိုယ်ပိုင်တွေးခေါ် ချင့်ချိန်တတ်စေရန်နှင့် အမျိုးသား ကလေး များပါ ကျား၊မတန်းတူအခွင့်အရေးအကြောင်းအရာကို ပိုမိုနားလည်သဘော ပေါက်စေရန် ရည်ရွယ်သည်။ ကျောင်းသူ၊ ကျောင်းသားလေးများ၏ ကိုယ်ပိုင် အရည်အသွေး ထူးချွန်မှုများဖော်ထုတ်နိုင်ရန်ဖြစ်ပါသည်။(ကျောင်းသူ၊ကျောင်းသား၃၀၀ အတွက်)<br>· အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုနှင့် ထုံးတမ်းဓလေ့ဥပဒေများအကြောင်း ရှင်းလင်းမှုအတွက် ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျား-မတန်းတူ ညီမျှဆိုင်ရာ အထူးကျွမ်းကျင်သူ နိုင်ငံသားနှင့် အပြည်ပြည်ဆိုင်ရာ ပညာရှင်များ၊ လူမှုရေးခေါင်းဆောင်များ၊ အစိုးရပိုင်းတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းကျင်းပမည်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း မဟာဗျူဟာကို ရေးဆွဲခြင်း (သို့မဟုတ်) ချင်းအက်ဥပဒေတွင် ပါဝင်သော အမျိုးသမီးအခွင့်အရေး ဆိုင်ရာများကို ပြန်လည်ပြင်ဆင်ခြင်းအတွက် သဘောတူညီချက် ရယူသည်။ (ပါဝင်သူ ၁၅၀ ဦး)<br>· ဆရာဖြစ်သင်တန်းများ ပို့ချခြင်း (စာရင်းကိုင်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှု၊ ဥပဒေ ကိစ္စရပ်များ၊ ခေါင်းဆောင်မှုနှင့် အသိပညာပေးဆွေးနွေးခြင်း) ရက်သတ္တပတ် (၁)ပတ် ကာလသင်တန်းများကို တီးတိန်နှင့် အခြားမြို့နယ်များမှ အမျိုးသမီး ခေါင်းဆောင်များနှင့် အမျိုးသမီးအဖွဲ့များမှ အဖွဲ့ဝင်များအတွက် ရည်ရွယ်ပို့ချမည်။ အမျိုးသမီးများကို အရည်အသွေးပြည့်ဝသည့် ခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်ချ မှတ်နိုင်သည့် အဆင့်မြင့်ပုဂ္ဂိုလ်များ၊ မြန်မာ့နိုင်ငံရေး အကူးအပြောင်းတွင် လူထုကိုယ်စားပြုကိုယ်စားလှယ်များ ဖြစ်လာနိုင်ရေး မျှော်မှန်းပါသည်။ (သင်တန်းသူ ၃၀ ဦး) | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | စီမံချက်လုပ်ငန်းရပ်များကို တီးတိန်မြို့နယ် အမျိုးသမီးအဖွဲ့ (TTWF) မှ ကျေးရွာများသို့ အရောက်သွားကာ အမျိုးသမီးခေါင်းဆောင်များကို စည်းရုံးပါဝင်စေ ခြင်းများ၊ သင်တန်း များ တက်ရောက်ရန် လှုံ့ဆော်ခြင်းများကို ဦးဆောင်လုပ်ဆောင် ပါမည်။ တောင်ပိုင်းတီးတိန်နှစ်ခြင်းခရစ်ယာန်အသင်း (STBA) မှလည်း သင်တန်း နေရာ၊ သင်တန်းသုံးပစ္စည်းများ၊ ထိုင်ခုံများ၊ လျှပ်စစ်မီး စက်နှင့် အခြားလိုအပ်သော ပစ္စည်းများ ထည့်ဝင်ကူညီမည်ဟု အဆိုပြုပါသည်။ လုပ်ငန်းရပ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများနှင့် အတူပူးပေါင်း ဆောင်ရွက်ပါမည်။ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ဖြစ်သော Global Zomi Alliance နှင့် Tedim Youth Fellowship အဖွဲ့များမှလည်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကွန်ယက်ဖွဲ့လုပ်ငန်းလုပ်ဆောင်မှုများ မြှင့်တင်ခြင်းများ လုပ်ဆောင်ပါမည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | စုစုပေါင်း ကုန်ကျငွေ |

| စီမံကိန်းခေါင်းစဉ် | ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူထုနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်မှုနှုန်း မြှင့်တင်ရေး စမ်းသပ်စီမံကိန်း | | |
|---|---|---|---|
| | | | (အမေရိကန်ဒေါ်လာ) |
| | | လူ့အခွင့်အရေးနှင့် နိုင်ငံရေးအသိအမြင်ဖွင့် သင်တန်းများ (သင်တန်းသား ၃၀ ဦး) | ၂၀၀၀ |
| | | စာစီစာကုံးပြိုင်ပွဲနှင့် စွမ်းရည်ထုတ်ဖော်ပြသပွဲ (ပါဝင်သူ ၃၀၀) | ၃၀၀၀ |
| | | ပြည်နယ်အဆင့် ညီလာခံ (တက်ရောက်သူ ၁၅၀ ဦး) | ၁၀၀၀၀ |
| | | အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ဘဝမြှင့်တင်ရေးစွမ်းရည် သင်တန်းများ (သင်တန်းသာ ၆၀ ဦး) | ၂၃၀၀၀ |
| | | LCCI သင်တန်း | ၂၀၀၀၀ |
| | | ဆရာဖြစ်သင်တန်းများ | ၃၀၀၀ |
| | | စုစုပေါင်း ကုန်ကျငွေ (မမျှော်မှန်းသော စရိတ်များမပါ) | ၆၁၀၀၀ |
| | | မမျှော်မှန်းသော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၄၀၀၀ |
| | | စုစုပေါင်း ဘတ်ဂျက် | ၆၅၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီခြင်း | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (CEDAW) ကို ပြည် ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၉၉၇ ခုနှစ်တွင်သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အတူဘေဂျင်းကြေညာ စာတမ်း နှင့် လုပ်ငန်းစီမံချက်များ (Bijing Platform for Action) တွင် လည်း လက်မှတ်ထိုး ခဲ့ပါသည်။<br>၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် ကျား-မ တန်းတူအခွင့် အရေးကို ထည့်သွင်းဖော်ပြထားပါသည်။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား-မ၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ပြည်ထောင်စုသမ္မတ ြမန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ခွဲခြားဆက် ဆံခြင်း မရှိစေရ။<br>၂၀၁၃ခုနှစ်တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၁၁) (NSPAW) ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MNCWA) မှ စတင် ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် အမျိုးသမီးများဘဝကို မြှင့်တင်သည့် အနာဂတ် စီမံချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနကို အမျိုးသမီးရေးရာ အဓိကတာဝန်ခံအဖြစ် ခန့်အပ်ခဲ့ပါသည်။ NSPAW သည် အမျိုးသားအဆင့်မှ မြို့နယ်အဆင့်အထိ ကျားမတန်းတူအခွင့် အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အကောင်အထည်ဖော်သည်။ | |

# ၁.၅။ ကျန်းမာရေးကဏ္ဍတွင် ဖွံ့ဖြိုးရေးအတွက် အရေးပေါ်လိုအပ်နေသော နယ်ပယ်များကို တုန့်ပြန်ဖြေရှင်းရေး စီမံကိန်း

## ကျန်းမာရေးပြုစုစောင့်ရှောက်မှုဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း - ကျန်းမာရေးသင်တန်းဆင်း လုပ်သားများစွာ မွေးထုတ်ပေးခြင်းဖြင့် ကျေးလက်ကျန်းမာရေးတွင် ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှု ပြဿနာကို တုန့်ပြန်ဖြေရှင်းခြင်း

| စီမံကိန်းခေါင်းစဉ် | ကျေးရွာအဆင့်တွင် ကျန်းမာရေးသင်တန်းဆင်း လုပ်သားများ ခန့်ထားခြင်းဖြင့် ချင်းပြည်နယ် ကျေးလက်ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ကျန်းမာရေး |
| | တည်နေရာ | မြို့နယ် (၉) မြို့နယ် |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၅၇၅ မီလျံ |
| | စီမံကိန်းကာလ | ၃ နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးရည်ရွယ်ချက်**<br>· စေတနာ့ဝန်ထမ်းများကို ကျန်းမာရေးသင်တန်းများ ပေး၍ ဆောင်ရွက်ခြင်းအားဖြင့်ချင်းပြည်နယ်ကျေးလက်ဒေသများမှပြည်သူများအခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိမှု တိုးပွားလာစေရန်။<br>·<br>**လတ်တလောရည်ရွယ်ချက်**<br>· ဒေသတွင်းမှစေတနာ့ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ဆောင်စေခြင်းအားဖြင့် ပြည်နယ်အစိုးရအနေဖြင့် ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းခန့်ထားရခြင်းနှင့် ၎င်းတို့ကို တည်မြဲအောင် ထိန်း ထားရခြင်းကိစ္စရပ်များ လျော့ပါးသက်သာစေခြင်း။<br>· ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်မှုနှင့် မွေးကင်းစကလေးသူငယ်စောင့်ရှောက်မှု အဝန်းအဝိုင်း မြင့်တက်စေခြင်း။<br>· ရောဂါကာကွယ်ရေး လုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းကို မြှင့်တင်စေခြင်း။ |
| | စီမံကိန်း၏ ကြောင်း ကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ် ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ ဆိုးရွားစွာ ပြတ်လပ်နေသည်ကို အောက်ပါကိန်းဂဏန်းများမှ သိရှိနိုင်ပါသည်။ (ချင်းပြည်နယ်၊ မြို့နယ်(၉) မြို့နယ်မှ ပျမ်းမျှ)<br>- ဆရာဝန် ပြတ်လပ်မှုသည် ၇၇%<br>- သူနာပြု ပြတ်လပ်မှုသည် ၃၇%<br>- အခြေခံကျန်းမာရေးဝန်ထမ်းဖြစ်သောကျန်းမာရေးမှူး ပြတ်လပ်မှုသည် ၄၈%<br>- ဒေသမှကျန်းမာရေးစေတနာ့ဝန်ထမ်း ၈%<br>- အရန်သားဖွားဆရာမ ၂၅%<br>တွန်းဇံမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များတွင် ခွင့်ပြုခန့်ထားသော ဝန်ထမ်းအင်အားသည် (၇)ယောက်မှ (၉)ယောက် ခန့်ရှိသော်လည်း လက်တွေ့တွင် |

| စီမံကိန်းခေါင်းစဉ် | ကျေးရွာအဆင့်တွင် ကျန်းမာရေးသင်တန်းဆင်း လုပ်သားများ ခန့်ထားခြင်းဖြင့် ချင်းပြည်နယ် ကျေးလက်ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း | |
|---|---|---|
| | | မြို့နယ်ကျန်းမာရေးမှူး (၁) ဦးသာ တာဝန်ထမ်းဆောင်ပါသည်။<br><br>လေ့ကျင့်ပေးထားသောစေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားနှင့် အရန်သားဖွားဆရာမများ အလုပ်ထွက်နှုန်းမှာ အလွန်မြင့်မားသည်မှာ ကာလကြာရှည်ဖြစ်နေပါသည်။ ယေဘူယျအားဖြင့် ချင်းပြည်နယ်ရှိ မြို့နယ်(၉) မြို့နယ်တွင် လူထုကျန်းမာရေးလုပ်သားနှင့်အရန်သားဖွားဆရာမများအလုပ် ထွက်နှုန်းသည် ၅၅% နှင့် ၄၅% အသီးသီးဖြစ်ကြပါသည်။ နိုင်ငံအဂှမ်းတွင် လူထုကျန်းမာရေးလုပ်သားများ၏ အလုပ်ထွက်နှုန်းမှာ အရန်သားဖွားဆရာမများနှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားသည် ကိုတွေ့ရသည်။<br><br>**မျှော်မှန်းရလဒ်**<br>ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ လစ်လပ်နေမှုကို အစားထိုး ဖြေရှင်းနိုင်ရန် အတွက်ကျေးရွာအဆင့်တွင် စေတနာ့ ဝန်ထမ်းများကိုလိုအပ်သော ကျန်းမာရေး သင်တန်းများပို့ချ၍၎င်းတို့ကို တာ ဝန်ခန့်အပ်ထားခြင်းဖြင့် တုန့်ပြန်လုပ်ဆောင်လျှင် ကျန်းမာရေးအညွှန်းကိန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေမည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ချင်းပြည်နယ်ဒေသတွင်းမှ ကျေးရွာများတွင် ဆက်လက် လုပ်ကိုင်နိုင်မည့် တက်ကြွသော အရန်သားဖွားဆရာမများနှင့် လူထုကျန်းမာရေးလုပ်သားများ ကို ရှာဖွေစုဆောင်းမည်။<br>· စေတနာ့ဝန်ထမ်းကျန်းမာရေး လုပ်သားလုပ်လိုသူများကို ထပ်မံခေါ်ယူစုဆောင်းကာလိုအပ်သောသင်တန်းပို့ချမည်။အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံ ဆေးပုံးများပေးအပ်မည်။ ထိုသို့အားဖြင့် ၎င်းတို့နေထိုင်ရာရပ်ရွာမှပြည်သူလူထုအား အခြေခံကျန်းမာရေးစောင့် ရှောက်မှုကို လက်လှမ်းမှီစေမည်။<br>· ဝေးလံသော အရပ်ဒေသရှိ ကျေးရွာများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများနှင့် ဝေးသော ကျေးရွာများအတွက် အရန်သားဖွားဆရာမများကို စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားအဖြစ် လေ့ကျင့်ပေးမည်။<br>· လူဦးရေ(၅၀)အောက်ရှိသော ကျေးရွာများအတွက် စေတနာ့ဝန်ထမ်းများကို လူထုကျန်းမာရေးလုပ်သားများအဖြစ် (သို့မဟုတ်) ကျန်းမာရေးမြှင့်တင်သူများအဖြစ် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗွီရောဂါများ၊ ကာကွယ်ဆေးထိုးခြင်းနှင့်အာဟာရစောင့်ရှောက်ခြင်းတို့ကိုထပ်ပေါင်းလုပ်ဆောင်နိုင်စေရန်လေ့ကျင့်ပေးမည်။<br>· သင်တန်းသင်ရိုးနှင့်ကွင်းဆင်း ဆောင်ရွက်မှုလက်စွဲများကို အရန်သားဖွားဆရာမများအတွက်ပြုစုခြင်းနှင့် အရန်သားဖွားဆရာမသင်တန်းများ ပံ့ပိုးပေးခြင်းတို့ပြုလုပ်မည်။ (လက်ရှိသင်တန်းတက်ပြီးသူများအတွက်မွမ်းမံသင်တန်းများ လည်း ပါမည်)<br>· အရန်သားဖွားဆရာမများကို သင်တန်း(၆)လပေးခြင်း၊ ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သင်တန်းပို့ချမည်။<br>· သင်တန်းဆင်းဆရာ၊ ဆရာမများကို ဆေးပုံးအပ်နှင်းကာ ၎င်းင်းတို့နေထိုင်ရာကျေးရွာဒေသများတွင်ကျေးရွာခေါင်းဆောင်များ၏ကြီးကြပ်မှုဖြင့်တာဝန်ထမ်းဆောင်စေမည်။ နည်းပညာနှင့် အစီရင်ခံမှုများကို ကျန်းမာရေး ဦးစီးဌာနသို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည်။<br>· လက်ရှိလုပ်ဆောင်နေသော အရန်သားဖွားဆရာမများကို ကလေးသူငယ်များတွင် အဖြစ်များသော ရောဂါများနှင့် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗွီရောဂါများ |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="3">ကျေးရွာအဆင့်တွင် ကျန်းမာရေးသင်တန်းဆင်း လုပ်သားများ ခန့်ထားခြင်းဖြင့် ချင်းပြည်နယ် ကျေးလက်ဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်း</th></tr>
<tr><td></td><td></td><td colspan="2">ထဲမှ သင့်လျော်ရာ ရောဂါများအကြောင်း မွမ်းမံသင်တန်းများပို့ချမည်။<br>· မွမ်းမံသင်တန်းကို နှစ်စဉ် (၅)ရက်ကြာ ပို့ချမည်ဖြစ်ပြီး လက်တွေ့လုပ်ဆောင်ရာတွင် ကြုံတွေ့ရသောပြဿနာများနှင့် ဖြစ်ရပ်များအတွက် (၁)ရက်သီးသန့် သတ်မှတ်ဆွေးနွေးပါမည်။ သင်တန်း(၁)ကြိမ်တွင်လူဦးရေ(၃၀)ထက် ပို မည်မဟုတ်ပါ။<br>· အရန်သားဖွားဆရာမများကို သားဖွားဆေးပုံးများ ပေးအပ်ပါမည်။</td></tr>
<tr><td></td><td>လုပ်ငန်း အကောင် အထည် ဖော်ခြင်း</td><td colspan="2">ဦးဆောင် ဆောင်ရွက်မည့်အဖွဲ့<br>ကျန်းမာရေးဌာန<br><br>အဓိက ပါဝင်သက်ဆိုင်သူများ<br>ဤစီမံကိန်းကို  ကျန်းမာရေးဦးစီးဌာနက ဦးဆောင် ဆောင်ရွက်မည်ဖြစ်သည်။ စီမံ ချက်လုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီများမှတဆင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် ပူးပေါင်းလုပ်ဆောင်မည်။<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် စေတနာ့ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ခြင်းနှင့် ဖွဲ့ စည်းခြင်းတို့တွင် ပူးပေါင်းကူညီလုပ်ဆောင်ပေးရမည်။<br>စေတနာ့ဝန်ထမ်းများကို ကြီးကြပ်ခြင်းနှင့် တာဝန်ခံယူခြင်းတွင် ကျေးရွာ ကျန်းမာရေးဖွံ့ဖြိုးမှုကော်မတီသည် အဆိုပါတာဝန်ယူမှု သေချာစေရန် စေတနာ့ဝန်ထမ်းများကိုသင်တန်းပို့ချသည့်စရိတ်နှင့် အခြားလိုအပ်သည်များ လုပ်ဆောင်နိုင်ရန် ရန်ပုံငွေကောက်ခံ ဆောင်ရွက်သင့်သည်။</td></tr>
<tr><td rowspan="7">ဘဏ္ဍာရေး အချက်အလက်</td><td rowspan="7">ဘတ်ဂျက်</td><td>လုပ်ငန်းတာဝန်များ</td><td>စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ)</td></tr>
<tr><td>မြို့နယ် (၉) မြို့နယ်အတွက် အရန်သားဖွားသင်တန်းများ</td><td>၉၀၀၀၀၀</td></tr>
<tr><td>မြို့နယ် (၉) မြို့နယ်တွင် မွမ်းမံသင်တန်းများ</td><td>၄၅၀၀၀၀</td></tr>
<tr><td>အရန်သားဖွားဆရာမအသစ်နှင့် အဟောင်းတို့အတွက် အရန်သားဖွားဆေးပုံး</td><td>၁၅၀၀၀၀</td></tr>
<tr><td>စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ)</td><td>၁၅၀၀၀၀၀</td></tr>
<tr><td>မမျှော်မှန်းနိုင်သော စရိတ် ၅% ထပ်တိုးပေါင်းခြင်း</td><td>၇၅၀၀၀၀</td></tr>
<tr><td>စုစုပေါင်းဘတ်ဂျက်</td><td>၁၅၇၅၀၀၀</td></tr>
<tr><td></td><td>ဘတ်ချက် မျှော်မှန်းဆချက်များ</td><td colspan="2">မြို့နယ် (၉) မြို့နယ်အတွက် ဘတ်ဂျက်လျာထားချက်ဖြစ်သည်။</td></tr>
<tr><td>အခြားသော အချက်အလက်</td><td>အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု</td><td colspan="2">ဖော်ပြရန်မရှိပါ။</td></tr>
<tr><td></td><td>လေ့လာတွေ့ရှိချက်</td><td colspan="2">ဖော်ပြရန်မရှိပါ။</td></tr>
</table>

# ကူးစက်လွယ်သော ရောဂါများ- ဦးစားပေးတုန့်ပြန်သင့်သော ကူးစက်ရောဂါများကာကွယ်မှု အတွက် ကူညီပံ့ပိုးမှုကို တိုးမြှင့်ခြင်း

| စီမံကိန်းခေါင်းစဉ် | ငှက်ဖျား၊ တီဘီ၊ ဘီပိုးနှင့် ခုခံအားကျဆင်းသောရောဂါ (HIV) တို့ကို တားဆီးထိန်းချုပ်ခြင်းနှင့် ကလေးသူငယ်များကို ကာကွယ်စေထိုးခြင်း စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ကျန်းမာရေး - ရောဂါကာကွယ်ရေး |
| | တည်နေရာ | ချင်းပြည်နယ် |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၀၃၀၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်မှန်းချက် | · ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သောရောဂါများ၊ ရောဂါကျရောက်ခြင်းမဖြစ်စေအောင် စောင့်ကြပ်ကြည့်ရှုခြင်းပြုနိုင်သည့် ရောဂါများနှင့် အမှုအကျင့်ပုံစံကြောင့် ကူးစက်သည့်ရောဂါများစသည့်ကူးစက်ရောဂါများ ဖြစ်ပွားမှုနှုန်းလျော့ကျရန်၊ (ဝေးလံခေါင်သီသည့်ကျေးလက်ဒေသများကို ဦးစားပေးလျှက်)<br>· ကလေးသူငယ်ကာကွယ်ဆေးထိုးနှုန်း မြင့်တက်စေရန်<br>· မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီနှင့် အသည်းရောင်အသားဝါ ဘီပိုးကူးစက်မှုနှုန်း လျော့ချရန်<br>· တီဘီပိုးသယ်ဆောင်သူများကို ဖော်ထုတ်ကာ ကုသမှုပေးခြင်းဖြင့် လူထုအတွင်း ရောဂါကူးစက်ပြန့်ပွားမှုနှုန်းလျော့ချရန်<br>· ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း လျော့ချရန် |
| | စီမံကိန်း၏ ကြောင်း ကျိုး ဆက်နွှယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တဝှမ်းရှိ မြို့နယ်တ ဝှမ်းတွင် ကလေးငယ်များကို ကာကွယ် ဆေးထိုးခြင်းလုပ်ငန်းများ နယ်ပယ်များစွာ လွှမ်းခြုံဆောင်ရွက်နိုင်မှု အားနည်း နေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျန်းမာရေး ဝန်ထမ်းများ အတည်တကျ တာ ဝန်ထမ်းဆောင်ရန် ခက်ခဲခြင်း၊ ၎င်းတို့သည် ချင်းပြည်နယ်ရှိ မြို့နယ်များသို့လာရောက်တာဝန်ထမ်းဆောင်ရန် ရှောင်လ ွဲနေခြင်းနှင့် ဘွဲ့လွန်တန်းများ တက်ရောက်ရန် ရာထူးမှ ပျက်ကွက်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထိုမျှမက ကြမ်းတမ်းသောမြေမျက်နှာပြင်အနေအထား၊ ဆက်ကူရန် မလွယ်ကူသော လမ်းများနှင့် တယ်လီဖုန်းနှင့် ကြေးနန်း ဆက်သွယ်မှု မလွယ်ကူခြင်း အစရှိသော အကြောင်းအရာများကလည်း ကျန်းမာရေး ဝန်ဆောင်မှုကို လက်လှ မ်းမီနိုင်မှု အားနည်းသွားစေရန် ထောက်ကူလျှက်ရှိသည်။<br><br>**မျှော်မှန်းရလဒ်**<br>ပစ္စည်းကိရိယာ ကောင်းစွာတပ်ထားသော ရွေ့လျားကာကွယ် ဆေးထိုးအဖွဲ့များကိုအသုံးပြုခြင်းဖြင့်ကာကွယ်ဆေးထိုးနှံမှုနှုန်းသိသာစွာမြင့်တက်လာပြီး ကလေးသူငယ်များတွင်အဖြစ်များပြီး အလေးထားရမည့် ရောဂါများဖြစ်ပွားမှုနှုန်းသိသာစွာကျဆင်းသွားသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်သည်။ ဤသို့ဖြင့် ပြည်နယ်အတွင်း ၅ နှစ်အောက် ကလေးသေဆုံးနှုန်း ကျဆင်းပါလိမ့်မည်။<br>ငှက်ဖျား - တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ချင်းပြည်နယ်သည် လက္ခဏာပြငှက်ဖျား ရောဂါဖြစ်ပွားနှုန်း အမြင့်ဆုံးရာ ဖ ဆးစိမ်ခြင်ထောင်နှင့် အိပ်ခြင်းဖြင့် ရောဂါဖြစ်ပွားနှုန်းကို သိသာစွာ လျော့ချနိုင်ပါသည်။ |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ငှက်ဖျား၊ တီဘီ၊ ဘီပိုးနှင့် ခုခံအားကျဆင်းသောရောဂါ (HIV) တို့ကို တားဆီးထိန်းချုပ်ခြင်းနှင့် ကလေးသူငယ်များကို ကာကွယ်စေထိုးခြင်း စီမံကိန်း</th></tr>
<tr><td></td><td>လုပ်ငန်း ဆောင်ရွက်ချက်</td><td>· တာဝန်ရှိသူများကို အသိပေးဆွေးနွေးပွဲများကို လူထုပညာပေးခြင်း အစီအစဉ်များ မစတင်မီတွင် ဦးစွာကြိုတင် လုပ်ဆောင်ထားရမည်။<br>· ရောဂါလက္ခဏာပြနေသူ လူအားလုံးကို ရောဂါစစ်ဆေးပေးခြင်းနှင့် သလိပ်စစ်ခြင်းများ ဆောင်ရွက်ရန်အတွက် ဆေးစစ်လုပ်ငန်းကို တစ်နေ့တာ လုပ်ဆောင်မည်။<br>· ရွေ့လျားအဖွဲ့များ အသိပညာပေးလုပ်ငန်းတွင် အသုံးပြုမည့်ပစ္စည်းများ၊ အထောက်အကူပြု ကိရိယာများကို ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း (တီဗွီ၊ လော်စပီကာ၊ မီးစက်)။<br>· ရွေ့လျားလုပ်ငန်းများတွင် ပါ ဝင်သည့် ဝန်ထမ်းအင်အားအတွက် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ၊<br>· လမ်းပေါက်ခြင်းနှင့် ရာသီဥတုသာယာခြင်းတို့တွင် အဖွဲ့အတွက် ခရီးစရိတ် (သို့မဟုတ်) ရှေ့ပြေးမြို့နယ်( ၁ - ၂ မြို့နယ်) များတွင် အသုံးပြုနိုင်မည့် လေးဘီးယက် မော်တော်ယာဉ်။</td></tr>
<tr><td></td><td>စီမံကိန်း အကောင် အထည် ဖော်ခြင်း</td><td>· ရွေ့လျားဆေးခန်းများ ဖွင့်လှစ်ရန် ရွေ့လျားအဖွဲ့ကို ဖွဲ့စည်းပါမည်။ အုပ်စုလိုက်ကာကွယ်ဆေးထိုးခြင်းကို ဝေးလံပြီးသွားလာရခက်ခဲသည့် ကျေးလက်ကျန်းမာရေးဌာနများတွင် အကောင်အထည်ဖေါ်မည်။ ဤနည်းကို မြို့နယ် (၅)မြို့နယ်လုံးတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး အရာရှိများ၏ ကြီးကြပ်မှုနှင့် အထောက်အကူများယူကာ ဆက်လက်/ တိုးချဲ့ဆောင်ရွက်ရန်အဆိုပြုပါသည်။ ဝေးလံပြီး သွားလာရခက်ခဲသည့် ကျေးလက်လူထုများကြားရောဂါရှာဖွေခြင်းကိုလုပ်ဆောင်နိုင်၊ကာကွယ်ဆေးထိုးနှင့်အာဟာရ စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း အရှိန်မြှင့် လုပ်ဆောင်နိုင်ပါ မည်။<br>· အုပ်စုလိုက် ကာကွယ်ဆေးထိုးခြင်းကို အခြေခံကျန်းမာရေးဝန်ထမ်းများက လုပ်ဆောင်ပါမည်။ ကျေးရွာများမှ ကိုယ်တိုင်ဦးစားပေးအဆင့် သတ်မှတ်ခြင်းကို အခြေခံကာ အချိန်မီ ပြီးစီးစေရန် အဆိုပါကျေးရွာတွင် ဝန်ထမ်းအားလုံး ပူးပေါင်းပြီး အင်အားစုပါမည်။<br>· မိခင်များကို အာဟာရပညာ ပေးခြင်း၊ တစ်နှစ်အောက်နှင့် သုံးနှစ်အောက် ကလေးငယ်များကို ကိုယ်အလေးချိန်ခြင်း၊ စသည်တို့ ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများက ကူညီပါမည်။<br>· မိခင်များအား ယခင် တွေ့ဆုံမှုမှ သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည် ပြောပြစေခြင်း တွေ့ဆုံစကားဝိုင်းတစ်ခုပါဝင်မည်ဖြစ်ပြီး ကျန်းမာရေးပညာပေးစကားဝိုင်းအတွက် မိခင်(၃)ဦးကို ပစ္စည်းများ - ကြက်ဥ၊ ပဲ၊ စားသောက်ကုန် - ချီးမြှင့်ပါမည်။</td></tr>
<tr><td>ဘဏ္ဍာရေး အချက်အလက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်များ</th><th>စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ)</th></tr>
<tr><td>ငှက်ဖျားရောဂါ တိုက်ဖျက်ရေး အစီအစဉ်</td><td>၆၀၀၀၀၀</td></tr>
<tr><td>တီဘီရောဂါကာကွယ်ကုသရေး အစီအစဉ်</td><td>၂၈၀၀၀၀</td></tr>
<tr><td>ကာကွယ်ဆေးထိုးခြင်းနှင့် အာဟာရအစီအစဉ်</td><td>၁၀၀၀၀၀</td></tr>
<tr><td>စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ)</td><td>၉၈၀၀၀၀</td></tr>
</table>
</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ငှက်ဖျား၊ တီဘီ၊ ဘီပိုးနှင့် ခုခံအားကျဆင်းသောရောဂါ (HIV) တို့ကို တားဆီးထိန်းချုပ်ခြင်းနှင့် ကလေးသူငယ်များကို ကာကွယ်စေထိုးခြင်း စီမံကိန်း | | |
|---|---|---|---|
| | | မမျှော်မှန်းနိုင်သော စရိတ် ၅% ထပ်တိုးပေါင်းခြင်း | ၅၀၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၁၀၃၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

# ၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တော

## ၂.၁။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်ကိုတုန့်ပြန်ဖြေရှင်းပေးမည့်စီမံကိန်းများ

### လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဝင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကိုအစားထိုး ဖြေရှင်းခြင်း

| စီမံကိန်းခေါင်းစဉ် | လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဝင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးဖြေရှင်းခြင်း။ | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၄၉၀၀၀၀ |
| | စီမံကိန်းကာလ | ငါးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · သီနံလှည့်ပြောင်းစိုက်ပျိုးချိန် တိုတောင်းလာသဖြင့် ထုတ်လုပ်မှုကျဆင်းလာသော လက်ရှိရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးနေသည့် လယ်သမားအိမ်ထောင်စုတို့အတွက် အနာဂတ်တွင် ရေရှည်ခိုင်မာမည့် စီးပွားရေးအခွင့်အလမ်းများကို သတ်မှတ်ဖော်ထုတ်ပေးရန်။<br>· အချိန်ကာလတိုအတွင်း လှည့်ပြောင်းစိုက်ပျိုးနေသော ရွှေ့ပြောင်းတောင်ယာစနစ်အစား အကျိုးအမြတ်များပြီး စားနပ်ရိက္ခာဖူလုံရေးကိုပါ ပေးစွမ်းမည့် စိုက်ပျိုးရေးနှင့် သစ်တောထူထောင်ရေး နည်းနာများကို ကျေးလက်နေအိမ်ထောင်စုတို့ လက်လှမ်းမီဆောင်ရွက်နိုင်ရန် အကျိုးသက်ရောက်မှုရှိသည့် အုပ်ချုပ်ရေးဂန်းကျင်တစ်ခု ဖန်တီးရန်<br>· ချင်းပြည်နယ်ရှိ လယ်သမားမိသားစုများနှင့် ကျေးလက်နေလူထုအတွက် ဆင်းရဲနွမ်းပါးမှုအနေအထားကို လျှော့ချပြီး ၎င်းတို့၏ စားနပ်ရိက္ခာဖူလုံမှုကို တိုးမြှင့်ရန်<br>· ချင်းပြည်နယ် ကျေးလက်ကဏ္ဍတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားကျယ်ပြန့်လာစေမည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွှယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်၊ စိုက်ပျိုးရေးလုပ်ငန်း၏ ၈၀% ကို ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးကြပြီး၊ ပြည်နယ်အတွင်းရှိ ကျေးလက်နေအိမ်ထောင်စုများစွာတို့မှာ ဝင်ငွေနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက် အဆိုပါ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုကိုသာ အားထားနေရသည်။ သို့သော် လူဦးရေ သိပ်သည်းမှုနှင့် စိုက်ပျိုးတိုးချဲ့မှုများ များပြားလာသဖြင့် လတ်တလောတွင်နေရာများစွာ၌ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု၏ထုတ်လုပ်နိုင်မှုပမာဏမှာ ကျဆင်းလာပါသည်။ ဒေသအနေဖြင့် လိုအပ်သော စား နပ်ရိက္ခာ၏ ၇၀% ကိုသာ ထုတ်လုပ်နိုင်၍ ကလေးသူငယ်များသည် ဖွံ့ဖြိုးကြီးထွားမှုနှေးကွေးခြင်းကို ပြည်ထောင်စု နိုင်ငံအတွင်းတွင် အမြင့်ဆုံးသို့ ရောက်ရှိခံစားနေရပါသည်။ ထို့ပြင် ရွှေ့ပြောင်းတောင်ယာ စနစ်ကို အစားထိုးနိုင်မည့်စီးပွားရေးအကျိုးအမြတ်များပြီးလူထုလက်ခံကျင့်သုံးနိုင်သည့်အခြားသော နည်းစနစ်များ ကိုလည်း သတ်မှတ်ဖော်ထုတ်မှု မရှိသေးသည့်အတွက် လက်ရှိ အခြေအနေသည် ပိုမိုဆိုးဝါးလာဖွယ်ရှိပါသည်။ |

| စီမံကိန်းခေါင်းစဉ် | လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဝင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးဖြေရှင်းခြင်း။ | |
|---|---|---|
| | | **တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ချင်းပြည်နယ်တွင် လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်တစ်မိုင်လျှင် ၃၅ ယောက်အောက်သာ ရှိသဖြင့် (တစ်စတုရန်းကီလိုမီတာလျှင် ၁၄ ယောက်အောက်) အလွန်နည်းပါးသော ပမာဏဟု ဆိုနိုင်သော်လည်း ကြမ်းတမ်းမတ်စောက်ပြီး တောင်ထူထပ်သော မြေမျက်နှာပြင်ကိုပိုင်ဆိုင်ထားခြင်းကြောင့် အတည်တကျစိုက်ပျိုးမှုနည်းစနစ်ဖြင့် မသင့်တော်ဘဲ မြေယာအများစုမှာ သစ်တောစို က်ပျိုးရေးအတွက်သာ သင့်တော်ပါသည်။ တစ်နှစ်လျှင် မြေယာ၏ ၃%ကိုသာလက်ရှိစိုက်ပျိုးနေသော်လည်း ရွှေ့ပြောင်းတောင်ယာ စနစ်အရ စိုက်ပျိုးသူ တို့မှာ ၎င်းတို့၏ မိရိုးဖလာနည်းဖြင့် နှစ်စဉ်လှည့်ပြောင်း စိုက်ပျိုးနေကြရာ မြေယာကို (၄) ကြိမ်မှ (၁၅) ကြိမ်အထိ အသုံးချနိုင် ရန် လိုအပ်ပါသည် ။ ရေတိုရွှေ့ပြောင်း တောင်ယာစနစ်မှ အတည်တကျစိုက်ပျိုးသောနည်းစနစ်သို့ ကူးပြောင်းရာတွင် အဆိုပါနည်းသည် မိသားစုတစ်ခုလုံးအတွက် စားနပ်ရိက္ခာဖူလုံမှုကို ဖြည့်တင်းပေးနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်စေရန် အိမ်ထောင်စုတစ်ခုချင်းစီအတွက် လိုအပ်သောရိက္ခာ ထုတ်လုပ်မှုနှင့် ဝင်ငွေရရှိစေမည့် တုန့်ပြန်နည်းဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးရာသီ စက်ဝန်းကြားထဲတွင် လစ်လပ်နေသော မြေလွတ်မြေရိုင်းများကို အသုံးချစိုက် ပျိုးခြင်းဖြင့် တုန့်ပြန်ဆောင်ရွက်မှုမှာ အောင်မြင်နိုင်ဖွယ် ရှိပါသည်။<br>ချင်းပြည်နယ်ရှိ ဒေသများစွာတွင် ရွှေ့ပြောင်းတောင်ယာစနစ်မှ အတည်တကျစိုက်ပျိုးသောနည်းစနစ်သို့ ကူးပြောင်းရေးမှာ ရှောင်လွှဲမရနိုင်သည့် အရေးကိစ္စဖြစ်ပါသည်။ သို့သော် လက်ရှိကျင့်သုံးနေသော မြေပြင်ညီညှိခြင်းဖြင့် စိုက်ပျိုးမှုမှာ အလွန်ကုန်ကျစရိတ်များပြီး ပြည်နယ်အနေဖြင့်လည်း ငွေကြေးတတ်နိုင်သည့်အနေအထားတွင်မရှိပါ။ ထိုမျှမကလယ်သမားအိမ်ထောင်စုများစွာသည် မြေပြင်ညီညှိရန်သင့်တော်သော ေြ မယာများကိုလည်း လက်လှမ်းမမီနိုင်ကြသေးပေ။ သင့်တော်သော အခြားအစားထိုးနည်းများမှာ (၁) သစ်သီးပင်နှင့် စပျစ်နွယ်ပင်များ စိုက်ပျိုးခြင်း၊ (၂) ကျွဲ၊နွား၊သိုး၊ဆိတ်မွေးမြူရေးအတွက် တည်တံ့ခိုင်မာသော စားကျက်အခင်းများ စိုက်ပျိုးခြင်း နှင့် (၃) အသေးစားတစ်ပိုင်တစ်နိုင် စီးပွားဖြစ်သစ်တောစိုက်ပျိုးမှုတို့ ဖြစ်ပါသည်။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | · ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် နယ်မြေများ ပြန်လည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော အိန္ဒိယနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးရေးအဖွဲ့အစည်း (ICIMOD) ၏ စီမံကိန်းများသို့ သွားရောက်လေ့လာခြင်း။<br>· မြို့နယ် (၉) မြို့နယ်မှ ရွာပေါင်းမြောက်မြားစွာတို့တွင် ရွှေ့ပြောင်းတောင်ယာ အလှည့်ကျစိုက်ပျိုးနေသော နေရာများကို သတ်မှတ်ဖော်ထုတ်ခြင်း။ ရွေးချယ်ထားသော ရွာများ တစ်ရွာစီတွင် ရေဝေ ဝဧရိယာတစ်ခုကို ပြန်လည်ရွေးချယ် ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် လက်ရှိမြေယာအသုံးပြုသူများနှင့် နီးကပ်စွာဆွေးနွေးတိုင်ပင်လျှက် လတ်တလော မြေအသုံးချမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ သွင်ပြင်လက္ခဏာများကို မြေပုံကားချပ်များဆွဲကာ မှတ်သားပါမည်။<br>· သတ်မှတ်ထားသော ရေဝေ ဝဧရိယာအတွင်းတွင် ဆန္ဒအလျောက် ပူးပေါင်းပါ ဝင်လိုသော အိမ်ထောင်စုများနှင့် ဆောင်ရွက်နိုင်သူ များကို ငါးဦးမှ ၁၀ ဦးကို ရွေးချယ်ပါမည်။ ထို့နောက် ပို မိုကောင်းမွန်သော မြေယာအသုံးချမှု နည်းလမ်းများကို သတ်မှတ်နိုင်ရန် အတွက် လွန်ခဲ့သော ၁၀ နှစ် ခန့်ကတည်းက ၎င်းတို့ အသုံးချခဲ့သည့် မြေယာများကို ပြန်လည် သုံးသပ် အကဲဖြတ်ပါမည်။ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်ရာတွင် (၁) ကောက်ပဲသီးနှံ စိုက်ပျိုးမှု၊ (၂) ဥယျာဉ်ခြံစိုက်ပျိုးမှု၊ (၃) မွေးမြူရေးအတွက် စားကျက်ခင်းများနှင့် (၄) စီးပွားဖြစ်သစ်တော စိုက်ပျိုးမှုတို့အတွက် ဆင်ခြေလျှောစောက် အနေအထား၊ ရေသွင်းစိုက်ပျိုးရေးကို လက်လှမ်းမီမှု အခြေအနေနှင့် စီးပွားရေး အကျိုးအမြတ်ရရှိနိုင်မှုတို့ အပေါ် မူတည်၍ သတ်မှတ်ပါမည်။ မြေယာအသုံးချမှု ဆိုင်ရာ သင့်တော်သောစံသတ်မှတ်ချက်များကို အသုံးပြု၍ မိသားစုလုပ်အား ရရှိနိုင်မှုအပေါ် |

| စီမံကိန်းခေါင်းစဉ် | လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဂင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးဖြေရှင်းခြင်း။ | | | | |
|---|---|---|---|---|---|
| | | မူတည်ပြီး လယ်သမားတို့၏ အကြိုက်ဆန္ဒနှင့်အညီ တစ်ဦးချင်း လယ်ယာလုပ်ကိုင်မှု အစီအစဉ်များကို ဖော်ထုတ်ပါမည်။<br>· ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်အတူရေရှည်ခိုင်မာသောလုံခြုံစိတ်ချရသည့် မြေအသုံးပြုမှုပုံစံကိုဖော်ထုတ်ပြီး မြို့နယ်တာဝန်ရှိသူများနှင့် ပူးတွဲကာအဆိုပါမြေယာများကို မှတ်ပုံတင်နိုင်ရေး(စမ်းသပ်)လုပ်ဆောင်ပါမည်။သို့မှသာရင်းနှီးမြှုပ်နှံမှုများမပြုလုပ်မီတွင် ဒေသတွင်း တာဝန်ရှိသူတို့နှင့်အတူ ကြုံတွေ့ရမည့်အတားအဆီးနှင့် တုန့်ပြန်ဖြေရှင်းနည်းတို့ကို သတ်မှတ်ဖော်ထုတ်နိုင်ပါမည်။<br>· ဦးတည်လယ်သမားများကို ၎င်းတို့နှင့် သဘောတူညီထားသည့် လယ်ယာလုပ်ကိုင်မှု အစီအစဉ်များ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးမည်ဖြစ်ပါသည်။သို့ရာတွင် ကုန်ကျစရိတ်နှင့်ထုတ်လုပ်နိုင်စွမ်းကို သုံးသပ်မည့် ငွေကြေးအသုံးပြုမှုဆိုင်ရာ စောင့်ကြည့်လေ့လာမှုတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာဖွံ့ဖြိုးရေးစနစ် တစ်ခုချင်းစီအတွက် ဘဏ္ဍာရေးအသုံးချမှုများကို စောင့်ကြည့် လေ့လာ မှုတွင် ဖြည့်သွင်းရမည့် လိုအပ်သော အချက်အလက်များကို ၎င်းတို့ထံမှ ရရှိနိုင်မည်ဖြစ်ပါသည်။<br>· ထုတ်လုပ်မှုစနစ်တစ်ခုချင်းစီကိုအောက်ပါအချက်များနှင့်အကဲဖြတ်ပါမည်။(၁)အိမ်ထောင်စုဝင်ငွေနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှု၊ (၂) ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်နှင့်ငွေကြေးသုံးစွဲပုံ၊ (၃) ဖွံ့ဖြိုးရေးနည်းဗျူဟာတစ်ရပ်အနေဖြင့် ဒေသ၏ ငွေကြေးသုံးစွဲနိုင်စွမ်းအနေအထား နှင့် (၄) စီမံကိန်း ရှိနေစဉ် နှင့် စီမံကိန်းမရှိသည့် အခြေအနေများတွင် ဒေသတစ်ခုလုံး ရင်းနှီးမြှုပ်နှံမှုအတွက် ပြန်လည်ရရှိမည့် စီးပွားရေး အကျိုးအမြတ်တို့ ဖြစ်ပါသည်။ | | | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးကို ပြောင်းလဲနိုင်ရန် အစီအစဉ်တစ်ခု ပံ့ပိုးပေးရေးအတွက် ICIMOD ကို အဆိုပြုထားပါသည်။ အဆိုပါအဖွဲ့သည် စီမံကိန်း အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် သင်တန်းနှင့် နည်းပညာတို့အတွက် အကူအညီ ပေးနိုင်ပါသည်။<br>စီမံကိန်းကို ချင်းပြည်နယ်၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဌာနတို့နှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ပြီးရလဒ်များကိုမူ စီးပွားစီမံဌာနနှင့်ပူးတွဲကာ သုံးသပ်အကဲဖြတ်ပါမည်။ မြေယာ အသုံးချခွင့်ဆိုင်ရာကိစ္စရပ်တို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းကိုင်တွယ် မည်ဖြစ်ပါသည်။ ထို့ပြင်ချင်းပြည်နယ်၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဌာနမှ အစိုးရအရာရှိ တစ်ဦးကို စီမံကိန်းမန်နေဂျာအဖြစ် အချိန်ပြည့်ခန့်အပ်ထားပါမည်။ အဆိုပါ မန်နေဂျာကို စီမံကိန်း အကောင် အထည်ဖော်သည့် ပထမ(၃)နှစ်တာကာလတွင် ပြည်တွင်းအကြံပေး ပညာရှင်နှင့် နိုင်ငံတကာ အကြံပေးပညာရှင်တို့က ကူညီပံ့ပိုးပေးကြမည် ဖြစ်ပါသည်။<br>မြို့နယ်အဆင့်တွင်၊ မြို့နယ်ဖွံ့ဖြိုးရေးေ ကာ်မတီ (နှင့်ဦးတည်ထားသော ေ ကျးရွာများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ)နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သော နည်းပညာ အကူအညီအတွက် စိုက်ပျိုးရေးဌာနနှင့် တွဲဖက်လုပ်ကိုင်ပါမည်။ မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်း တစ်ယောက်နှင့် မြို့နယ် မွေးမြူရေးဝန်ထမ်းတစ်ယောက်ကို လေ့ကျင့်သင်ကြား၍ စီမံကိန်း ဖော်ဆောင်မှုတွင်အချိန်ပြည့်ထမ်းဆောင်နိုင်ရန် တာ ဝန်ခန့်အပ်ပါမည်။ ထိုနည်းတူ လိုအပ်သောအချက်အလက်ကောက်ယူရန်နှင့် ဒေ သခံတို့ကို နည်းပညာပိုင်း အကူအညီေ ပးနိုင်စေရန်ဦးတည်ထားသော ကျေးရွာများတွင်စိုက်ပျိုးရေးလုပ်သားတစ်ဦးစီ မွေးထုတ် ပေးထားပါမည်။ | | | |
| ဘဏ္ဍာရေး အချက်အလက် | | လုပ်ငန်းတာဝန်များ | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ) |

| စီမံကိန်းခေါင်းစဉ် | လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဝင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးဖြေရှင်းခြင်း။ | | | | |
|---|---|---|---|---|---|
| | | အသေးစိတ်စီမံကိန်းတွက်ချက်မှု | ၁ | ၃၀၀၀၀ | ၃၀၀၀၀ |
| | | ထိရောက်သော မြေယာအသုံးချမှု အစီအစဉ်များ ဖော်ဆောင်ရန် လေ့လာရေး | ၁ | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| | | နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင် - စိုက်ပျိုးရေး | ၁၀ လ | ၁၅၀၀၀ | ၁၅၀၀၀၀ |
| | | နည်းပညာအကူအညီ - နိုင်ငံတကာ ပညာရှင် - စီးပွားရေး | ၇ လ (၂+၁+၁+၁ +၂) | ၁၅၀၀၀ | ၁၀၅၀၀၀ |
| | | နည်းပညာအကူအညီ - ပြည်တွင်း ပညာရှင် | ၃၆ လ | ၃၀၀၀ | ၁၁၀၀၀၀ |
| | | ရုံးပိုင်းနှင့် စာရင်းအင်း အကူအညီ (ပြည်တွင်းဝန်ထမ်း) | ၆၀ လ | ၂၀၀၀ | ၁၂၀၀၀၀ |
| | | ဗဟိုနှင့် မြို့နယ်အဆင့် စိုက်ပျိုးရေး ရုံးများအတွက် အဆောက်အအုံပံ့ပိုးပေးမှု (အိုင်တီနှင့် ရုံးသုံးပစ္စည်းများအပါအဝင်) | ၁၀ ရုံး | ၁၀၀၀၀ | ၁၀၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး - ကား + ဆိုင်ကယ် (ပြုပြင်စရိတ်အပါအဝင်) | ၁+၁၀ | ၁၀၀၀၀၀ + ၅၀၀၀ | ၁၅၀၀၀၀ |
| | | ပျိုးဥယျာဉ်များ - တည်ထောင်ခြင်းနှင့် ငါးနှစ်တာ လည်ပတ်အောင် ဆောင်ရွက်ခြင်း | ၁၀ | ၅၀၀၀ | ၅၀၀၀၀ |
| | | သင်တန်း - စိုက်ပျိုးရေးဝန်ထမ်း | ၁၀ ဦး | ၂၀၀၀ | ၂၀၀၀၀ |
| | | လေ့လာရေးခရီး | ၁၄ ဦး | ၂၅၀၀ | ၃၅၀၀၀ |
| | | ကျေးရွာအဆင့်အချက်အလက် ကောက်ယူသူများအတွက် သင်တန်း | ၄၅ | ၂၀၀ | ၁၀၀၀၀ |
| | | ကျေးရွာမှ ပါဝင်ဆောင်ရွက်သူများ အတွက် သင်တန်းနှင့် နောက်ဆက်တွဲ လေ့လာရေး (နေ့တွက်စရိတ် အပါအဝင်) | ၄၅ ရွာ* လယ်သမား ၁၀ ဦး (၄၅၀ဦး) | ၁၀၀ | ၄၅၀၀၀ |
| | | ထုတ်လုပ်ရေးသွင်းအားစုများ | ၄၅၀ | ၁၄၅ | ၆၅၀၀၀ |
| | | မြေယာဖွံ့ဖြိုးရေး - လုပ်အားအတွက် ငွေကြေးရိက္ခာ | စုစုပေါင်း | | ၂၅၀၀၀၀ |
| | | အကဲဖြတ်စောင့်ကြည့်လေ့လာ သုံးသပ်ခြင်း | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါ) | | | ၁၄၀၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | လူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနိုင်ပြီး ဂင်ငွေခိုင်မာကာ စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းများဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးဖြေရှင်းခြင်း။ | | | | |
|---|---|---|---|---|---|
| | | မမျှော်မှန်းသော စရိတ ၇% ထပ်တိုးပေါင်းခြင်း | | | ၉၀၀၀၀ |
| | | စုစုပေါင်း ဘတ်ဂျက် | | | ၁၄၉၀၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဂါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီခြင်း | အလေ့အထကောင်းများ ဖလှယ်နိုင်ရန်အတွက် ပြည်နယ်အဆင့် သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောဌာနတို့ နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* | | | |

# ၂.၂။ စားနပ်ရိက္ခာထုတ်လုပ်မှုမြင့်မားရေး စီမံကိန်း

## ပြောင်း စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ခြင်း

| စီမံကိန်းခေါင်းစဉ် | ပြောင်းထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၇၆၂၀၀၀ |
| | စီမံကိန်းကာလ | ၃ နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ပွင့်လင်းစွာဂတ်မှုန်ကူးမျိုးပွားထားသော ပြေ ဟင်းမျိုးစေ့ကောင်းများကို လယ်သမားများအတွက် ပံ့ပိုးပေးရန်<br>· ခြောက်သွေ့သောယာမြေများတွင် စိုက်ပျိုးရေးအတွက် တောင်စောင်း တောင်ယာစနစ် (SALT) နည်းလမ်းကို အသုံးပြုမှု မြှင့်တင်ရန်<br>· လယ်သမားများ၎င်းတို့၏ စိုက်ကွက်များတွင် ဓာတ်မြေသြဇာအသုံးပြုမှုကို လိုက်လံစစ်ဆေးရန် နှင့်<br>· ပြောင်းမျိုးစေ့ကောင်းများဖြင့် စိုက်ပျိုးခြင်းနည်းပညာကို ကျေးရွာသူ၊ကျေးရွာသားများထံသို့ တိုးချဲ့ဖြန့်ဝေ ဂနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဌာန၏ စွမ်းဆောင်ရည်မြင့်မားစေရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွှယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်ရှိ ကျေးရွာလူထုအ များစုမှာ ရိက္ခာဖူလုံတည်ငြိမ်ရေးအတွက် ကိုယ်ပိုင်ပြောင်းစေ့ကို လုံလောက်အောင် မထုတ်လုပ် နိုင်ကြပေ။ ထို့ကြောင့် မြို့နယ် များကြားတွင်စားနပ်ရိက္ခာထုတ်လုပ်မှု အခြေအေ နေတည်ငြိမ်မှုမှာ များစွာကွဲပြား လျှက်ရှိ သည်။ ပလက်ဂနှင့် မတူပီမြို့နယ်များတွင် တစ်ပိုင်တစ်နိုင်ဖူလုံရုံ နီးပါးမျှ ထုတ်လုပ်နိုင်သော်လည်း တီးတိန်မြို့နယ်တွင် ၄၀% နှင့် ဖလမ်းမြို့နယ်တွင် ၃၂% သာ ကိုယ်ပိုင်စားနပ်ရိက္ခာ ဖူလုံတည်ငြိမ်ရေးအတွက် ထုတ်လုပ်နိုင်ကြပါသည်။<br>ကျေးရွာလူထုသည် သစ်တောထွက်ကုန်များ၊ မွေးမြူရေးနှင့် ဟင်းသီးဟင်းရွက်၊ ဂဉ၊ သစ်သီးများနှင့် သစ်ဉသစ်ဖုအစ ရှိသော ဂင်ငွေရသီးနှံများကို ရောင်းချခြင်း နှင့် အလုပ်လုပ်ခြင်းဖြင့်ရရှိသောလုပ်အားခတို့ဖြင့်မြေနိမ့်ပိုင်းတွင် စိုက်ပျိုးေ သာ ပြောင်းစေ့များကို ဂယ်ယူကာ၎င်းတို့အတွက် လိုအပ်နေသော စားရေရိက္ခာကို အစားထိုးဖြည့် ဆည်းကြပါသည်။ ကျေးရွာလူထုသည် အိ မ်တွင်းစိုက်ပျိုးသော ေပြာင်းဆန်ကို စားသုံးခြင်းဖြင့် အသက်ဆက်ကြရသည်။ ထို့ပြင် ပြောင်းဆန် ကို မွေးမြူရေးအစာအဖြစ်၊ အထူးသဖြင့် ဈေးကွက်ခိုင်မာသောဂက်မွေးမြူရေးအတွက်ကျယ်ပြန့်စွာအသုံးပြုပါသည်။ပိုလျှံသော ပြောင်းဆန်များကိုမူ ရောင်းချပါသည်။ သို့ဖြစ်ပါ၍ ပြောင်းသည် ချင်းပြည်နယ်တွင် ဒုတိယအရေးပါဆုံးအဖြစ် စိုက်ပျိုးသော သီးနှံဖြစ်ပေသည်။<br>ပြည်နယ်အစိုးရနှင့် ယခုစီမံကိန်းသည် ပုံမှန်စိုက်ပျိုးသော အခြေအနေတွင် ဒေသမျိုးထက် ပိုမိုအထွက်နှုန်း တိုးတက်စေသည့် ပြောင်းမျိုးစေ့အသစ်များကို အောင်မြင်စွာ စတင်အသုံးပြုနိုင်ခဲ့ပါသည်။ ပွင့်လင်းစွာ ဂတ်မှုန်ကူး မျိုးပွား ထားသော ပြောင်းမျိုးစေ့နှင့် စပ်မျိုးပြောင်းမျိုးစေ့ နှစ်မျိုးစလုံးကို ချင်းပြည်နယ်တွင် အောင်မြင်စွာ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့သည်။ သို့ရာတွင် စပ်မျိုးပြောင်းမျိုးစေ့သည် ဈေးကွက် ဂင်ဖြစ်ရန် အခြေအနေရှိသော်လည်း စိုက်ပျိုးသူတို့အနေနှင့်မူ နှစ်စဉ် မျိုးစေ့အသစ် ဂယ်ယူရန်ကို တွန့်ဆုတ်နေကြပါသည်။ သူတို့သည် ပြန်လည်စိုက်ပျိုး ရန်အတွက် သူတို့ကိုယ်ပိုင် မျိုးစေ့ ကိုသာ |

| စီမံကိန်းခေါင်းစဉ် | ပြောင်းထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း | |
|---|---|---|
| | | သိုလှောင်ထားလိုကြသဖြင့် ဂုတ်မှုန်ကူး မျိုးစေ့များကိုသာ ပိုမိုနှစ်သက်ကြပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ပြည်နယ်အစိုးရကို ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးမှု အဆုံးသတ်စေရေး အတွက် ကတိပြုထားပါသည်။ ထို့ကြောင့် ယာမြေတွင် စိုက်ပျိုးသောသီးနှံ (ပြောင်းနှင့် စပါးစသည်)တို့ကိုအတည်တကျခိုင်မာသောစိုက်ပျိုးမြေများတွင် ပိုမိုစိုက်ပျိုးထုတ်လုပ် နိုင်ရေးကိုလုပ်ဆောင်ရန် လိုအပ်လာပါသည်။ ဤအခက်အခဲ ကို တုန့်ပြန်ဖြေရှင်းရန် အချို့သော လူမှုအဖွဲ့အစည်းများက ယာမြေများပေါ်တွင် စိုက်ပျိုးရေးအတွက် SALT စနစ်အသုံးပြုမှုကိုမြှင့်တင်လာကြပါသည်။ ယာမြေများတွင် ယာသီးနှံများကို ပဲအမျိုးမျိုး အပင်များအကြား ထယ်ကြောင်း များပေါ်တွင် စိုက်ပျိုးကြပြီး ထိုပဲအမျိုးမျိုးအပင်မှ တချို့ကိုဖြတ်ချ၍ထယ်ကြောင်းများ အကြားတွင်ထားခြင်းအားဖြင့် စိုက်ပျိုးမြေအတွက် မြေဩဇာရရှိစေအောင် ကြံဆောင်ကြပါသည်။ ဤနည်းအားဖြင့် သဘာဝမြေဩဇာ ပြုလုပ်နည်းစနစ်ကို မြှင့်တင်ခဲ့သော်လည်း ယာမြေများတွင် သဘာဝမြေဩဇာအသုံးပြု နိုင်မှုမှာအလွန်နည်းပါးပါသေးသည်။ အကြောင်းမှာသဘာဝမြေဩဇာပြုလုပ် အသုံးချ ရန်လုပ်သားအင်အားလိုအပ်ပြီး သင့်တော်သော ကုန်ကြမ်းများ (နောက်ချေးမှာ အဓိက ဖြစ်သည်)လည်းမရရှိနိုင်သောကြောင့်ဖြစ်ပါသည်။ ကျေးရွာလူထုအများစုမှာ ဓာတ်မြေ ဩဇာအသုံးပြုလျှင် အထွက်နှုန်း တိုးလာသည်ကို သတိမူမိကြပါသည်။ သို့သော် ကုန်ကျခံရမည့်စရိတ်အပြင်ဓာတ်မြေဩဇာအသုံးပြုခြင်းကြောင့်မြေဆီလွှာမာကြောလာ စေနိုင်သဖြင့် ရှေ့လာမည့် နှစ်များတွင် အထွက်နှုန်းတူညီစွာ ထွက်ရှိနိုင်ရေးအတွက် နှစ်စဉ် ဓာတ်မြေဩဇာကို ထပ်တိုးထည့်ရသည်ဆိုသော အယူအဆကြောင့် ရွာသူ၊ ရွာသား တို့သည် ဓာတ်မြေဩဇာကို မသုံးစွဲကြပါ။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · စိုက်ပျိုးရေးတိုးချဲ့မှုအတွက် ဌာနဆိုင်ရာအရာရှိများကို ပူးပေါင်းပါဝင်စေသောနည်း လမ်းများဖြင့် လေ့ကျင့်ပေးခြင်း။<br>· ပူးပေါင်းပါဝင်စေသောနည်းလမ်းဖြင့်ပူးပေါင်းရန်အလားအလာရှိသောလယ်သမားများ ကို ရွေးချယ်ကာ လယ်သမားအဖွဲ့များ ဖွဲ့စည်းခြင်း။<br>· ဤအစီအစဉ်ကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့် အကဲဖြတ်ခြင်း။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | · လယ်ယာမြေများတွင် စမ်းသပ်စိုက်ပျိုးရန် အမျိုးမျိုးသော မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် အခြားသော စိုက်ပျိုးရေးသွင်းအားစုများကို ပံ့ပိုးပေးခြင်း။ |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| ပမာဏအစည်းအဝေး | ၁ | ၂၀၀၀၀ | ၂၀၀၀၀ |
| နိုင်ငံတကာ အကြံပေးပညာရှင် | ၈ လ (၄+၂+၂) | ၁၅၀၀၀ | ၁၂၀၀၀၀ |
| ပြည်တွင်းအကြံပေးပညာရှင် | ၃၀ လ | ၃၀၀၀ | ၃၆၀၀၀ |
| ရုံးပိုင်းနှင့် စာရင်းအင်း အကူအညီ (နိုင်ငံသား) | ၃၆ လ | ၂၀၀၀ | ၇၂၀၀၀ |
| ဗဟိုနှင့် မြို့နယ် စိုက်ပျိုးရေးရုံးများ အတွက် | ၁+၉ ရုံး | ၁၀၀၀၀ | ၁၀၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ပြောင်းထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း | | | | |
|---|---|---|---|---|---|
| | | အဆောက်အအုံ ပံ့ပိုးပေးခြင်း | | | |
| | | သယ်ယူပို့ဆောင်ရေး | ကား (၁) စီး + မော်တော်ဆိုင်ကယ် (၁၀) စီး | ၁၀၀၀၀၀၀ + ၅၀၀၀၀ | ၁၅၀၀၀၀၀ |
| | | သင်တန်းပို့ချရေးဌာန-ဝန်ထမ်း | ၂၀ | ၅၀၀၀ | ၁၀၀၀၀၀ |
| | | ရွာသူရွာသားများကို သင်တန်းပို့ချခြင်း (ဝန်ထမ်းများအတွက် နေ့တွက်စရိတ်နှင့် စာရွက်စာတမ်းကြေးများ အပါအဝင်) | တစ်မြို့နယ်လျှင် ၁၀ ဦး * ၉ မြို့နယ် * လေ့လာရေး အကြိမ် (၃၀) | ၂၀ | ၅၄၀၀၀၀ |
| | | စိုက်ပျိုးရေး သွင်းအားစုများ ပံ့ပိုးခြင်း (မျိုးစေ့၊ မြေသြဇာ စသည်) | ရွာပေါင်း ၉၀ | ၁၀၀၀၀ | ၉၀၀၀၀၀ |
| | | စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း | ၂ | ၃၀၀၀၀၀ | ၆၀၀၀၀၀ |
| | | စုစုပေါင်း ကုန်ကျစရိတ်(မမျှော်မှန်းနိုင်သော စရိတ်မပါ) | | | ၇၁၂၀၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၄၈၀၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၇၆၀၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | | | |
| အခြားသော အချက်လက် | အမျိုးသားအဆင့် မူဝါဒနှင့်မဟာဗျူဟာ တို့နှင့် ကိုက်ညီခြင်း | ဤစီမံကိန်းသည် နိုင်ငံတော်အစိုးရက ချမှတ်ဖော်ဆောင်နေသော စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး မူ ဝါဒကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပါမည်။ | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | | | |

## တောင်ယာစပါးစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ခြင်း

| စီမံကိန်းခေါင်းစဉ် | တောင်ယာစပါး စိုက်ပျိုးထုတ်လုပ်မှု တိုးမြင့်ရေး စီမံကိန်း | |
|---|---|---|
| ဖော်ပြချက် | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | တောင်ယာစပါး စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး စီမံကိန်း | |
|---|---|---|
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း<br>အကြောင်းအရာ | ရည်ရွယ်ချက် | · ပွင့်လင်းစွာဂတ်မှုံကူးမျိုးပွားထားသော မျိုးစေ့ကောင်းများကို လယ်သမားများ အတွက် ပံ့ပိုးပေးရန်<br>· ခြောက်သွေ့သောယာမြေများတွင်စိုက်ပျိုးရေး အတွက်ေ တာင်စောင်း တောင်ယာ စနစ် (SALT) နည်းလမ်းကို အသုံးပြုမှု မြှင့်တင်ရန်<br>· လယ်သမားများ ၎င်းတို့၏ စိုက်ကွက်များတွင် ဓာတ်မြေဩဇာအသုံးပြုမှုကို လိုက်လံ စစ်ဆေးရန် နှင့်<br>· မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးခြင်းနည်းပညာကို ကျေးရွာသူ၊ကျေးရွာသား များထံသို့ တိုးချဲ့ဖြန့်ေ ဝနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဌာန၏ စွမ်းဆောင်ရည် မြှင့်မားစေရန် |
| | စီမံကိန်း၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု | အထက်တွင် ဖော်ပြပါရှိသော ပြောင်းစီမံကိန်းတွင် ပါရှိသည့်အတိုင်းဖြစ်ပါသည်။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | · စိုက်ပျိုးရေးတိုးချဲ့မှုအတွက် ဌာနဆိုင်ရာအရာရှိများကို ပူးပေါင်းပါ ဝင်စေသော နည်းလမ်းများဖြင့် လေ့ကျင့်ပေးခြင်း။<br>· ပူးပေါင်းပါဝင်စေသောနည်းလမ်းဖြင့်ပူးပေါင်းရန်အလားအလာရှိသော လယ်သမား များကို ရွေးချယ်ကာ လယ်သမားအဖွဲ့များ ဖွဲ့စည်းခြင်း။<br>· တောင်ယာစပါး မျိုးကောင်းမျိုး သန့် မျိုးစေ့ပေါင်းများစွာကို ဖော်ထုတ် မိတ်ဆက် ခြင်းနှင့် မျိုးပွားယူခြင်း။<br>· ဤအစီအစဉ်ကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့် အကဲဖြတ်ခြင်း။ |
| | စီမံကိန်း<br>အကောင်အထည်<br>ဖော်ခြင်း | · လယ်ယာမြေများပေါ်တွင် စမ်းသပ်စိုက်ပျိုးရန် အမျိုးမျိုးသော မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် အခြားသော စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးပေးခြင်း။<br>· ကွင်းဆင်း/အပြန်အလှန် လေ့လာရေး |
| ဘဏ္ဍာရေး<br>အချက်အလက် | ဘတ်ဂျက် | |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ<br>တန်ဖိုး | စုစုပေါင်း<br>ကုန်ကျငွေ<br>(အမေရိကန်<br>ဒေါ်လာ) |
|---|---|---|---|
| ပမာဏအစည်းအဝေး | ၁ | ၂၀၀၀၀ | ၂၀၀၀၀ |
| နိုင်ငံတကာ<br>အကြံပေးပညာရှင် | ၈ လ<br>(၄+၂+၂) | ၁၅၀၀၀ | ၁၂၀၀၀၀ |
| ပြည်တွင်းအကြံပေးပညာရှင် | ၃၀ လ | ၃၀၀၀ | ၃၆၀၀၀ |
| ရုံးပိုင်းနှင့် စာရင်းအင်း<br>အကူအညီ (နိုင်ငံသား) | ၃၆ လ | ၂၀၀၀ | ၇၂၀၀၀ |
| ဗဟိုနှင့် မြို့နယ်<br>စိုက်ပျိုးရေးရုံးများ အတွက်<br>အဆောက်အအုံ ပံ့ပိုးပေးခြင်း | ၁+၉ ရုံး | ၁၀၀၀၀ | ၁၀၀၀၀၀ |
| သယ်ယူပို့ဆောင်ရေး | ကား (၁) စီး +<br>မော်တော်<br>ဆိုင်ကယ် (၁၀) | ၁၀၀၀၀၀ +<br>၅၀၀၀ | ၁၅၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | တောင်ယာစပါး စိုက်ပျိုးထုတ်လုပ်မှု တိုးမြင့်ရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | | စီး | | |
| | | သင်တန်းပို့ချရေးဌာန-ဝန်ထမ်း | ၂၀ | ၅၀၀ | ၁၀၀၀၀ |
| | | ရွာသူရွာသားများကိုသင်တန်းပို့ချခြင်း(ဝန်ထမ်းများအတွက် နေ့တွက်စရိတ်နှင့် စာရွက်စာတမ်းကြေးများအပါအဝင်) | တစ်မြို့နယ်လျှင် ၁၀ ဦး * ၉ မြို့နယ် * လေ့လာရေး အကြိမ် (၃၀) | ၂၀ | ၅၄၀၀၀ |
| | | စိုက်ပျိုးရေး သွင်းအားစုများ ပံ့ပိုးခြင်း (မျိုးစေ့၊ မြေသြဇာ စသည်) | ရွာပေါင်း ၉၀ | ၁၀၀၀ | ၉၀၀၀၀ |
| | | စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |
| | | စုစုပေါင်း ကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်မပါ) | | | ၇၁၂၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၄၈၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၇၆၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီခြင်း | *ဖော်ပြရန်မရှိပါ* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* | | | |

# ရေသွင်းစပါးစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေး

| စီမံကိန်းခေါင်းစဉ် | ရေသွင်းစပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်များအားလုံးမှ ကျေးရွာများ |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၂၆၁၀၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ရေသွင်းစပါး စိုက်ပျိုးရန် မြေပြင်ညီညီရသော လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်အားအတွက် လုပ်ခရိက္ခာ အစီအစဉ်များ ပံ့ပိုးပေးခြင်းအားဖြင့် နွမ်းပါးသောကျေးရွာသူ၊ ကျေးရွာသားများကို ကူညီထောက်ပံ့ပေးရန်<br>· တိုးတက်သော နည်းပညာများဖြင့် ရေသွင်းစပါးစိုက်ပျိုးနိုင်သော လယ်ယာမြေများ |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ရေသွင်းစပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း</th></tr>
<tr><td></td><td></td><td>ဖော်ထုတ်၍ အထွက်နှုန်း တိုးတက်စေရန်<br>· ရွှေ့ပြောင်းတောင်ယာ ဧရိယာများ လျော့ကျလာစေရန်<br>· ကျေးရွာလူထုအတွက် စပါးနှင့် ကောက်ပဲသီးနှံ ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေး တိုးချဲ့လုပ်ဆောင်ရာတွင် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်း၏ စွမ်းရည်များ မြင့်မားစေရန်</td></tr>
<tr><td></td><td>စီမံကိန်း၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု</td><td>နောက်ခံအကြောင်းအရာ<br>ချင်းပြည်နယ်ရှိ ကျေးရွာလူထုများတွင် အများစုမှာ ရိက္ခာလုံလောက်ရုံသာ ထုတ်လုပ်နိုင်သော လယ်သမားများဖြစ်ပါသည်။ ၎င်းတို့၏ အဓိက ရိက္ခာမှာ စပါးဖြစ်ပါသည်။ စပါးကို အများအားဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးကြပြီး (တောင်ယာစပါး) (၈) နှစ်ခန့် လှည့်ပြောင်းစိုက်ပျိုးလေ့ ရှိကြသည်။ သို့ရာတွင် ယခုအခါ ကျေးရွာအများစုသည်တစ်ပိုင်တစ်နိုင်ဖူလုံရုံမျှပင် စပါးကိုစိုက်ပျိုးမထုတ်လုပ်နိုင် ကြတော့ပေ။ စားနပ်ရိက္ခာမဖူလုံရခြင်း၏ အကြောင်းအရင်းများမှာ<br>· လူဦးရေတိုးပွားလာသည်နှင့်အမျှ ယခင်ခေတ်ကာလများနှင့် နှိုင်းယှဉ်လျှင် လှည့်ပြောင်း စိုက်ပျိုးနိုင်သော ကာလ တိုတောင်းလာခြင်း<br>· ချင်းပြည်နယ်၏ ဧရိယာများစွာတွင် မြေဆီလွှာအရည်အသွေး နိမ့်ကျလာခြင်း<br>· ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုအတွက် ခုတ်ထွင်ရှ င်းလင်းရန် အလုပ်သမား လိုအပ်မှု များပြားလာခြင်းနှင့် ထိုသို့လုပ်အားလိုအပ်မှု များပြားလာသော်လည်း လူငယ်များစွာမှာ ရွာမှထွက်ခွာ၍ ပြင်ပသို့ ရွှေ့ပြောင်းသွားလာမှု ပိုများလာသဖြင့် လုပ်သားအင်အား လျော့ကျခြင်းနှင့်<br>· ကျေးရွာသူ၊ ကျေးရွာသား အများစုတို့ ယုံကြည်ထားသည့်အတိုင်း ရာသီဥတု ဖောက်ပြန်မှု ပြင်းထန်ခြင်း တို့ကြောင့် ဖြစ်ပါသည်။<br>ကျေးရွာလူထုများသည် ရိက္ခာဖူလုံတည်ငြိမ်ရေးအတွက်<br>· ပြောင်း စိုက်ပျိုထုတ်လုပ်မှု လုံလောက်လျှင် ပြောင်းကို မနှစ်သက်လှသော်လည်း အစားထိုး စားသုံးခြင်း<br>· သစ်တောထွက်ကုန်များ၊ မွေးမြူရေးနှင့် ဟင်းသီးဟင်းရွက်၊ ဂဥ၊ သစ်သီးများနှင့် သစ်ဥသစ်ဖုအစရှိသောဝင်ငွေရသီးနှံများကိုရောင်းချခြင်းနှင့်အလုပ်လုပ်ခြင်းဖြင့်ရရှိသောလုပ်အားခတို့ဖြင့်မြေနိမ့်ပိုင်းတွင်စိုက်ပျိုးသောဆန်စပါးများကိုဝယ်ယူသောနည်းဖြင့်၎င်းတို့အတွက် လိုအပ်နေသောစားရေရိက္ခာကို အရန်ရယူဖြေရှင်းကြပါသည်။<br><br>တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ<br>ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအရှိဆုံး ပြည်နယ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကြီးထွားဖွံ့ဖြိုးမှုနှုန်း နေးကွေးသော ကလေးငယ် ၅၆% ရှိပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် နှိုင်းယှဉ်လျှင် ရေသွင်းစိုက်ပျိုးမှုသည် ပျမ်းမျှအားဖြင့် တစ်ဧကလျှင် စပါး အထွက်နှုန်း နှစ်ဆ ပိုမိုသည်ကို တွေ့ရပါသည်။ ထို့ပြင် ရေသွင်းစိုက်ပျိုးရန် ပြင်ညီမြေမျက်နှာပြင်များ တည်ဆောက်ပြီးစီးသည့်အခါ စပါးတစ်ဧကစိုက်ပျိုးလျှင် လိုအပ်သည့် လုပ်အားမှာ ေ ရွှ့ပြောင်းတောင်ယာစနစ်နှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းပါသည်။<br>ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးမှုများ အဆုံးသတ်သွားအောင် ဆောင်ရွက်ရန်အစိုးရကိုကတိပြုထားပါသည်။ရေသွင်းစပါးစိုက်ပျိုးရာတွင် ရွှေ့ပြောင်းတောင်ယာကဲ့သို့မြေဆီလွှာအရည် အသွေး ထိန်းသိမ်းရန်အတွက် လှည့်ပြောင်းစိုက်ပျိုးရန်မလိုတော့သဖြင့်ရေသွင်းစပါးတစ်ဟက်တာ စိုက်ပျိုးမှုသည် ရွှေ့ပြောင်းတောင်</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ရေသွင်းစပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | |
|---|---|---|
| | | ယာနည်းစနစ်ဖြင့် (၁၆) ဟက်တာ စိုက်ပျိုးနိုင်မှုကို အစားထိုး နိုင်ပါသည်။<br>ကျေးရွာလူထုအနေဖြင့်ဆင်ခြေလျှောစောက်ပြေပြစ်ပြီးရေအရင်းအမြစ်ကောင်းမွန်စွာ ရရှိနိုင်သည့် နေရာများတွင် မြေပြင်ညီတည်ဆောက်၍ ရေသွင်းစပါး စိုက်ပျိုးနိုင်ပါသည်။ ဒေသခံတို့သည်လည်း ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမြေထက် ရေသွင်းစပါး စိုက်နိုင်သော ပြင်ညီမြေမျက်နှာပြင်ကို ပိုမိုနှစ်သက်ကြပါသည်။ ချင်းပြည်နယ်တွင် ရေသွင်းစပါးစိုက်ပျိုးရန် ပြင်ညီမြေမျက်နှာပြင် တည်ဆောက် နိုင်သော မြေဧရိယာ ပမာဏများစွာရှိပါသည်။ သို့ရာတွင် ကျေးရွာလူထုအနေဖြင့် အောက်ပါ အကြောင်း အရာများကြောင့် ရေသွင်းစိုက်ပျိုးမြေ ပြင်ညီမြေမျက်နှာပြင်ကို သိသာထင်ရှားစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိပေ။<br>· ရေသွင်းစိုက်ပျိုးရန် ပြင်ညီမြေမျက်နှာပြင် ဖန်တီးရန် ကျေးရွာလူထုတွင် လုပ်သား အင်အား အပိုထပ်ဆောင်း မရှိခြင်း<br>· ၎င်းတို့အနေဖြင့်စမ်းချောင်းမှရေများကိုပြင်ညီစိုက်ခင်းများသို့ သွင်းယူနိုင် လိမ့်မည် မဟုတ်ဟု ယုံကြည်ကြခြင်း။<br>· အချို့နေရာများတွင် ကျေးရွာသူ၊ ရွာသားများမှာ ကိုယ်ပိုင်မြေယာ မရှိခြင်းနှင့် တခြားသူပိုင်ဆိုင်သော မြေဧကပေါ်တွင် အကောင်အထည်ဖော်ရန် တွန့်ဆုတ်ခြင်း<br>· ဆင်းရဲနွမ်းပါးသော ရွာသူ၊ရွာသားများမှာ သစ်တောထွက်ကုန်များ ကောက်ယူ စုဆောင်း၍ ရောင်းချရခြင်း (သို့) ခြောက်သွေ့ရာသီများတွင် မြေနိမ့်ပိုင်း ဧရိယာများတွင် သွားရောက် အလုပ်လုပ်ရခြင်းတို့ကြောင့် ပြင်ညီမြေမျက်နှာပြင် တည်ဆောက်ရန် လုပ်သားအင်အား အလုံအလောက် မရှိကြပါ။ ထို့မျှမက အလှမ်းဝေးသော နေရာရှိ ရေအရင်းအမြစ်မှ စိုက်ကွက်အသစ်များထံသို့ ရေသွယ် ယူရန် ၎င်းတို့တွင် လုပ်သားအင်အား (သို့) ငွေကြေးအနေအထားလည်း မပြည့်စုံကြပေ။<br>အချို့သော အဖွဲ့အစည်းများသည် ခြောက်သွေ့ရာသီတွင် ကျေးရွာလူထုကို ၎င်းတို့ကိုယ်ပိုင် ပြင်ညီမြေမျက်နှာပြင် စိုက်ပျိုးရေး မြေဧကများ ထုတ်ဖော်နိုင်ရန် လုပ်အားအတွက် စားနပ်ရိက္ခာပေးခြင်း (သို့) လုပ်အားအတွက် လုပ်ခပေးခြင်း စသော အစီအစဉ်များဖြင့် ပံ့ပိုးပေးပါသည်။ အစိုးရအနေဖြင့်လည်း ကျေးရွာသူ၊ ကျေးရွာသားအချို့ကို စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးပါသည်။ သို့သော် များစွာဖြန့်ဝေရန် လိုအပ်နေပါသေးသည်။ ထို့ပြင် ချင်းပြည်နယ်တောင်ပိုင်းဒေသ အတွက် ရာသီဥတုအအေးဒဏ် ခံနိုင်ရည်ရှိသော စပါးမျိုးများ ပံ့ပိုးပေးရန် လိုအပ်လျက်ရှိပါသည်။<br>ဤစီမံကိန်းသည် ပြင်ညီမြေမျက်နှာပြင်စပါးစိုက်ပျိုးရေးကို စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း နည်းပညာနှင့် တွဲဖက်ကာ အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ တိုးတက်သောနည်းပညာအရ ရေရရှိမှု လုံလောက်သော ပြင်ညီမြေနေရာများတွင် ခြောက်သွေ့ရာသီ၌ သီးထပ်စိုက်ပျိုးနိုင်ရန် လုပ်ဆောင်ပါမည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ပူးပေါင်းပါဝင်သောနည်းလမ်းဖြင့် ပူးပေါင်းရန်အလားအလာရှိသော ရွာသူ၊ရွာသား များကို ရွေးချယ်ခြင်း။<br>· ပြင်ညီညှိရန် အလားအလာရှိသော မြေယာများနှင့် ရေအရင်းအမြစ် ရရှိနိုင်မှုကို စစ်တမ်းကောက်ယူ လေ့လာခြင်း။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | · မြေပြင်ညီညှိရန် သဘောတူညီထားသော နေရာများတွင် ကျေးရွာသူ၊ ကျေးရွာ သားများအတွက် လုပ်အားအတွက် လုပ်ခရိက္ခာ အစီအစဉ်ဖြင့် အကောင် အထည် ဖော်ခြင်း။<br>· ကျေးရွာလူထုအတွက် မျိုးကောင်းမျိုးသန့် စပါးဖြင့် စိုက်ပျိုးနည်းပညာဆိုင်ရာ |

| စီမံကိန်းခေါင်းစဉ် | ရေသွင်းစပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | သင်တန်းများနှင့် စပါးမျိုးစိတ်အသစ်များ ဖြည့်တင်းပေးခြင်း။ | | | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် (၃ နှစ်တာ) | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | စီမံကိန်းတွက်ချက်မှု | ၁ | ၂၀၀၀၀ | ၂၀၀၀၀ |
| | | နည်းပညာအကူအညီ- နိုင်ငံတကာပညာရှင် | ၂၄ လ | ၁၅၀၀၀ | ၃၆၀၀၀၀ |
| | | နည်းပညာအကူအညီ - ပြည်တွင်းပညာရှင် | ၃၆ လ | ၃၀၀၀၀ | ၁၀၈၀၀၀ |
| | | ရုံးပိုင်းနှင့် စာရင်းအင်း အကူအညီ (နိုင်ငံသား) | ၇၂ လ | ၂၀၀၀ | ၁၄၄၀၀၀ |
| | | ဗဟိုနှင့်မြို့နယ် စိုက်ပျိုးရေးရုံးအတွက် အဆောက်အအုံ ပံ့ပိုးပေးမှု (အိုင်တီနှင့်လိုအပ်သော စက်ပစ္စည်းများ အပါအဝင်) | (၁ + ၉) ရုံး | ၂၀၀၀၀ + ၁၀၀၀၀ | ၁၁၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး -ကား+ ဆိုင်ကယ်(ပြုပြင်ထိန်းသိမ်းရေး စရိတ် အပါအဝင်) | ၁+၁၀ | ၁၀၀၀၀၀ + ၅၀၀၀ | ၁၅၀၀၀၀ |
| | | နည်းပညာဖွံ့ဖြိုးရေးနှင့်ပူးပေါင်းပါဝင်မှု တိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများကို လေ့ကျင့်ပေးခြင်း | ၁၀ ဦး | ၁၀၀၀ | ၁၀၀၀၀ |
| | | ကျေးရွာ အစည်းအဝေးနှင့် နောက်ဆက်တွဲ လေ့လာရေး၊ စစ်တမ်း ကောက်ယူခြင်း၊ ကွင်းဆင်း လေ့လာမှု၊ နေ့တွက်စရိတ် စသည်တို့.. | တစ်မြို့နယ်လျှင် ၁၀ ရွာ * ၉ မြို့နယ် * အစည်းအဝေး အကြိမ် ၂၀ = အစည်းအဝေး ပေါင်း ၁၈၀၀ ကြိမ် | ၂၀ | ၃၆၀၀၀ |
| | | လုပ်အားအတွက် လုပ်ခရိက္ခာ အစီအစဉ် - မြေပြင်ညီညှိခြင်းနှင့် ရေသွင်းဆည် မြောင်း တိုးတက်ကောင်းမွန်ရေး | တစ်ရွာလျှင် ၁၀ ဧက * ရွာပေါင်း ၉၀ = ဧက ၉၀၀ | ၁၅၀၀ | ၁၃၅၀၀၀၀ |
| | | နည်းပညာနှင့် မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့အမျိုးအစားများ - မြေသြဇာအသုံးပြု၍ စမ်းသပ်စိုက်ကွင်းများ | ရွာပေါင်း ၉၀ | ၁၀၀၀ | ၉၀၀၀၀ |
| | | စောင့်ကြည့်လေ့လာ | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ရေသွင်းစပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | အကဲဖြတ်ခြင်း | | | |
| | | စုစုပေါင်း ကုန်ကျစရိတ် (မမျှော်မှန်းသော စရိတ်များမပါ) | | | 2,438,000 |
| | | မမျှော်မှန်းသော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | 172,000 |
| | | စုစုပေါင်းဘတ်ဂျက် | | | 2,610,000 |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာ နှင့် ကိုက်ညီခြင်း | ဤစီမံကိန်းသည် နိုင်ငံတော်အစိုးရက ချမှတ်ဖော်ဆောင်နေသော စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး မူဝါဒကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပါမည်။ | | | |

## ချင်းပြည်နယ်တဝှမ်းရှိ လက်ရှိဆည်မြောင်းများကိုပြုပြင်မွမ်းမံခြင်းနှင့် အသေးစား ဆည်မြောင်း အသစ်များ ထပ်မံတည်ဆောက်ရေးအတွက်ပုံစံရေးဆွဲ သတ်မှတ်ခြင်း

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တဝှမ်းရှိ လည်ရှိဆည်မြောင်းများကို ပြုပြင်မွမ်းမံရန်နှင့် အသေးစားဆည်မြောင်းအသစ်များ ထပ်မံတည်ဆောက်ရေးအတွက် ပုံစံရေးဆွဲ သတ်မှတ်ရန် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၅၀၀၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · အထူးသဖြင့် မိုးခေါင်ခြောက်သွေ့သော နှစ်ကာလများတွင် စားနပ်ရိက္ခာဖူလုံစွာ ရရှိနိုင်ရန် ချင်းပြည်နယ်တွင် ရေသွင်းစိုက်ပျိုးနိုင်သော မြေဧရိယာ တိုးချဲ့ရန်နှင့် အဆိုပါဖြစ်စဉ်မှ အာဟာရဆိုင်ရာရလဒ်များ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်တို့၏ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်လာစေရန်<br>· ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများ ကို ကောင်းစွာ စီမံနိုင်စေရန် ချင်းပြည်နယ်တွင် ဥတုရာသီနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေး ဖော်ဆောင်မှုကို ပံ့ပိုးကူညီရန်<br>· လက်ရှိ ရေသွင်းစိုက်ပျိုးနေသော မြေဧရိယာများအတွက် ရေပေးဝေမှုစနစ် ကောင်းမွန်ရန်နှင့် အဆိုပါစိုက်ပျိုးမြေ များတွင် အထွက်နှုန်းကောင်းမွန်စေရန်၊ ထို့အတူ ဆည်မြောင်းအသစ်ထပ်မံတည်ဆောက်ရန် စီမံကိန်း ပုံစံရေးဆွဲ သတ်မှတ်ခြင်းဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော မြေဧရိယာများကို တိုးချဲ့ရန်<br>· ဆည်မြောင်းအသစ် စီမံကိန်း နှင့်စပ်လျဉ်းပြီး ဖွံ့ဖြိုးရေးဦးစားပေးအချက်များကို ဖော်ဆောင်ရာတွင် အသေးစားရေသွင်းစိုက်ပျိုးမှုနှင့် လက်ရှိဆည်မြောင်းများ ပြုပြင်မွမ်းမံရခြင်း၏ ရလဒ်ကို စီးပွားရေးအရ တွက်ခြေကိုက်မှုဖြင့် အကဲဖြတ်နိုင်မည့် နည်းစနစ်နှင့် မိတ်ဆက်ရန်<br>· အဆိုပါစီမံကိန်းများ ထိရောက်စွာ ဆက်လက်လည်ပတ်နိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းမှုများအတွက် ရပ်ရွာလူထုအခြေပြု ရေအသုံးပြုခများ ကောက်ယူခြင်း |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တပှမ်းရှိ လည်ရှိဆည်မြောင်းများကို ပြုပြင်မွမ်းမံရန်နှင့် အသေးစားဆည်မြောင်းအသစ်များ ထပ်မံတည်ဆောက်ရေးအတွက် ပုံစံရေးဆွဲ သတ်မှတ်ရန် စီမံကိန်း | |
|---|---|---|
| | | နည်းစနစ်ကို စတင်အသုံးပြုရန် |
| | စီမံကိန်း၏ ကြောင်းကျိုးဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တပှမ်းတွင်အသေးစားဆည်မြောင်းစီမံကိန်းများစွာရှိပါသည်။အဆိုပါ စီမံကိန်းများ၏အများစုမှာပြုပြင်ထိန်းသိမ်းရန်အလွန်လိုအပ်သည့် အခြေအနေတွင် ရှိပြီး၊ ယခုအခါ ထိထိရောက်ရောက် မလည်ပတ်နိုင်သဖြင့် ထုတ်လုပ်မှုမှာလည်း လျော့နည်းခဲ့ရသည်။<br>ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုသည် စိုက်ပျိုးရေးကဏ္ဍကို များစွာ ထိခိုက်ပျက်စီး ဆုံးရှုံးစေပါသည်။ အဘယ့်ကြောင့်ဆိုသော စိုက်ပျိုးနည်းစနစ်သည် မူလကတည်း က ခြောက်သွေ့ သော မြေယာများပေါ်တွင်သာ စိုက်ပျိုးရသည်ဖြစ်၍ ရာသီဥတု ဖောက်ပြန်၍ မကြာခဏ မိုးခေါင်သောအခါ ထိုအခြေအနေကို တုန့်ပြန်ခံနိုင်စွမ်း မရှိတော့ဘဲ ထိခိုက်လွယ်ဖြစ်ရပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>· နည်းစနစ်ထိရောက်ကောင်းမွန်စွာအကျိုးဖြစ်ထွန်းရေးနှင့်စိုက်ပျိုးရေး ထွက်ကုန်များထွက်ရှိမှုကိုတိုးမြှင့်ရေးအတွက်ဆည်မြောင်းများကိုပြုပြင်မွမ်းမံထိန်းသိမ်းရန် အသေးစားရင်းနှီးမြှုပ်နှံမှုများ လိုအပ်ခြင်း။<br>· ချင်းပြည်နယ်၏ စိုက်ပျိုးရေးကို ရာသီဥတုဖောက်ပြန်မှုနှင့် လိုက်လျောညီထွေ တုန့်ပြန်ခံနိုင်ရေးအတွက် ရေသွင်းစိုက်ပျိုးနိုင်သော မြေဧကများ တိုးချဲ့နိုင်ရန် လိုအပ်ခြင်း။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · လိုအပ်သောပြုပြင်ထိန်းသိမ်းရေးအတွက်ကုန်ကျစရိတ်ကို တွက်ချက် နိုင်ရန်နှင့် ရေအသုံးချနိုင်မှုထိရောက်ကောင်းမွန်ပြီးစိုက်ပျိုးရေးထွက်ကုန်များဆပွားလာနိုင်စေရန် လက်ရှိဆည်မြောင်းစီမံကိန်းများကို အသေးစိတ် စစ်တမ်းကောက် လေ့လာခြင်း။<br>· ဆည်မြောင်း ပြုပြင်မွမ်း မံရေး ရန်ပုံငွေဖြင့် နောင်အနာ ဂတ်တွင် စီမံကိန်းများ ကောင်းစွာ လည်ပတ်နိုင်နိုင်ရေးအတွက် ယခုအကောင်အထည်ဖော်မည့် ဆည်မြောင်းထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများတွင်ရပ်ရွာလူထုအခြေခံ ရေအသုံး ပြုခများ ကောက်ယူခြင်းစနစ်ကို စတင်အသုံးပြုခြင်း။<br>· ပြုပြင်မွမ်းမံရန်နှင့် အသစ်တည်ဆောက်ရန် လျာထားသော စီမံကိန်းများမှ ထွက်ပေါ်မည့် စီးပွားရေးအကျိုးအမြတ်ကို အကဲဖြတ်နိုင်မည့် နည်းစနစ်နှင့် မိတ်ဆက်ခြင်း။<br>· ဆည်မြောင်း ပြုပြင်ထိန်းသိမ်း မွမ်းမံမှုအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်း (ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူပို့ဆောင် အသုံးပြုရာတွင် ရပ်ရွာလူထုကလည်း လုပ်အားဖြင့် ထည့်ဝင်ကူညီရန်)<br>· ဆည်မြောင်းများ ပြုပြင်ထိန်းသိမ်းရခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်များ သေချာစေရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် ဓာတ်မြေသြဇာကို ထိရောက်စွာ အသုံးပြုနိုင်မည့် နည်းစနစ်များနှင့် မိတ်ဆက်ခြင်း။<br>· ချင်းပြည်နယ်တပှမ်း အသစ်တည်ဆောက်မည့် ဆည်မြောင်းစီမံကိန်းများ အတွက် ကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် သင့်တော်သည့် ပုံစံရေးဆွဲ သတ်မှတ်ခြင်း။ |
| | စီမံကိန်း အကောင်အထည် | · စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဌာနက ဦးဆောင် ဖော်ဆောင်ပါမည်။ ၎င်းတို့ကို ပြည်တွင်းနှင့် နိုင်ငံတကာ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တပှမ်းရှိ လည်ရှိဆည်မြောင်းများကို ပြုပြင်မွမ်းမံရန်နှင့် အသေးစားဆည်မြောင်းအသစ်များ ထပ်မံတည်ဆောက်ရေးအတွက် ပုံစံရေးဆွဲ သတ်မှတ်ရန် စီမံကိန်း | |
|---|---|---|
| | ဖော်ခြင်း | အကြံပေးပညာရှင် ဆည်မြောင်းကျွမ်းကျင် အင်ဂျင်နီယာများက သင်တန်းများ ပို့ချပေးပါမည်။<br>· ဆည်မြောင်းပြုပြင်ရေးလုပ်ငန်းများမစတင်မီတွင် စီမံကိန်းနှင့် ပါဝင်သက်ဆိုင်သူ လယ်သမားများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် သဘောတူညီချက် တစ်ခု ရယူထားရန် လိုအပ်ပါသည်။ ၎င်းတို့မှာ (က) စီမံကိန်းကို စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရန်အတွက် ေ ရအသုံးပြုခများပေး၍ လိုအပ်သော ပြုပြင်ထိန်း သိမ်းရေး ရန်ပုံငွေတွင် ပါ ဝင်ထည့်ဝင်ရန်၊ (ခ) ဓာတ်မြေသြဇာနှင့် မျိုးကောင်း မျိုးသန့်မျိုးစေ့များအသုံးပြုရန်နှင့်(ဂ) ပြုပြင်ရေး လုပ်ငန်းများတွင် လုပ်အားထည့် ဝင်ပါဝင်ရန်တို့အတွက် ဖြစ်ပါသည်။  စီမံကန်း သည် ပြုပြင်ရေးလုပ်ငန်းအတွက် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။<br>· စီမံကိန်းအသစ်တွင် ကနဦးအဆင့် စီမံကိန်းသတ်မှတ်ချက်များ ဖော်ထုတ်ခြင်း နှင့် ပုံစံရေးဆွဲခြင်းတို့တွင် အကြံပေးပညာရှင်များသည် စိုက်ပျိုးရေးဌာနမှ ဆည်မြောင်းအင်ဂျင်နီယာများနှင့် ပူးတွဲလုပ်ကို င်ပါမည်။ သို့သော် နောက်ပိုင်း အဆင့် စီမံကိန်းလုပ်ငန်းများကိုများ စိုက်ပျိုးဌာနမှ ဆည်မြောင်းအင်ဂျင်နီယာ များကသာ ဆောင်ရွက်ရပါမည်။ |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| စီမံကိန်းတွက်ချက်ခြင်း | ၁ | ၁၀၀၀၀ | ၁၀၀၀၀ |
| နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင် | ၉ လ (သုံးနှစ်) | ၁၅၀၀၀ | ၁၃၅၀၀၀ |
| နည်းပညာအကူအညီ - ပြည်တွင်းပညာရှင် | ၃၆ လ (သုံးနှစ်) | ၃၀၀၀ | ၁၀၈၀၀၀ |
| သင်တန်း/အလုပ်ရုံ ဆွေးနွေးပွဲများ | စုစုပေါင်း | ၅၀၀၀၀ | ၅၀၀၀၀ |
| သယ်ယူပို့ဆောင်ရေး - ကား+ဆိုင်ကယ် (ပြုပြင် ထိန်းသိမ်းရေးစရိတ်အပါအဝင်) | ၁+၁၀ | ၁၀၀၀၀၀ + ၅၀၀၀ | ၁၅၀၀၀၀ |
| ဆောက်လုပ်ရေးပစ္စည်း | စုစုပေါင်း | | ၉၀၀၀၀၀ |
| မျိုးစေ့နှင့် ဓာတ်မြေသြဇာ | စုစုပေါင်း | | ၅၀၀၀၀ |
| စုစုပေါင်း ကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၁၄၀၃၀၀၀ |
| မမျှော်မှန်းသော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၉၇၀၀၀ |
| စုစုပေါင်းဘတ်ဂျက် | | | ၁၅၀၀၀၀၀ |

| | | |
|---|---|---|
| | ဘတ်ဂျက် | *ဖော်ပြရန်မရှိပါ။* |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တဝှမ်းရှိ လည်ရှိဆည်မြောင်းများကို ပြုပြင်မွမ်းမံရန်နှင့် အသေးစားဆည်မြောင်းအသစ်များ ထပ်မံတည်ဆောက်ရေးအတွက် ပုံစံရေးဆွဲ သတ်မှတ်ရန် စီမံကိန်း | |
|---|---|---|
| | မျှော်မှန်းဆချက်များ | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် နိုင်ငံတော်အစိုးရက ချမှတ်ဖော်ဆောင်နေသော စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး မူဝါဒကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပါမည်။ |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* |

## ၂.၃။ ဝင်ငွေတိုးပွားရေး စီမံကိန်းများ

## ဂျုံစိုက်ပျိုးရေး

| စီမံကိန်းခေါင်းစဉ် | ဂျုံစိုက်ပျိုးရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး (သီးထပ်) |
| | တည်နေရာ | ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၀၉၀၀၀၀ |
| | စီမံကိန်းကာလ | ကနဦးကာလ + သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · စိုက်ပျိုးရေးကိရိယာများ ဝယ်ယူရန် ကျေးရွာလူထုအတွက် အသေးစားချေးငွေများ ပံ့ပိုးပေးရန်<br>· ဂျုံကို အလွှာပါးထုတ်ခြင်းနှင့် အခြောက်ခံခြင်းတို့အတွက် အဆင့်မြင့်နည်းပညာ အသစ်များ ပံ့ပိုးပေးရန်<br>· အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာ သင်တန်းပို့ချပေးရန်<br>· ဈေးကွက်ဖော်ဆောင်ရာတွင် ပံ့ပိုးကူညီရန်<br>· ကျေးရွာလူထုကို ဂျုံစိုက်ပျိုးရေးနှင့် ရောင်းချခြင်းလုပ်ငန်းများ တိုးတက်အောင်မြင်ရန်အတွက် အကူအညီပေးနိုင်ရန် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်<br>· သဘာဝသစ်တောမှ ဂျုံထုတ်ယူခြင်းကို ပပျောက်အောင် ဆောင်ရွက်ခြင်းအားဖြင့် သစ်တောသယံဇာတများကို ထိန်းသိမ်းထားရှိရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ကျေးရွာသူ၊ ကျေးရွာသားများသည် ဂျုံများကို ရှာဖွေစုဆောင်းကြပြီး ယခင်က တရုတ်နိုင်ငံသို့၊ ယခုအခါ ဂျပန်နိုင်ငံသို့ပါ တင်ပို့ရောင်းချမည့် ကုန်သည်များထံသို့ သွားရောက် ရောင်းချကြပါသည်။ ထို့ကြောင့် သစ်တောသယံဇာတဖြစ်သော ဂျုံများမှာ ပိုမိုပြုန်းတီးလာကြရာ ယခုအခါ ကျေးရွာသူ ၊ ရွာသားများသည် ဂျုံကို အိမ်တွင်း ဥယျာဉ်ခြံများ၌ စိုက်ပျိုးလာကြပါသည်။<br>ဂျုံသည် စိုက်ပျိုးရန် လွယ်ကူပြီး စိုက်ပျိုးပြီးနောက်ပိုင်း အနည်းငယ်ပြုစုရုံဖြင့် သင့်တော်သော အထွက်နှုန်း ထွက်ရှိနိုင်သည်။ ဓာတ်မြေသြဇာအသုံးပြုမှုနှင့် အရိပ်ရခြင်း အစရှိသည်တို့ တိုးတက်ကောင်းမွန်လျှင် အထွက်နှုန်းပိုမိုနိုင်ပါသည်။<br>ရွာသူ၊ ရွာသားများသည် တူးဖော်ရရှိသော ဂျုံများကို အနီးအနားမြို့များရှိ ကုန်သည် |

| စီမံကိန်းခေါင်းစဉ် | ဂျုစိုက်ပျိုးရေး စီမံကိန်း | |
| --- | --- | --- |
| | | များထံသို့ သွားရောက်ရောင်းချကာ ဂျုပမာဏ များလျှင်တော့ ကုန်သည်များ ကိုယ်တိုင် ကျေးရွာသို့ လာ ရောက် ဝယ်ယူပါသည်။ ကျေးရွာသားများ သည် ဂျုစိမ်းကို တစ်ပိဿာလျှင် မြန်မာကျပ်ငွေ ၃ဂဂ မှ ၅ဂဂ အထိ ရောင်းချနိုင်ကြပြီး (တပိဿာလျှင် ၁.၆ ကီလိုဂရမ်)၊ ဂျုအခြောက်ကို တစ်ပိဿာလျှင် ကျပ် ၅ဂဂဂ ရရှိပါသည်။ ကျေးရွာ သားများ၏ ဂျု အိမ်တွင်းစိုက်ပျိုးမှုမှာ တစ်ဧကလျှင် ဂျုစိမ်း (၈) တန် ထွက်ရှိပါသည်။ ထို့ကြောင့် ဂျုကို အဓိကထား၍ စိုက်ပျိုးရောင်းချသော အိမ်ထောင် စုများ၏ ဝင်ငွေမှာ လုပ်အားအနည်းငယ် ထည့် ဝင်ပြီး မည်သည့် ငွေကြေး မြှုပ်နှံမှု တစ်စုံတစ်ရာ ထပ်မံ မလုပ်ဆောင်ဘဲနှင့် တစ်နှစ်လျှင် ပျမ်းမျှ အမေရိ ကန်ဒေါ်လာ ၃ဂဂ ခန့်ရှိပါသည်။ အသေအချာ ထွန်ယက်၍ စိုက်ပျိုးနည်းစနစ်ကို မြှင့်တင်လျှင်မူ အထွက်နှုန်း နှင့် ဝင်ငွေ သည့်ထက်ပိုမိုတိုးပွားနိုင်ပါသည်။ လတ်တလော ဈေးကွက်တွင် ရေပန်းစားနေသော ထွက်ကုန်ဖြစ်နေရာ ချင်းပြည်နယ်ရှိ ကျေးရွာလူထု အများစုက ဂျုတိုးချဲ့ စိုက်ပျိုး နိုင်ရေးကို ၎င်းတို့၏ ဦးစားပေး စိုက်ပျိုးရေးဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်အဖြစ် ညွှန်းဆို ကြပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>· ဂျုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန် ငွေကြေးမပြည့်စုံခြင်းနှင့် စိုက်ပျိုးရေးပစ္စည်းများ မဝယ်ယူနိုင်ခြင်းမှာ အဓိက အခက်အခဲဖြစ်သည်။;<br>· ဂျုအမြစ် အရည်အသွေးအတွက် မတူညီသော လိုအပ်ချက်များ (ဂျပန် - အရည် အသွေးမြင့်၊တရုတ်-အရည်အသွေးနိမ့်)- ပင်လယ်ရေမျက်နှာမြင် အထက် အလွန်မြင့် ပြီးခြောက်သွေ့ရာသီတွင် မကြာခဏနှင်းမြူကျတတ်သောရာသီဥတုအနေ အထား ကြောင့် ဂျုများမှာမှိုတက်ကာ အသွေးအရောင်ပြောင်းသွားတတ်သည်။ ထိုသို့ သော မှိုတက်ခြင်းနှင့်ပုပ်သိုးသွားခြင်းကြောင့် ရောင်းရငွေတန်ဖိုးမှာ လျော့ကျသွား ပါသည်။<br>· လူမှုကူညီရေးအဖွဲ့အစည်းများသည် ချင်းပြည်နယ်တွင် ဂျုစိုက်ပျိုးမှုကိုအောင်မြင်စွာ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းတို့၏ အဓိကပံ့ပိုးမှုမှာ ဂျုမျိုးစေ့ ဝယ်ယူရေး၊ ဂျုကိုအဆင့်မြင့်စွာအလှူပါးနည်း ပံ့ပိုးပေးခြင်းနှင့်ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းရေး တို့အတွက် အသေးစားချေးငွေများ ပံ့ပိုးပေးခဲ့ခြင်းတို့ ဖြစ်ပါသည်။ သို့ရာတွင် လူမှု ကူညီရေးအဖွဲ့အစည်းများ စီမံကိန်းသတ်မှတ် ဆောင်ရွက်နိုင်မှုမှာ အကန့်အသတ် အဖြစ်သာ ရှိသဖြင့် ဂျုစိုက်ပျိုးထုတ်လုပ်မှုအတွက် အကူအညီ အထောက်အပံ့ လိုအပ်နေသော ကျေးရွာပေါင်း မြောက်မြားစွာကျန်ရှိပါသေးသည်။<br>· ထို့ပြင် ဂျုအလှူပါးခြင်း ကိရိယာများနှင့် ဒေသတွင်း အခြောက်ခံ ထုတ်လုပ်နိုင်ရန် လိုအပ်သော တန်ဆာပလာများ ပံ့ပိုးပေးရန်နှင့် အခြားသော တိုးတက်မြှင့်တင်ရမည့် ကိစ္စများစွာအတွက် လိုအပ်ချက်များ ကျန်ရှိပါသေးသည်။<br>· စီးပွားဖြစ် အရိပ်ရသစ်ပင်များ (ဥပမာ - မျောက်ငိုပင်နှင့် သစ်သီးပင်များ) စိုက်ပျိုးရန် အားပေးဆောင်ရွက်သင့်ပါသည်။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | · ပူးပေါင်းဆောင်ရွက်မည့် ကျေးရွာသူ၊ ရွာသားများကို ပါဝင်ဆောင်ရွက်မှု နည်းလမ်းဖြင့် ရွေးချယ်ခြင်း။<br>· အဆင့်မြင့် စိုက်ပျိုးရေးနှင့် ထွက်ကုန် ပြုပြင်စီမံထုတ်လုပ်ရေးအတွက် သင်တန်းများ ပို့ချခြင်း။ |
| | စီမံကိန်း<br>အကောင်အထည်<br>ဖော်ခြင်း | · ကျေးရွာလူထုအတွက် အသေးစားချေးငွေပံ့ပိုးပေးခြင်း။<br>· နည်းပညာအကြံပေးခြင်း။<br>· ဈေးကွက်မြှင့်တင်ရေးအကူအညီများ ပံ့ပိုးခြင်း - ထုတ်လုပ်သူများ အဖွဲ့ ဖွဲ့စည်းခြင်း၊ ဈေးကွက်ကွင်းဆက် လေ့လာဆန်းစစ်ခြင်းနှင့် ဈေးကွက်အသစ်ချဲ့ထွင်ရန် |

| စီမံကိန်းခေါင်းစဉ် | ဂေဟစိုက်ပျိုးရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | လမ်းကြောင်းကို လေ့လာခြင်း | | | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | စီမံကိန်းအသေးစိတ်တွက်ချက်မှု | ၁ | ၃၀၀၀၀ | ၃၀၀၀၀ |
| | | နည်းပညာအကူအညီ - နိုင်ငံတကာ ပညာရှင် | ၁၀ လ (၅+၃+၂) | ၁၅၀၀၀ | ၁၅၀၀၀၀ |
| | | နည်းပညာအကူအညီ - ပြည်တွင်း ပညာရှင် | ၃၆ လ | ၃၀၀၀ | ၁၀၈၀၀၀ |
| | | ရုံးပိုင်းနှင့် စာရင်းအင်း အကူအညီ (နိုင်ငံသား) | ၃၆ လ | ၂၀၀၀ | ၇၂၀၀၀ |
| | | ဗဟိုနှင့် မြို့နယ်စိုက်ပျိုးရေးရုံးများ အတွက် အဆောက်အအုံပံ့ပိုးပေး မှု (အိုင်တီနှင့် ရုံးသုံးပစ္စည်းများ အပါအဝင်) | ၁၀ ရုံး | ၁၀၀၀၀ | ၁၀၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး - ကား + ဆိုင်ကယ် (ပြုပြင်ထိန်းသိမ်းရေး စရိတ်များ အပါအဝင်) | ၁+၁၀ | ၁၀၀၀၀၀+ ၅၀၀၀ | ၁၅၀၀၀၀ |
| | | သင်တန်းမှူ (ပါဝင်ဆောင်ရွက်မှု မြှင့်တင်ရေး၊ ဂေဟစိုက်ပျိုးရေးနှင့် ထုတ်ကုန် စီမံပြုပြင်ခြင်း) ချေးငွေရန်ပုံငွေ- စိုက်ပျိုးရေးဌာနဝန်ထမ်းများ | ၁၀ ဦး | ၂၀၀၀ | ၂၀၀၀၀ |
| | | ကျေးရွာလူထုအတွက် သင်တန်းများ၊ နောက်ဆက်တွဲ လေ့လာရေးများ (နေ့တွက်စရိတ် အပါအဝင်) | ရွာ ၂၀ * လေ့လာရေး အကြိမ် ၃၀ * မြို့နယ် ၉ မြို့နယ် | ၂၀ | ၁၀၈၀၀၀ |
| | | ထုတ်ကုန်များကို ပြုပြင်စီမံရန် လိုအပ်သော ပစ္စည်းများကို ကျေးရွာများကို ဖြန့်ဝေခြင်းနှင့် ထုတ်ကုန် ထုတ်လုပ်ခြင်း | ၃၆၀ ခု | ၅၀ | ၂၀၀၀၀ |
| | | ဂေဟစိုက်ပျိုးရေးအတွက် အသေးစားချေးငွေ ရန်ပုံငွေ | တစ်ရွာလျှင် ၁ ဧက * ရွာ ၁၈၀ | ၁၀၀၀ | ၁၈၀၀၀၀ |
| | | ရန်ကုန်မြို့နှင့် တရုတ်နိုင်ငံသို့ လေ့လာရေးခရီး | ၂ ကြိမ် * ၁၀ ဦး | ၁၀၀၀ | ၂၀၀၀၀ |
| | | စောင့်ကြည့်လေ့လာ အကဲဖြတ်မှု | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ဂျစိုက်ပျိုးရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၁၀၁၈၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၇၂၀၀၀ |
| | | စုစုပေါင်း ဘတ်ဂျက် | | | ၁၀၉၀၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်း ဆ ချက်များ | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသား မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* | | | |

# ပိုးမွေးမြူရေးအတွက် စိုက်ပျိုးရေး အကြံပြုတင်ပြခြင်း

| စီမံကိန်း ခေါင်းစဉ် | ပိုးမွေးမြူရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်စတင်နိုင်ရန် လုပ်ငန်းဖြစ်နိုင်ချေ အလားအလာကို လေ့လာသော စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | ချင်းပြည်နယ် |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၅၀၀၀၀ |
| | စီမံကိန်းကာလ | နှစ်လ |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | ချင်းပြည်နယ်တွင် စီးပွားဖြစ် ပိုးမွေးမြူထုတ်လုပ်ရေးအတွက် အခက်အခဲများနှင့် အရေးအပါဆုံးအချက်အလက်များကို သတ်မှတ်ဖော်ထုတ်ရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ပိုးမွေးမြူရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း (ပိုးစာပင်မွေးမြူရေးနှင့် ပိုးထုတ်လုပ်ခြင်း) ကို ချင်းတောင်တန်းများတွင် ၁၉၆၉ ခုနှစ်မှ ၁၉၇၀ ခုနှစ်များအတွင်း စတင်လုပ်ဆောင်ခဲ့သည်။ အဆိုပါလုပ်ငန်းသည် ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များဖြစ်သော တွန်းဇံနှင့် တီးတိန် နှစ်မြို့နယ်စလုံးတွင် အောင်မြင်မှုရခဲ့သော်လည်း ၁၉၉၇ ခုနှစ်မှ စတင် ကာ လုပ်ငန်း ကျဆင်းလာပါသည်။<br>ပိုးမွေးမြူထုတ်လုပ်ရေးစက်ရုံကို စက်မှုဝန်ကြီးဌာနက တီးတိန်မြို့တွင် အကောင်အထည်ဖော်ခဲ့ပြီး၊၁၉၉၇ ခုနှစ်တွင်စိုက်ပျိုးရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။ နည်းပညာအဆင့်မမြှင့်တင်နိုင်ခြင်းနှင့်စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းမှုအပိုင်းတွင် အလွန်အားနည်းသဖြင့် စက်ရုံမှာကောင်းစွာမလည်ပတ်နိုင်တော့ပေ။ ပိုးချည်မျှင် ရက်လုပ်ခြင်းကို တီးတိန်ပိုးမွေးမြူထုတ်လုပ်ရေး စက်ရုံတွင်သာ လုပ်ကိုင်ပါသည်။ ကျေးရွာသူ၊ရွာသားတို့အနေဖြင့် မိရိုးဖလာချည်ထည်ရက်လုပ်မှုရှိသော်လည်း ပိုးချည်မျှင်ကိုမူ၎င်းတို့နေအိမ်များတွင် မရက်လုပ်ကြပါ။ သို့သော် ရွာသားများထံမှ ပိုးစာအိမ်များကို မြန်မာ့ချည်ထည်နှင့် ပိုးမွေးမြူရေးလုပ်ငန်းကလက်ငင်းငွေချေခြင်းဖြင့် ဂယ်ယူကာ ပိုးချည်မျှင် ရက်လုပ်သော စက်ရုံကို ပံ့ပိုး |

| စီမံကိန်း ခေါင်းစဉ် | ပိုးမွေးမြူရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်စတင်နိုင်ရန် လုပ်ငန်းဖြစ်နိုင်ချေ အလားအလာကို လေ့လာသော စီမံကိန်း |
| --- | --- |
| | ပေးပါသည်။ လတ်တလောတွင် အဆိုပါလုပ်ငန်း သည် စက်မှုသီးနှံများဖွံ့ဖြိုးရေးဌာနနှင့် ပူးပေါင်းလုပ်ကိုင်နေသော်လည်း စိုက်ပျိုးသူတို့ ထံမှ ပိုးစာအိမ်များကို လက်ငင်းမ ဝယ်ယူနိုင်ကြတော့ပေ။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>စိုက်ပျိုးသူများထံသို့ လက်ငင်းငွေချေမှု နှောင့်နှေးခြင်း သည် ပိုးစာအိမ်ထုတ်လုပ်မှုကို ကျဆင်းစေသော အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။<br>ပိုးဥနှင့်ပိုးစာအိမ်အရည် အသွေး ကျဆင်းလာခြင်းနှင့် ပိုးစာအိမ်အတွက်ဈေးနှုန်း နည်းပါးခြင်း တို့ကလည်း ချင်းပြည်နယ်ရှိ ပိုးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ဟန့်တားသော အချက်များဖြစ်ကြပါသည်။ ပိုးဥကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ရှိ အစိုးရ ပိုးမွေးမြူရေးဌာနမှ ဝယ်ယူကြပါသည်။ ထို့ကြောင့် အဆိုပါ ပိုးဥများ မြောက်ပိုင်းချင်းပြည်နယ်သို့ ရောက်ရှိရန်မှာ အချိန် နှစ်ရက်ခန့် ကြာမြင့်ပါသည်။ ထိုမျှမက လုံလောက်စွာ ထုတ်ပိုးမှုမရှိခြင်းနှင့် စိုထိုင်းဆနှင့် အပူချိန်ကို မထိန်းညှိနိုင်ခြင်း တို့ကြောင့် ပိုးဥများကို အပျက်အစီးများစွာနှင့်သာ လက်ခံရရှိပါသည်။<br>လယ်သမားများသည် ပိုးစာအိမ် တစ်ပေါင် ထုတ်လုပ်ရောင်းချခြင်းဖြင့် ဆန်နှစ်ပြည် (၂.၁ ကီလိုဂရမ်) ဝယ်ယူနိုင်ရန် မျှော်မှန်းကြပါသည်။ သို့သော် ၎င်းတို့၏ ပိုးစာအိမ်များသည် အရည်အသွေးမပြည့်မီသဖြင့်၊ ပိုးစာအိမ်၏ အရည်အသွေးအတိုင်းသာ စို က်ပျိုးသူတို့ကို ငွေပေးချေကြရာ ရရှိသည့်ဈေးနှုန်းမှာ အလွန်နည်းပါး သွားသဖြင့် ပိုးစာအိမ် တစ်ပေါင် ရောင်းချရမှုသည် ဆန်တစ်ပြည်၏ ငါးပုံတစ်ပုံကို ဝယ်ယူနိုင်ရုံသာ လုံလောက်ပါသည်။ ထို့ပြင် ပိုးစာအိမ် ဝယ်ယူမှုအတွက် ပေးချေမှု နှောင့်နှေးခြင်းနှင့်ရရှိသော ဈေးနှုန်းနည်းပါးမှုတို့ကြောင့် စိုက်ပျိုးသူတို့သည် ပိုးစာအိမ် ထုတ်လုပ်စိုက်ပျိုးမှုကို စီးပွားဖြစ်နည်းလမ်း အဖြစ် မမှတ်ယူကြတော့ပေ။ ယခုအခါ အစိုးရသည် ချင်းပြည်နယ် ပိုးမွေးမြူရေးနှင့် ပိုးချည်မျှင်ရက်လုပ်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဖြစ်ရန် ကြိုးပမ်းနေပါသည်။<br>ကချင်ပြည်နယ်တွင်မူ လက်ဖြင့်ပိုးချည်မျှင်ရက်လုပ်သော အထည်များကို ထုတ်လုပ်ပါသည်။ အရှေ့တောင်အာရှရှိ အခြားသောနိုင်ငံများ၊ အထူးသဖြင့် လာအိုနိုင် ငံတွင် ပိုးချည်မျှင်ရက်လုပ်သည့်လုပ်ငန်းအထူးဖွံ့ဖြိုးပြီးစီးပွားဖြစ်လက်ရက်ပိုးထည်ရက် လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသည်ဈေးကွက် နှင့် ပို့ကုန်ဈေးကွက်တွင် အားထားရသော ထုတ်ကုန်ဖြစ်ပါသည်။ ချင်းပြည်နယ်ကို ပြင်ပကမ္ဘာသို့ လမ်းဖွင့်လိုက်သည့်အချိန်တွင် ချင်းပြည်နယ်သို့ လာရောက်လည်ပတ်သည့် ခရီးသွားများလည်း တိုးတက်လာမည်ဟု မျှော်မှန်းထားရာ ပိုးမွေးမြူ ရက်လုပ်ခြင်းလုပ်ငန်းများလည်း တွင်ကျယ်လာနိုင်ပါသည်။ |
| လုပ်ငန်း ဆောင်ရွက်ချက် | ချင်းပြည်နယ်တွင် ပိုးမွေးမြူထုတ်လုပ်ရေးလုပ်ငန်း ပြန်လည်လုပ်ဆောင်ရန် သင့်မသင့် ဆုံးဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ရန် အကောင်းဆုံးသော နည်းလမ်းကို ရှာဖွေ သတ်မှတ်ခြင်း |
| စီမံကိန်း အကောင်အထည် ဖော်ခြင်း | · အရည်အသွေးကောင်းမွန်သော ပိုးစာပင်လိုင်းများနှင့် ပိုးဥများကို ရွေးချယ်နိုင်ရေး အတွက် ဆန်းစစ်လေ့လာခြင်းနှင့် ပံ့ပိုးပေးခြင်း။<br>· အရည်အသွေးမြင့်သော ပိုးဥများနှင့် ပိုးစာအိမ်များ ပြည်တွင်းထုတ်လုပ်နိုင်မှုကို မြှင့်တင်ခြင်းနှင့် ၎င်းတို့ကို မိတ်ဆက်ခြင်း။<br>· အိမ်တွင်း (သို့) စက်ရုံထုတ်လုပ်မှုအတွက် အဆင့်မြင့်ရက်ကန်းပစ္စည်းများ စတင်အသုံးပြုခြင်း<br>· ပိုးစာပင်ထုတ်လုပ်ခြင်းနှင့် ပိုးမှထုတ်ယူနိုင်သော ထွက်ကုန်များ (ဥပမာ- လက်ရက်အမှတ်တရပစ္စည်းများ၊ ပိုးစာပင်ယို၊ ဖျော်ရည် အစရှိသည်တို့) ၏ |

| စီမံကိန်း ခေါင်းစဉ် | ပိုးမွေးမြူရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်စတင်နိုင်ရန် လုပ်ငန်းဖြစ်နိုင်ချေ အလားအလာကို လေ့လာသော စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | စီးပွားရေးအရ တွက်ချေကိုက်နိုင်မှု အခြေအနေကို လေ့လာခြင်း<br>· လက်ရက်ကန်း ပိုးထည်လုပ်ငန်းတွင် အောင်မြင်မှုရနေသော မြန်မာနိုင်ငံ ပြည်တွင်းဒေသများနှင့် ပြည်ပနိုင်ငံများသို့ စီးပွားရေးအရ စံပြအဖြစ် သွားရောက်လေ့လာခြင်း။ | | | |
| ဘဏ္ဍာရေး အချက် အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | အရေ အတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | နိုင်ငံတကာအကြံပေးပညာရှင်တစ်ဦး - ၂ လ | ၂ | ၁၅၀၀၀ | ၃၀၀၀၀ |
| | | ပြည်တွင်းအကြံပေးပညာရှင်တစ်ဦး - ၂ လ | ၂ | ၃၀၀၀ | ၆၀၀၀ |
| | | ခရီးသွားလာရေး၊ စားသောက်ရေးနှင့် အခြားဆက်စပ်သော ကုန်ကျစရိတ် | | | ၁၄၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် | | | |
| | | စုစုပေါင်းကုန်ကျစရိတ် | | | ၅၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | | | |
| အခြားသော အချက် အလက် | အမျိုးသားအဆင့် မူဝါဒနှင့်မဟာဗျူ ဟာတို့နှင့်ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | | | |
| | လေ့လာတွေ့ရှိချက် | ဤလေ့လာရေးကို ကိုရီးယားနိုင်ငံအစိုးရမှ မြှင့်တင်အကောင်အထည်ဖော်နေသည့် ပိုးမွေးမြူထုတ်လုပ်ရေး အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ | | | |

## ဘိန်းအစားထိုး သီးနှံစိုက်ပျိုးခြင်း

| စီမံကိန်းခေါင်းစဉ် | ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုအတွက် အကြံပြုတင်ပြခြင်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | ချင်းပြည်နယ်မြောက်ပိုင်း (တွန်းဇံမြို့နယ်) |
| | စုစုပေါင်းကုန်ကျ စရိတ် | အမေရိကန်ဒေါ်လာ ၆၅၀၀၀ |
| | စီမံကိန်းကာလ | နှစ်လ |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ကနဦးအဆင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်ငန်းဖြစ်နိုင်ချေများကို လေ့လာဆန်းစစ်ရန်<br>· ဘိန်းစိုက်ပျိုးသူတို့ အသက်မွေး ဝမ်းကျောင်းအတွက် ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သော ရွေးချယ်စရာနည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်ရန် |
| | စီမံကိန်း၏ ကြောင်းကျိုး | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ် မြောက်ပိုင်းဒေသတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ရှိနေခြင်းမှာ နိုင်ငံတော် |

| စီမံကိန်းခေါင်းစဉ် | ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုအတွက် အကြံပြုတင်ပြခြင်း | |
|---|---|---|
| | ဆက်နွယ်မှု | အစိုးရနှင့်ချင်းပြည်နယ်အစိုးရအတွက်စိုးရိမ်သောကဖြစ်စေပါသည်။တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဘိန်းကိုအသုံးပြုထုတ်လုပ်သော ထုတ်ကုန်များကြောင့် မူးယစ်ဆေးဝါးအသုံးပြုခြင်း၏ နောက်ဆက်တွဲ ပြဿနာများအပြင် တွန်းဇံမြို့နယ်တွင် ဘိန်းစိုက်ခင်းများ၌ အလုပ်လုပ်ကိုင်နေကြသော လုပ်သားများ ဘိန်းစွဲမှု တိုးမြင့်လာသည် မှာလည်း စိုးရိမ်စရာအနေအထားဖြစ်ပါသည်။ တွန်းဇံမြို့နယ် မြောက်ပိုင်းတွင် ဘိ န်းစိုက်ခင်း (၁၀၀၀) ကျော်ရှိလိမ့်မည်ဟု ခန့်မှန်းပါသည်။ အစိုးရကလည်း ထိုစိုက်ခင်းများကို အထူးအလေးထားက ဖျက်ဆီးပစ်နေပါသည်။<br><br>ကျေးရွာသူ၊ ရွာသားများအနေဖြင့် ဘိန်း ကိုစိုက်ပျိုးရခြင်းမှာ လိုအပ်သော စားနပ်ရိက္ခာရရှိနိုင်ရန်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်သော နေရာ များတွင် နေထိုင်သော ကျေးရွာလူထုမှာ ရွှေ့ပြောင်းတောင်ယာမှ ရရှိသော ဆန်နှင့်ပြောင်းထုတ်လုပ်ရေးကိုသာ အများအားဖြင့် မှီခိုအားထားရပါသည်။ သို့သော် ကျေးရွာသူ၊ ရွာသားများသည် ဆန်စပါး ဂမ်းစာဖူလုံမှုအတွက်မထုတ်လုပ်နိုင်သည့်အပြင် ရွှေ့ပြောင်းတောင်ယာစနစ် အဆုံးသတ်နိုင်ရေးကိုလည်း အစိုးရသို့ ကတိပြုထားရပါသည်။ ဘိန်းစိုက်ပျိုးသော ကျေး ရွာများမှာ လမ်းပန်းဆက်သွယ်ရေးလုံးဝမရှိ(သို့)ဆက်သွယ်ရေးနှင့် အခြားသောအခြေခံ အဆောက်အအုံများ မဖွံ့ဖြိုးသော အလွန်ဝေးလံခေါင်သီသည့် အရပ်ဒေသတွင် တည်ရှိကြ ပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ချင်းပြည်နယ် မြောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးသူ တောင်သူများအတွက် အစားထိုး စိုက်ပျိုးနိုင်ရေး နည်းလမ်းများ ဖော်ဆောင်ရန် လိုအပ်နေပါသည်။ သို့ရာတွင် အဆိုပါနေရာသို့ လုံလုံလောက်လောက် လေ့လာမှု မပြုရသေးပါ။ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်နိုင်သော အစားထိုးနိုင်သည့် အသက်မွေးဂမ်းကျောင်းလုပ်ငန်းဟု ဆိုရာတွင် လုံလောက်သော ရိက္ခာထုတ်လုပ်မှုအတွက် ရေသွင်းစပါးစိုက်ကွင်းများ ဖော်ဆောင်ခြင်းနှင့် ကော်ဖီ၊ သစ်သီးများနှင့် ဟင်းသီးဟင်းရွက် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိစေခြင်းတို့ ပါဝင်ပါသည်။ အိန္ဒိယနိုင်ငံ အနီး ဝန်းကျင်တွင် ၎င်းတို့အတွက် ဈေး ကွက်ကြီး ရှိနိုင်ပြီး အဆိုပါဈေးကွက်များသို့ လက်လှမ်းမီနိုင်ရန်အတွက် ဖော်ဆောင် ပေးရမည့်ဆောင်ရွက်ချက်များအတွက် လုပ်ငန်းဖြစ်နိုင်ချေကိုဆန်းစစ်ရန် လိုအပ်ပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ဘိန်းစိုက်ပျိုးထုတ်လုပ်နေသော ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပူးပေါင်းပါဝင်စေခြင်းဖြင့် ဖွံ့ဖြိုးရေး နည်းနာကို အကောင်အထည်ဖော်ခြင်း။<br>· သက်ဆိုင်ရာ အစိုးရ အရာရှိများနှင့် အနီးဝန်းကျင်တွင် ရှိသော မြို့များမှ ကုန်သည်ပွဲစားများနှင့် ဆွေးနွေးတိုင်ပင်ခြင်း။<br>· ဘိန်းစိုက်ပျိုးထုတ်လုပ်သော ကျေးရွာများ၏ သဘာဝရင်းမြစ်များ၊ ၎င်းတို့၏ လူမှုဘဝအခြေအနေနှင့် လက်လှမ်းမီနိုင်သော ဈေးများ အစရှိသူတို့ လေ့လာဆန်းစစ်ခြင်း။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| နိုင်ငံတကာအကြံပေးပညာရှင် တစ်ဦး- ၂ လ | ၂ | ၁၅၀၀၀ | ၃၀၀၀၀ |
| ပြည်တွင်းအကြံပေးပညာရှင် နှစ်ဦး - ၂ | ၄ | ၃၀၀၀ | ၁၂၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုအတွက် အကြံပြုတင်ပြခြင်း | | | | |
|---|---|---|---|---|---|
| | | လ | | | |
| | | ပြည်တွင်းခရီးသွားလာမှုနှင့် နေထိုင်ရေး စရိတ် | ၁ | ၁၅၀၀၀ | ၁၅၀၀၀ |
| | | နိုင်ငံတကာ ခရီးသွားလာမှုနှင့် နေထိုင်ရေး စရိတ် | ၁ | ၅၀၀၀ | ၅၀၀၀ |
| | | စုစုပေါင်း ကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များ မပါ) | | | ၆၁၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုး ပေါင်းခြင်း | | | ၄၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၆၅၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ။* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် နိုင်ငံတော်အစိုးရက မူဝါဒချမှတ်ဆောင်ရွက်နေသော မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။ | | | |
| | Observations | *ဖော်ပြရန်မရှိပါ။* | | | |

## သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးရေးအတွက် အကြံပြုတင်ပြခြင်း

| စီမံကိန်းခေါင်းစဉ် | သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သော လေ့လာဆန်းစစ်မှုပြုရေး အကြံပြုစီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး |
| | တည်နေရာ | မြို့နယ်များအားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၅၅၀၀၀ |
| | စီမံကိန်းကာလ | နှစ်လ |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · သဘာဝနည်းဖြင့် စိုက်ပျိုးရေး အလားလာများကို လေ့လာစုံစမ်းရန်<br>· သဘာဝထုတ်ကုန်များကို ဈေးကွက်တွင် အသိအမှတ်ပြုလာသည်နှင့်အမျှ သဘာဝ နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် ဖြစ်နိုင်ချေအနေအထားနှင့် စီးပွားရေး အကျိုးအမြတ် ရရှိမှု အနေအထားကို လက်လှမ်းမီစေရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင် စားနပ်ရိက္ခာအများစုကို သဘာဝနည်းဖြင့်သာ ထုတ်လုပ်ကြပါသည်။ ဆိုလိုသည်မှာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးတို့ ကို မသုံးစွဲဘဲ စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်ပါသည်။ သို့ရာတွင် ချင်းပြည်နယ်တွင်စိုက်ပျိုး ထုတ်လုပ်မှု မလုံလောက်သဖြင့် သစ်တောထွက်ကုန်နှင့် စီးပွားဖြစ် ဂင်ငွေရသီးနှံများ ရောင်းချ၍ ရသော ငွေနှင့် ရပ်ဝေးတွင် အလုပ်လုပ်၍ မိသားစုသို့ ပြန်လည်ပေးပို့သော ငွေကြေး တို့ဖြင့် လိုအပ်သော ရိက္ခာကို တောင်အောက် မြို့များမှ ဝယ်ယူရပါသည်။ |

| စီမံကိန်းခေါင်းစဉ် | သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သော လေ့လာဆန်းစစ်မှုပြုရေး အကြံပြုစီမံကိန်း | |
|---|---|---|
| | | ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုစိုက်ပျိုးရခြင်းကြောင့် စီးပွားရေး အကျိုးအမြတ်များ ရရှိနိုင်ကြောင်းကို ကျေးရွာသူ၊ ကျေးရွာသားများ သတိပြုမိကြသော်လည်း အရင်းအနှီးမလုံလောက်မှုနှင့် ငွေချေးလျှင်လည်း အတိုးနှုန်းကြီးမြင့်ခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးခြင်းတို့ကြောင့် မြေဆီလွှာအဟာရ၊ သဘာဝ ပတ်ဝန်းကျင်နှင့် စားသုံးသူတို့ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သော အချက်များ ကြောင့် ၎င်းတို့ကို သုံးစွဲလေ့ မရှိကြပါ။<br>အချို့သောစီမံကိန်းများနှင့် လူမှုအဖွဲ့အစည်းများသည် သဘာဝ နည်းစနစ်ဖြင့် စိုက်ပျိုးရေးကို မြှင့်တင်ပြီး အဆိုပါ ပြဿနာကိုတုန့်ပြန်ဖြေရှင်းကြပါသည်။ သို့ရာတွင် ရွာသူရွာသားများအနေဖြင့် သဘာဝမြေဩဇာပြုလုပ်ရန် ကုန်ကြမ်း (အဓိက နောက်ချေး ) ခက်ခဲခြင်းနှင့် လုပ်သားအင်အားအပိုမရှိခြ င်းတို့ကြောင့် အကန့်အသတ် တချို့ ရှိနေပါသည်။ ကျယ်ပြန့်စွာအကြီးစားစိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာကို လိုသလောက်ပြုလုပ်နိုင်ရန်မှာ မဖြစ်နိုင်သောကြောင့် အချို့သော လူမှုကူ ညီရေး အဖွဲ့အစည်းများက တောင်ယာမြေများ၌ တောင်စောင်းတောင်ယာနည်း (SALT) ဖြင့် သဘာဝ သစ်တောစိုက်ပျိုးကြရန် အားပေး မြှင့်တင်ကြပါသည်။ တောင်ယာမြေများတွင် ယာသီးနှံများကို ပဲအမျိုးမျိုး အပင်များအကြား ထယ်ကြောင်း များပေါ်တွင် စိုက်ပျိုးကြပြီး ထိုပဲအမျိုးမျိုးအပင်မှ တချို့ကိုဖြတ်ချ၍ ထယ်ကြောင်းများအကြားတွင် ထားခြင်းအားဖြင့် စိုက်ပျိုးမြေအတွက် သဘာဝမြေဩဇာရရှိစေအောင် ကြံဆောင်ကြ ပါသည်။ သို့ရာ တွင် လက်ရှိအခြေအနေ၌ SALT နည်းစနစ် အသုံးပြုနိုင်မှု အလွန်နည်းပါးပါသေးသည်။<br>သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးခြင်းကြောင့် ထွက်ကုန်အပေါ် ဈေးနှုန်း တိုးမြင့်ရရှိလျှင် သဘာဝစိုက်ပျိုးရေးသည် ကျေးရွာလူထု ပိုမိုစိတ် ဝင်စားလာစေအောင် ဆွဲဆောင်နိုင်ပါလိမ့်မည်။ စားသုံးသူများအနေဖြင့် ဓာတ်မြေဩဇာကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ထားသော ထွက်ကုန်များကို စားသောက်ရန်မှာ ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် စိုးရိမ်မှုမကင်းစရာဖြစ်၍ သဘာ ဝနည်းဖြင့် စိုက်ပျိုးထားသော စားသောက်ကုန်များကို ဈေးနှုန်းတိုးမြှင့် ဝယ်ယူမည်ဟု မျှော်လင့်ထားပါသည်။ သို့သော် နိုင်ငံတော်အစိုးရက အော်ဂဲနစ် (သဘာဝနည်း) ဖြင့် စိုက်ပျိုးသော ထွက်ကုန်များအတွက် သက်သေခံလက်မှတ်များ ထုတ်ပေးရန် စိတ်ပါ ဝင်စားသော်လည်း အဆိုပါ လုပ်ငန်းစဉ်အတွက် ထုတ်ကုန်သည် သဘာ ဝနည်းဖြင့် ထုတ်လုပ်ကြောင်းကို အာမခံ စစ်ဆေးပေးနိုင်သည့် မည်သည့်အဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် မတည်ရှိသေးပါ။<br>ချင်းတောင်တန်းသည် အာရေဗျကော်ဖီ (လက်ရှိတွင် ချင်းပြည်နယ် နေရာများစွာတို့တွင် အသေးစားစိုက်ပျိုးနေကြသည် )စိုက်ပျိုးခြင်း၊ သမပိုင်းသစ်သီးများ (လတ်တလောတွင် တီးတိန်မြို့နယ်၌ ပန်းသီးစိုက်ပျိုးလျှက်ရှိသည်)၊ဟင်းသီးဟင်းရွက်နှင့် သစ်ဥသစ်ဖုသစ်မြစ်များ (ဟားခါးနှင့်ဖလမ်းဝန်းကျင်တွင် လက်ရှိစိုက်ပျိုးသည် )၊ စပျစ်စိုက်ပျိုးခြင်းနှင့်ဝိုင်ထုတ်လုပ်ခြင်း (အထူးသဖြင့်ချင်းပြည်နယ်မြောက်ပိုင်း အချို့နေရာများ ) တို့တွင် မြေနိမ့်ပိုင်းစိုက်ပျိုးမှုနှင့် နှိုင်းယှဉ်လျှင် အားသာချက် များစွာရှိပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · အလားအလာရှိသော ဈေးကွက်ကို အထူးအာရုံစိုက် လေ့လာ၍ ချင်းပြည်နယ်တွင် သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၏ အလားအလာများကို သတ်မှတ်ဆုံးဖြတ်ခြင်း။<br>· ချင်းပြည်နယ်တွင် သဘာ ဝနည်းစနစ်ဖြင့် စိုက်ပျိုးမှု မှန်ကန်ကြောင်း ယုံကြည်စိတ်ချမှု ရှိစေရန် သက်သေခံလက်မှတ် ထုတ်ပေး နိုင်သည့် လက်တွေ့ကျသော နည်းလမ်းများကို အကြံပြုခြင်း။<br>· သဘာဝနည်းဖြင့် စိုက်ပျိုးလျှင် ချင်းပြည်နယ်တွင် စိုက်ပျိုးရန်အသင့်တော်ဆုံးသော သီးနှံများကို သတ်မှတ်ဆုံးဖြတ်ခြင်း။<br>· ချင်းပြည်နယ်တွင် သဘာဝနည်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုများ ထပ်မံလုပ်ဆောင်နိုင်ရန် စီမံကိန်းအနေဖြင့် အလားအလာရှိသော အလှူရှင် အဖွဲ့အစည်းများထံသို့ |

| စီမံကိန်းခေါင်းစဉ် | သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သော လေ့လာဆန်းစစ်မှုပြုရေး အကြံပြုစီမံကိန်း | | | | |
|---|---|---|---|---|---|
| | | လိုအပ်သောရန်ပုံငွေ လျှောက်ထားခြင်းဆိုင်ရာတို့အတွက် အကြံပြုဆွေးနွေးခြင်း။ | | | |
| | စီမံကိန်း အကောင်အထည်ဖော်ခြင်း | သဘာဝနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် ဖြစ်နိုင်ချေရှိသောနည်းလမ်းများကို အကျဉ်းရုံး သတ်မှတ်ဖော်ထုတ်ခြင်း | | | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ) |
| | | နိုင်ငံတကာအကြံပေးပညာရှင် တစ်ဦး - ၂လ | ၂ | ၁၅၀၀၀ | ၃၀၀၀၀ |
| | | ပြည်တွင်းအကြံပေးပညာရှင်တစ်ဦး - ၂ လ | ၂ | ၃၀၀၀ | ၆၀၀၀ |
| | | ခရီးသွားလာခြင်းနှင့် နေထိုင်ရေး | | | ၁၄၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၅၀၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၆% ထပ်တိုးပေါင်းခြင်း | | | ၅၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၅၅၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | | | |

# ၃.၁။ မွေးမြူရေး စီမံကိန်းများ

## မွေးမြူရေးတိရိစ္ဆာန်တို့၏ ကျန်းမာရေးကုသစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာခြင်းနှင့် မွေးမြူရေးလုပ်ငန်း တိုးချဲ့ခြင်း

| စီမံကိန်း ခေါင်းစဉ် | မွေးမြူရေးတိရိစ္ဆာန်တို့၏ ကျန်းမာရေးကုသစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာခြင်းနှင့် မွေးမြူရေးလုပ်ငန်း တိုးချဲ့ခြင်း | |
|---|---|---|
| သတ်မှတ်ချက် | ပဓာနနယ်ပယ် | မွေးမြူရေး |
| | တည်နေရာ | မြို့နယ်များအားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၈၃၀၀၀၀ |
| | စီမံကိန်းကာလ | ငါးနှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | · ရောဂါပိုးကူးစက်ခြင်းနှင့် တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာနှင့်ပတ်သက်သော သတင်းအချက်အလက်များ မရှိခြင်းကြောင့် အသေးစားမွေးမြူရေးလုပ်ငန်းအပေါ် ထိခိုက်နေမှုများကို လျှော့ချရန်<br>· ကျေးရွာအခြေပြုမွေးမြူရေးဆိုင်ရာရောဂါများထိန်းချုပ်တိုက်ဖျက်ရေးနှင့်အကြံဉာဏ်များ ပံ့ပိုးပေးနိုင်မည့် ရေရှည်ခိုင်မာသည့် ကြီးကြပ်မှုနည်းစနစ်တစ်ခုကို ဖော်ဆောင်ရန်<br>· အသေးစားစိုက်ပျိုးထုတ်လုပ်နေသူများအတွက် မွေးမြူရေးကုသနည်းများ၊ ဆေး ဝါးများ နှင့် အကြံဉာဏ်များ လက်လှမ်းမီနိုင်မှု အခြေအနေကို တိုးမြှင့်ရန်<br>· အထက်တန်းပညာအဆင့် ပြီးမြောက်ထားပြီး မွေးမြူရေးလုပ်ငန်းတွင် စိတ်ပါ ဝင်စား သူများအတွက် ကျေးရွာတွင် အလုပ်အကိုင် ဖန်တီးပေးရန်<br>· ချင်းပြည်နယ်အတွင်းရှိ နွမ်းပါးမိသားစုတို့၏ ဝင်ငွေ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အိမ်ထောင်စု အဟာရအခြေအနေများ ကောင်းမွန်လာ ရေးအတွက် မွေးမြူရေး ထုတ်ကုန်နှင့် မွေးမြူရေး၏ အကျိုးရလဒ်များ တိုးတက်လာစေရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>မွေးမြူရေးလုပ်ငန်းသည် ချင်ပြည်နယ်၏ စီးပွားရေးနှင့် ပြည်နယ်အတွင်းရှိ လယ်ယာ လုပ်ကိုင်သော မိသားစုများအတွက် ဘေးအန္တရာယ်လျှော့ချရာတွင် အရေးပါသော အခန်း ကဏ္ဍတွင် ပါဝင်နေပါသည်။ လတ်တလောတွင် ဘဏ္ဍာရေးအကျပ်အတည်းနှင့် သယ်ယူ ပို့ဆောင်ရေး အခက်အခဲတို့ကြောင့် နေရာပြန့်ကျဲနေသော မွေးမြူရေးလုပ်ငန်းများ အားလုံး ကို ခြုံငုံမိအောင် ကာကွယ်ကုသရေး ဝန်ဆောင်မှုများပေးရန် မတတ်နိုင်ပါ။ ရလဒ်အားဖြင့် ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါဖြစ်စ အစောပိုင်းအခြေအနေတွင် ကုသမှုခံယူခြင်းဖြင့် ပျောက်ကင်းနိုင်သော ရောဂါများမှာ ကုသကာကွယ်မှု လက်လှမ်းမမီ ခဲ့သဖြင့် မွေးမြူ ရေးလုပ်ငန်း၌ ကြီးစွာဆုံးရှုံးမှု ဖြစ်ခဲ့ရပါသည်။ ဤကိစ္စရပ်များကို တုန့်ပြန်ဖြေရှင်းရန် ကျေးရွာအဆင့် မွေးမြူရေးဆိုင်ရာကျန်းမာရေးလုပ်သားများ (VAHW) ကို သင်တန်းပို့ချ ပေးရန် အဆိုပြုထားပါသသည်။ အဆိုပါကျန်းမာရေးလုပ်သားများသည် ပြည်နယ်နှင့် မြို့နယ်အဆင့်တိရိစ္ဆာန်မွေးမြူကုသရေးကျွမ်းကျင်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် ကျေးရွာ များ၏ မွေးမြူရေးလုပ်ငန်းများတွင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကုသရေးတို့ကို အခ ကြေးငွေယူကာ အမှီအခိုကင်းစွာ လှုပ်ရှားဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ပြည်နယ်နှင့်မြို့နယ်အဆင့်မှ အရေးပါအရာရောက်သော မွေးမြူရေး နှင့်ကုသမှုဆိုင်ရာ အရာရှိများသည် ကမ္ဘောဒီးယားနိုင်ငံသို့ လေ့လာရေးသွားရောက်ကာ ၎င်းတို့၏ အောင်မြင်သော VAHW စနစ်အကောင်အထည်ဖော်မှုကို သုံးသပ်လေ့လာခြင်း။ |

| စီမံကိန်း ခေါင်းစဉ် | မွေးမြူရေးတိရစ္ဆာန်တို့၏ ကျန်းမာရေးကုသစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာခြင်းနှင့် မွေးမြူရေးလုပ်ငန်း တိုးချဲ့ခြင်း | |
|---|---|---|
| | | · ချင်းပြည်နယ်တွင် တွေ့ကြုံရသော တိရစ္ဆာန်ရောဂါဖြစ်ပွားမှုနှင့် မွေးမြူရေးဆိုင်ရာ အခြေအနေ ကိစ္စရပ်တို့အတွက် နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များခန့်အပ်၍ သင့်တော်သော မွေးမြူရေးသင်တန်းလက်စွဲများ ပြင်ဆင်ခြင်း။<br>· ပြည်နယ်နှင့် ကျေးရွာ မွေးမြူရေးဌာနများမှ သက်ဆိုင်ရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဝန်ထမ်းများအတွက် (ဖြစ်နိုင်လျှင် အသစ်ဖွင့်လှစ်မည့် စိုက်ပျိုးရေး ကောလိပ်တွင်) ကွင်းဆင်းလက်တွေ့သင်တန်းများ ပို့ချပေးခြင်း။<br>· ကျေးရွာအဆင့် မွေးမြူရေးဆိုင်ရာ ကျန်းမာရေးလုပ်သားများ (VAHW) ဖြစ်ရန် စိတ်ပါဝင်စားပြီး သင့်တော်သည့် ပညာအရည်အချင်းရှိသူများနှင့် ပါ ဝင်ဆောင်ရွက်လိုသော ကျေးရွာများကို သတ်မှတ်ဖော်ထုတ်ခြင်း။ (ရွာပေါင်း (၁၀၀) ကနဦး ရွေးချယ်ပါမည်။)<br>· အလားအလာရှိသော VAHW များကို တစ်လတာ သင်တန်းအစီအစဉ်ပံ့ပိုးပေးပြီး ၎င်းတို့၏ကျွမ်းကျင်မှု အရည်အချင်းကိုစစ်ဆေးကာ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း ဖြင့် ကျွမ်းကျင်သောသင်တန်းသားများ မွေးထုတ်ပေးခြင်း။<br>· မြို့နယ်တိုင်းရှိ ဆေးဆိုင်များတွင် စီးပွားဖြစ်ထုတ်လုပ်သော မွေးမြူရေးကုသ ဆေးဝါးများ ရရှိနိုင်မှုစနစ် တိုးတက်ကောင်းမွန်လာရန်နှင့် အဆိုပါ ဆေးဆိုင်များတွင် အသိအမှတ်ပြု ဆေးဝါးများ ကြိုတင်ရရှိနိုင်စေရန် ပံ့ပိုးပေးခြင်း။<br>· VAHW လုပ်သားများအတွက် မွေးမြူရေးကုသဆေးဝါးနှင့် ပစ္စည်းကိရိယာများကို ကနဦးအဆင့် ပံ့ပိုးပေးခြင်း။ နောင်အခါတွင်မူ လိုအပ်သော ဆေး ဝါးများကို မြို့နယ် တိရစ္ဆာန်ဆေးကုဆရာဝန်ထံမှ ထောက်ခံစာဖြင့် ဆေးဆိုင်တွင် ဝယ်ယူရမည်ဖြစ်ပြီး ငွေပေးချေမှုအတွက်မူ အဆိုပါ လုပ်သားများကို မူလကကြိုတင် ပံ့ပိုးပေးထားသော ဆေးဝါးများကို အ သုံးပြု၍ ၎င်းတို့ ပြန်လည်ကုသရောင်းချခြင်းမှ ရရှိလာသော အမြတ်ငွေဖြင့် ပေးချေရပါမည်။<br>· ကွင်းဆင်းလက်တွေ့သင်တန်းများ ပို့ချခြင်းနှင့် ကုသမှုများအကြောင်း အစီရင်ခံမှုကို မြို့နယ်အဆင့်တွင် ပုံမှန်လုပ်ဆောင်ပါမည်။ ပူးပေါင်းပါ ဝင်ရေးနည်းလမ်းဖြင့် ပူးပေါင်း ဆောင်ရွက်မည့် ကျေးရွာ ၁၀၀ ကို ရွေးချယ်ပါမည်။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | ဖွံ့ဖြိုးရေးနှင့် ကျေးရွာအဆင့် မွေးမြူရေးဆိုင်ရာ ကျန်းမာရေး လုပ်သားများ (VAHW) မွေးမြူထုတ်လုပ်ရေးအစီအစဉ်တွင် အတွေ့အကြုံပြည့် ဝသူ နိုင်ငံတကာ အကြံပေး ပညာရှင်တစ်ဦးကို တာ ဝန်ခန့်အပ်ပြီး ကနဦးကာလ (၆) လအတွင်းတွင် ပြည်နယ်နှင့် မြို့နယ် အရာရှိများကို လက်တွေ့ကွင်းဆင်းသင်တန်း ပို့ချပေးရန်အတွက် သင်တန်းကိစ္စ စီစဉ်ရေးဆွဲခြင်းနှင့် လေ့လာရေးခရီးစဉ်များကို ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်စေပါမည်။<br>အသစ်ဖွင့်လှစ်မည့် စိုက်ပျိုးရေးကောလိပ်သည် VAHW သင်တန်းပေးရန်အတွက် အဓိကကျသော ဆုံမှတ်နေရာဖြစ်ပါသည်။<br>ဆေးဆိုင်များနှင့် VAHW များထံသို့ ဆေး ဝါးကြိုတင်ပံ့ပိုးပေးမှုအတွက် ပုံမှန်ငွေကြေး ရှင်းတမ်းများနှင့် ကုန်လက်ကျန်စစ်ရေးကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်ပါမည်။ |

| ဘဏ္ဍာရေး အချက် အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|---|---|
| | | စီမံကိန်းတွက်ချက်ခြင်း | ၁ | ၂၀၀၀၀ | ၂၀၀၀၀ |
| | | နည်းပညာအကူအညီ - နိုင်ငံတကာ | ၈ လ | ၁၅၀၀၀ | ၁၂၀၀၀၀ |

| စီမံကိန်း ခေါင်းစဉ် | မွေးမြူရေးတိရိစ္ဆာန်တို့၏ ကျန်းမာရေးကုသစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာခြင်းနှင့် မွေးမြူရေးလုပ်ငန်း တိုးချဲ့ခြင်း | | | | |
|---|---|---|---|---|---|
| | | ပညာရှင် | (၆+၁+၁) | | |
| | | နည်းပညာအကူအညီ - ပြည်တွင်း ပညာရှင် | ၃၆ လ | ၃၀၀၀ | ၁၀၈၀၀၀ |
| | | စာရင်းအင်း အကူအညီ (နိုင်ငံသား) | ၆၀ လ | ၂၀၀၀ | ၁၂၀၀၀၀ |
| | | အိမ်နီးချင်းနိုင်ငံများသို့ သွားရောက် လေ့လာရေး | ၂* ၁၀ ဦး | ၄၀၀၀ | ၈၀၀၀၀ |
| | | တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ ကုသရေး ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို ကနဦး ပံ့ပိုးပေးခြင်း | ၁၀ | ၃၀၀၀ | ၃၀၀၀၀ |
| | | VAHW များအတွက် ကုသရေး ဆိုင်ရာ ဆေးဝါးနှင့် ကိရိယာများ ကနဦးအဆင့် ပံ့ပိုးပေးခြင်း | ၁၀၀ စုံ | ၃၀၀ | ၃၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး - ကား+ ဆိုင်ကယ် (ပြုပြင်ထိန်းသိမ်းရေး စရိတ်များအပါအဝင်) | ၁+၁၀ | ၁၀၀၀၀၀ + ၅၀၀၀ | ၂၀၀၀၀၀ |
| | | မွေးမြူရေးနှင့် ကုသရေးဌာနမှ ဝန်ထမ်းများအတွက် လက်တွေ့ ကွင်းဆင်း သင်တန်းများ | ၁၆ | ၅၀၀ | ၈၀၀၀ |
| | | VAHW သင်တန်းကုန်ကျစရိတ် | တစ်လလျှင် ၁၀၀ | ၆၀၀ | ၆၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်း နိုင်သော စရိတ်များမပါ) | | | ၇၇၆၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၅၄၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၈၃၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက် | ဘတ်ဂျက်သည် VAHW (၁၀၀) ဦး လေ့ကျင့်မွေးထုတ်ပေးမည့်အပေါ် မူတည် တွက်ချက်ခြင်းဖြစ်ပါသည်။ အကယ်၍ ဤအစီအစဉ်အောင်မြင်လျှင် VAHW များကို ထပ်မံ သင်တန်းပို့ချပါမည်။ သင်တန်းအတွက် ကုန်ကျစရိတ်မှာမူ ဆေးဆိုင်များသို့ ယခင်ပံ့ပိုးပေး ထားရသော ဆေးများအတွက် ငွေမြုပ်နေသည်ဖြစ်ရာ ထိုငွေများကို အသုံးပြုနိုင်လျှင် သင်တန်းသစ်အတွက် အနည်းငယ်သာ ထပ်မံကုန်ကျတော့မည် ဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေး ဝန်ထမ်းများကို ပံ့ပိုးပေးမည့် လက်တွေ့ကွင်းဆင်း သင်တန်း အတွက်မှ သယ်ယူပို့ဆောင်ရေးအတွက် ထပ်မံကုန်ကျရန် မလိုတော့ပါ။ | | | |
| အခြားသော အချက်လက် | အမျိုးသားအဆင့်မူ ဝါဒနှင့်မဟာဗျူဟာ တို့နှင့်ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | | | |
| | လေ့လာ တွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | | | |

# အသေးစား ဝက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေး

| စီမံကိန်း ခေါင်းစဉ် | အသေးစား ဝက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | မွေးမြူရေး |
| | တည်နေရာ | ချင်းပြည်နယ်တွင် (၂၄) နာရီ မီးရရှိနိုင်သော မြို့များ - မင်းတပ်၊ မတူပီ၊ ဟားခါးနှင့် ဖလမ်း |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၇၃၀၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | · ဝက်မွေးမြူခြင်းဖြင့် ဝက်များကို ရောင်းချရာမှ မိသားစုဝင်ငွေတိုးပွားစေသောနည်းလမ်းဖြင့် နွမ်းပါးသော ကျေးရွာသူ၊ ကျေးရွာသားများကို ကူညီပံ့ပိုးရန်<br>· ရွာသားများ၏ လုပ်ကိုင်နိုင်စွမ်း တိုးတက်ရန်နှင့် ဝက်မွေးမြူရေးလုပ်ငန်းကို ရေရှည်ခိုင်မာသည့် လုပ်ငန်းအဖြစ် မှတ်ယူ၍ အစိုးရ၏ မွေးမြူရေးဆိုင်ရာ ကုသမှု ဝန်ဆောင်မှုများကို တိုးချဲ့ဖြည့်တင်းပေးရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ဝက်မွေးမြူခြင်းလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးသည် မွေးမြူရေးကဏ္ဍတိုးတက်မှုအတွက် ကျေးရွာလူထု မကြာခဏတောင်းဆိုသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ မှတ်တမ်းများအရ ချင်းပြည်နယ်တွင်ဝက်အကောင်ရေ ၃၇၈၆၃၈ ရှိကြောင်းသိရသည်။ သို့ရာတွင် အိမ်ထောင်စု အချိုးအစားအရ ဝက်အကောင်ရေ မညီမျှဘဲ ဝက်တစ်ကောင်မှ မရှိသော အိမ်ထောင်စုနှင့် ဝက်အနည်းသာရှိသော အိမ်ထောင်စုဟူ၍ သိသာကွဲပြားေ နပါသည်။ အထူးသဖြင့် ပိုမို ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု အများစုမှာ ဝက်တစ်ကောင်မျှပင် မပိုင်ဆိုင်ကြပါ။ ဝက်များကို အမျိုးသမီးများကအများဆုံးတာဝန်ယူစောင့်ရှောက်ပါသည်။ဝက်ရောင်းဝယ်ရေးဈေးကွက်မှာ အလွန်ကောင်းမွန်လျှက်ရှိပြီး ၁၀၀ ကီလိုဂရမ်ခန့် အလေးချိန်ရှိ အရွယ်ရောက်ပြီးသား ဝက်တစ်ကောင်လျှင် ဒေသဈေးထဲတွင် မြန်မာငွေကျပ် ၃၀၀၀၀၀ ဖြင့် ရောင်းချနိုင်ပါသည်။ သားခွဲပြီးစ ဝက်ပေါက်ကလေးများကိုမူ ကျပ်ငွေ ၅၀၀၀၀ ခန့်ဖြင့် ရောင်းချနိုင်ပါသည်။ သို့ရာတွင် ကျေးရွာသူ၊ ရွာသားများအတွက် ဝက်မွေးမြူရေး တိုးချဲ့ရန် ရင်ဆိုင်နေရသော အခက်အခဲမှာ မွေးမြူရန်အတွက် ဝက်များကို ဝယ်ယူရန် ငွေကြေး မရှိခြင်းပင် ဖြစ်သည်။<br>ဝက်များအားလုံးနီးပါးမှာ အမည်းမျိုးဖြစ်သည်။ ကျေးရွာများ၏ ခက်ခဲကြမ်းတမ်းသော အခြေအနေများတွင် အဆိုပါဝက်မျိုးမှာ မွေးမြူရန်အသင့်တော်ဆုံး အကောင်ဖြစ်ပါသည်။ ဝက်များကို အများအားဖြင့် ဝက်ခြံများတွင် ထည့်သွင်းမွေးမြူပါသည်။ ဝက်ခြံခတ်ခြင်းသည် ကျေးရွာ၏ ကျန်းမာသန့်ရှင်းရေး မြင့်မားရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေပြီး ဝက်များအတွင်း ကူးစက်ရောဂါဖြစ်ပွားမှုလည်း လျော့ကျကာ ၊ ဝက်များ အသေကောင်များကို ရှာဖွေစား သောက်ခြင်းဖြင့် ထိခိုက်ရမှုကိုလည်း ကာကွယ်လျှော့ချပြီးဖြစ်သည်။ သို့သော် ဝက်ခြံအတွင်း ထား၍ မွေးမြူရာတွင် ၎င်းတို့သည် ကိုယ်တိုင်အစာရှာစားခွင့် မရှိသည့်အတွက် ထို့အတွက် အစားထိုး ဖြည့်ဆည်းပေးသည့်အနေဖြင့် အစာအာဟာရ ပိုမိုဖြည့်တင်းပေးရန် လိုပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ကျေးရွာသူ၊ ရွာသားများသည် ခြံခတ်မွေးမြူသော ဝက်များကို အရည်အသွေး ပြည့်ဝသော ဖြည့်စွက်အစာကျွေးနိုင်ရန်အတွက် လုံလောက်အောင် မစိုက်ပျိုးနိုင်ကြပါ။ ဝက်များသည် အများအားဖြင့် ငှက်ပျောအူ၊ မြက်နှင့်ပေါင်းပင်များနှင့် ဆန်ကွဲ၊ မီးဖိုချောင်မှ စွန့်ပစ်စား စရာများ၊ ပိန်းဥရွက်နှင့် ပြောင်းစေ့တို့ ရောကြိုထားသော ဝက်စာကို စားသုံးကြပါသည် ။ ကြီးထွားမှုနှုန်းလည်း နှေးကွေးရာ မည်သည့်အိမ်ထောင်စုမဆို ဝက်အနည်းငယ်ကိုသာလျှင် |

<table>
<tr><th>စီမံကိန်း<br>ခေါင်းစဉ်</th><th colspan="5">အသေးစား ဝက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်း</th></tr>
<tr><td></td><td></td><td colspan="4">မွေးမြူနိုင်ပါသည်။<br>ထို့ပြင် ဝက်များကို ကာကွယ်ဆေးထိုး နှံမှု မရှိသလောက် အလွန်နည်းပါးပြီး အနည်းငယ်သာလျှင် ကာကွယ်ဆေးထိုးပြီးသား ဝက်များကို ဝယ်ယူကြသည်။ မွေးမြူရေးနှင့် ကုသရေး ရုံးများတွင် ဝက်နာကျရောဂါကာကွယ်မှုမှာ အရေးအကြီးဆုံးဖြစ်၍ အဆိုပါ ကာကွယ်ဆေးကို ရေခဲခန်းတွင် အစဉ်ထားကာ ထိန်းသိမ်းထားရသဖြင့် ဝက်များအတွက် ရောဂါကာကွယ်ဆေးများကို ပြန်လည်မဖြန့်ဖြူးနိုင်ပေ။ သို့သော် ဝက်နှင့် ဝက်ပေါက်များ သေဆုံးမှုမှာ နှစ်စဉ်ရောဂါကပ်ဘေးကျ၍သေဆုံးသောကြက်အကောင်ရေလောက်များပြားခြင်းမရှိဟုသိရပါသည်။<br>.</td></tr>
<tr><td></td><td>လုပ်ငန်း<br>ဆောင်ရွက်ချက်</td><td colspan="4">· ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာ မွေးမြူကုသရေးဆိုင်ရာ လုပ်သားများနှင့် အစိုးရ မွေးမြူရေးနှင့် ကုသရေး ဝန်ထမ်းများကို သင်တန်းပို့ချခြင်း။<br>· ပူးပေါင်းပါဝင်သော နည်းဖြင့် ကျေးရွာ ဝက်မွေးမြူထုတ်လုပ်သူများ အဖွဲ့ကို ဖွဲ့စည်းခြင်း။</td></tr>
<tr><td></td><td>စီမံကိန်း<br>အကောင်အထည်<br>ဖော်ခြင်း</td><td colspan="4">· အိမ်ထောင်စုများအတွက် ဝက်များကို ပံ့ပိုးပေးကာ အသစ်မွေးထုတ်လိုက်သည့် ဝက်ပေါက်များကိုမူ ကျေးရွာ ဝက်ဘဏ် (သို့) အသေးစားငွေချေး ရန်ပုံငွေသို့ ပြန်လည်ထည့် ဝင်ခြင်းဖြင့် ရန်ပုံငွေကိုလည်ပတ်စေလျှက် မြန်မာနိုင်ငံ၏ အခြားသောနေရာများတွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသော အလားတူ စီမံကိန်းများမှ နည်းနာများကို အသုံးပြုပြီး၊ အစိုးရ မွေးမြူရေးနှင့် ကာကွယ်ကုသရေး ဌာန၏ အခန်းကဏ္ဍကိုလည်း လေ့လာကာ လိုအပ်ချက်များကို ဖော်ဆောင်ရပါမည်။ အစိုးရ မွေးမြူေ ရးနှင့်ကာကွယ်ကုသရေး ဝန်ဆောင်မှုများ ပါ ဝင်ဖြည့်ဆည်းရေးမှာ ဤစီမံကိန်း အောင်မြင်စွာဆက်လက်ရှင်သန်နိုင်ရေးအတွက် အရေးပါသော သော့ချက်တစ်ခုဖြစ်ပါသည်။<br>· ဝက်များကို ဖြည့်စွက်စာလုံလောက်စွာ ကျွေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်း။<br>· ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာ မွေးမြူကုသရေးဆိုင်ရာ လုပ်သားများနှင့် အစိုးရ မွေးမြူရေးနှင့် ကုသရေး ဝန်ထမ်းများကို သင်တန်းပို့ချခြင်း။<br>· သင့်တော်သည့် မွေးမြူရေးဆေးဆိုင်တွင် ကာ ကာကွယ်ကုသရေး ဆေး ဝါးများနှင့်ကိရိယာများ လုံလောက်စွာ ဖြည့်ဆည်းပေးခြင်း။<br>· ဝက်အထီးနှင့် ဝက်အမ နှစ်မျိုးစလုံး ပံ့ပိုးပေးခြင်းအားဖြင့် မွေးမြူရေးလုပ်ငန်းမှတဆင့် ကျေးရွာသားများ ပိုမိုပူးပေါင်းဆောင်ရွက်လာမှုကို ဖော်ဆောင်ခြင်း။</td></tr>
<tr><td rowspan="6">ဘဏ္ဍာရေး<br>အချက်<br>အလက်</td><td rowspan="6">ဘတ်ဂျက်</td><td>လုပ်ငန်းတာဝန်</td><td>အရေအတွက်</td><td>တစ်ခုစီ<br>တန်ဖိုး</td><td>စုစုပေါင်း<br>ကုန်ကျငွေ<br>(အမေရိကန်<br>ဒေါ်လာ)</td></tr>
<tr><td>စီမံကိန်းတွက်ချက်ခြင်း</td><td>၁</td><td>၂၀၀၀၀</td><td>၂၀၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ -<br>နိုင်ငံတကာ ပညာရှင်</td><td>၁၄ လ (၆+၂+၂)</td><td>၁၅၀၀၀</td><td>၁၅၀၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ - ပြည်တွင်း<br>ပညာရှင်</td><td>၃၀ လ</td><td>၃၀၀၀</td><td>၉၀၀၀၀</td></tr>
<tr><td>ရုံးပိုင်းနှင့် စာရင်းအင်း အကူအညီ<br>(နိုင်ငံသား)</td><td>၃၆ လ</td><td>၂၀၀၀</td><td>၇၂၀၀၀</td></tr>
<tr><td>မြို့နယ်ရုံးများအတွက်<br>အဆောက်အအုံ ပံ့ပိုးပေးခြင်း<br>(အိုင်တီ နှင့် ရုံးပစ္စည်း၊ တိရိစ္ဆာန်</td><td>၄ ရုံး</td><td>၁၀၀၀၀</td><td>၄၀၀၀၀</td></tr>
</table>

| စီမံကိန်း ခေါင်းစဉ် | အသေးစား ဝက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | ကုသရေးပစ္စည်းများ အပါအဝင်) | | | |
| | | သယ်ယူပို့ဆောင်ရေး - ကား + ဆိုင်ကယ် (ပြုပြင်ထိန်းသိမ်းရေး စရိတ်အပါအဝင်) | ၁+၄ | ၁၀၀၀၀၀ + ၅၀၀၀ | ၁၅၀၀၀၀ |
| | | ကျေးရွာ မွေးမြူရေး ကုသရေး လုပ်သားနှင့် ဝန်ထမ်းများကို သင်တန်းပို့ချပေးခြင်း | ၄၄ | ၅၀၀ | ၂၂၀၀၀ |
| | | ကျေးရွာ လေ့လာရေးခရီးများ (နေ့တွက်စရိတ်နှင့် ပစ္စည်းကိရိယာ များအပါအဝင်) | ရွာ ၄၀ * လေ့လာရေး အကြိမ် (၃၀) | ၂၀ | ၂၄၀၀၀ |
| | | အစီအစဉ်ရေးဆွဲရေး ပစ္စည်းများ | အိမ်ထောင်စု ၄၀၀ | ၂၀ | ၈၀၀၀ |
| | | ဝက်မများ ကြိုတင် သားခွဲမှုအတွက် ချေးငွေ ပံ့ပိုးမှု | တစ်အိမ်ထောင်လျှင် ၂ ကြိမ် * ၄၀၀ အိမ်ထောင်စု | ၁၀၀ | ၈၀၀၀၀ |
| | | ဝက်ထီးမွေးမြူသူများအတွက် ချေးငွေပံ့ပိုးမှု | တစ်ရွာလျှင် တစ်ကြိမ် * ရွာ ၄၀ | ၄၀၀ | ၁၆၀၀၀ |
| | | စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း | ၂ | ၂၀၀၀၀ | ၄၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းသော စရိတ်များမပါ) | | | ၆၈၂၀၀၀ |
| | | မမျှော်မှန်းသောစရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၄၈၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၇၃၀၀၀၀ |
| | ဘတ်ဂျက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ။* | | | |
| အခြားသော အချက် အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့ နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | | | |
| | လေ့လာတွေ့ရှိ ချက် | *ဖော်ပြရန်မရှိပါ။* | | | |

# ကျွဲ၊နွားနှင့် နွားနောက် အသားတိုးရေး အသေးစားလုပ်ငန်း

| စီမံကိန်းခေါင်းစဉ် | ကျွဲ၊နွားနှင့် နွားနောက် အသားတိုးရေး အသေးစားလုပ်ငန်း စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | မွေးမြူရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၃၅၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · အိမ်ခြံဝင်းအတွင်း စာကျက်ခင်းဖန်တီး၍ ကျွဲ၊နွားနှင့် နွားနောက် အသားတိုး မွေးမြူရေးကို ပံ့ပိုးပေးခြင်းဖြင့် မြေယာမဲ့နှင့် ဆင်းရဲနွမ်းပါးသော ကျေးရွာသူ၊ ကျေးရွာသားများ၏ ဝင်ငွေ တိုးပွားရရှိရန်<br>· ဘူတန်နိုင်ငံ၏ နွားနောက်မွေးမြူရေးဖွံ့ဖြိုးမှုနည်းလမ်းများကို လေ့လာရန်<br>· အိမ်နီးချင်းနိုင်ငံများ၏အိမ်နောက်ဖေးခြံပိုင်းအတွင်း ကျွဲ၊နွား အသားတိုး မွေးမြူရေး လုပ်ငန်းကို လေ့လာရန်<br>· ကျွဲ၊နွားနှင့် နွားနောက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မွေးမြူရေး ဌာနမှ ဝန်ထမ်းများ၏ စွမ်းရည်များ တိုးတက်မြင့်မားလာစေရန်<br>· မြို့နယ်တာဝန်ရှိခေါင်းဆောင်များကို အသေးစား ကျွဲ၊နွား အသားတိုး စီမံကိန်း များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံများသို့ လေ့လာ ရေး ခရီးစဉ်များ စီစဉ်ပေးရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင် စုစုပေါင်း ကျွဲ၊ နွား အကောင်ရေ ၉၆၀၀၀ နှင့် နွားနောက် ၇၄၀၀၀ ရှိသည်ဟု မှတ်တမ်းတင်ထားရှိပါသည်။ သို့ရာတွင် ပိုင်ဆိုင်မှုကို ဆန်းစစ်ကြည့်လျှင် ကျွဲ၊ နွား (သို့) နွားနောက်ကို ပိုင်ဆိုင်သူဦးရေမှာ အိမ်ထောင်စုများ၏ ထက် ဝက် အောက်ခန့်သာ ရှိ ပါသည်။ နွမ်းပါးအိမ်ထောင်စုများ မှာမူ အများအားဖြင့် မည်သည့် ကျွဲ၊နွားနှင့် နွားနောက်ကိုမှ မပိုင်ဆိုင်ကြပါ။ အချို့မြို့နယ်များတွင် ကျေးရွာလူထု အများစုမှာ ကျွဲ၊နွား (သို့) နွားနောက်ပိုင်ဆိုင်မွေးမြူရန် အခက်အခဲရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အိမ်ထောင်စုတစ်ခုစာမျှသာ အိမ် ဝင်းကို ပိုင်ဆိုင်ရာ အကယ်၍ ကျွဲ၊ နွားမွေးမြူလျှင် စားကျက်ခင်းအသုံးပြုခကို မြေရှင်ထံသို့ ပေးရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ကျွဲ၊နွားနှင့် နွားနောက်အားလုံးနီးပါးကို ဖြည့်စွက်အစာကျွေးခြင်းဖြင့် လွတ်လပ်စွာ မွေးမြူလေ့ရှိကြပါသည်။ သို့ရာတွင် အထူးသဖြင့် ခြောက်သွေ့ရာသီ၌ အစာရေစာ မဖြည့်ဆည်းပေးနိုင်သောကြောင့် ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်းမှာ ကျဆင်းရသည်။ သို့သော် ကျွဲ၊ နွားနှင့် နွားနောက်တို့အတွက် ဈေးကွက်ကောင်းရှိပါသည်။ တိရိစ္ဆာန်များကို တောင်အောက်ဈေးများသို့ ဆွဲခေါ်ယူသွားကာ ရောင်းချကြပြီး ၊ ကျေးရွာထဲတွင် ပြုလုပ်စီမံကာ ရောင်းချကြသည့် နွားနောက်သားခြောက်မှာလည်း အလွန်ဈေးကောင်း ရပါသည်။ ကျွဲ၊ နွားနှင့် နွားနောက် အကောင်သေးများကို တစ်ကောင်လျှင် မြန်မာကျပ်ငွေ ၁၅၀၀၀၀ ဖြင့် ရောင်းချနိုင်ပြီး ဆူဖြိုးသော အကောင်ကြီးများကိုမူ ၄၅၀၀၀၀ ကျပ်ဖြင့် ရောင်းနိုင်ပါ သည်။ လတ်တလောတွင် အသားတိုးမွေးမြူခြင်းမျိုး ချင်းပြည်နယ်တွင် မကျင့်သုံးသေးပါ။ သို့သော် ကြိုလိုသော တိရိစ္ဆာန်များကို အသားတိုးစေရန် သုံးလနှင့် လေးလခန့် ကောင်းမွန်လုံလောက်စွာ |

| စီမံကိန်းခေါင်းစဉ် | ကျွဲ၊နွားနှင့် နွားနောက် အသားတိုးရေး အသေးစားလုပ်ငန်း စီမံကိန်း | |
|---|---|---|
| | | အစာကျွေးနိုင်ရန် လိုအပ်ပါသည်။ ၁) အသားတိုးရန်ကာလမှာ တိုတောင်းသဖြင့် ကျေးရွာသူ၊ရွာသားများအနေဖြင့်အိမ်နောက်ဖေးစားကျက်ကွင်းပြုလုပ်ရန် မြေနေရာငယ်လေးတစ်ခုလိုအပ်ပါသည်။ (၂) တိရိစ္ဆာန်များရောဂါကျရောက်မှု အခြေအနေကို လွယ်ကူစွာ လေ့လာစောင့်ကြည့်နိုင်ရန်နှင့် ကုသနိုင်ရန် လိုအပ်ပါ သည်။ (၃) ကျေးရွာသူ ရွာသားများအနေဖြင့် ၎င်းတို့ကို မွေးမြူရေးနည်းပညာများ သင်ကြားပို့ချပေးပြီး အိမ်နောက်ဖေး စားကျက်ခင်းဖန်တီးရန် စိုက်ပျိုးရေးပစ္စည်းများ ပံ့ပိုးရုံဖြင့် မည်သည့်အကူအညီကိုမှ အထူးရယူရန်မလိုပဲ ၎င်းတို့ကိုယ်တိုင် ဤအသားတိုး မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ထူးဆန်း ထွေပြားသည့် အခြားသော မည်သည့်နည်းပညာကိုမှ မ လိုအပ်ပါ။ (၄) ထိုသို့ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ပြန်လည်ရရှိမှုမှာ မြန်ဆန်ပြီး ဘေးအန္တရာယ်လည်း နည်းပါးပါသည်။ ကျွဲ၊နွားနှင့် နွားနောက်တို့ကို အထူးသဖြင့် စိုစွတ်သော ရာသီများ တွင် တင်းကုတ်နှင့် ထားနိုင်လျှင် ၎င်းတို့သေဆုံးနိုင်မှု နည်းပါးကြောင်းတွေ့ရပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းဖြင့် ပါ ဝင်လုပ်ကိုင်မည့် ရွာသူ၊ ရွာသား (၁၀၀ ဦး) ကို ရွေးချယ်ခြင်းနှင့် အသေးစား ချေးငွေစီမံရေးအဖွဲ့ကို ဖွဲ့စည်းခြင်း။ (ကျွဲ၊နွားနှင့် နွားနောက်အကောင်သေးများကို ဝယ်ယူနိုင်ရန်)<br>· အိမ်နောက်ဖေးခြံဝင်းအတွင်းအသားတိုးမွေးမြူခြင်း နည်းပညာနှင့် နွားနောက်များ ဖွံ့ဖြိုးကြီးထွားမှုကို လေ့လာရန် အိမ်နီးချင်းနိုင်ငံများသို့ လေ့လာရေးခရီးများ သွားရောက်ခြင်း။<br>· မွေးမြူရေးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သော ကျေးရွာသူ၊ ကျေးရွာသားများကို အိမ်ေ နာက်ဖေးခြံဝင်းအတွင်း အသားတိုးမွေးမြူခြင်း နည်းပညာများကို သင်တန်းပို့ချ ဖြန့်ဝေခြင်း။<br>· အိမ်ခြံဝင်းစားကျက်ခင်းများ ဖန်တီးခြင်းနှင့် ဒေသထွက် ပစ္စည်းများကို အသုံးပြု၍ တင်းကုတ်များ တည်ဆောက်ခြင်း။<br>· အသေးစားချေးငွေစီမံကိန်းမှတဆင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်ပံ့ပိုးပေးခြင်း။<br>· စီမံကိန်းကို စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း။ |
| | စီမံကိန်း အကောင် အထည် ဖော်ခြင်း | · မြို့နယ်တာဝန်ရှိခေါင်းဆောင်များကို ကျွဲ၊နွား အသားတိုးရေး အသေးစား စီမံကိန်းများနှင့် ရင်းနှီးကျွမ်း ဝင်မှုရှိစေရန် ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း<br>· ချင်းပြည်နယ်ရှိ မွေးမြူရေးဌာနမှ ဝန်ထမ်းများကို ဘူတန်နိုင်ငံသို့ လေ့လာရေး ခရီးစေလွှတ်၍ နွားနောက်ကို ဖွံ့ဖြိုးရေးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုနို င်မည့် နည်းလမ်းများကို ရှာဖွေလေ့လာစေခြင်း။ |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| စီမံကိန်းတွက်ချက်မှု | ၁ | ၂၀၀၀၀ | ၂၀၀၀၀ |
| နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင် | ၂၀ လ (၈+၄+၃) | ၁၅၀၀၀ | ၃၀၀၀၀၀ |
| နည်းပညာအကူအညီ - ပြည်တွင်းပညာရှင် | ၃၆ လ | ၃၀၀၀ | ၁၀၈၀၀၀ |
| ရုံးပိုင်းနှင့် စာရင်းအင်း | ၇၂ လ | ၂၀၀၀ | ၁၄၄၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ကျွဲနွားနှင့် နွားနောက် အသားတိုးရေး အသေးစားလုပ်ငန်း စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | အကူအညီ (ဒေသခံ) | | | |
| | | အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လေ့လာခြင်း | ၂ * ၁၀ ဦး | ၄၀၀၀ | ၈၀၀၀၀ |
| | | ဗဟိုနှင့် မြို့နယ် မွေးမြူရေးဌာနရုံးများအတွက် အဆောက်အအုံပံ့ပိုးပေးခြင်း (အိုင်တီနှင့် မွေးမြူကုသရေး ပစ္စည်းများအပါအဝင်) | ၁၀ ရုံး | ၁၅၀၀၀ | ၁၅၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး - ကား+ ဆိုင်ကယ် (ပြုပြင်ထိန်းသိမ်း ရေးစရိတ်များအပါအဝင်) | ၁+၁၀ | ၁၀၀၀၀၀<br>+ ၅၀၀၀ | ၁၅၀၀၀၀ |
| | | မွေးမြူရေးဌာန ဝန်ထမ်း များ အတွက် သင်တန်းပို့ချခြင်း - ပူးပေါင်းပါဝင်မှုမြှင့်တင်ခြင်း၊ နည်းပညာပိုင်းနှင့် အသေးစား ချေးငွေ ပံ့ပိုးပေးခြင်း | ၁၀ | ၁၀၀၀ | ၁၀၀၀၀ |
| | | ကျေးရွာလူထုအတွက်သင်တန်း ပို့ချခြင်း - သင်တန်း ကုန်ကျ စရိတ် - နေ့တွက်စရိတ်နှင့် လိုအပ်သောပစ္စည်းကိရိယာ များစသည်.. | ၁၀ ရွာ* ၁၀ မြို့နယ် = ရွာပေါင်း ၁၀၀ * လေ့လာရေး အကြိမ် ၂၀ | ၂၀ | ၄၀၀၀၀ |
| | | စိုက်ပျိုးရေးပစ္စည်းများ | ၅၀၀ ဦးအတွက် | ၂၀ | ၁၀၀၀၀ |
| | | အသေးစားချေးငွေလုပ်ငန်း အတွက် ရင်းနှီးမတည်ငွေ | တစ်ရွာလျှင် ကျွဲ/နွား (၄) ကောင် * ရွာပေါင်း ၁၀၀ | ၃၅၀ | ၁၄၀၀၀၀ |
| | | စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |
| | | စုစုပေါင်း ကုန်ကျစရိတ် (မမျှော် မှန်းနိုင်သော စရိတ်များမပါ) | | | ၁၂၆၂၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၈၈၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၁၃၅၀၀၀၀ |
| | ဘတ်ချက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူ ဟာတို့နှင့်ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ* | | | |

| စီမံကိန်းခေါင်းစဉ် | ကျွဲနွားနှင့် နွားနောက် အသားတိုးရေး အသေးစားလုပ်ငန်း စီမံကိန်း | |
|---|---|---|
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* |

## ဆိတ်မွေးမြူထုတ်လုပ်မှု တိုးတက်ရေး

| စီမံကိန်းခေါင်းစဉ် | ဆိတ်မွေးမြူထုတ်လုပ်မှု တိုးတက်ရေး | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | မွေးမြူရေး |
| | တည်နေရာ | မြို့နယ်အားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ |
| | စီမံကိန်းကာလ | ငါးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် အပို ဝင်ငွေရရှိသည့် နည်းလမ်း ပံ့ပိုးပေးရန်<br>· ဒေသအတွင်းတွင် အသားပိုမိုထုတ်လုပ်နိုင်ခြင်း (နှင့် ဖြစ်နိုင်လျှင် နို့ပိုမိုထုတ်လုပ်နိုင်ခြင်း)ဖြင့် ‌ေကျးရွာအဆင့်နှင့် အိမ်ထောင်စုအဆင့် အာဟာရအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် (ကနဦးစီမံကိန်းတွင် အသားနှင့် မိသားစုနှင့်ဒေသအတွက် နို့ထုတ်ယူရရှိနိုင်ရန် ဆိတ်မွေးမြူရေးကို တိုးမြှင့်လုပ်ဆောင်မည် ဖြစ်သည်။) |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင် မြေလွတ်မြေရိုင်းဧရိယာ ပေါများကြွယ်ဝသဖြင့် ကျွဲ၊ နွား၊ ဆိတ် အစရှိသော သတ္တဝါတို့ တိုးချဲ့မွေးမြူထုတ်လုပ်ရန် အလားအလာကောင်းများစွာ ရှိပါသည်။ လတ်တလောတွင် ကျွဲနွားနှင့် နွားနောက်ပိုင်ဆိုင်သူဦးရေမှာ အိမ်ထောင်စုများ၏ ထက်ဝက်အောက်ခန့်သာရှိ၍ ဤသို့သော မွေးမြူရေးလုပ်ငန်းကို ပိုင်ဆို င်နိုင်နိုင်မှုမှာ နွမ်းပါးသူမိသားစုတွင် အလွန့်အလွန် နည်းပါးလှပါသည်။ ဆိတ်မှာ ကျွဲနွားနှင့် နွားနောက်တို့ထက် အကောင်သေးငယ်ပြီး ကုန်ကျစရိတ်လည်း နည်းသောကြောင့် ဆင်းရဲနွမ်းပါးသော မိသားစုတို့အတွက် မွေးမြူရေးလုပ်ငန်း စတင်လုပ်ကိုင်နိုင်ရန် အသင့်တော်ဆုံးဖြစ်ပါသည်။<br>ဆိတ်များသည် သစ်ရွက်နှင့်မြက်များကိုသာ စားသုံးသောသတ္တ ဝါဖြစ်၍ အပင်နိမ့်များရှိသော မြေလွတ်မြေရိုင်းများပေါ်တွင် မွေးမြူရာ၌ ကျွဲနွားတို့ထက် ဆိတ်မွေးမြူရေးက ပိုမိုကိုက်ညီပါသည်။ ၎င်းတို့ကိုခြံခတ်မွေးမြူခြင်းထက် စနစ်တကျစီမံ၍ ဆိတ်ကျောင်းခြင်းဖြင့် မွေးမြူသောနည်းလမ်းက ကုန်ကျစရိတ်ပိုမို နည်းပါးပြီး သာ၍ ယုံကြည်စိတ်ချရမှုရှိပါသည်။ သို့ရာတွင် ကောက်ပဲ သီးနှံများကို ၎င်းတို့ မဖျက်ဆီးစေရ န် ညအခါတွင် ခြံခတ် သိမ်းထားနိုင်ပါသည်။<br><br>**မျှော်မှန်းရလဒ်**<br>· အိန္ဒိယနိုင်ငံသို့ ရောင်းချနိုင်မှု ပိုမိုတိုးတက်လာခြင်း (အိန္ဒိယတွင် ဆိတ်သား ဝယ်လိုအားမြင့်မားသည်)နှင့် ထိုသို ့ ရောင်းချနိုင်သည့် အတွက် အခြားသောမွေးမြူ ရေးတိရိစ္ဆာန်များ ရောင်းချရာတွင်လည်း ဈေးကွက်မြှင့်တင်ရာတွင် ခက်ခဲမှုမရှိခြင်း။<br>· ဆိတ်မှထုတ်ယူရရှိသော ဆိတ်နို့တိုက်ကျွေးခြင်းဖြင့် အာဟာရချို့တဲ့နေသော ကလေးသူငယ်များစွာ၏ အာဟာရဆိုင်ရာရလဒ်များ တိုးတက်ကောင်းမွန်လာခြင်း။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · ကလေးသူငယ် ကြီးထွားဖွံ့ဖြိုးမှုနှုန်း အလွန်နေးကွေးသည့် ဆင်းရဲနွမ်းပါးသော ရွာများကို သတ်မှတ်ဖော်ထုတ်ခြင်း။ |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ဆိတ်မွေးမြူထုတ်လုပ်မှု တိုးတက်ရေး</th></tr>
<tr><td></td><td></td><td>
· ကလေးသူငယ် ကြီးထွားဖွံ့ဖြိုးမှုနှုန်း လွန်စွာနေးကွေးသည့် နွမ်းပါးအိမ်ထောင်စု (၄) ခုကို စီမံကိန်း စတင်ချိန်တွင် ပါဝင်နိုင်ရန် ရွေးချယ်ခြင်း။<br>
· တစ်အိမ်ထောင်လျှင် ဆိတ်အမနှစ်ကောင်နှင့် ဆိတ်အထီးတစ်ကောင် ထောက်ပံ့ပေးခြင်း။<br>
· စီမံကိန်း၏ ကနဦးကာလတွင် ဆိတ်များကို စီမံကိန်းက ပိုင်ဆိုင်ပြီး အဆိုပါ ဆိတ်အမများက ထပ်မံသားဖွား၍ မွေးဖွားလာသော ဆိတ်ငယ်များကို အခြားသော နွမ်းပါးမိသားစုများထံသို့လွှဲပြောင်းပေးပါမည်။ ကျေးရွာရှိမိသားစုများ အားလုံးအတွက်ပံ့ပိုးပေးနိုင်သည်အထိ ဤနည်းလမ်းဖြင့် ဆက်လက်လုပ်ဆောင်ပါမည်။ ထို့နောက် ကျန်ရှိသည့် ဆိတ်များကို စီမံကိန်းသို့ ပြန်လည်ပေးပို့ခြင်းဖြင့် အခြားသော ကျေးရွာများသို့ စီမံကိန်းတိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်သည်။<br>
· မွေးမြူရေးလုပ်သားများနှင့် ပူးပေါင်းပါ ဝင်သောအိမ်ထောင်စုများကို သင်တန်းပို့ချပေးခြင်း။<br>
· တိရိစ္ဆာန်များကို ကနဦးဖြန့်ဝေခါစတွင် ကာ ကွယ်ကုသဆေး ထိုးပေးခြင်း။ (VAHW သည် အဆိုပါ ကာကွယ်ကုသမှု လုပ်ငန်းများကို အခကြေးငွေယူခြင်းဖြင့် ဆက်လက်ဆောင်ရွက်ပါလိမ့်မည်)
</td></tr>
<tr><td></td><td>စီမံကိန်း အကောင်အထည်ဖော်ခြင်း</td><td>ဤသို့ ဆိတ်မွေးမြူရေးအတွက် ဆိတ်များပံ့ပိုးပေးခြင်းနှင့် ကြီးကြပ်ဆောင်ရွက်မှုများ အကြောင်းကို ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများကြားတွင် အသိအမြင်ဖလှယ်ကြပါမည်။ မွေးမြူရေးဦးစီး ဌာနသည် တိရိစ္ဆာန်များကျန်းမာရေးအတွက် ကျေးရွာအဆင့် မွေးမြူရေးဆိုင်ရာ ကုသမှု လုပ်သားများ မွေးထုတ်ခြင်းကဲ့သို့သော အစီအစဉ်များတွင် ပူးတွဲပါဝင်ဆောင်ရွက်ပါမည်။</td></tr>
<tr><td>ဘဏ္ဍာရေး အချက်အလက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်</th><th>အရေအတွက်</th><th>တစ်ခုစီ တန်ဖိုး</th><th>စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ)</th></tr>
<tr><td>စီမံကိန်းတွက်ချက်မှု</td><td>၁</td><td>၁၀၀၀၀</td><td>၁၀၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင်</td><td>၃ လ (၈+၄+၃)</td><td>၁၅၀၀၀</td><td>၄၅၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ- ပြည်တွင်းပညာရှင်</td><td>၁၅ လ</td><td>၃၀၀၀</td><td>၄၅၀၀၀</td></tr>
<tr><td>စီမံကိန်း အုပ်ချုပ်ရေး</td><td>၆၀ လ</td><td>၂၀၀၀</td><td>၁၂၀၀၀၀</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေး - ကား+ဆိုင်ကယ် (ပြုပြင်ထိန်းသိမ်းရေး စရိတ်အပါအဝင်)</td><td>၁+၁၀</td><td>၁၀၀၀၀၀+ ၅၀၀၀</td><td>၂၀၀၀၀၀</td></tr>
<tr><td>မွေးမြူရေးဝန်ထမ်းများ အတွက် သင်တန်း ပို့ချခြင်း - ပူးပေါင်း ဆောင်ရွက်မှုကို တိုးချဲ့ခြင်းနှင့် နည်းပညာပံ့ပိုးမှု</td><td>၁၅</td><td>၅၀၀</td><td>၇၅၀၀</td></tr>
<tr><td>သင်တန်းကုန်ကျစရိတ် - ကျေးရွာလူထု အတွက် သင်တန်း-</td><td>ရွာ ၁၀၀</td><td>၂၀၀</td><td>၂၀၀၀၀</td></tr>
</table>
</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ဆိတ်မွေးမြူထုတ်လုပ်မှု တိုးတက်ရေး | | | | |
|---|---|---|---|---|---|
| | | နေ့တွက်စရိတ်နှင့် လိုအပ်သော ပစ္စည်းများ စသည်… | | | |
| | | ဦးစွာပထမ ဆိတ်များ ပံ့ပိုးပေးခြင်း | ၉၀၀ | ၅၀ | ၄၅၀၀၀ |
| | | စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း | ၂ | ၃၀၀၀၀ | ၆၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၅၅၂၅၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုး ပေါင်းခြင်း | | | ၄၇၅၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၆၀၀၀၀၀ |
| | ဘတ်ချက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့်ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* | | | |

## နို့စားနွား အသေးစားမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် နို့စားနွား အသေးစား မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး ကနဦးစီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | မွေးမြူရေး |
| | တည်နေရာ | မင်းတပ်၊ မတူပီ၊ ဟားခါးနှင့် ဖလမ်းမြို့နယ်များ (အကယ်၍ ကနဦးစီမံကိန်း အောင်မြင်ခဲ့လျှင် ပိုမို ဖးကွာသော ကျေးရွာများသို့တိုင်အောင် စီမံကိန်းကို ဆက်လက်တိုးချဲ့ကာ သိုလှောင်ရန် အအေးခန်းများလည်း တည်ဆောက်ပါမည်။) |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၈၇၅၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · မြို့ပြရှိ အဓိကနေရာဌာနများနှင့် စာသင်ကျောင်းများသို့ ပေးပို့ရန်အတွက် ကုန်ကျစရိတ် နည်းပါးပြီး နည်းပညာလည်း အထူးမလိုအပ်သော နည်း လမ်းဖြင့် ချင်းကျေးရွာလူထု နွားနို့ထုတ်လုပ်မှု၏ လုပ်ငန်းဖြစ်နိုင်ချေကို စမ်းသပ်ရန်။<br>· ချင်းပြည်နယ်တွင် နို ့ထွက်လုပ်ငန်းများ ဖွံ့ဖြိုးရေး အတွက် ဒေသမွေးမြူရေးဦးစီး ဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် |
| | စီမံကိန်း၏ ကြောင်းကျိုး | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင် အဓိကမြို့များမှ နွားနို့လတ်လတ်ဆတ်ဆတ် မှာယူမှုကို |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် နို့စားနွား အသေးစား မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး ကနဦးစီမံကိန်း |
|---|---|

ဆက်နွယ်မှု

ပြည့်မီအောင် မဖြည့်ဆည်းနိုင်သေးပါ။ ထို့ပြင် နိုင်ငံတော်အစိုးရကလည်း ကျောင်းနေအရွယ်ကလေးများအားလုံး နေ့စဉ်နွားနို့သောက်သုံးရန် "နွားနို့သောက်သုံးရေး" အစီအစဉ်ကို စတင်လိုက်ရာ ေ နေ့စဉ် နွားနို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်လာပါသည်။ ချင်းပြည်နယ်တွင် ပျမ်းမျှနို့သောက်ယူမှု ပမာဏမှာ လူတစ်ဦးလျှင် တစ်နှစ်လျှင် ၂.၃ ကီလိုဂရမ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတစ်ဦး၏ တစ်နှစ်လျှင် နို့သောက်သုံးမှု ပျမ်းမျှပမာဏမှာ ၂၈ ကီလိုဂရမ်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ လူတစ်ဦးလျှင် တစ်နှစ်လျှင် ၁၀၀ ကီလိုဂရမ်ခန့် နို့သောက်သုံးကြပါသည်။ ချင်းပြည်နယ်တွင် ကလေးများ၏ ၅၈% မှာ အာဟာရမပြည့် ဝမှုကြောင့် ကြီးထွားမှုနေးကွေးလျက်ရှိသည်။ ပုံမှန် နို့သောက်သုံးပေးခြင်းအားဖြင့် အဆိုပါ အာဟာရမပြည့်မီမှုကို တိုက်ဖျက်နို ်ငပါလိမ့်မည်။ ချင်းပြည်နယ်တွင် ပုဂ္ဂလိကပိုင် အသေးစား နို့ထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းေ ပါင်း (၉၀) ရှိသည်ဟု မှတ်တမ်းတင်ထားရာ ခြံတစ်ခြံလျှင် ပျမ်းမျှ နို့စားနွားကောင်ရေ ငါးကောင်အောက်ခန့်သာ ရှိပါသည်။ နို့စားနွားမထံမှ တစ်နေ့လျှင် ပျမ်းမျှ ၇၀၀ မီလီမီတာ အောက်သာ နွားနို့ထုတ်ယူရရှိပါသည် (နွားပေါက်လေးများ မိခင်နွားမထံမှ သောက်သုံးသော နို့ပမာဏကိုပါ ထည့်သွင်း တွက်ယူလျှ ်င တစ်နေ့လျှင် စုစုပေါင်း နို့ထုတ်ယူနိုင်မှုမှာ ၇၀၀ မီလီမီတာထက် ပိုနိုင်ပါသည် )။ ဤပမာဏမှာ အလွန်နည်းပါးသော်လည်း အနီးအနားရှိ ဘူတန်တောင်ကုန်းများပေါ်တွင် မိရိုးဖလာနည်းဖြင့် မွေးမြူသော နို့စားနွားများ၏ နို့ထွက်ရှိနှုန်းနှင့်မူ နှိုင်းယှဉ်နိုင်ပါသည်။

**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**

ချင်းပြည်နယ်တွင် တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတနှင့် အလေ့အထတို့သည် အလွန် ရှေးရိုးရာဆန်ပြီး အလွန်အခြေခံကျသော အဆင့်သာ မွေးမြူရေးဆိုင်ရာ အသိ ရှိပါသည်။ လုပ်ငန်းဖွံ့ဖြိုးေ ရးအတွက် မွေးမြူရေးသမားများကို ကူညီထောက်ပံ့ရန်မှာ အစိုးရတွ ်င အဆောက်အအုံပြည့်စုံစွာ မရှိသည့်နည်းတူ လုပ်ကိုင်နိုင်စွမ်းရည်လည်း အကန့်အသတ်ဖြင့်သာ ရှိပါသည်။ ထို့ကြောင့် ချင်းပြည် နယ်တွင် ကျေးရွာသူ၊ ကျေးရွာသားတို့သည် တစ်ဖက်ကမ်းခတ် မြင့်မားလွန်းသော နည်းပညာများနှင့် အံ ဝင်ခွင်ကျ အသင့်မရှိခြင်းကြောင့် ဤလုပ်ငန်း သည် စွန့်စားမှုတစ်ခုဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းတွင် အနည်း ငယ်တိုးမြှင့်ကြံဆောင်ပေးခြင်းဖြင့်သာ ချင်းပြည်နယ်တွင် နို့ထုတ်လုပ်မှု မြင့်မားရေးအတွက် စမ်းသပ်လုပ်ဆောင်ရန် အကြံပြုလိုပါသည်။ အကယ်၍ အဆိုပါစမ်းသပ်မှု အောင်မြင်လျှင် အခြားသောနည်းပညာတိုးမြှင့်ဆောင်ရွက်မှု များဖြင့် နို့ထုတ်လုပ်ရေး တိုးတက်စေအောင်ကြံဆောင်သင့်ပါသည်။ ဒေသအစိုးရမွေးမြူရေးဌာနရုံးများကိုလည်း ရိုးရှင်းလွယ်ကူပြီး အခြေခံကျသော နို့ထွက် ကုန်ပစ္စည်း အရည်အသွေး စမ်းသပ်ရေး ကိရိယာများပံ့ပိုးပေးခြင်းနှင့် သင်တန်းပို့ချ ခြင်းတို့ဖြင့် ကူညီထောက်ပံ့ရန်လိုအပ် ပါသည်။

**မျှော်မှန်းရလဒ်**

ချင်းပြည်နယ်တွင် လက်ရှိ နို့စားနွားမွေးမြူရေးစနစ်မှာ သဘာ ဝစားကျက်ကွင်းများတွင် အစာကျွေးပြီး ဖြည့်စွက်စာအနည်းငယ်သာ ကျွေးသော စနစ်ဖြစ်ပါသည်။ ရေရှည်နှစ်များစွာအတွက်မူ သဘာ ဝအစာသည် အရည်အသွေးနိမ့်ကျသည့်အပြင် သာလွန်ကောင်းမွန်သော နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်သော နို့ပမာဏကိုလည်း လုံလောက်အောင် မပေးစွမ်းနိုင်ပါ။ နို့ထွက်လုပ်မှုနှုန်း တိုးတက်စေရန် ပထမဦးစွာဆောင်ရွက်ရန်မှာ အစာကျွေးမှုပုံစံကို တိုးတက်မြှင့်တင်ရေးဖြစ်သည်။ ကျွဲ၊ နွားများကို ပိုမိုကောင်းမွန်စွာ အစာကျွေးရုံ ြ ဖင့် နို့ထွက်နှုန်းပမာဏ သိသာစွာ တိုးတက်လာမည်ဖြစ်ပါသည်။ နို့ထွက်ပမာဏ အနည်းဆုံးဖြစ်သော တိရိစ္ဆာန်တို့

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ချင်းပြည်နယ်တွင် နို့စားနွား အသေးစား မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး ကနဦးစီမံကိန်း</th></tr>
<tr><td></td><td></td><td>အတွက်မှု (နို့စားနွားမတစ်ကောင်ထံမှ တစ်နေ့လျှင် ၈ လီတာအထိသာ) အိမ်နောက်ဖေး ခြံ ဝင်းအတွင်း စားကျက်ခင်း ဖန်တီး၍ ဖြည့်စွက်စာ ကျွေးရန် လိုအပ်ပါသည်။ ထို့ပြင် သကာရည်ဖျန်းထားသော အာဟာရအစုံပါ ဝင်သည့် ဖြည့်စွက်စာအခဲများကို အိမ်တွင်းတွင် ပြုလုပ်နည်းများကို ကျေးရွာသူ၊ ရွာသားများကို လေ့ကျင့်သင်ကြားပေးပါမည်။</td></tr>
<tr><td></td><td>လုပ်ငန်း ဆောင်ရွက်ချက်</td><td>· ကနဦးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ<br>· မွေးမြူရေးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာနှင့် မြို့နယ်မှ တာဝန်ရှိသူ ခေါင်းဆောင်များ အိန္ဒိယနိုင်ငံနှင့် ဘူတန်နိုင်ငံသို့ သွားရောက်လေ့လာခြင်း။<br>· ပါဝင်ဆောင်ရွက်မည့် ကျေးရွာသူ ရွာသားများကို ပူးပေါင်းပါ ဝင်သည့် နည်းလမ်းများဖြင့် ရွေးချယ်ခြင်း။ (၆ ဦး * ကျေးရွာ ၃ ရွာ * မြို့နယ် ၄ မြို့နယ်)<br>· မွေးမြူရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပါ ဝင်ဆောင်ရွက်သူ ကျေးရွာသူ၊ ရွာသားများကို သင်တန်းပို့ချပေးခြင်း။<br>· လေ့လာစောင့်ကြည့်အကဲဖြတ်ခြင်း</td></tr>
<tr><td></td><td>စီမံကိန်း အကောင်အထည် ဖော်ခြင်း</td><td>· အိန္ဒိယနိုင်ငံနှင့် ဘူတန်နိုင်ငံများတွင် အောင်မြင်နေသော အသေးစား နို့ထုတ်လုပ်ရေး လုပ်ငန်းများ၊ အဆိုပါလုပ်ငန်းများ ၏ ကျေးရွာနို့ထုတ်လုပ်မှု လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် အိမ်ခြံ ဝင်းအတွင်း ထုတ်လုပ်နိုင်သော ဒေသဖြစ်ကျွဲနွားအစာများဖန်တီးထုတ်လုပ်မှုအကြောင်းသွားရောက်လေ့လာ ခြင်း။<br>· နို့ထုတ်လုပ်သူများနှင့် ကျေးရွာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်ခြင်း။<br>· အိမ်ခြံဝင်းအတွင်းကျွဲနွားအစာထုတ်လုပ်နိုင်သည့်အရင်းအမြစ်များ ပံ့ပိုးပေးခြင်းနှင့် ထုတ်လုပ်ခြင်း<br>· နို့စားနွားများ ပံ့ပိုးပေးခြင်း။<br>· နို့ထွက်ပစ္စည်းများကို စမ်းသပ်ရမည့် ဌာနများတွင် လျှပ်စစ်မီးရရှိနိုင်ရန် လိုအပ်သဖြင့် ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်မည့် ဌာနများကို ဝယ်ယူစားသုံးသူများ နှင့် နီးကပ်စွာတည်ရှိပြီး ကာကွယ်ဆေးများ သိမ်းဆည်းသိုလှောင်ရန် ၂၄ နာရီ မီးရရှိမှု အဆင်ပြေနိုင်သည့် မြို့များနှင့် အနီးအနားတွင် ထားရှိပါမည်။</td></tr>
<tr><td>ဘဏ္ဍာရေး အချက်လက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်</th><th>အရေအတွက်</th><th>တစ်ခုစီ တန်ဖိုး</th><th>စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ)</th></tr>
<tr><td>စီမံကိန်းတွက်ချက်မှု</td><td>၁</td><td>၂၀၀၀၀</td><td>၂၀၀၀၀</td></tr>
<tr><td>လေ့လာရေးခရီး (အိန္ဒိယနှင့်ဘူတန်)</td><td>၁* (၉) ဦး</td><td>၄၀၀၀</td><td>၃၆၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင်<br>ပြည်တွင်းပညာရှင်</td><td>၁၅ လ (၇+၄+၄)<br>၃၆ လ</td><td>၁၅၀၀၀<br>၃၀၀၀</td><td>၂၂၅၀၀၀<br>၁၀၈၀၀၀</td></tr>
<tr><td>ရုံးပိုင်းနှင့် စာရင်းအင်း အကူအညီ (ဒေသခံ)</td><td>၃၆ လ</td><td>၂၀၀၀</td><td>၇၂၀၀၀</td></tr>
<tr><td>မြို့နယ်မွေးမြူရေးဌာန ရုံးများသို့ အဆောက်အအုံပံ့ပိုးပေးခြင်း (အိုင်တီနှင့် မွေးမြူကုသရေး</td><td>၄</td><td>၂၀၀၀၀</td><td>၈၀၀၀၀</td></tr>
</table>
</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ်တွင် နို့စားနွား အသေးစား မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေး ကနဦးစီမံကိန်း | | | | |
|---|---|---|---|---|---|
| | | ဆိုင်ရာ ပစ္စည်းများ အပါအဝင်) | | | |
| | | သယ်ယူပို့ဆောင်ရေး - ကား+ ဆိုင်ကယ် (ပြုပြင်ထိန်းသိမ်းရေး စရိတ်အပါအဝင်) | ၁+၄ | ၁၀၀၀၀၀ + ၅၀၀၀ | ၁၂၀၀၀၀ |
| | | သင်တန်းကုန်ကျစရိတ် - မွေးမြူရေးဦးစီးဌာနဝန်ထမ်းများ | ၄ | ၁၀၀၀ | ၄၀၀၀ |
| | | သင်တန်းကုန်ကျစရိတ် -ရွာသားများအတွက် (နေ့တွက်စရိတ်နှင့် စိုက်ပျိုးရေးပစ္စည်းများအပါအဝင်) | ၇၂ | ၁၀၀၀ | ၇၂၀၀၀ |
| | | နွားများ ဝယ်ယူခြင်း | ၇*၉ | ၅၀၀ | ၃၆၀၀၀ |
| | | နွားထီး/မေထုံမွဲသားစပ်ခြင်း | ၂၄ | ၆၀၀ | ၁၄၅၀၀ |
| | | စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း | ၂ | ၁၅၀၀၀ | ၃၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၈၁၇၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၅၈၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၈၇၅၀၀၀ |
| | ဘတ်ချက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* | | | |

## ၂.၅။ ရေလုပ်ငန်းစီမံကိန်းများ

## အိမ်ခြံဝင်းအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း

| စီမံကိန်း ခေါင်းစဉ် | အိမ်ခြံဝင်းအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | မွေးမြူရေး |
| | တည်နေရာ | ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၈၅၅၀၀၀ |
| | စီမံကိန်းကာလ | သုံးနှစ် |

| စီမံကိန်း ခေါင်းစဉ် | အိမ်ခြံဝင်းအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း | |
|---|---|---|
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · နွမ်းပါးသော ကျေးရွာသူ၊ ကျေးရွာသားများ အိမ်တွင်းစားသုံးမှုနှင့် ရောင်းချမှု အတွက် ငါးမွေးမြူရေးနည်းလမ်းများကို ပံ့ပိုးပေးရန်<br>· လက်တွေ့ကျကျ ငါးမွေးမြူထုတ်လုပ်ခြင်းကို ဆင်းရဲနွမ်းပါးသော ကျေးရွာလူထု အတွက် တိုးချဲ့လုပ်ကိုင်ပေးနိုင်စေရန် မြို့နယ် မွေးမြူရေးနှင့်ရေ လုပ်ငန်းမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် |
| | စီမံကိန်း၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင်ပင်လယ်ရေမျက်နှာပြင်နိမ့်ပြီးအစဉ်အမြဲစီးဆင်းနေသည့်စမ်းချောင်းများ အနီးအနားတွင်နေထိုင်သော ရွာသူရွာသားများ ကသာရင်းတို့စားသုံးရန် အတွက် ငါးရှာယူ၍ ရပါသည်။ သို့ရာတွင် ချင်းပြည်နယ်ရှိ ကျေးရွာအများစု မှာ အမြဲမပြတ် စီးဆင်းနေသော စမ်းချောင်းများအနီးတွင် တည်ရှိမနေကြပါ။ ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အဆင်းရဲအနွမ်းပါးဆုံးဒေသဖြစ်ပြီး ကြီးထွား ဖွံ့ဖြိုးမှု နေးကွေးသည့် ကလေးငယ် ၅၈% ရှိပါသည်။ ငါးစားသုံးမှုဖြင့် ကလေးသူငယ်များနှင့် လူကြီးများ၏ အာဟာရချို့တဲ့မှုပြဿနာကို သက်သာ လျော့ပါးအောင် ဖြေရှင်းနိုင်ပါသည်။ ထို့ပြင် အိမ်တွင်းစားသုံးမှုပိုလျှံလျှင် မည်သည့် ငါးကိုမဆို အသင့်ရောင်းချနိုင်သော ဒေသ ဈေးကွက်လည်း ရှိပါသည်။<br><br>လတ်တလောနှစ်များတွင် အစိုး ရက ငါးမွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးမှုအတွက် တိုးမြှင့် လုပ်ဆောင်လာပါသည်။ ယခုအခါ ချင်းပြည်နယ်တွင် ခန့်မှန်းခြေ ငါးမွေးကန်ပေါင်း ၅၉၇ ဟက်တာခန့်ရှိပြီး ငါးမွေးမြူရေးဦးစီးဌာနကမကြာသေးမီကဟားခါးတွင် ငါးသား ဖောက်ကန်ကိုတည်ဆောက်ပြီးယမန်နှစ်အတွင်းတွင်ငါးသားပေါက် ထော င်ပေါင်းများ စွာကို ဆည်များနှင့်ေ ကျးရွာကန်များသို့ ဖြန့်ဖြူးပို့လွှတ်ပေး ပြီး ဖြစ် ပါသည်။ လာမည့် နှစ်များတွင်ငါးသားဖောက်ခြင်းလုပ်ငန်းကို ချင်းပြည်နယ်ရှိအခြားသော မြို့နယ်များသို့ ပိုမိုတိုးချဲ့ရန် စီစဉ်ထားပါသည်။ ငါးသားပေါက်များကို မြန်မာနိုင်ငံ မြေနိမ့်ပိုင်းဒေ သ များမှ မြို့များရှိ ပုဂ္ဂလိကမွေးမြူသူများထံမှ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ချင်းပြည်နယ် နေရာအနံ ့တွင်ရှိသော ကျေးရွာသူ၊ ကျေးရွာသားတို့မှာ ငါးမွေးမြူရေး လုပ်ငန်းကို အလွန်စိတ်ပါဝင်စားလျှက် ရှိပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ဆင်းရဲနွမ်းပါးသူများအတွက် အရန် သင့် ငါးများ ပံ့ပိုးပေးရာတွင် အဓိကအခက်အခဲ တစ်ခုမှာငါးမွေးကန်တည်ဆောက်တူးဖော်ရန်နှင့်ကန်အတွင်းသို့ရေသွင်းရန် လုပ်သား အင်အား လိုအပ်မှုဖြစ်သည်။ မိုးရာသီတွင် ကျေးရွာသူ၊ ရွာသားများသည် စိုက်ပျိုးရေး လုပ်ငန်းနှင့်မအားလပ်အောင်ရှိနှင့်ကြသည်။ဆင်းရဲနွမ်းပါးသောကျေးရွာသူရွာသားများ မှာ တစ်နှစ်ပတ်လုံးအတွက်ရိက္ခာအလုံအလောက် မထုတ်လုပ်နိုင်သဖြင့် ခြောက်ေ သွ့ သော ရာသီများတွင် ဝင်ငွေရရှိစေမည့် အခြားသော ရွေးချယ်စရာနည်းလမ်းများကို ရှာဖွေရပါသည်။ထို့ကြောင့်အဆိုပါနွမ်းပါးသောကျေးရွာသူရွာသားများအတွက်လုပ်အား အတွက် လုပ်ခရိက္ခာပေးသော အစီအစဉ်များဖြင့် ၎င်းတို့အိမ်အနီး ဝန်းကျင်တွင် ငါးမွေး ကန်ငယ်များ တည်ဆောက်ရန် ပံ့ပိုးပေးရန် လိုအပ်ပါသည်။<br><br>တီလားပီယားငါးသည်အလွန်အကြမ်းခံပါသည်။ပြန်လည်ထုတ်လုပ်နိုင်စွမ်းကျေနပ်ဖွယ် အနေအထားရှိပြီးငါးမွေးကန်ငယ်အတွင်းတွင် အနည်းငယ် အစာကျွေးမွေးရုံဖြင့် ၎င်းတို့ ရှင်သန်ပေါက်ဖွားနိုင်သည်။ ထို့ကြောင့် ငါးကန်ငယ်မှ ငါးများ ထုတ်ယူပြီးသည့်နောက် တွင်လည်း ငါးသားပေါက်များ ပြန်လည် ဖြည့်သွင်းရန် မလိုအပ်တော့ပါ။ အခြားသော ငါးမျိုးစိတ်တို့မှာငါးမွေးကန်မှထုတ်ယူပြီးနောက်ပြန်လည်အစားထိုးရန်လိုအပ်ရာ ငါးမွေး သူတို့သည်ငါးရောင်းချ၍ ရရှိသောငွေဖြင့် ငါးသားပေါက်များဝယ်ယူကာ ပြန်လည်ဖြည့် |

<table>
<tr><th>စီမံကိန်း<br>ခေါင်းစဉ်</th><th colspan="2">အိမ်ခြံဝင်းအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း</th></tr>
<tr><td></td><td></td><td>တင်းပေးရမည်ဖြစ်သည်။ ငါးကြင်း၊ငါးသိုင်းသည်အစာအနည်းငယ်သာကျွေး၍ မွေးမြူနိုင်သဖြင့် ကျေးရွာလူထု အလွန်ကြိုက်သော ငါးအမျိုးအစားဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ပိုမိုမြင့်မား သောနေရာများတွင် ငါးမွေးကန်ငယ်များတွင် မွေးမြူရန်အတွက် အချို့ငါးမျိုးစိတ်များကပိုမိုသင့်တော်ပါသည်။အဆိုပါငါးမျိုးစိတ်တို့ကိုဆင်းရဲနွမ်းပါးသောလယ်သမားများထံသို့ဖြန့်ဝေပေးရာငင်းတို့အနေဖြင့်လည်းမည်သည့်သွင်းအားစုမှထပ်မံဝယ်ယူဖြည့်ဆည်းရန်မလိုဘဲ မွေးမြူနိုင်မည်ဖြစ်သည်။ ဖြည့်စွက်စာ အဖြစ် တိရိစ္ဆာန်အကောင် ငယ်များ စွန့်ပစ်သောအစာဟောင်း၊ ဖွဲနုနှင့် မြက်ထုံးတို့ ကျွေးနိုင်ပါသည်။</td></tr>
<tr><td></td><td>လုပ်ငန်း<br>ဆောင်ရွက်ချက်</td><td>· ပါဝင်ဆောင်ရွက်မည့် ကျေးရွာသူ၊ ရွာသားများကို ပူးပေါင်းပါဝင်ဆောင်ရွက်စေသော နည်းလမ်းဖြင့် ရွေးချယ်ခြင်း<br>· မွေးမြူရေးနှင့်ရေလုပ်ငန်းဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူရွာသားများကို ငါးမွေးမြူရေးဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း<br>· ဤလုပ်ငန်းအစီအစဉ်ကို လက်လှမ်းမီစေနိုင်ခြင်း</td></tr>
<tr><td></td><td>စီမံကိန်း<br>အကောင်အထည်<br>ဖော်ခြင်း</td><td>· လုပ်အားအတွက် လုပ်ခရိက္ခာစီစဉ်ပေးသော လုပ်ငန်းဖြင့် ငါးမွေးမြူရေးကန်များနှင့် (လိုအပ်လျှင်) ရေရရှိနိုင်မှုစနစ်များ ဆောက်လုပ်ဖော်ဆောင်ပေးခြင်း<br>· ငါးစာအတွက် မြက်နှင့် အခြားသော အပင်များစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး ပစ္စည်းများ ပံ့ပိုးပေးခြင်း</td></tr>
<tr><td>ဘဏ္ဍာရေး<br>အချက်အလက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်</th><th>အရေအတွက်</th><th>တစ်ခုစီ<br>တန်ဖိုး</th><th>စုစုပေါင်း<br>ကုန်ကျငွေ<br>(အမေရိကန်<br>ဒေါ်လာ)</th></tr>
<tr><td>လုပ်ငန်းတွက်ချက်ခြင်း</td><td>၁</td><td>၂၀၀၀၀</td><td>၂၀၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင်</td><td>၁၂ လ (၅+၄+၃)</td><td>၁၅၀၀၀</td><td>၁၈၀၀၀၀</td></tr>
<tr><td>နည်းပညာအကူအညီ - ပြည်တွင်းပညာရှင်</td><td>၂၇ လ</td><td>၃၀၀၀</td><td>၈၁၀၀၀</td></tr>
<tr><td>ရုံးကိစ္စနှင့် စာရင်းအင်း အကူအညီ (နိုင်ငံသား)</td><td>၃၆ လ</td><td>၂၀၀၀</td><td>၇၂၀၀၀</td></tr>
<tr><td>ဗဟိုနှင့် မြို့နယ် မွေးမြူရေးနှင့် ရေလုပ်ငန်းဌာနရုံးများအတွက် အဆောက်အအုံပံ့ပိုးပေးခြင်း (အိုင်တီနှင့်ရုံးသုံးပစ္စည်းများ အပါအဝင်)</td><td>၁၀ ရုံး</td><td>၁၀၀၀၀</td><td>၁၀၀၀၀၀</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေး - ကား + ဆိုင်ကယ်(ပြုပြင်ထိန်းသိမ်းရေး စရိတ်အပါအဝင်)</td><td>၁+၁၀</td><td>၁၀၀၀၀၀<br>+ ၅၀၀၀</td><td>၁၅၀၀၀၀</td></tr>
<tr><td>သင်တန်းပို့ချရေးစရိတ် - မွေးမြူရေးနှင့်ရေလုပ်ငန်းဌာန ဝန်ထမ်းများ</td><td>၁၀ ဦး</td><td>၁၀၀၀</td><td>၁၀၀၀၀</td></tr>
</table>
</td></tr>
</table>

| စီမံကိန်း ခေါင်းစဉ် | အိမ်ခြံဝင်းအတွင်း ငါးမွေးမြူထုတ်လုပ်ခြင်း | | | | |
|---|---|---|---|---|---|
| | | သင်တန်းပို့ချရေးစရိတ် - ဝန်ထမ်းများ ကျေးရွာများသို့ ကွင်းဆင်းလေ့လာခြင်း | ရွာ ၂၀ * ၃၀ ကြိမ် * ၉ မြို့နယ် | ၂၀ | ၅၄၀၀၀ |
| | | လုပ်အားအတွက် လုပ်ခရိက္ခာ အစီအစဉ် - ငါးမွေးကန် (တစ်ကန်လျှင် ၁၀၀ စတုရန်းမီတာ) တည်ဆောက်ခြင်းနှင့် ရေသွယ်တန်းရယူခြင်း | တစ်ရွာလျှင် (၅) အိမ်ထောင်စု * ရွာ ၂၀ * မြို့နယ် (၉) မြို့နယ် | တစ်ဧက ၃၀၀၀ | ၆၇၅၀၀ |
| | | ငါးသားပေါက်များဝယ်ယူခြင်း (တစ်စတုရန်းမီတာလျှင် နှစ်ကောင်) | ၂၀၀၀၀၀ | ၀.၀၇ | ၁၄၀၀၀ |
| | | စိုက်ပျိုးရေးပစ္စည်းများ ပံ့ပိုးပေးခြင်း | ၁၀၀၀ ကန် | ၁၀ | ၁၀၀၀၀ |
| | | လေ့လာစောင့်ကြည့် အကဲဖြတ်ခြင်း | ၂ | ၂၀၀၀၀ | ၄၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ်(မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၇၉၈၅၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၅၆၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၈၅၅၀၀၀ |
| | ဘတ်ချက် မျှော်မှန်းဆချက် | *ဖော်ပြရန်မရှိပါ* | | | |
| Additional information | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ* | | | |

# ၂.၆။ သစ်တောရေးရာ စီမံကိန်းများ

## အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ခြင်း

| စီမံကိန်းခေါင်းစဉ် | အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်မှု တိုးတက်စေရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | စိုက်ပျိုးရေး (သစ်တော) |
| | တည်နေရာ | ချင်းပြည်နယ်ရှိ ကျေးရွာအုပ်စုများအားလုံး |
| | စုစုပေါင်းကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၂ဝ၅ဝဝဝဝ |
| | စီမံကိန်းကာလ | သုံးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · သစ်တောရေးရာဝန်ထမ်းများကိုအစုအဖွဲ့ပိုင် သစ်တောဥပဒေနှင့်ရင်းနှီး ကျွမ်းဝင်စေရေးနှင့် သစ်တောအသုံးပြုသူများ အဖွဲ့များ (FUGs) ဖွဲ့စည်း လည်ပတ်နိုင်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ရန်<br>· ထင်းရှူးပင်များ ထုတ်ယူသုံးစွဲမှုတွင် မျှဝေပေးရန် ကျေးရွာသူ ရွာသားများ ၏ အခွင့်အရေးအတွက် ကိုယ်စားပြုအရေးဆိုပေးရန်<br>· သစ်တောအသုံးပြုသူများအဖွဲ့ (၃ဝဝ) ခန့် ဖွဲ့စည်းရန်နှင့် အစုအဖွဲ့ပိုင် သစ်တောဧရိယာ ၇ဝဝဝ ဟက်တာခန့် ထူထောင်ရန် |
| | စီမံကိန်း၏ | **နောက်ခံအကြောင်းအရာ**<br>မြန်မာနိုင်ငံတွင် သဘာဝသစ်တောများဖြင့် ဖုံးလွှမ်းနိုင်သော ဧရိယာမှာ ကျဆင်းလျှက်ရှိရာ ယခုအခါ ၄၈% သာ ကျန်ရှိပါတော့သည်။ သစ်တောထူထပ်မှု မှာ အထူးသဖြင့် လျော့ပါးလျက်ရှိရာ ယခု ၂ဝ% သာ ကျန်ရှိပါသည်။ သစ်တောဧရိယာ ကျဆင်းရခြင်း၏အဓိကအကြောင်းအရင်းမှာ လူဦးရေတိုးပွားလာသဖြင့် စိုက်ပျိုးရေး ဧရိယာတိုးချဲ့ရခြင်းနှင့် စီးပွားဖြစ် သစ်ထုတ်လုပ်ခြင်း တို့ကြောင့် ဖြစ်ပါသည်။<br>သစ်တောသယံဇာတများကို လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးအတွက် ရေရှည်ခိုင်မာစွာ အသုံးပြုနိုင်ရေးအတွက် တည်တံ့ဖွံ့ဖြိုးစေရန် ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့်အတူ မြန်မာ့သစ်တောမူ ဝါဒကို ရေးဆွဲခဲ့ပါသည်။ အဆိုပါမူ ဝါဒ၏ အချက် (၆) ချက်အနက် တစ်ချက်မှာ "သစ်တောအသုံးချခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် လူထုပါ ဝင်ဆောင်ရွက်ရန်" ဟူ၍ ဖြစ်ပါသည်။ အဆိုပါ သတ်မှတ်ချက်မှာ အစုအဖွဲ့ပိုင်သစ်တောများ ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းကြောင်းပေးသကဲ့သို့ ရှိပါသည်။ ၁၉၉၅ ခုနှစ်တွင် သစ်တော ဝန်ကြီးဌာနမှ ထုတ်ပြန်သော အစုအဖွဲ့ပိုင်သစ်တောထူထောင်ရေး ညွှန်ကြားချက်များအရ ဒေသခံလူထု သစ်ပင်သစ်တောနှင့် ထိစပ်လုပ်ကိုင်ခွင့် အခွင့်အရေးနှင့် (နောင်တွင် ထပ်မံတိုးချဲ့နိုင်သော) ကနဦး နှစ် (၃ဝ) စာ မြေယာအသုံးချလုပ်ကိုင်ခွင့်တို့ကို အာမခံထားပေးပြီးဖြစ်သည်။အခြားသော သစ်တောမူဝါဒ သတ်မှတ်ချက်များတွင် သဘာဝ ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရန် ပါ ဝင်သည်။ အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ရေးတွင် သစ်တော ဝန်ကြီးဌာနသည် အဓိကကျသော ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လျှက်ရှိပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန်လိုအပ်သည်များ**<br>ယနေ့အထိ ချင်းပြည်နယ်တွ င် အဖွဲ့ ဝင် ၂၉၈ ဦးပါဝင်သော သစ်တောအသုံးပြုသူများအဖွဲ့ (၃၁) ဖွဲ့ရှိပြီး ၎င်းတို့သည် သစ်တောဧရိယာ (၁၃၆၇) ဟက်တာကို လွှမ်းခြုံထားပါသည်။ ချင်းပြည်နယ်တွင် အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်နိုင်သည့်နှုန်းမှာ နိုင်ငံတော် မျှော်မှန်းချက်ထက် အလွန်နည်းပါးပါသည်။ အဘယ့် |

| စီမံကိန်းခေါင်းစဉ် | အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်မှု တိုးတက်စေရေး စီမံကိန်း | |
|---|---|---|
| | | ကြောင့်ဆိုသော သစ်တောများတည်ရှိရာမှာ ဂေးလံခေါင်ပါးလွန်းခြင်း၊ သစ်တောဇရိယာများသို့ လက်လှမ်းမီသွားရောက်ရန် မလွယ်ကူခြင်း၊ အသိပညာ ဗဟုသုတနှင့် သစ်တောဂန်ထမ်းများတွင် နည်းပညာကျွမ်းကျင်မှု နည်းပါးခြင်းတို့ ကြောင့် ဖြစ်ပါသည်။ နိုင်ငံတော်မြေယာဥပဒေကို အခြေမခံဘဲ အသိအမှတ်မပြု ထားသည့် ဓလေ့ထုံးတမ်းစဉ်လာဖြင့်မြေယာအသုံးချခွင့်ကို စီစဉ်ခွင့်ပြုနေသောအချို့မြို့နယ်များတွင် အထက်ပါအခက်အခဲများမှာ ပိုမိုဆိုးဂါးသော အနေအထား သို့ တွန်းပို့နေပါသည်။<br><br>ကျေးရွာသူရွာသားတို့သည် အစိုးရပိုင်သစ်တောများ ကို အသုံးပြုရန် တရား ဂင်ခွင့်ပြုချက်မရရှိထားကြပေ။သို့ရာတွင်ကျေးရွာလူထုသည်လောင်စာနှင့်ဆောက်လုပ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် သစ်တောသယံဇာတကို အသုံးချ ရန် လိုအပ်နေပါသည်။ ကျေးရွာအများစုမှာ လျှပ်စစ်မီးမရရှိသဖြင့် ချက်ပြုတ်ရန်နှင့် မီးလှုံရန်အတွက် ထင်းကိုသာ အားပြုနေရသည်။ ထို့ပြင် ကျေး ရွာလူထုသည် သစ်မဟုတ်သော အခြားသော သစ်တောထုတ်ကုန်များ (ဥပမာ - သစ်ခွနှင့် ဆေးဘက် ဂင်အပင်များ၊ ပျားရည်၊ မှို၊ စားသုံးရန်သင့်တော်သော အပင်ငယ်များ၊ ဂဥနှင့် အခြားသော သစ်မြစ်သစ်ဥ ) တို့ကို ကောက်ယူစုဆောင်းခြင်း၊ သစ်များရောင်းချခြင်းနှင့် မီးသွေးဖုတ်ခြင်းဖြင့် ဂင်ငွေနှင့် ရိက္ခာရရှိနိုင်ပါသည်။ ချင်းပြည်နယ်တွင် ကျေးရွာသူရွာသားများထုတ်ယူသုံးစွဲခွင့်မရှိသောအဖိုးတန်ထင်းရှူးပင်မြောက်မြားစွာ ရှိပါသည်။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | · အစုအဖွဲ့ပိုင်သစ်တောများတွင်ပူးပေါင်းပါဂင်ဆောင်ရွက်နိုင်စေရန် သစ်တောရေးဌာနမှ ဂန်ထမ်းများနှင့် ကျေးရွာ လူထုအတွက် အသိအမြင်ဖွင့် သင်တန်းများပို့ချပေးခြင်း နှင့်<br>· သစ်တောရေးဌာနအတွက် မှတ်တမ်းထားရှိ ထိန်းသိမ်းမှု သင်တန်း စီစဉ်ပို့ချခြင်း |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | · သစ်တောဌာနမှ ဂန်ထမ်းများနှင့် သစ်တောအသုံးပြုသူများအဖွဲ့မှ အဖွဲ့ဂင်များကို အောင်မြင်စွာအကောင်အထည်ဖော်နေသော အစုအဖွဲ့ပိုင် သစ်တော ဇရိယာများ သို့ လေ့လာရေးခရီးသွားရောက်ရန် စီစဉ်ပေးခြင်း။<br>· စိုက်ပျိုးသစ်တောအတွက် သင့်တော်မည့်အပင်များ (ဥပမာ - ကျွန်း၊သစ်မာ၊မျောက်ငိုပင်၊သစ်နက်ပင်(Xyliaxylocarpus),သစ်မွှေး (Aquilariamalaccensis), ဒညင်းပင် (Abaremabigemina)နှင့် အခြားသောသစ်သီးပင်များ) ကို ပျိုးဥယျာဉ်ထောင်၍စိုက်ပျိုးခြင်း။(ပူးပေါင်းဆောင်ရွက်မည့်ကျေးရွာများတွင် ဖော်ဆောင်ရန်)<br>· သစ်တောဂန်ထမ်းများနှင့် ကျေးရွာလူထုကို ပျိုးဥယျာဉ်ပျိုးထောင်နည်း၊ စီမံထိန်းသိမ်းနည်းနှင့် မြေဆီလွှာထိန်းသိမ်းသည့် အလေ့အ ထတို့ကို လေ့ကျင့် သင်ကြားပေးခြင်း။<br>· အစုအဖွဲ့ပိုင်သစ်တောများရှိ အပင်များကြားတွင် စီးပွားဖြစ် သီးနှံများ (ဥပမာ-ဂဥ၊ နာနတ်သီး အစရှိသည်တို့ ) စိုက်ပျိုးနိုင်ရန် ကျေးရွာလူထုအတွက် လုပ်အားအတွက် လုပ်ခရိက္ခာ အစီအစဉ်များဖြင့် ပံ့ပိုးပေးခြင်း နှင့်<br>· အဆင့်မြင့် ထင်းအစားထိုးလောင်စာမီးဖိုများ ဖြန့်ဂေပေးခြင်း။ |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | (see table below) |

| လုပ်ငန်းတာဂန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| စီမံကိန်း တွက်ချက်မှု | ၁ | ၃၀၀၀၀ | ၃၀၀၀၀ |
| မြန်မာနိုင်ငံအတွင်း လေ့လာရေးခရီး | ၁ ကြိမ် * ၂၀ ဦး | ၁၀၀၀ | ၂၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်မှု တိုးတက်စေရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | နည်းပညာအကူအညီ - နိုင်ငံတကာပညာရှင် | ၃၀ လ | ၁၅၀၀၀ | ၄၅၀၀၀၀ |
| | | နည်းပညာအကူအညီ - ပြည်တွင်းပညာရှင် | ၅၀ လ | ၃၀၀၀ | ၁၅၀၀၀၀ |
| | | ရုံးကိစ္စနှင့် စာရင်းအင်း အကူအညီ (နိုင်ငံသား) | ၇၂ လ | ၂၀၀၀ | ၁၄၄၀၀၀ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း နှစ်ခု တည်ထောင်ခြင်း - သင်တန်းကျောင်း တစ်ခုကို တောင်ပိုင်းချင်းပြည်နယ်မှာ ဖြစ်ပြီး ကျန်တစ်ခုကို မြောက်ပိုင်းချင်းပြည်နယ် တွင် တည်ထောင်ပါမည်။<br>· စိုက်ပျိုးရေး ထွက်ကုန်များ ပြုပြင်စီမံသည့် လုပ်ငန်းအတွက် စမ်းသပ်စီမံကိန်းကို ဖော် ဆောင်နိုင်ရန် ရှေ့ပြေးဆောင်ရွက်သည့် ထုတ်ကုန်တန်ဖိုးကွင်းဆက် လေ့လာ ဆန်းစစ်မှု ရလဒ်အပေါ် မူတည်ကာ လိုအပ်သော သင်တန်းများကို သတ်မှတ်ခြင်းနှင့် သင်တန်း သားတစ်မျိုးချင်းစီအတွက် (လယ်သမား၊ ကုန်သည်၊ စီမံထုတ်လုပ်သူ၊ ဈေးကွက် သတင်းအချက်လက်ကောက်ယူပြန်ကြားသူ) သင့်တော်မည့် လက်တွေ့ သင်ရိုးညွှန်း တမ်းများ ရေးဆွဲပေးခြင်း။<br>· ဈေးကွက်ကွင်းဆက်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် သီးသန့်ပါ ဝင်နေသူများ (သို့) ဈေးကွက်တစ်ခုလုံးနှင့် အကျုံး ဝင်သက်ဆိုင်သူများအတွက် သင်တန်းများ အပိုင်းလိုက် ပို့ချပေးခြင်း။<br>o အစားအသောက်ပြုပြင်စီမံထုတ်လုပ်သည့်နည်းပညာကိုသင်ကြား တတ်မြောက် ပြီး ၎င်းပညာရပ်နှင့် အသက်မွေး ဝမ်းကျောင်းပြုလိုသူတို့မှာ တစ်နှစ်မှ နှစ်နှစ်ကြာ သည် အထိ သင်တန်းကျောင်း အစီအစဉ်တစ်ခုလုံးတွင် ပါဝင်ရန်လိုအပ်ပါသည်။<br>o လယ်သမားများကိုမူ "ဈေးကွက်အထူးပြု ထုတ်လုပ်ခြင်း " ဆိုင်ရာ သရုပ်ပြ မှုများနှင့် ထုတ်ကုန်အရည်အသွေး မြင့်မားအောင် ထိန်း ထားခြင်း အစရှိသည် တို့ကိုလယ်သမားသင်တန်းကျောင်းများတွင်သင်တန်းတိုများဖြင့်ပို့ချသင်ကြားပေး ပါမည်။<br>o ကုန်သည်များကို သယ်ယူခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်း၊ ဈေးနှုန်း သတ်မှတ် ခြင်းနှင့် လက်တွေ့ဈေးကွက်သဘောတရားများအကြောင်းကို သင်တန်းတိုများ ဖြင့် ပို့ချပေးမည်ဖြစ်သည်။<br>o စီးပွားရေးလုပ်ငန်း မန်နေဂျာအဆင့်ရှိသူများကို လုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘတ်ဂျက် တွက်ချက်ခြင်း၊ စာရင်းကိုင်ပညာ၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် နည်းဥပဒေဆိုင်ရာ အသိပညာများ စသော သင်ခန်း စာ များစွာပါဝင်သည့် ဘက်စုံပြည့်စုံသောသင်တန်းကို ပို့ချပေးပါမည်။<br>· သင်တန်းအစီအစဉ်များသည် အစားအသောက်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်စီမံ သည့် နည်းပညာများအပေါ် အခြေခံသင်ကြားမည် ဖြစ်ပါသည်။ ဆန်ကြိတ်ခွဲခြင်း၊ ဂျုံကြိတ်ခွဲခြင်း၊ ပြောင်းကြိတ်ခွဲခြင်းစသော အခြေခံမှသည် ဂိုင်ထုတ်လုပ်ခြင်း၊ သစ် သီး ဖျော်ရည် ထုတ်လုပ်ခြင်းနှင့် ပုလင်းအတွင်း ထည့်သွင်းခြင်း၊ သန့်ရှင်းမှုစနစ်အတွက် ထိန်းချုပ်ခြင်းနှင့် နောက်ဆုံးထုတ်ကုန်အတွက် အရည်အသွေး ထိန်းချုပ်ခြင်းစသော အဆင့်မြင့်ပညာများအထိ လက်တွေ့လုပ်ကိုင် နိုင်ရန် လို အပ်သည့် ပစ္စည်းကိရိယာများ ကိုလည်း ပံ့ပိုးပေးမည်ဖြစ်ပါသည်။<br>· သစ်သီးအခြောက်ခံခြင်းနှင့်ဂျုံအခြောက်ခံခြင်းစသည့် နည်းပညာရပ်များကို လယ်သမား များ၊ အလားအလာရှိသော စီးပွားရေးလုပ်ငန်းရှင်များကို လက်တွေ့ သရုပ်ဖော်ပြသ |

| စီမံကိန်းခေါင်းစဉ် | အစားအသောက်ထိန်းသိမ်းပြုပြင်ခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်စီမံခြင်းအတွက် သင်တန်းနှင့် အသိပညာများ ပံ့ပိုးပေးခြင်း | |
|---|---|---|
| | | နိုင်ရန်အတွက် လက်တွေ့ဆောင်ရွက်ရန်လိုအပ်သည့် ပစ္စည်းကိရိယာ များစွာကိုလည်း ပံ့ပိုးပေးပါမည်။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | အဆိုပါ အသက်မွေး ဝမ်းကျောင်း နည်းပညာနှင့် သင်တန်းကျောင်းများအ တွက် ပံ့ပိုးမှုများ ပြုလုပ်ရာတွင် လက်ရှိ TVET အဆောက်အအုံ၊ အစီအမံတို့ကို ထိရောက်စွာ အသုံးချ နိုင်ရေးနှင့် အစီအစဉ်များ ပြန့်ကျဲပွားများနေခြင်းကို လျှော့ချရန် အတွက် ယခု တည်ရှိနေပြီး ဖြစ်သော သင်တန်းကျောင်းများကိုသာ ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက် မည်ဖြစ်ပါသည်။<br>သင်တန်းအစီအစဉ်များတွင် စီးပွားရေးအကျိုးအမြတ်ရှိသော လုပ်ငန်းများအကြောင်း ဦးတည်သင်ကြားပါမည်။ ထို့ပြင် အလုပ်သမားဈေးကွက်တွင် လိုအပ်ချက်များ ပြည့်မီစေရန် အတွက် ပုဂ္ဂလိကကဏ္ဍသည်လည်း သင် တန်းအမျိုးအစားများ ဆွေးနွေးရာတွင် ပါ ဝင် အကြံပြုသင့်ပါသည်။<br>နည်းပညာသင်တန်းပို့ချမှုအပြင် စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဈေးကွက်မြှင့်တင်မှုအကြောင်း ကိုလည်း ပို့ချပေးရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော ပြည်နယ်၏ စီးပွားရေး ကဏ္ဍနှင့် အလုပ်အကိုင် ရရှိမှုအတွက် အထောက်အကူမပြုသော ကုန်ကျစရိတ်များသည့် အခြားသောသင်တန်းများကို ရှေ့ပြေး မဆောင်ရွက်မီတွင် ထုတ်ကုန်များကို ဈေးကွက် ဝင် အောင် ဦးစွာကြိုးပမ်းရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။<br>သင်တန်းဌာနကို မြို့နယ်နှစ်မြို့နယ်တွင် (သင်တန်းတစ်နေရာကို မြောက်ပိုင်း ချင်းပြည် နယ်တွင် ဖြစ်ပြီး ကျန်တစ်နေရာကို တောင်ပိုင်းချင်းပြည်နယ် ) ဖော်ဆောင်မည်ဟု ဆိုသော် လည်း မြို့နယ် (၉) မြို့နယ်စလုံးတွင် အဆိုပါသင်တန်းဌာနများ လိုက်လံ ဝန်ဆောင်မှု ပေးခြင်းဖြင့် မြို့နယ်များအားလုံး သင်တန်းပံ့ပိုးမှု ရရှိပါမည်။ |

| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | အရေ အတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|---|---|
| | | စီမံကိန်းတွက်ချက်မှု | ၁ | ၁၀၀၀၀ | ၁၀၀၀၀ |
| | | ပြည်တွင်းအကြံပေးပညာရှင် - အစားအသောက်စီမံထုတ်လုပ်မှု | ၁၂ လ | ၃၀၀၀ | ၃၅၀၀၀ |
| | | နိုင်ငံတကာအကြံပေးပညာရှင် | ၄ လ | ၁၅၀၀၀ | ၆၀၀၀၀ |
| | | စီမံကိန်းမန်နေဂျာ - အစားအသောက် စီမံထုတ်လုပ်မှု | ၃ နှစ် | ၂၅၀၀၀ | ၇၅၀၀၀ |
| | | ဒေသခံကျွမ်းကျင်ဝန်ထမ်း (တစ်နေရာလျှင် ၃ ဦး၊ ၃ နှစ်) | ၂၁၆ လ | ၇၀၀ | ၁၅၀၀၀၀ |
| | | ထောက်ပံ့ရေးဝန်ထမ်း (တစ်နေရာလျှင် ၂ ဦး၊ ၃ နှစ်) | ၁၄၄ လ | ၃၅၀ | ၅၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး - ဂျစ်ကား (ဝယ်ယူခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းစရိတ်) | ၂ | ၅၀၀၀၀ | ၁၀၀၀၀၀ |
| | | အဆောက်အဦမှာ □ | ၂ | ၁၇၅၀၀၀ | ၃၅၀၀၀၀ |
| | | ပစ္စည်းကိရိယာများ (လက်တွေ့သင်တန်းတွင် အသုံးပြုရန်) | ၂ စုံ | ၁၂၀၀၀၀ | ၂၄၀၀၀၀ |

| စီမံကိန်းခေါင်းစဉ် | အစားအသောက်ထိန်းသိမ်းပြုပြင်ခြင်းနှင့် အသိပညာများ ပံ့ပိုးပေးခြင်း | စိုက်ပျိုးရေးထွက်ကုန်များ | ပြုပြင်စီမံခြင်းအတွက် | | သင်တန်းနှင့် |
|---|---|---|---|---|---|
| | | ရုံးသုံးပစ္စည်းများ | ၂ | ၁၅၀၀၀ | ၃၀၀၀၀ |
| | | သင်တန်းသားများအတွက် ကုန်ကျစရိတ် (သင်တန်းတစ်ခုလျှင် သုံးနှစ်) | ၆ | ၅၀၀၀၀ | ၃၀၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၁၄၀၀၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုး ပေါင်းခြင်း | | | ၁၀၀၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၁၅၀၀၀၀၀ |

ဘတ်ဂျက် မျှော်မှန်းဆ
ချက်

| စီမံကိန်းခေါင်းစဉ် | တည်ဆောက်ရေးနှင့် အိမ်ဆောက်လုပ်မှုတွင် လက်သမားတို့၏ ကျွမ်းကျင်မှုပညာ အရည်အချင်း မြှင့်တင်ရေး စီမံကိန်း |
|---|---|
| | သည့်အပြင် အဆိုပါပုဂ္ဂိုလ်တို့တွင် လုပ်ငန်းတောင်းဆိုချက်များကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်အရည်အချင်းနှင့် မပြည့်စုံကြပါ။ အလားတူစွာပင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဝင်ရောက်လိုသော ပုဂ္ဂိုလ်များအတွက် အရည်းအချင်းပြည့် မီသော သင်တန်းများလည်း မရှိကြပါ။ စီမံကိန်းသည် ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုရန်အတွက် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်သော အရည်အချင်းများကို ဖြည့်ဆည်းပေးနိုင်ရေးကို ဦးတည်ဆောင်ရွက်ရန် စီစဉ်ရေးဆွဲ ထားပါသည်။ |
| လုပ်ငန်း ဆောင်ရွက်ချက် | · ကနဦးကာလ - ဆောက်လုပ်ရေးနှင့်ပတ်သက်ပြီး မည်သည့်ကျွမ်းကျင်မှု အရည်အသွေးများ ဖြည့်ဆည်းပေးရန်လိုအပ်သည်နှင့် ၎င်းတို့ကို မည်သို့ အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်သည် အစရှိသည်တို့ကို ပုဂ္ဂလိကကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ ပါဝင်သော အစိုးရဌာနများနှင့် ကြိမ်ဖန်များစွာ ဆွေးနွေးတိုင်ပင်ခြင်း။<br>· ချင်းပြည်နယ် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် လိုအပ်လျှက်ရှိသော အလုပ် သမားအမျိုးအစားများမှာ - ပန်းရံ၊ အုတ်စီသူ၊ ကွန်ကရစ်ဖျော်သူ၊ ဂဟေဆက်သူ၊ သံထည်အလုပ်သမား၊ လက်သမား၊ ရေပိုက်သမား၊ လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်သူ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် ကြီးကြပ်စစ်ဆေးသူ၊ ပုံကြမ်းဆွဲသူ၊ အရည်အသွေး ကြီးကြပ်စစ်ဆေးသူနှင့် ဆောက်လုပ်ရေး မန်နေဂျာတို့ ဖြစ်ပါသည်။<br>· အဆိုပါလုပ်ငန်းခွင်တို့တွင် လက်ရှိလုပ်သားအင်အား အနေအထားကို စစ်တမ်းကောက်ယူခြင်းနှင့် တပြိုင်နက်တည်းမှာပင် ဆောက်လုပ်ရေးကဏ္ဍတစ်ခုစီ၌ အကျွမ်းကျင်ဆုံးသော အလုပ်သမားများကို သတ်မှတ်ကာ ကျွမ်းကျင်မှု အထူးသင်တန်း ပေးရန် (သို့) သင်တန်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခု အဖြစ် ၎င်းတို့ကို အလုပ်သင်အဖြစ် ခေါ်ယူရန် စီစဉ်ခြင်း။<br>· အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းကျောင်း နှစ်ခု တည်ထောင်ခြင်း - သင်တန်းကျောင်းတစ်ခုကို ချင်းပြည်နယ်တောင်ပိုင်းတွင် တည်ထောင်မည်ဖြစ်ပြီး ကျန်တစ်ခုကို ချင်းပြည်နယ်မြောက်ပိုင်းတွင် တည်ထောင်ပါမည်။<br>· သက်ဆိုင်ရာ ဆောက်လုပ်ရေးနည်းပညာအလိုက် သင်ခန်းစာများကို အပိုင်းလိုက် ပြင်ဆင်ခြင်းနှင့် တစ်ပိုင်းလျှင် တစ်ပတ်တာ သင်တန်းပို့ချခြင်း။ သင်တန်းများကို လက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပါ ဝင်လုပ်ကိုင်နေပြီး ၎င်းတို့အထူးပြုကျွမ်းကျင်လိုသော ဘာသာရပ်အတွက် စွမ်းရည်မြှင့်တင်ရန် စိတ်ပါဝင်စားသည့်သူများနှင့် သင်တန်းကို အချိန်ပြည့် ပါဝင်တက်ရောက်သည့် လူငယ်များက တက်ရောက်နိုင်မည်ဖြစ်ပါသည်။<br>· ကျွမ်းကျင်ပိုင်နိုင်သော ဆောက်လုပ်ရေးပညာရှင်များ ကြီးကြပ်သည့် သီးခြား အလုပ်ရုံဆွေးနွေးပွဲများတွင် လက်တွေ့ပါဝင်ဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးပစ္စည်း အစုံ လိုက်ပံ့ပိုးပေးခြင်း။ ဤသင်တန်းအစီအစဉ်သည် ကျွမ်းကျင်မှုအရည် အသွေး မြှင့်မားပြည့်ဝစေရန် လက်တွေ့လုပ်ဆောင်မှုများဖြင့် အထူးပြုသင်ကြားမည်ဖြစ်သည်။ သို့ရာတွင် ဒီဇိုင်းရေးဆွဲခြင်း၊ အရည်အသွေး ကြီးကြပ်စစ်ဆေးခြင်း၊ စီမံကိန်း ကြီးကြပ်ခြင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် တ င်ဒါခေါ်ယူခြင်း လုပ်ထုံးလုပ်နည်းများ အစရှိသည်တို့ကိုလည်း ထည့်သွင်း သင်ကြားပါမည်။<br>· သင်တန်းဌာန နှစ်နေရာသာ တည်ဆောက်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ အဆင့်အတန်းမြှင့်မားရန်နှင့် ပါ ဝင်လုပ်ကိုင်နေသူများအားလုံး ကျွမ်းကျင်မှုရှိစေရန် မြို့နယ် (၉) မြို့နယ်စလုံးတွင် အလားတူသင်တန်းများ ပြင်ပအစီအစဉ်အဖြစ် ပို့ချပေး မည်ဖြစ်ပါသည်။ |
| စီမံကိန်း အကောင်အထည် ဖော်ခြင်း | · အဆိုပါ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် သင်တန်းကျောင်းများအတွက် ပံ့ပိုးမှုများ ပြုလုပ်ရာတွင် လက်ရှိ TVET အဆောက်အအုံ၊ အစီအမံတို့ကို ထိရောက်စွာ အသုံးချနိုင်ရေးနှင့် အစီအစဉ်များ ပြန့်ကျဲပွားများနေခြင်းကို လျှော့ချရန် ယခု တည်ရှိ |

| စီမံကိန်းခေါင်းစဉ် | တည်ဆောက်ရေးနှင့် အိမ်ဆောက်လုပ်မှုတွင် လက်သမားတို့၏ ကျွမ်းကျင်မှုပညာ အရည်အချင်း မြှင့်တင်ရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | နေပြီးဖြစ်သော သင်တန်းကျောင်းများကိုသာ ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်မည်ဖြစ်ပါသည်။<br>· ဖြစ်နိုင်လျှင်ချင်းပြည်နယ်အတွင်းမှ(သို့)မြန်မာနိုင်ငံ၏အခြားသောနေရာများမှဆောက်လုပ်ရေးကဏ္ဍတွင် ကျွမ်းကျင်သူများ ကို ဤသင်တန်းအစီအစဉ်တွင် ပါ ဝင် ဆောင်ရွက်ရန် ခန့်အပ်ခြင်း။<br>· သင်တန်းအစီအစဉ်တွင် ပုဂ္ဂလိကကဏ္ဍက တောင်းဆိုနေသော ကျွမ်းကျင်မှုအရည်အသွေးများဖြည့်ဆည်းပေးရေးကိုဦးတည်သင်ကြားပါမည်။ထို့ပြင်အလုပ်သမား ဈေးကွက်တွင်လိုအပ်ချက်များ ပြည့်မီစေရန်အတွက် ပုဂ္ဂလိကကဏ္ဍသည်လည်း သင်တန်းအမျိုးအစားများ ဆွေးနွေးရာတွင် ပါဝင် အကြံပြုသင့်ပါသည်။<br>· နည်းပညာဆိုင်ရာ ပို့ချမှုများအပြင် ဤသင်တန်းအစီအစဉ်တွင် စီးပွားရေးစီမံခန့်ခွဲမှုနှင့် စာရင်းကိုင်ပညာတို့ကိုလည်း ပို့ချပါမည်။ | | | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ) |
| | | စီမံကိန်း တွက်ချက်မှုနှင့် ကုန်သွယ်မှု စွမ်းရည် စစ်တမ်း | ၁ | ၁၅၀၀၀ | ၁၅၀၀၀ |
| | | စီမံကိန်းမန်နေဂျာ - တည်ဆောက်ရေး ကြီးကြပ်သူ | ၃ နှစ် | ၂၅၀၀၀ | ၇၅၀၀၀ |
| | | နိုင်ငံတကာအကြံပေးပညာရှင် | ၄ လ | ၁၅၀၀၀ | ၆၀၀၀၀ |
| | | ဒေသကုန်သွယ်ရေး ကျွမ်းကျင်ဝန်ထမ်း (တစ်နေရာလျှင် ၄ ဦး၊ သုံးနှစ်) | ၂၈၈ လ | ၁၂၀၀ | ၃၄၅၀၀၀ |
| | | ထောက်ပံ့ရေးဝန်ထမ်း (တစ်နေရာလျှင် ၂ ဦး၊ ၃ နှစ်) | ၁၄၄ လ | ၃၅၀ | ၅၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေး - ဂျစ်ကား (ဝယ်ယူခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေး စရိတ်အပါအဝင်) | ၂ | ၅၀၀၀၀ | ၁၀၀၀၀၀ |
| | | အဆောက်အဦမာ | ၂ | ၂၅၀၀၀၀ | ၅၀၀၀၀၀ |
| | | ပစ္စည်းကိရိယာများ (လက်တွေ့သင်တန်းတွင် အသုံးပြုရန်) | ၂ စုံ | ၁၂၀၀၀၀ | ၂၄၀၀၀၀ |
| | | ရုံးသုံးပစ္စည်းများ | ၂ | ၁၅၀၀၀ | ၃၀၀၀၀ |
| | | သင်တန်းသားများအတွက် ကုန်ကျစရိတ် (သင်တန်းတစ်ခုလျှင် သုံးနှစ်) | ၆ | ၆၀၀၀၀ | ၃၆၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များမပါ) | | | ၁၇၇၅၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၁၂၅၀၀၀ |

| စီမံကိန်းခေါင်းစဉ် | တည်ဆောက်ရေးနှင့် အိမ်ဆောက်လုပ်မှုတွင် လက်သမားတို့၏ ကျွမ်းကျင်မှုပညာ အရည်အချင်း မြှင့်တင်ရေး စီမံကိန်း | | | |
|---|---|---|---|---|
| | | စုစုပေါင်းဘတ်ဂျက် | | | ၁၉၀၀၀၀၀ |

ဘတ်ဂျက် မျှော်မှန်းသချက် အဆောက်အဦဆော က်ု လ်ပန္ဒ် အာ မရိ နှာ် ဖါ် ဏာ ⎕၇၅၀၀၀ လျာထားပေးခြင်းမှာ

# ၅။ အခြေခံအဆောက်အအုံ

## ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး မဟာစီမံချက်

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး မဟာစီမံချက် | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အခြေခံအဆောက်အအုံ |
| | တည်နေရာ | ချင်းပြည်နယ် (ပြည်နယ်အဆင့်) |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၄၉၀၀၀၀ |
| | စီမံကိန်းကာလ | ၁၂ လ |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ရေတို၊ ရေလတ်နှင့် ရေရှည်ကာလများသို့တိုင်အောင် တိုးတက်ကောင်းမွန်နေမည့် လမ်းပိုင်းဆိုင်ရာစနစ်များ ဖော်ဆောင်နိုင်ရေးအတွက် စီစဉ်ကျနသော ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများဖြင့် ပံ့ပိုးပေးရန်။<br>· လမ်းအသစ်တည်ဆောက်ရေးအတွက် ဦးစားပေးသည့်သင့်အရာများကို ဆုံးဖြတ်နိုင်ရန် စံသတ်မှတ်ချက်များကို ဖော်ထုတ်ခြင်း။<br>· ဒေသအတွက်နှင့် ဒေသအတွင်းရှိ ရပ်ရွာလူထုတစ်ရပ်လုံး၏ လူမှုရေးနှင့်စီးပွားရေး အကျိုးအမြတ်များကို အကောင်းမွန်ဆုံး ဖော်ဆောင်နိုင်ပေးနိုင်မည့် လမ်းပိုင်းဆိုင် ရာစနစ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘက်စုံစီမံချက်တစ်ခု ဖော်ဆောင်ရန်။<br>· တည်ဆောက်ရန်လျာထားသော လမ်းအမျိုးအစားတစ်ခုစီအလိုက် အဆင့်မီသော ဒီဇိုင်းပုံစံများ ရေးဆွဲရန်နှင့် ချင်းပြည်နယ်အတွင်းရှိ အထူးသီးခြားဧရိယာများတွင် အကောင်အထည်ဖော်မည့် လမ်းများအတွက် အမျိုး အစားအလိုက် တစ်မိုင် /တစ်ကီလိုမီတာလျှင် ကုန်ကျမည့် ကုန်ကျစရိတ်တို့ကို တွက်ချက်ရန်။<br>· ပြည်နယ်အဂုမ်းရှိ လက်ရှိလမ်းများနှင့် တည်ဆောက်ရန်အဆိုပြုထားသော လမ်းများအတွက် ပြုပြင်ထိန်းသိမ်းမှု လမ်းညွှန်အချက်အလက်များ ရေးဆွဲရန်။<br>· လမ်းပန်းကွန်ယက်အတွက် နှစ်စဉ်နှင့် ေ ရရှည်ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ ရေးဆွဲရန်နှင့် အနာဂတ်တွင် စီမံကိန်းများကို အကောင်အထည်ဖော်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လည်း ပါ ဝင်ဆောင်ရွက်နေသော ပြည်သူ့ရေးရာလုပ်ငန်းဌာနမှ သင့်တော်သော ဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ရန်။ |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်၏ သီးခြားအခြေအနေအရ ထိရောက်ပြည့်စုံသော လမ်းပန်းဆက်သွယ်ရေး စနစ် ဖော်ဆောင်ရေးမှာ ကုန်ကျစရိတ်ကြီးမြင့်နေဆဲဖြစ်ပြီး ဒေသအတွက် ဘဏ္ဍာရေး အသုံး စရိတ် ရရှိနိုင်သော နည်းလမ်းများမှာလည်း အလွန်နည်းပါးသောကြောင့် လမ်းပန်းကဏ္ဍ အတွက် အသုံးပြုမည့် ကျပ်ငွေများကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့် စီးပွားရေးနှင့် လူမှုရေး အကျိုးအမြတ် အမြင့်မားဆုံး ရရှိနိုင်ရေးမှာ အလွန်အရေးကြီးပါသည်။<br>ပြည်နယ်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရေရှည် ခိုင်မာမည့် သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု လိုအပ်ပြီး၊ အဆိုပါ စနစ်ကို ဖော်ဆောင်ရာတွင် လမ်းအသုံးပြုမည့်သူများအားလုံးအတွက် ဘေးအန္တရာယ် ကင်းရှင်းမှု၊ လမ်းနှင့် ဆက်သွယ်ရန် လက်လှမ်းမီနိုင်မှုနှင့် ရွှေ့ပြောင်းသွားလာမှုများကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားထားသည့် နည်းလမ်းဖြင့် ဖော်ဆောင်ရန်လိုအပ်လျှက်ရှိပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ** |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး မဟာစီမံချက် | |
|---|---|---|
| | | လမ်းပန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းနှင့် ပါ ဝင်သက်ဆိုင်သူများအားလုံးကို ပိုမိုပူးပေါင်းပါဝင်စေသော နည်းလမ်းများဖြင့် ဖော်ဆောင်ရန် လိုအပ်ပါသည်။ ထို့ပြင်လမ်း၏ဒီဇိုင်းအဆင့်အတန်းကို ပြန်လည်သုံး သပ်ကာကုန်ကျစရိတ်ပိုမိုသက်သာစေသော တည်ဆောက်မှုနှင့် ထိန်းသိမ်းမှု နည်းလမ်းတို့ဖြင့် အကောင်အထည်ဖော်ရန် လိုအပ်ပါ သည်။<br><br>**မျှော်မှန်းရလဒ်**<br>· စီမံကိန်းနှင့် ပါ ဝင်သက်ဆိုင်သူများအားလုံး လက်သင့်ခံနိုင်သည့် လမ်းပိုင်းဆိုင်ရာ မဟာ စီမံချက် ပေါ်ထွက်ရေးနှင့် အဖွဲ့အစည်းများက ကြိုတင်ပြင်ဆင်နိုင်မှု<br>· စီမံထားသည့်အတိုင်း ချင်းပြည်နယ်တွင် ဘတ်ဂျက်များ ခွဲဝေအသုံးချနိုင်ပြီး လမ်းပိုင်းဆိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်ခြင်း။<br><br>**ရလဒ်အညွှန်းကိန်းများ**<br>· ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး စီမံချက်ကို စီမံကိန်းနှင့်ပါ ဝင်သက်ဆိုင်သူများ အားလုံး သဘောတူလက်ခံခြင်း။<br>· သယ်ယူပို့ဆောင်ရေးအတွက် အဆောက်အအုံများကို တည်ဆောက်အကောင်အထည် ဖော်မည့် အဖွဲ့အစည်းများအားလုံးသည် မဟာစီမံချက်အပေါ် မူတည်ပြီး နှစ်အလိုက် အစီအစဉ်များ ပြင်ဆင်ရေးဆွဲခြင်း။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | သယ်ယူပို့ဆောင်ရေး မဟာစီမံချက်အတွက် ပြင်ဆင်ရာတွင် အဆင့် (၈) ဆင့် ရှိပါသည်။<br>· လမ်းပိုင်းဆိုင်ရာ အချက်အလက်များကို စစ်တမ်းကောက်ယူခြင်းနှင့် အစီရင်ခံစာ ရေးသား ခြင်း။ လက်ရှိလမ်းများအားလုံး၏ လတ်တလော အခြေအနေများ (ဒီဇိုင်း၊ တည်ဆောက်ပုံ နည်းလမ်း၊ ငွေကုန်ကြေးကျထိရောက်မှု၊ အကြမ်းခံနိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးကာလ ) ကို ထည့်သွင်းစဉ်းစား၍ ချင်းပြည်နယ်တွင် လာမည့် ငါးနှစ်အတွင်း တည်ဆောက်ရန် လျာထားသည့် လမ်းအသစ်များအတွက် အဆိုပြုလွှာများကို ပြန်လည်သုံးသပ်ခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၆) ပတ် ကြာမြင့်ပါမည်။)<br>· ချင်းပြည်နယ်၏ အခြေအနေနှင့် လမ်းလိုအပ်ချက်အနေအထားတူသည့် အခြားနိုင်ငံ (သို့) နီပေါသို့ ချင်းပြည်နယ်လမ်းဆောက်လုပ်ရေးအင်ဂျင်နီယာများက လေ့လာရေးခရီး သွားရောက်ခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၃) ပတ် ကြာမြင့်ပါမည်။)<br>· လာမည့် ငါးနှစ်၊ ဆယ်နှစ်အတွင်း လမ်းတည်ဆောက်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့အတွက် မြှုပ်နှံဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များနှင့် လမ်းတည်ဆောက်ရာတွင် လိုအပ်သည့် စံသတ်မှတ်ချက်များကို ချမှတ်ဆောင်ရွက်မည့် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံး ပါ ဝင်တက်ရောက်ကြပြီး၊ မဟာဗျူဟာတွင် ဖော်ပြ ထားသည့်လမ်းအမျိုးအစားတစ်ခုစီအတွက် ကုန်ကျစရိတ်တွက်ချက်မှုနှင့် လမ်းတည်ဆောက် မှုပုံစံအတွက် စံသတ်မှတ်ချက်တို့အပေါ် သဘောတူညီမှုရှိကြခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်ပါမည်။)<br>· မဟာစီမံချက် မူကြမ်း ပြင်ဆင်ခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၁၂) ပတ် ကြာမြင့်ပါမည်။)<br>· စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံး ပါဝင်သော ဦးစားပေးအချက်များကို သတ်မှတ်ဖော်ထုတ် မည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၁) ပတ် ကြာမြင့်ပါမည်။<br>· မဟာစီမံချက်ကို အပြီးသတ်ရေးဆွဲခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၃) ပတ် ကြာမြင့်ပါမည်။)<br>· ပြည်နယ်အစိုးရက စီမံချက်ကို သဘောတူထောက်ခံခြင်း။ (ဤလုပ်ငန်းစဉ်အတွက် |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး မဟာစီမံချက် |  |
|---|---|---|
|  |  | ရက်သတ္တပတ် (၄) ပတ် ကြာမြင့်ပါမည်။)<br>· လမ်းတည်ဆောက်မှုပုံစံ လက်စွဲများ ပြင်ဆင်ခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၆) ပတ် ကြာမြင့်ပါမည်။)<br>· စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားခြင်း။ (ဤလုပ်ငန်းစဉ်အတွက် ရက်သတ္တပတ် (၂) ပတ် ကြာမြင့်ပါမည်။) |
|  | စီမံကိန်း အကောင်အထည် ဖော်ခြင်း | မဟာစီမံချက်ကို ရေးဆွဲပြင်ဆင်နိုင်ရန် စီမံကိန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရန် မျှော်မှန်းထားပါသည်။<br>· အဖွဲ့ခေါင်းဆောင် - လမ်းတည်ဆောက်ရေးအင်ဂျင်နီယာ - နိုင်ငံတကာအကြံပေးပညာရှင် - (၅) လ<br>· မြို့ပြအင်ဂျင်နီယာ - ပြည်တွင်းအကြံပေးပညာရှင် - (၁၀) လ<br>· စီမံကိန်းကြီးကြပ်သူ (လမ်းပိုင်းကျွမ်းကျင်ပညာရှင်) - ပြည်တွင်းအကြံပေးပညာရှင် - (၃) လ<br>· သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အအုံ ကျွမ်းကျင်သူ - နိုင်ငံတကာအကြံပေး ပညာရှင် - (၃) လ<br>· သယ်ယူပို့ဆောင်ရေးဆိုင်ရာ စီးပွားရေးပညာရှင် - နိုင်ငံတကာအကြံပေးပညာရှင် - (၂) လ<br>· အရည်အသွေး ကြီးကြပ်စစ်ဆေးသူနှင့် ကုန်ကြမ်းမှာယူမှု ကျွမ်းကျင်သူ - ပြည်တွင်း အကြံပေးပညာရှင် - (၄) လ<br>· ပထဝီသတင်းအချက်အလက်နည်းပညာ(GIS)ကျွမ်းကျင်သူ - နိုင်ငံတကာပညာရှင် - (၂) လ<br>· ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပုံကြမ်းထုတ်သူ - နိုင်ငံတကာပညာရှင် - (၁) လ<br>· ဆက်သွယ်ပေါင်းကူးရေးအရာရှိ - ပြည်တွင်းပညာရှင် - (၄) လ<br>ကုန်မှာယူမှု ကြီးကြပ်သူ - (၁၀) ရက်တာအတွက် (၂၈) ဦး - စုစုပေါင်း ရက် (၂၈၀)၊ စစ်တမ်းကောက်ယူမှု ညှိနှိုင်းရေး တာဝန်ခံ (ပြည်တွင်းပညာရှင် )- ၁၅ ရက်တာအတွက် နှစ်ဦး - စုစုပေါင်း ရက် (၃၀)။ ချင်းပြည်နယ်အတွက် သယ်ယူပို့ဆောင်ရေး မဟာစီမံချက်ကို အထက်ဖော်ပြပါ အကြံပေးအဖွဲ့က ပြင်ဆင်ရေးဆွဲကြမည်ဖြစ်ပါသည်။ ပြည်နယ်အစိုးရသည် အဆိုပါအကြံပေးပညာရှင်များနှင့် တိုက်ရိုက်ချိတ်ဆက် အလုပ်လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများမှ လက်တွဲလုပ်ကိုင်မည့်အဖွဲ့ကို ဖွဲ့စည်းပါမည်။ ဤလေ့လာရေးကို ဦးဆောင်ရန်အတွက် ချင်းပြည်နယ် ဝန်ကြီးချုပ်သည် ဝန်ကြီးအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးတစ်ပါးကို ခန့်အပ်တာဝန်ပေးပါမည်။ လေ့လာရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်သည် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဝန်ကြီးထံသို့ လေ့လာရေးအကြောင်း တိုက်ရိုက်အစီရင်ခံပါမည်။<br>အစီအစဉ်ရေးဆွဲသည့်အဖွဲ့သည် ပုဂ္ဂလိကကဏ္ဍနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများအပါအ ဝင် စီမံကိန်းနှင့်သက်ဆိုင်သူများအားလုံးနှင့် နီးကပ်စွာ လက်တွဲလုပ်ကိုင်ရန် လိုအပ်ပါသည်။ |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် |  |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| စီမံကိန်းပြင်ဆင်ခြင်း | ၁ | ၁၀၀၀၀ | ၁၀၀၀၀ |
| နည်းပညာအကူအညီ - နိုင်ငံတကာ ပညာရှင် | ၁၃ လ | ၁၅၀၀၀ | ၁၉၅၀၀၀ |
| နည်းပညာအကူအညီ - ပြည်တွင်းပညာရှင် | ၂၅ လ | ၃၀၀၀ | ၇၅၀၀၀ |
| စစ်တမ်း |  | စုစုပေါင်း | ၁၅၀၀၀ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် သယ်ယူပို့ဆောင်ရေး မဟာစီမံချက် | | | | |
|---|---|---|---|---|---|
| | | သယ်ယူပို့ဆောင်ရေး - ငှားရမ်းခြင်း | | စုစုပေါင်း | ၃၀၀၀၀ |
| | | အလုပ်ရုံဆွေးနွေးပွဲများ | ပြည်နယ်အဆင့် (၃) ကြိမ် | ၇၀၀၀ | ၂၁၀၀၀ |
| | | အလုပ်ရုံဆွေးနွေးပွဲများ | (၉) မြို့နယ် | ၂၀၀၀ | ၁၈၀၀၀ |
| | | ပစ္စည်းကိရိယာ | (၁) စုံ | ၅၀၀၀ | ၅၀၀၀ |
| | | လေ့လာရေးခရီး | ဝန်ထမ်း (၁၀) ဦး | ၅၀၀၀ | ၅၀၀၀၀ |
| | | သင်တန်း | | | ၁၅၀၀၀ |
| | | အစီရင်ခံစာနှင့် သင်တန်းလက်စွဲများ ပုံနှိပ်ခြင်း | | | ၁၀၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော စရိတ်များ မပါ) | | | ၄၅၄၀၀၀ |
| | | မမျှော်မှန်းနိုင်သောစရိတ် ၇ % ထပ်တိုးပေါင်းခြင်း | | | ၃၆၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၄၉၀၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်းဆချက်များ | ပြည်တွင်းအကြံပေးပညာရှင်များကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ဒေသအဆင့် စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်ပေးရန် အဆိုပြုထားပါသည်။ | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့်မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | သယ်ယူပို့ဆောင်ရေး မဟာစီမံချက်သည် အမျိုးသားအဆင့်မူဝါဒနှင့် သယ်ယူပို့ဆောင်ရေး အစီအစဉ်တို့နှင့် ကိုက်ညီရန် လိုအပ်ပါသည်။ | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | | | |

# ဆင်ခြေလျှောစောက်များကိုတည်ငြိမ်စေခြင်းနှင့် မြေပြိုမှုကို တားဆီးကာကွယ်ခြင်း

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် လမ်းတည်ဆောက်ရေးတွင် ဆင်ခြေလျှောစောက်များကို တည်ငြိမ်စေခြင်းနှင့် မြေပြိုမှုကို တားဆီးကာကွယ်ခြင်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အခြေခံအဆောက်အအုံ |
| | တည်နေရာ | ချင်းပြည်နယ် (ပြည်ထောင်စုနှင့် ပြည်နယ်လမ်းများ) |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၃၆၃၀၀၀၀ |
| | စီမံကိန်းကာလ | ၄ နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ချင်းပြည်နယ်တွင် တည်ရှိသော ပြည်ထောင်စု၊ ပြည်နယ်နှင့် ကျေးရွာလမ်းများတွင် ဆင်ခြေလျှောစောက်များ တည်ငြိမ်စေရန် လိုအပ်နေမှုကို အလေးထားဆောင်ရွက်ရန်နှင့် တောင်ပေါ်လမ်းများတွင် ဆင်ခြေလျှောစောက် တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရမည့် လမ်းညွှန်ချက်များနှင့် မူဂါဒပေါ်ပေါက်ရေးအတွက် ဖော်ဆောင်ရန်<br>· ဇီဝအင်ဂျင်နီယာနည်းပညာအတတ်ဖြင့် ဆင်ခြေလျှောစောက်များကို တည်ငြိမ်ချောမွေ့စေအောင် ဆောင်ရွက်ရန်<br>· ဆင်ခြေလျှောစောက် တည်ငြိမ်ချောမွေ့ရေးနှင့် ဇီဝအင်ဂျင်နီယာနည်းပညာအကြောင်းကို နည်းပညာနှင့်အသက်မွေးသူများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို လေ့ကျင့်သင်ကြားပြသရန်<br>· ဆင်ခြေလျှောစောက်တည်ငြိမ်ချောမွေ့စေမည့် လုပ်ငန်းဆောင်ရွက်ချက်အတွက် အစိုးရနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များထံသို့ ရန်ပုံငွေများ ခွဲဝေပေးရန်<br>· လမ်းပန်းသယ်ယူပို့ဆောင်ရေးတွင် လုံခြုံစိတ်ချပြီး လမ်းပြတ်တောက်မှုကင်းပါးစွာ ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက်ဆောင်ရွက်ရန်။ |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွှယ်မှု | **နောက်ခံအကြောင်းအရာ**<br>လယ်ပန်းဆက်သွယ်ရေးသည် ချင်းပြည်နယ်၏ အဓိကကျသော သယ်ယူပို့ဆောင်မှုစနစ် ဖြစ်ပါသည်။ ချင်းပြည်နယ်တွင် ရေရှည်တည်တံ့ခိုင်မာမည့် သယ်ယူပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးလာစေရန် လိုအပ်လျက်ရှိပြီး၊ အဆိုပါစနစ်ကို ဖော်ဆောင်ရာတွင် လမ်းအသုံးပြုမည့် သူများအားလုံးအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု၊ လမ်းနှင့် ဆက်သွယ်ရန် လက်လှမ်းမီနိုင်မှုနှင့် ရွှေ့ပြောင်းသွားလာမှုများ အားလုံးကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားထားသည့် နည်းလမ်းဖြင့် ဖော်ဆောင်ရန်လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြောင်းလဲတိုးတက်လာသည့် နိုင်ငံရေးအရွေ့ကြောင့် မကြာသော အနာဂတ်ကာလအတွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့် အရိပ်အရောင်များကို ကြိုတင်မှန်း ဆနိုင်ရာ အဆိုပါ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အပံ့ပေးနိုင်မည့် ရေရှည်ခိုင်မာတည်တံ့သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုကို လိုအပ်လျက်ရှိပါသည်။ ချင်းပြည်နယ်တွင် ပြည်ထောင်စုနှင့် ချိတ်ဆက်သော လမ်း၊ ပြည်နယ်တွင်း ချိတ်ဆက်လမ်းနှင့် ကျေးရွာအချင်းချင်း ချိတ်ဆက်လမ်း ဟူ၍ သုံးမျိုးရှိပါသည်။ ဗျူဟာနည်းကျ တည်ဆောက်ထားသောလမ်း၊ ပြည်ထောင်စုနှင့် ပြည်နယ်လမ်းများ၏ စုစုပေါင်းအရှည်မှာ ၁၂၂၅ မိုင်ဖြစ်ပြီး ၎င်းတို့မှာ ကတ္တရာခင်းလမ်း၊ ကျောက်စရစ်လမ်းနှင့် မြေသားလမ်းတို့ ဖြစ်ကြပါသည်။ ကျောက်စရစ်လမ်းနှင့် မြေသားလမ်းတို့ကို မိုးရာသီတွင် အသုံးပြုနိုင်ရန် ခဲယဉ်းပြီး ကတ္တရာခင်းလမ်းပေါ်တွင်ပင်လျှင် လမ်းပြတ်တောက်မှုများ ရှိပါသည်။ ချင်းလူမျိုးတို့သည် နှစ်စဉ်မိုးရာသီတိုင်း မြေပြိုမှုကြောင့် လမ်းပိတ်ဆို့မှုကို ကြုံတွေ့ခံစားနေကြရသည်။ အဆိုပါအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် အခက်အခဲမျိုးစုံရှိနေပြီး အထူးသဖြင့် လိုအပ်သောအရင်းအမြစ်နှင့် နည်းပညာရရှိနိုင်မှုတို့တွင် ဖြစ်သည်။ |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် လမ်းတည်ဆောက်ရေးတွင် ဆင်ခြေလျှောစောက်များကို တည်ငြိမ်စေခြင်းနှင့် မြေပြိုမှုကို တားဆီးကာကွယ်ခြင်း | |
|---|---|---|
| | | **တုန့်ပြန်ဖြေရှင်းရန်လိုအပ်သည်များ**<br>သဘောတရားရေးရာမှတ်ချက်သည် ချင်းပြည်နယ်ရှိ လမ်းများ၊ အထူးသဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်လမ်းများတွင် အတားအဆီး ပြတ်တောက်မှုမရှိ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရန်အတွက် ဆင်ခြေလျှောစောက်များကို တည်ငြိမ်အောင် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသော လိုအပ်ချက်ကွက်လပ်များကို ဖြည့်ဆည်းရန် ရည်ညွှန်းပါသည်။<br><br>**မျှော်မှန်းရလဒ်**<br>· လမ်း၏ လျှောစောက်များကို တည်ငြိမ်ချောမွေ့အောင် ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာပုဂ္ဂိုလ်များကို ဆင်ခြေလျှောစောက်တည်ငြိမ်ရေးနှင့် ဇီဝအင်ဂျင်နီယာအတတ်ဆိုင်ရာ လမ်းညွှန်ချက်များဖြင့် ညွှန်ကြားပြသနိုင်ခြင်း။<br>· လက်ရှိ မြေပြိုသည့်နေရာများနှင့် မြေပြိုကျရန် အလားအလာရှိနေသော နေရာများတွင် လမ်း၏ လျှောစောက် တည်ငြိမ်ချောမွေ့မှုရှိခြင်း။<br>· နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ဒေသခံများအနေဖြင့် လျှောစောက်တည်ငြိမ်ချောမွေ့ရေး ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ရာတွင် စစ်တမ်းကောက်ယူမှု၊ ပုံစံရေးဆွဲမှုနှင့် လုပ်ငန်းဖော်ဆောင်မှုအပိုင်း၌ လုပ်ကိုင်နိုင်စွမ်း ရှိခြင်း။<br>· အနှောက်အယှက်ကင်းစွာသွားလာနိုင်သော လမ်းပန်းဆက်သွယ်မှုကြောင့် ချင်းပြည်သူလူထုအနေဖြင့် အရင်းအမြစ်နှင့် အခွင့်အလမ်းများကို လက်လှမ်းမီရယူလာနိုင်ခြင်း။<br>· လမ်းတည်ဆောက်ရေးတွင် ပါဝင်မည့်အဖွဲ့အစည်းများသည် ဆင်ခြေလျှောစောက်ကြောင့် ဖြစ်ပေါ်မည့် ဘေးအန္တရာယ်များကို ကာကွယ်လျှော့ချနိုင်ခြင်း။<br>·<br><br>**ရလဒ်အညွှန်းကိန်းများ**<br>· ဆင်ခြေလျှောစောက်တည်ငြိမ်ရေးနှင့် ဇီဝအင်ဂျင်နီယာနည်းပညာဆိုင်ရာ လမ်းညွှန်ချက်များအတွက် လက်သင့်ခံနိုင်သော စာရွက်စာတမ်းများ ပြင်ဆင်ထားရှိမှု။<br>· မြေပြိုမှုကို ထိန်းချုပ်ကာကွယ်ခြင်းနှင့် ဇီဝအင်ဂျင်နီယာအတတ်ပညာဖြင့် ဆောင်ရွက်မှုတို့ကို လက် ရှိ ပြည်ထောင်စုနှင့် ပြည်နယ်လမ်းများအပါအဝင် လမ်းအရှည် မိုင် ၉ဂဂ အတွက် ဖော်ဆောင်နိုင်ခြင်း။<br>· ဆင်ခြေလျှောစောက်တည်ငြိမ်ရေး လုပ်ငန်းတာဝန်များအားလုံးကို နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေသော ဒေသခံများ တာဝန်လွှဲပြောင်းယူဆောင်ရွက်နိုင်ခြင်း။<br>· ဆင်ခြေလျှောစောက်မတည်ငြိမ်မှုနှင့် မြေပြိုင်မှုကြောင့် ဖြစ်သော လမ်းပိတ်ဆို့မှုများကို ၇၅% လျှော့ချနိုင်ခြင်း။<br>· လမ်းပုံစံရေးဆွဲခြင်း၊ ကုန်ကျစရိတ်ခန့်မှန်းခြေတွက်ချက်ခြင်းနှင့် လမ်းတည်ဆောက်မှုအတွက် လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုမှုတို့တွင် လျှောစောက်တည်ငြိမ်ရေးနှင့် ဇီဝအင်ဂျင်နီယာအတတ်ပညာတို့ကို ပေါင်းစပ်ထည့်သွင်းခြင်း။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | <u>ပြင်ဆင်သည့်အဆင့်</u><br>· လျှောစောက်တည်ငြိမ်ရေး လမ်းညွှန်လက်စွဲများ ပြင်ဆင်ခြင်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံမှ သဘောတူညီအတည်ပြုချက်ရယူခြင်း။<br>· ဒေသခံနည်းပညာဆိုင်ရာဝန်ထမ်းများကို လေ့ကျင့်သင်ကြားပြသခြင်း။<br>· ပျိုးဥယျာဉ်ထူထောင်ခြင်း။<br><br><u>အကောင်အထည်ဖော်သည့်အဆင့်</u> |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် လမ်းတည်ဆောက်ရေးတွင် ဆင်ခြေလျှောစောက်များကို တည်ငြိမ်စေခြင်းနှင့် မြေပြိုမှုကို တားဆီးကာကွယ်ခြင်း | | |
|---|---|---|---|
| | | · ခြောက်သွေ့ရာသီတွင် (စက်တင်ဘာလမှ ဧပြီလ ) မြို့ပြအင်ဂျင်နီယာအတတ်ပညာဖြင့် တည်ဆောက်ခြင်း။<br>· မိုးရာသီတွင် (မေလမှ ဩဂုတ်လ ) ဇီဝအင်ဂျင်နီယာအတတ်ဖြင့် လုပ်ငန်းဆောင်ရွက်ချက်များ စတင်ခြင်း။<br><br><u>ပေါင်းစပ်စုစည်းသည့်အဆင့်</u><br>· ရောဂါပိုးကျသောအပင်နှင့်သေဆုံးသွားသော အပင်များနေရာတွင် အစားထိုးစိုက်ပျိုးခြင်း။<br>· လိုအပ်လျှင် မြက်နှုတ်ပေါင်းသင်ခြင်းနှင့် မြေဆွေးဖြည့်ခြင်း။<br>· နည်းပညာဆိုင်ရာဝန်ထမ်းများအတွက် မွမ်းမံသင်တန်းပို့ချခြင်း။ | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | ပြည်သူ့ရေးရာလုပ်ငန်းဌာနသည် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင် ဆောင်ရွက်ပါမည်။ အဆိုပါ ပြည်သူ့ရေးရာလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ဇီဝအင်ဂျင်နီယာနှင့် ပထ ဝီအနေအထား ကျွမ်းကျင်သူများပါ ဝင်သည့် နည်းပညာအဖွဲ့က ပံ့ပိုးကူညီရန် အဆိုပြုထားပါသည်။ အစိုးရအမှုထမ်း၊ အရာထမ်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းပါဝင်သောစီမံကိန်းအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ရန် ပြည်နယ်နှင့် မြို့နယ် အဆင့်တွင် ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းပေးရန်ကိုလည်း အဆိုပြုထားပါသည်။<br>စီမံကိန်းအတွက် လက်တွဲဆောင်ရွက်မည့်သူများသည် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများနှင့် ဘဏ္ဍာငွေရရှိသုံးစွဲရေး အဆင့်တွင် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရာတွင်မူ ချင်းပြည်နယ်အစိုးရနှင့် ပြည်သူ့ရေးရာလုပ်ငန်းဌာနတို့က အဓိကဦးဆောင်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။<br>ဖော်ပြခဲ့သည့်အတိုင်း စီမံကိန်းတွင် အပိုင်းလေးပိုင်း ပါဝင်ပါသည်။<br>· ဆင်ခြေလျှောစောက် တည်ငြိမ်ချောမွေ့စေရေးနှင့် ဇီ ဝအင်ဂျင်နီယာအတတ်ပညာဆိုင်ရာလက်စွဲများ ရေးဆွဲခြင်း။<br>· နည်းပညာဆိုင်ရာ ဝန်ထမ်းများကို လျှောစောက်တည်ငြိမ်ရေးနှင့် ဇီ ဝအင်ဂျင်နီယာအတတ်ပညာများ လေ့ကျင့်သင်ကြားပြသခြင်းနှင့် စီမံကိန်းပြီးဆုံးချိန်တွင် မွမ်းမံသင်တန်းပံ့ပိုးပေးခြင်း။<br>· နည်းပညာဆိုင်ရာအစီရင်ခံစာနှင့် စီမံကိန်းအစီရင်ခံစာများ ရေးသားခြင်း။<br>· စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။<br><br><u>အဖွဲ့ဖွဲ့စည်းပုံ</u><br>· ဇီဝအင်ဂျင်နီယာနည်းပညာနှင့် ပထ ဝီနည်းပညာ ကျွမ်းကျင်သူ + သင်တန်းပို့ချရန်လိုအပ်သော အခြားသက်ဆိုင်ရာနည်းပညာကျွမ်းကျင်ပညာရှင်များ (ပြည်တွင်းနှင့် ပြည်ပနှစ်မျိုးစလုံးမှ)<br>· နေ့စဉ် စီမံကိန်း ကြီးကြပ်စစ်ဆေးရန် လေ့ကျင့်ပျိုးထောင်ထားသော ဝန်ထမ်းများကို တာဝန်ပေးအပ်ထားပါသည်။<br>· ပြည်သူ့ရေးရာလုပ်ငန်းဌာနသည် စီမံခန့်ခွဲရေး အခန်းကဏ္ဍကို တာ ဝန်ယူရမည်ဖြစ်ပြီး ချင်းပြည်နယ်အစိုးရသည် မူဝါဒလမ်းညွှန်ချက်ဖြင့် တည့်မတ်ရန် တာဝန်ရှိပါသည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် |

| စီမံကိန်းခေါင်းစဉ် | ချင်းပြည်နယ် လမ်းတည်ဆောက်ရေးတွင် ဆင်ခြေလျှောစောက်များကို တည်ငြိမ်စေခြင်းနှင့် မြေပြိုမှုကို တားဆီးကာကွယ်ခြင်း | | |
|---|---|---|---|
| | | | ဒေါ်လာ) |
| | | ဆင်ခြေလျှောစောက်များ တည်ငြိမ်အောင် ဖော်ဆောင်ခြင်းနှင့် ဇီဝအင်ဂျင်နီယာနည်းပညာအတတ် အသုံးချခြင်း | ၆၀၀၀၀ |
| | | နည်းပညာသင်တန်းပို့ချခြင်း | ၃၅၀၀၀ |
| | | အစီရင်ခံခြင်း (နည်းပညာအစီရင်ခံစာ၊ စီမံကိန်းအစီရင်ခံစာ)၊ သတင်းအချက်အလက်ဖြန့်ဝေခြင်း | ၅၅၀၀၀ |
| | | ဆင်ခြေလျှောစောက်များတည်ငြိမ်စေခြင်းနှင့် မြေပြိုကျမှု တားဆီးခြင်း လုပ်ငန်းအကောင်အထည်ဖော်မှု | ၃၁၉၀၉၀၀ |
| | | ဆင်ခြေလျှောစောက်တည်ငြိမ်ခြင်းနှင့် ဇီဝအင်ဂျင်နီယာအတတ် မွမ်းမံသင်တန်း | ၃၅၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါ) | ၃၃၇၅၉၀၀ |
| | | မမျှော်မှန်းနိုင်သောစရိတ် ၇% ထပ်တိုးပေါင်းခြင်း | ၂၅၄၁၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၃၆၃၀၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်းဆချက်များ | ချင်းပြည်နယ်နှင့် မြေမျက်နှာသွင်ပြင် ပထဝီအနေအထားတူညီသည့် နီပေါနိုင်ငံ၏ ဆင်ခြေလျှောစောက်တည်ငြိမ်စေရန် ဇီဝအင်ဂျင်နီယာအတတ်ဖြင့် တည်ဆောက်မှု အတွေ့အကြုံများထည့်သွင်းစဉ်းစားကာ ချင်းပြည်နယ်ရှိ လုပ်သားခနှင့် ကုန်ကြမ်းဈေးနှုန်းများအပေါ် မူတည်၍ ဤဘတ်ဂျက်ကို တွက်ချက်ထားပါသည်။ | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | |

## ကျေးလက်ဒေသချိတ်ဆက်မှုစီမံကိန်း

| စီမံကိန်းခေါင်းစဉ် | ကျေးလက်ဒေသချိတ်ဆက်မှု စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ဆောက်လုပ်ရေး |
| | တည်နေရာ | မြို့နယ်အဆင့် (မြို့နယ် (၃) မြို့နယ်တွင် စမ်းသပ်ဆောင်ရွက်မည်။) |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၃၃၀၀၀၀၀ ခန့် (တစ်မိုင်လျှင် အမေရိကန်ဒေါ်လာ ၁၂၆၀၀၀) |
| | စီမံကိန်းကာလ | ငါးနှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ကျေးလက်နေပြည်သူလူထု၏ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးရန်<br>· အရင်းအမြစ်၊ အခွင့်အလမ်းနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်မှု အနေအထားကို တိုးမြှင့်ရန်<br>· ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် ကျေးလက်နေ ပြည်သူလူထု၏ တုန့်ပြန်ခံနိုင်စွမ်းအားနှင့် စားနပ်ရိက္ခာဖူလုံမှု အခြေအနေ |

| စီမံကိန်းခေါင်းစဉ် | ကျေးလက်ဒေသချိတ်ဆက်မှု စီမံကိန်း | |
|---|---|---|
| | | တိုးတက်ကောင်းမွန်စေရန် |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချင်းပြည်နယ်သည် သီးခြားအဆန်ဆုံးနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်သော တောင်တန်းဒေသပြည်နယ်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံမှုသည်ဒေသအတွက် အဓိကကျသောအကြောင်းအရာတစ်ရပ်ဖြစ်ပြီး ဝေးလံခေါင်သီသော အရပ်ဒေသများတွင်မူ အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို လက်လှမ်းမီရယူနိုင်ရန်မှာ အလွန်ကြီးမားသည့် အခက်အခဲဖြစ်သည်။<br>ချင်းပြည်နယ်ရှိ ကျေးရွာများ၏ ၃၅% ခန့်မှာ မော်တော်ဆိုင်ကယ်များနှင့် ချိတ်ဆက်နိုင်သော လမ်းပင် မရှိသောကြောင့် ထိုဒေသတွင် နေထိုင်သူတို့မှာ အလွန်အထီးကျန်ဆန်ပါသည်။ ကား (သို့) မော်တော်ဆိုင်ကယ် အသုံးပြုနိုင်သော လမ်းဖြင့် ချိတ်ဆက်ထားသည့် ကျေးရွာများတွင်လည်း ထိုလမ်းများကို မိုးတွင်း၌ အသုံးမပြုနိုင်ပေ။ ကျေးရွာ ချင်းချိတ်ဆက်လမ်းများ အားလုံးနီးပါးသည် မြေသားလမ်းဖြစ်သောကြောင့် သင့်တင့်မျှတသော ရာသီဥတုတွင်သာ အသုံးပြုနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် အခြေခံလူမှုရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်ရန် ခက်ခဲဆဲဖြစ်ပါသည်။<br>စိုက်ပျိုးသောသီနှံများနှင့် သီးနှံအမျိုးအစားကို လေ့လာကြည့်လျှင် လယ်သမားများသည် တစ်ရာသီအတွင်းသာလျှင် စိုက်ပျိုးသည်ကို တွေ့ရသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းသို့ အများဆုံးဝင်ရောက်လုပ်ကိုင်မှုမှာ တစ်နှစ်လျှင် ငါးလသာ ဖြစ်ပါသည်။ ကျန်ရှိသော လများတွင် ဆောက်လု ပ်ရေးလုပ်ငန်းခွင်ကဲ့သို့သော လုပ်ငန်းများတွင် ကာလတို ဝင်ရောက်လုပ်ကိုင်ရန် ရွှေ့ပြောင်းသွားလာ၍ အလုပ်ရှာကြပါသည်။ သို့မဟုတ် အခြားသော မည်သည့်အလုပ်အကိုင်မျှ မရှိဘဲ ကြိုးစားရပ်တည်နေရပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုရေး ဝန်ဆောင်မှုနှင့် အရင်းအမြစ်များကို လက်လှမ်းမီရယူနိုင်သော အခြေအနေများကို တိုးမြှင့်နေသည့်နည်းတူ ကျေးလက်ဒေသ၏ စားနပ်ရိက္ခာနှင့် တုန့်ပြန်ခံနိုင်စွမ်းအားကိုလည်း မြှင့်တင်ရန် လိုအပ်ပါသည်။ ကျေးလက်ချင်း ချိတ်ဆက်သော လမ်းများကို တည်ဆောက်ပေးခြင်းအားဖြင့် ကျေးလက်ချိတ်ဆက်မှုစီ မံကိန်းသည် အထက်ပါ ကြုံတွေ့နေရသော အခြေအနေများကို တုန့်ပြန်ဖြေရှင်းပေးမည်ဖြစ်ပါသည်။<br><br>**မျှော်မှန်းရလဒ်**<br>· ကျေးရွာလမ်းများကို ဖောက်လုပ်ခြင်းနှင့် ရာသီဥတုမရွေးအသုံးပြုနို င်အောင် ပြုပြင်ထိန်းသိမ်းရန်<br>· လမ်းချိတ်ဆက်မှု ကောင်းမွန်သောကြောင့် ကျေးလက်နေပြည်သူလူထုအနေဖြင့် ရပ်ရွာ ဖွံ့ဖြိုးရေးနှင့် လူမှုရေးကြား ဝင်ဆောင်ရွက်မှု ကိစ္စရပ်တို့တွင် အကျိုးေ ကျးဇူးခံစားခွင့် ရှိလာစေရန်<br>· လမ်းပိုင်း ညှိနှိုင်းပူးပေါင်းရေး ကော်မတီနှင့် လမ်းတည်ဆောက်ရေး ကော်မတီ တို့သည် လမ်းတည်ဆောက်ရာတွင် ေ လ့လာစောင့်ကြည့်ခြင်း၊ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းနှင့် စီမံကိန်းကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်နိုင်ခြင်း စသည့် စွမ်းရည်များ ပြည့်ဝနေစေရန်<br>· ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဌာနသည်လည်း အစီအစဉ် ရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်းနှင့် ကျေးရွာလမ်းများကို ထိန်းသိမ်းပြုပြင်ခြင်းတို့တွင် လုပ်ကိုင်ဆောင်ရွက်နိုင်သော စွမ်းရည်များရှိစေရန်<br>· အရင်းအမြစ်၊ လူမှုရေး ဝန်ဆောင်မှုနှင့် အခွင့်အလမ်းများကို လက်လှမ်းမီရယူနိုင်စွမ်း |

| စီမံကိန်းခေါင်းစဉ် | ကျေးလက်ဒေသချိတ်ဆက်မှု စီမံကိန်း | |
|---|---|---|
| | | ရေရှည်တည်တံ့စေရန်<br><br>**ရလဒ်အညွှန်းကိန်းများ**<br>· မိုင်တစ်ရာအရှည်ရှိသော လမ်းတည်ဆောက်ခြင်းနှင့် မိုင်ပေါင်းတစ်ရာ လမ်းပြုပြင်ထိန်းသိမ်းခြင်း။<br>· ဖောက်လုပ်ပြီးစီးထားသော လမ်းများကို ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်း။;<br>· အလုပ်အကိုင်ပေါင်း ၁၅၀၀၀၀ (လူပေါင်းများစွာ*ရက်ပေါင်းများစွာအတွက်) ဖန်တီးပေးနိုင်ခြင်း။<br>· အလုပ်အကိုင် ရရှိသူ ၅၀% မှာ အမျိုးသမီးများ ဖြစ်ခြင်း။<br>· ကျွမ်းကျင်မှုသင်တန်းမှ ကျေးလက်လူထု ၅၀၀ ဦးခန့် အကျိုးခံစားခွင့်ရှိခြင်း။<br>· အသေးစားချေးငွေအစီအစဉ်နှင့် အိမ်ထောင်စုပေါင်း ၁၅၀၀ ကို ချိတ်ဆက်ပေးနိုင်ခြင်း။<br>· ကနဦးကာလ လမ်းတည်ဆောက်ခြင်းနှင့် စီမံကိန်း ဖော်ဆောင်မှုတို့တွင် တွေ့ရှိလာရသော ပြဿနာရပ်များကို လမ်းတည်ဆောက်ရေးကော်မတီမှ ဖြေရှင်းပေးခြင်း။<br>· လမ်းတည်ဆောက်ရေးကော်မတီကဦးဆောင်၍တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း။<br>· ကျေးရွာချင်း ချိတ်ဆက်မည့် လမ်းများ ဆောက်လုပ်ရာတွင် နည်းပညာပိုင်း ကျွမ်းကျင်သူများကို လုံလုံလောက်လောက် အလုပ်ခန့်အပ်ထားခြင်း။<br>· ပြည်နယ် သယ်ယူပို့ဆောင်ရေးမဟာစီမံချက်အတိုင်း ဘတ်ဂျက်များကို ချထားပေးခြင်း။<br>· ခရီးသည်များ သွားလာရေးနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး စရိတ်များ ၅၀% လျှော့ချနိုင်ခြင်း။<br>· နှစ်စဉ်အိမ်ထောင်စုပျမ်းမျှဝင်ငွေသည် တစ်နှစ်လျှင် ၁၀% တိုးမြင့်လာခြင်း။<br>· ကုန်များ သယ်ယူတင်ပို့နိုင်မှု ၂၅% တိုးတက်လာခြင်း။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | စီမံကိန်းတွင် ရပ်ရွာ ဖွံ့ဖြိုးရေးနှင့် လူမှုရေးကြား ဝင်ဆောင်ရွက်မှုများ ပံ့ပိုးခြင်းနှင့် ကျေးလက်ဒေသ သယ်ယူပို့ဆောင်ရေး အဆောက်အအုံများ တိုးတက်စေခြင်းဟူသော အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။<br><br><u>ရပ်ရွာဖွံ့ဖြိုးရေးနှင့် လူမှုရေးကြားဝင်ဆောင်ရွက်မှုများ ပံ့ပိုးပေးခြင်း</u><br>· အသိပညာဗဟုသုတများ မြှင့်တင်ခြင်း<br>· အသေးစားချေးငွေ<br>· အလုပ်သမားများ၏ ရပိုင်ခွင့်<br>· လူမှုရေးအတွက် လုံခြုံမှုအစီအမံများ<br>· ကျွမ်းကျင်မှုသင်တန်း<br><u>ကျေးလက်ဒေသ သယ်ယူပို့ဆောင်ရေး အဆောက်အအုံများအတွက် ကြားဝင်ဆောင်ရွက်ခြင်း</u><br>· တည်ဆောက်ခြင်း<br>· အဆင့်မြှင့်တင်ခြင်း<br>· ပြုပြင်ခြင်း<br>· ထိန်းသိမ်းခြင်း<br>ကြားဝင်ဆောင်ရွက်မှုများ မစတင်ခင်တွင် စီမံကိန်းနှင့် သက်ဆိုင်သော အခြေခံ အချက်အလက်များ ကောက်ယူမှု စစ်တမ်းကို ပြုလုပ်မည်ဖြစ်ပြီး စီမံကိန်း ပြီးဆုံးသည့်အခါ |

<table>
<tr><th>စီမံကိန်းခေါင်းစဉ်</th><th colspan="2">ကျေးလက်ဒေသချိတ်ဆက်မှု စီမံကိန်း</th></tr>
<tr><td></td><td></td><td>စီမံကိန်း၏ ဆောင်ရွက်ပြီးမြောက်မှုများကို တိုင်းတာရန်အတွက် အကျိုးခံစားရရှိမည့် အိမ်ထောင်စုများထဲမှ နမူနာ အိမ်ထောင်စုများ ရွေးထုတ်၍ စီမံကိန်းရလဒ်ဆိုင်ရာ စောင့်ကြည့်လေ့လာမှု စစ်တမ်းကို ပြုလုပ်ပါမည်။</td></tr>
<tr><td></td><td>စီမံကိန်း အကောင်အထည်ဖော်ခြင်း</td><td>စီမံကိန်း ပဲ့ကိုင်လမ်းပြရေး ကော်မတီ - အစိုးရ အမှုထမ်းအရာထမ်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနသည် လုပ်ငန်း အကောင် အထည်ဖော်ဆောင်ရွက်မှု အပိုင်းတွင် စီမံခန့်ခွဲသည့် အခန်းကဏ္ဍအတွက် တာဝန်ယူကာ စီမံကိန်း ပဲ့ကိုင်လမ်းပြရေးကော်မတီတွင်လည်း ဦးဆောင်မှုနေရာကို ယူပါလိမ့်မည်။<br><br>မြို့နယ်လမ်းများနှင့် ညှိနှိုင်းရေးကော်မတီ - ဤကော်မတီကို မြို့နယ်အုပ်ချုပ်ရေးမှ တာဝန်ရှိသူများကို ဦးဆောင်စေလျက် ဖွဲ့စည်းထားပါသည်။ ဤကော်မတီသည် ထွက်ပေါ် လာသော ပြဿနာများကို ဖြေရှင်းရန်နှင့် စီမံကိန်းကြားဝင်ဆောင်ရွက်မှုကို လမ်းညွှန်ချက် ပေးရာတို့တွင် စီမံကိန်းနှင့် ပါဝင်သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။<br><br>ကျေးရွာလမ်းတည်ဆောက်ရေးကော်မတီ - အဆိုပါကော်မတီကို လမ်းတည်ဆောက်ရေးနှင့် လမ်းတည်ဆောက်ရာတွင် ညှိနှိုင်းမှုပြုလုပ်နိုင်ရေးအတွက် ဖွဲ့စည်းထားပါသည်။ ယင်းကော်မတီသည် လမ်းတည်ဆောက်ရေးဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခြင်း၊ အလုပ်သမားများနှင့် ပစ္စည်းကိရိယာများကို စီမံခန့်ခွဲခြင်းနှင့် လုပ်အားခခွဲဝေပေးခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော လူမှုရေးကြားဝင်ဆောင်ရွက်မှုများနှင့် ရပ်ရွာဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ကူညီပံ့ပိုးရန်လည်း တာဝန်ရှိပါသည်။<br><br>လမ်းတည်ဆောက်ရေးဆိုင်ရာ အဖွဲ့ - တည်ဆောက်ရေးလုပ်ငန်းအတွက် တစ်ဖွဲ့လျှင် အလုပ်သမား ၂၀ ဦးဖြင့် ပါဝင်ဖွဲ့စည်းပါမည်။</td></tr>
<tr><td>ဘဏ္ဍာရေး အချက်အလက်</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းတာဝန်</th><th>စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ)</th></tr>
<tr><td>ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးကြားဝင်ဆောင်ရွက်ချက်များ</td><td>၅၅၀၀၀၀</td></tr>
<tr><td>မြို့နယ်အလိုက် ကျေးလက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အအုံများဖွံ့ဖြိုးရေး<br>• အသစ်တည်ဆောက်ခြင်း (၅၁%)<br>• လမ်းအဆင့်မြှင့်တင်ခြင်း (၄၃%)<br>• ပြုပြင်ထိန်းသိမ်းခြင်း (၆%)</td><td>၁၁၀၅၀၀၀၀</td></tr>
<tr><td>စုစုပေါင်းဘတ်ဂျက်</td><td>၁၁၆၀၀၀၀၀</td></tr>
</table>
</td></tr>
<tr><td></td><td>ဘတ်ဂျက်မျှော်မှန်းဆချက်များ</td><td>တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်တွက်ချက်ရာတွင် အောက်ပါမျှော်မှန်းဆချက်များကို ထည့်သွင်းထားပါသည်။<br>· ကျေးရွာလမ်းများအားလုံးကို ကျောက်စရစ်လမ်းငယ်များမှတဆင့် ကားလမ်းမကြီးနှင့် ချိတ်ဆက်နိုင်ရန် အဆင့်မြှင့်တင်ပါမည်။<br>· လမ်းများအားလုံးတွင် ရေထိန်းသိမ်းမှုစနစ်၊ ဇီဝအင်ဂျင်နီယာနည်းပညာ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဘေးကင်းလုံခြုံမှု အစီအမံများအားလုံးကို ထည့်သွင်း အကောင် အထည်ဖော်ပါမည်။<br>· ကျေးရွာလမ်းများ၏ စုစုပေါင်းအရှည်ကို နိုင်ငံတော်၏ လမ်းအရွယ်အစား သိပ်သည်းဆ ပျမ်းမျှရလဒ်များအပေါ် မူတည်၍ တွက်ချက်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ လမ်း များ၏ အရွယ်အစား သိပ်သည်းဆမှာ ၁၀၀ စတုရန်းကီလိုမီတာလျှင် ၆ ကီလိုမီတာဟု (ကမ္ဘာ့ဘဏ်ကို ရည်ညွှန်းပါသည်) မှန်းဆထားရာ ပြည်နယ်နှင့် နိုင်ငံတော်ပိုင် လမ်းများမှာ</td></tr>
</table>

| စီမံကိန်းခေါင်းစဉ် | ကျေးလက်ဒေသချိတ်ဆက်မှု စီမံကိန်း | |
|---|---|---|
| | | လုံလောက်မှုရှိနေပြီး ကျေးရွာလမ်းများကိုလည်း နိုင်ငံတော်၏ လမ်းအရွယ်အစား သိပ်သည်းဆ ပျမ်းမျှရလဒ်ကို ပြည့်မီအောင်တည်ဆောက်မည်ဖြစ်ပါသည်။<br>· ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုတို့အတွက် လမ်းတည်ဆောက်မှု ကုန်ကျစရိတ်၏ ၁၀% ခန့် သုံးပါလိမ့်မည်။ |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာ တို့နှင့် ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* |

## မြန်မာနိုင်ငံအလုံးရှိ ပြည်တွင်းလေကြောင်းလိုင်းများနှင့်ချင်းပြည်နယ်ကို ချိတ်ဆက်ပေးမည့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း ဖော်ဆောင်နိုင်မှု ဖြစ်တန်စွမ်းကို လေ့လာဆန်းစစ်ခြင်း

| Project title | မြန်မာနိုင်ငံအလုံးသို့ ပြေးဆွဲနေသော ပြည်တွင်းလေကြောင်းလိုင်းများနှင့် ချင်းပြည်နယ်ကို ချိတ်ဆက်ပေးမည့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း ဖော်ဆောင်နိုင်မှု ဖြစ်တန်စွမ်းနှင့် စီးပွားရေးအကျိုးအမြတ်တို့ကို လေ့လာသည့် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အခြေခံအဆောက်အအုံ |
| | တည်နေရာ | ချင်းပြည်နယ် (ပြည်နယ်အဆင့်) |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ |
| | စီမံကိန်းကာလ | ခြောက်လ |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အချက်တစ်ချက်အနေဖြင့် ကတိပြုခဲ့သည့်အတိုင်း ပဏာမအဆင့် လေကြောင်းလိုင်းများ ချိတ်ဆက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်ပေးရန်<br>· ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးစနစ် ချိတ်ဆက်ရာတွင် ဈေးနှုန်းအသက်သာဆုံးဖြစ်ပြီး စီးပွားရေး အကျိုးအမြတ် ရရှိနိုင်မည့် နည်းလမ်းကောင်းများ ဖော်ထုတ်နိုင်ရန်<br>· ချင်းပြည်နယ်သို့ လေကြောင်းလိုင်းဖြင့် လာရောက်နိုင်စေရန် ဝင်ပေါက်ဖွင့်ထားခြင်းဖြင့် ခရီးသွားလုပ်ငန်းများဖော်ဆောင်မှုကို အထောက်အကူဖြစ်စေရန်<br>· ချင်းပြည်နယ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs)၏ အလားအလာများ ပိုမိုကောင်းမွန်လာစေရန်နှင့် စီးပွားရေးအတွက်ကူးလူးဆက်ဆံမှုများ တိုးတက်လာစေရန်<br>· ချင်းပြည်နယ်တွင် အသက်ဘေးမှကယ်တင်နိုင်မည့် ကျန်းမာရေးဆေးကုသမှုများ ဆောင်ရွက်နိုင်စေမည့်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ကျန်းမာရေးရလဒ်များ တိုးတက်ကောင်းမွန်လာစေရန်<br>· အလှူရှင်အဖွဲ့အစည်းများမှ လာရောက်လည်ပတ်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ချင်းပြည်နယ်အတွက် အလှူရှင်တို့၏ပံ့ပိုးကူညီမှုများ တိုးပွားလာစေရန်<br>· ရေလတ်မဟာစီမံချက်နှင့် ရေရှည်မြော်မြင်ခြင်းစီမံချက်တို့ကို ရေးဆွဲပြင်ဆင်ရန်နှင့် အဆိုပါ စီမံချက်များကို ဖော်ဆောင်နိုင်ရန်အတွက် နှစ်စဉ်စီမံချက်ကိုလည်း တပြိုင်နက်တည်း ပြင်ဆင်ထားရှိရန်<br>· လမ်းပန်းစီမံကိန်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်မှုတွင် ကြီးကြပ်လမ်းညွှန်မှုပေးရန်. |
| | စီမံကိန်းနှင့် ကြောင်းကျိုး | **နောက်ခံအကြောင်းအရာ** |

| Project title | မြန်မာနိုင်ငံအဝှမ်းသို့ ပြေးဆွဲနေသော ပြည်တွင်းလေကြောင်းလိုင်းများနှင့် ချင်းပြည်နယ်ကို ချိတ်ဆက်ပေးမည့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း ဖော်ဆောင်နိုင်မှု ဖြစ်တန်စွမ်းနှင့် စီးပွားရေးအကျိုးအမြတ်တို့ကို လေ့လာသည့် စီမံကိန်း | |
|---|---|---|
| | ဆက်နွှယ်မှု | မြန်မာနိုင်ငံအတွင်းရှိ အခြားမြို့ရွာများအပါအဝင် ပြင်ပကမ္ဘာနှင့် လေကြောင်းဖြင့် ဆက်သွယ်ကူးသန်းမှု နည်းပါးခြင်းသည် ချင်းပြည်နယ်၏ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသော အဓိကကျသည့် အချက်တစ်ရပ်ဖြစ်သည်။ လေကြောင်းဖြင့် ခရီးသွားလာမှု လွယ်ကူတိုးတက်လာခြင်းအားဖြင့် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ လာရောက်မြှုပ်နှံရန်နှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်နိုင်စေရန် စွဲဆောင်ရာတွင် အရေးပါသော အချက်တစ်ချက်ဖြစ်ပါသည်။ ပြည်နယ်အစိုးရအနေဖြင့် လေကြောင်း ကူးလူးဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရဆီမှ ပံ့ပိုးကူညီမှုများရရှိစေရေး အတွက် စီမံချက်များ ရေးဆွဲရန် လိုအပ်သည်။<br>လုပ်ငန်းဖော်ဆောင်ရန်အတွက် ရန်ပုံငွေ မလျှောက်ထားမီတွင် ချင်းပြည်နယ်အစိုးရအနေဖြင့် ဒေသစီးပွားရေးအတွက် အကျိုးအမြတ် အများဆုံးရရှိစေပြီး ဒေသလူထုတစ်ရပ်လုံးကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်မည့် နည်းလမ်းများကို ပြည့်စုံတိကျစွာ လေ့လာဆန်းစစ်ထား ရန် အရေးကြီးပါသည်။ |
| | လုပ်ငန်း<br>ဆောင်ရွက်ချက် | · ချင်းပြည်နယ်ကို မြန်မာနိုင်ငံပြည်တွင်းလေကြောင်းပို့ဆောင်ရေး ကွန်ယက်နှင့် ချိတ်ဆက်မိနိုင်ရေးအတွက် နည်းလမ်းမျိုးစုံကို ရှာဖွေဆန်းစစ်ခြင်း။ အထူးသဖြင့် ဒေသ၏ စီးပွားရေး အခြေအနေ တိုးတက်ကောင်းမွန်လာစေရန်နှင့် ဒေသခံလူထု၏ လူမှုရေးနှင့်စီးပွားရေး လိုအပ်ချက်များပြည့်စုံလာစေရန် အဆိုပါလေကြောင် ဝန်ဆောင်မှုလုပ်ငန်းကို ဖော်ဆောင်ရာတွင် အဓိကလိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် နယ်ပယ်စုံကဏ္ဍစုံမှ သက်ဆိုင်သူများနှင့် ရင်းရင်းနှီးနှီးဆွေးနွေးတိုင်ပင်ခြင်း။<br>· လေယာဉ်ကွင်း တည်ဆောက်မည့်နေရာ ရွေးချယ်သတ်မှတ်ခြင်းနှင့် လေယာဉ်ပြေးလမ်း အရှည်နှင့် ဆင်းသက်နိုင်မည့် လေယာဉ်အမျိုးအစားများကို လေယာဉ်ကွင်းအလိုက် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း။<br>· အကြောင်းအရာတစ်ခုချင်းစီနှင့် ကိုက်ညီမည့် သင့်တော်သော ဆောက်လုပ်ရေးပုံစံများကို အကြံပြုတင်ပြခြင်းနှင့် ဆောက်လုပ်ရေးကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ပေးခြင်း။<br>· သင့်တော်သောဈေးနှုန်းဖြင့် လိုအပ် ချက်များကို အကောင်းဆုံး ပြည့်မီစေမည့် ဝန်ဆောင်မှု အမျိုးအစားများကို အကြံပြုခြင်း။<br>· ပံ့ပိုးဖြည့်ဆည်းပေးမည့် လေကြောင်း ဝန်ဆောင်မှု အမျိုးအစားနှင့် စပ်လျဉ်း၍ အစိုးရ၏ သဘောတူညီမှုအပေါ် အခြေခံကာ လေကြောင်းကုမ္ပဏီများနှင့် အခြေအနေအလိုက် ၎င်းတို့ ပျံသန်းပြေးဆွဲပေးမည့် လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုများအကြောင်း အသေးစိတ် ဆွေးနွေးညှိနှိုင်းခြင်း။ အဆိုပါလေကြောင်းလိုင်းများ၏ အကျိုးစီးပွား ဖြစ်ထွန်းနိုင်ခြေ များကို ဖော်ပြနိုင်မည့် စီးပွားရေး လေ့လာသုံးသပ်ချက် ပြုစုတင်ပြခြင်း။<br>· လေကြောင်းဝန်ဆောင်မှု ဖြည့်ဆည်းပေးရာတွင် ကုန်ကျစရိတ်အနည်းဆုံးနှင့် လူမှုရေးရာ တာဝန်ခံမှုများ ပါဝင်သော နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချင်းပြည်နယ် အစိုးရထံသို့ အသေးစိတ်အစီရင်ခံတင်ပြခြင်း။ |
| | စီမံကိန်း<br>အကောင်အထည်<br>ဖော်ခြင်း | စီမံကိန်းသည် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် သတ်မှတ်ညွှန်းဆိုရမည့် အချက်များနှင့် တင်ဒါအတွက် လိုအပ်စာရွက်စာတမ်းများ ပြင်ဆင်ခြင်းနှင့် လုပ်ငန်းဖော်ဆောင်ရန် ဖြစ်နိုင်စွမ်း ရှိမရှိကို သုံးသပ်လေ့လခြင်းတို့ကို အဓိက လုပ်ဆောင်ပါသည်။ စီမံကိန်းကို အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာသို့ တင်ဒါလျှောက်ထားရန် ဖိတ်ခေါ်မည်ဖြစ်ပြီး၊ လုပ်ငန်းအတွက် ဖြစ်နိုင်ချေများကို လေ့လာဆန်းစစ်ရန် အတွက် ဈေးနှုန်းအသက်သာဆုံးနှင့် စီမံကိန်းအဆိုပြုလွှာတွင် နည်းပညာအရ တာဝန်ခံ ဆောင်ရွက်မည်ဟု ဖော်ပြထားသော ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။ |
| ဘဏ္ဍာရေး | ဘတ်ဂျက် | လေ့လာသုံးသပ်မှုအတွက် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းပါသည်။ |

| Project title | မြန်မာနိုင်ငံအပှမ်းသို့ ပြေးဆွဲနေသော ပြည်တွင်းလေကြောင်းလိုင်းများနှင့် ချင်းပြည်နယ်ကို ချိတ်ဆက်ပေးမည့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်း ဖော်ဆောင်နိုင်မှု ဖြစ်တန်စွမ်းနှင့် စီးပွားရေးအကျိုးအမြတ်တို့ကို လေ့လာသည့် စီမံကိန်း | |
|---|---|---|
| အချက်အလက် | ဘတ်ဂျက်မျှော်မှန်းဆချက်များ | နိုင်ငံတကာ တင်ဒါ စည်းမျည်းစည်းကမ်းများအပေါ် တွင် အခြေခံသည်။ |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | လေကြောင်းပို့ဆောင်ဆက်သွယ်ရေး ဖွံ့ဖြိုးရေးမှာ နိုင်ငံတော်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် ဖော်ပြပါရှိသည့် အချက်ဖြစ်ပါသည်။ |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* |

# ၆။ ခရီးသွားလုပ်ငန်း

## အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်း - ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျ လမ်းညွှန်ချက်များ

| စီမံကိန်း ခေါင်းစဉ် | "အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်း - ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျ လမ်းညွှန်ချက်များ" နှင့် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအစည်းအရုံး ပေါ်ပေါက်ရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ စွမ်းရည်နှင့် ခရီးသွားလုပ်ငန်း |
| | တည်နေရာ | ပြည်နယ်အဆင့် |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၁၅၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | · ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းအတွက် အမှန်တကယ်ဖြစ်နိုင်ခြေရှိသော အလား အလာများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နည်းလမ်းများကို သဘောပေါက် သိမြင်လာစေရန်<br>· ချင်းပြနယ်တွင် ခရီးသွားလုပ်ငန်းအတွက် မျှော်မှန်းချက်နှင့် ဗျူဟာနည်းကျသော နည်းလမ်းများကို ဖော်ထုတ်ရန်<br>· ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအစည်းအရုံးကို တည်ထောင်ရန်<br>· ခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းများနှင့် အခြားသော ပါ ဝင်သက်ဆိုင်သူများ အတွက် အခြေခံခရီးသွားကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို ဂဘ်ဆိုက် ရေးသား၍ အင်တာနက်တွင် လွှင့်တင်ရန် |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ချင်းပြည်နယ်တွင် ပြည်နယ်န ှင့် မြို့နယ်အဆင့်တို့တွင် ဆုံးဖြတ်ချက်ချမှတ်ရန် အခွင့် အာဏာရှိသူများနှင့် အခြားပါ ဝင်သက်ဆိုင်သူများသည် လတ်တလောတွင် ခရီးသွား လုပ်ငန်းနှင့် စပ်လျဉ်းသည့် ထိရောက်သော အတွေ့အကြုံများ မရှိသောကြောင့် ခရီးသွား ကဏ္ဍဖွံ့ဖြိုးရေးအတွက် ထိရောက်ကောင်းမွန်သော အစီအစဉ်များလည်း မထားရှိထားပါ။<br>မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၏ မဟာစီမံချက်တွင် လည်ပတ်ရန်အထင်ကရ နေရာများ၌ "လည်ပတ်ရန်နေရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ (DMOs)" ကို ဖွဲ့စည်းထားသင့်ကြောင်း ဖော်ပြပါရှိပါသည်။ ချင်းပြည်နယ်သည် ခရီးသွားလုပ်ငန်းတွင် ဈေးကွက်အမှန်တကယ် တည်ရှိနေသည် မဟု တ်၍ ၎င်းကို သွားရောက်လည်ပတ်ရန် ဒုတိယနေရာအဖြစ်သာ ဖော်ပြကြရာ DMO (သို့) အခြားသော အလားတူအဖွဲ့အစည်းဖြင့် ခရီးသွားလုပ်ငန်း အတွက် ဗျူဟာနည်းကျကျညှိနှိုင်းမှုများ ဆောင်ရွက်လျှင်မူ အကျိုးကျေးဇူးများစွာ ရရှိနိုင် ပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန်လိုအပ်သည်များ**<br>စီမံကိန်းကို သက်ဆိုင်ရာဒေသအစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တည်းခိုရိပ်သာဖွင့်လှစ်သူများ၊ ခရီးသွားဧည့်သည် များ၊ ပုဂ္ဂလိကကဏ္ဍမှ ခရီးစဉ်စီစဉ်သူများ၊ ခရီးသွားဧည့်သည်များနှင့် ရွေးချယ်ဖိတ်ကြား ထားသော ဒေသခံလူထုတို့နှင့် အသေးစိတ်ဆွေးနွေးတိုင်ပင်သော အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ပို့ချပေးခြင်းတို့ဖြင့် လုပ်ငန်းဖော်ဆောင်ပါမည်။ |

<table>
<tr><th>စီမံကိန်း<br>ခေါင်းစဉ်</th><th colspan="2">"အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်း - ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျ လမ်းညွှန်ချက်များ" နှင့် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအစည်းအရုံး ပေါ်ပေါက်ရေး စီမံကိန်း</th></tr>
<tr><td></td><td></td><td>အဆိုပါ တွေ့ဆုံဆွေးနွေးမှုများကို ဒေသမှ အဓိက သက်ဆိုင်ပါ ဝင်သူတို့၏ ပါ ဝင်မှုဖြင့် ပညာပေးအမြင်ဖွင့်ပေးရန် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံသင်တန်းဆွေးေ နွေးမှုပုံစံအဖြစ် ဆောင်ရွက်ပါမည်။.<br><br>"အစည်းအရုံး"အတွက် အကြံပြုတင်ပြသော လုပ်ဆောင်ချက်များတွင်<br>· ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဝဘ်ဆိုက်တစ်ခုကို လွှင့်တင်ရန်<br>· ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို တိုးမြှင့်လိုက်နာဆောင်ရွက်ရန်<br>· ခရီးသွားလုပ်ငန်းဆိုင်ရာ အမူအကျင့်များ ဥပဒေကို ဖန်တီးရန်နှင့် လိုက်နာဆောင်ရွက်ရန်<br>· ရပ်ရွာလူထုအနေဖြင့် ခရီးသွားကုမ္ပဏီများ ဖွင့်လှစ်လုပ်ကိုင်နိုင်ရန်အတွက် ၎င်းတို့ကို ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးရန်<br>· အထင်ကရနေရာများ ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော ခရီးသွားလုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း နှင့် သဘောတူခွင့်ပြုပေးခြင်း<br>· ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ချင်းပြည်နယ်ရှိ အထင်ကရနေရာများ၏ အလှအပတန်ဖိုးများကို ထိန်းသိမ်းထားနိုင်သော ဖွံ့ဖြိုးရေးပုံစံ ဖြစ်စေရေးအတွက် နည်းဥပဒေများကို လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်း<br>· ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော အခကြေးငွေများကို သတ်မှတ်ပြဌာန်းရန်<br>· စီမံကိန်းနှင့်သက်ဆိုင်သော သင်တန်းများပို့ချရန် ဦးတည်ဆောက်ရွက်ခြင်း<br>· ဒေသခံလူထုပါဝင်ဆောင်ရွက်သော ဧည့်လမ်းညွှန်များကို ပံ့ပိုးပေးရန်<br>· ခရီးသွားလုပ်ငန်းတွင် ပါ ဝင်ဆောင်ရွက်ကျမည့် လူမှုရေးအဖွဲ့အစည်းများအတွက် အရင်းအမြစ်နှင့် အသိပညာဗဟုသုတများ မျှဝေပေးမှုကို အားပေးမြှင့်တင်မှု<br><br>မျှော်မှန်းရလဒ်<br>ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအတွက် ဗျူဟာနည်းကျ အစီအစဉ်ရေးဆွဲထားသော စာတမ်း၊ ချင်းပြည်နယ် ခရီးသွားလုပ်ငန်း အစည်းအရုံး ဖွဲ့စည်းရာတွင် ဆောင်ရွက်သင့်သည့် အချက်အလက်များနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကျသောနေရာများကို သတ်မှတ်ခြင်း အစရှိသည်တို့မှာ ဤစီမံကိန်းမှ ထွက်ပေါ်လာမည့် အဓိကရလဒ် များဖြစ်ပါသည်။</td></tr>
<tr><td></td><td>လုပ်ငန်း<br>ဆောင်ရွက်ချက်</td><td>· ပြည်နယ်အဆင့် ခရီးသွားလုပ်ငန်း စီစဉ်သူ/ဆုံးဖြတ်ချက်ချသူနှင့် ပါဝင်သက်ဆိုင်သူများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် ခရီးသွားလုပ်ငန်းအကြောင်း ဗျူဟာနည်းကျ သင်တန်းပို့ချပေးရန်အတွက် ပြည်နယ်အဆင့်ခရီးသွားလုပ်ငန်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း။<br>· ခရီးသွားလုပ်ငန်းစီစဉ်သူများ အလုပ်ရုံဆွေးနွေးပွဲတွင် ပါ ဝင်တက်ရောက်ရန်အတွက် ၎င်းတို့၏ စိတ်ဆန္ဒနှင့် စိတ်အားထန်သန်မှုကို မြှင့်တင်ရန် လိုအပ်သည့်အတွက် ချင်းပြည်နယ်သို့ လာရောက်လည်ပတ်ကြသည့် ဒေသပြင်ပမှ ခရီးစဉ်စီစဉ်သူများကို စစ်တမ်းအကျဉ်းချုပ် ကောက်ယူခြင်း။<br>· ပြည်နယ်အတွင်းရှိ (ကန်ပက်လက်နှင့် မင်းတပ်တို့မှ ) ခရီးသွားဧည့်သည်များထံမှ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းပြီး အရည်အသွေးဆိုင်ရာ အချက်အလက်များ ကောက်ယူလေ့လာမှု ပြုလုပ်ခြင်း။<br>· စီမံကိန်းအစီအစဉ်ရေးဆွဲရန်အတွက် ပြည်နယ်အဆ င့် ဗျူဟာနည်းကျ အစီအစဉ်ရေး</td></tr>
</table>

<table>
<tr><th>စီမံကိန်း ခေါင်းစဉ်</th><th colspan="3">"အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်း - ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျ လမ်းညွှန်ချက်များ" နှင့် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအစည်းအရုံး ပေါ်ပေါက်ရေး စီမံကိန်း</th></tr>
<tr><td></td><td></td><td colspan="2">ဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခြင်း။<br>· စီမံကိန်း အကြောင်းအရာတွင် ဖော်ပြပါရှိသော "အစည်းအရုံး" ထူထောင်ရန်အတွက် သင့်တော်သောပုံစံကို ဖော်ဆောင်နိုင်ရန် ဥပဒေရေးရာမူဘောင်များကို လေ့လာခြင်းနှင့် အနာဂတ်တွင် ချင်းပြည်နယ် ခရီးသွားလုပ်ငန်း အစည်းအရုံး ပါ ဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် အစည်းအရုံး ဖွဲ့စည်းမှုပုံ စံအပေါ် ပါ ဝင်သက်ဆိုင်သူများအားလုံး သဘောတူညီခြင်း။<br>· အစည်းအရုံး၏ အဓိကအခန်းကဏ္ဍများ၊ ဖွဲ့စည်းပုံပုံစံနှင့် အနည်းဆုံး နှစ်နှစ်စာအတွက် ငွေကြေးအသုံးချမှုဆိုင်ရာအစီအစဉ်နှင့်ဘတ်ဂျက်အသုံးပြုမှုအစီအစဉ်တို့ကိုရေးဆွဲခြင်း။<br>· အစည်းအရုံး အဖွဲ့ဝင်များအတွက် သင်တန်းများ ပံ့ပိုးပေးခြင်း။<br>· ချင်းပြည်နယ် ခရီးသွားလာရေး ဝဘ်ဆိုက်အတွက် ပါဝင်ရမည့် အကြောင်းအရာများကို သတ်မှတ်ခြင်းနှင့် ဝဘ်ဆိုက် ရေးသားခြင်း။<br>· တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပမည့် အစည်းအဝေးနှင့် ပေါင်းကူးဆက်သွယ်ရေး ဆိုင်ရာ ဘတ်ဂျက်များကို ထည့်သွင်းဖော်ပြထားသည့် မူဘောင်နှင့်ဖွဲ့စည်းပုံဥပဒေကို ရေးဆွဲ ဖော်ဆောင်ခြင်း။<br>· စောင့်ကြည့်လေ့လာအကဲဖြတ်ရေး စီမံချက်ကို အကောင်အထည်ဖော်ခြင်း။<br>· အစည်းအရုံးစတင်ခြင်း မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်း။</td></tr>
<tr><td></td><td>စီမံကိန်း အကောင်အထည် ဖော်ခြင်း</td><td colspan="2">ခရီးသွားလုပ်ငန်းအစည်းအရုံး ပေါ်ပေါက်ရေးအတွက် သင့်လျော်သော လုပ်ငန်းစဉ် လည်ပတ်ရေစနစ် သတ်မှတ်နိုင်ရန် လေ့လာစူးစမ်းမှု လိုပါသည်။ အစည်းအရုံးသည် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဖွဲ့စည်းမည့် ပုံစံဖြစ်ဖွယ်ရှိပြီး၊ ၎င်းတို့ထံတွင် စီမံကိန်း အစီအစဉ် ရေးဆွဲရန် အခွင့်အာဏာလည်း ရှိသင့်ပါသည်။<br>သင့်တော်သော နိုင်ငံတကာကျွမ်းကျင်ပညာရှင်က ပြည်နယ်နှင့် မြို့နယ်အဆင့်မှ အစိုးရအမှုထမ်း၊ အရာထမ်းများနှင့် ခရီးသွားလုပ်ငန်းနှင့် အဓိက ပါ ဝင်သက်ဆိုင်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဤစီမံကိန်းကို ဦးဆောင် ဆောင်ရွက်ပါမည်။</td></tr>
<tr><td rowspan="6">ဘဏ္ဍာရေး အချက် အလက်</td><td rowspan="6">ဘတ်ဂျက်</td><td>လုပ်ငန်းတာဝန်</td><td>စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ)</td></tr>
<tr><td>ဟားခါးနှင့် မင်းတပ်မြို့များတွင် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်း (၄) ကြိမ် (ခရီးသွားလာရေးစရိတ်နှင့် နေ့တွက်စရိတ်များအပါအဝင်)</td><td>၂၀၀၀၀</td></tr>
<tr><td>ပါဝင်သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း (ပြည်နယ်ပြင်ပတွင် ပြုလုပ်သော အစည်းအဝေးများအပါအဝင်)</td><td>၅၀၀၀</td></tr>
<tr><td>ခရီးသွားလုပ်ငန်းအစည်းအရုံးအတွက် ဖွဲ့စည်းမှုပုံစံ၊ ဖွဲ့စည်းပုံဥပဒေ၊ တာဝန်နှင့် ဝတ္တရားများ ရေးဆွဲပြင်ဆင်နိုင်စေရန် ပံ့ပိုးမှု</td><td>၁၂၀၀၀</td></tr>
<tr><td>ခရီးသွားလုပ်ငန်း အစည်းအရုံးအတွက် ကနဦးဘတ်ဂျက်ရရှိ လည်ပတ်နိုင်စေရန် ပံ့ပိုးမှု</td><td>၂၀၀၀၀</td></tr>
<tr><td>ခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ ဝန်ထမ်းများနှင့် သင်တန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် အလားအလာရှိသော အစည်းအရုံးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများကို သင်တန်းပို့ချမှု</td><td>၅၀၀၀</td></tr>
</table>

| စီမံကိန်း ခေါင်းစဉ် | "အနာဂတ်အတွက် စီမံကိန်းရေးဆွဲခြင်း - ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအတွက် ဗျူဟာနည်းကျ လမ်းညွှန်ချက်များ" နှင့် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအစည်းအရုံး ပေါ်ပေါက်ရေး စီမံကိန်း | | |
|---|---|---|---|
| | | ရန်ကုန်အခြေစိုက် ခရီးစဉ်စီစဉ်သူများ အလုပ်ရုံဆွေးနွေးပွဲ | ၁၀၀၀ |
| | | ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းအကြောင်း အရည်အသွေးဆိုင်ရာ အချက်အလက်များကို စစ်တမ်းကောက်ယူခြင်း | ၂၀၀၀ |
| | | သုတေသန၊ စီမံကိန်းဒီဇိုင်းရေးဆွဲခြင်းနှင့် ပုံနှိပ်ခြင်း | ၂၀၀၀၀ |
| | | အခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဝဘ်ဆိုက်အကောင်အထည်ဖော်ခြင်း | ၁၀၀၀၀ |
| | | ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအစည်းအရုံး စတင်ခြင်းနှင့် ဝဘ်ဆိုက်လွှင့်တင်ခြင်း | ၃၅၀၀ |
| | | ကနဦးဈေးကွက်မြှင့်တင်မှုနှင့် သတင်းပြန်ကြားရေး ဆက်သွယ်ရေးအတွက် အချက်အလက်များ ဖြန့်ဝေခြင်း | ၅၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါ) | ၁၀၃၅၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၁၁၅၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၁၁၅၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်း ဆ ချက်များ | ယခုစီမံကိန်းအတွက် စီစဉ်ဆောင်ရွက်မှုများသည် ချင်းပြည်နယ် ခရီးသွားလုပ်ငန်း အစည်းအရုံးပေါ်ပေါက်ရေးအတွက် ဦးတည်ဖော်ဆောင်ထားသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် စီမံကိန်းခေါင်းစဉ်ခွဲများအတွက် အကောင်အထည်ဖော်မှု နှောင့်နေးခဲ့လျှင် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဝဘ်ဆိုက်ကိုမူ အကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ | |
| အခြားသော အချက် အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံချက်နှင့် ရပ်ရွာပြည်သူများ ပူးပေါင်းပါဝင်မှုကို ညွှန်းဆိုသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးမဟာဗျူဟာ စသည့် ဗျူဟာနစ်ခုစလုံးနှင့် ချိတ်ဆက်မှုရှိပါသည်။ | |

## နတ်မတောင် (ဗစ်တိုရီးယားတောင်) အမျိုးသားဥယျာဉ်စီမံကိန်းနှင့် ခြေလျင်နှင့်တောင်တက်ခရီး အတွက် လမ်းပြမြေပုံရေးဆွဲခြင်း

| စီမံကိန်းခေါင်းစဉ် | နတ်မတောင် (ဗစ်တိုးရီးယားတောင်) အမျိုးသားဥယျာဉ်စီမံကိန်း (ယဉ်ကျေးမှုဆိုင်ရာ ပိုမိုကြီးမား ကျယ်ပြန့်သော အထင်ကရပြယုဂ်များအတွက် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်အပါအဝင်) နှင့် ခြေလျင်နှင့် တောင်တက်ခရီးအတွက် လမ်းပြမြေပုံရေးဆွဲခြင်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အသက်မွေးဝမ်းကျောင်း သင်တန်း၊ အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ စွမ်းရည်၊ အဆောက်အအုံနှင့် ခရီးသွားလုပ်ငန်း |
| | တည်နေရာ | ကန်ပက်လက်နှင့် မင်းတပ်မြို့နယ်များ - နတ်မတောင်အမျိုးသားဥယျာဉ်နှင့် ၎င်း၏ ကျောခံ နယ်မြေ။<br>ခြေလျင်နှင့်တောင်တက်ခရီးအတွက် လမ်းကြောင်းများကို ရွေးချယ်သတ်မှတ်ပါမည်။ သို့ရာတွင် ဗစ်တိုးရီးယားတောင် ဝန်းကျင်(ကန်ပက်လက်နှင့် မင်းတပ်မြို့နယ် များ)၊ ထန်တလန်၊ ဟားခါးနှင့် ဖလမ်းြ မြို့နယ်များနှင့် နီးကပ်သော လမ်းကြောင်းများ |

| စီမံကိန်းခေါင်းစဉ် | နတ်မတောင် (ဗစ်တိုးရီးယားတောင်) အမျိုးသားဥယျာဉ်စီမံကိန်း (ယဉ်ကျေးမှုဆိုင်ရာ ပိုမိုကြီးမား ကျယ်ပြန့်သော အထင်ကရပြယုဂ်များအတွက် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်အပါအဝင်) နှင့် ခြေလျင်နှင့် တောင်တက်ခရီးအတွက် လမ်းပြမြေပုံရေးဆွဲခြင်း | |
|---|---|---|
| | | ပါဝင်နိုင်ဖွယ်ရှိပါသည်။ |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၃၆၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ရေရှည်တည်တံ့ခိုင်မာသော ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုကို သီးခြား ဦးတည်အားပြု ဆောင်ရွက်မည့် ဥယျာဉ် စီမံခန့်ခွဲမှု ဆိုင်ရာ အစီအစဉ်များ ကျယ်ပြန့်စွာ ပေါ်ထွက်နိုင်ရန် အတွက် နတ်မတောင်အမျိုးသားဥယျာဉ်စီမံကိန်းအဖွဲ့ကို ကူညီပံ့ပိုးရန်<br>· ရပ်ရွာလူထု ခရီးသွားလုပ်ငန်းတွင် ပါ ဝင်လုပ်ကိုင်နိုင်ရန်နှင့် ဒေသခံတို့ အကျိုးအမြတ် ရရှိစေရေးအတွက် တောင်တက်ခရီးလမ်းကြောင်းများကို သတ်မှတ်ဖော်ထုတ်ရန် |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>နတ်မတောင် (ဗစ်တိုးရီးယားတောင်) အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ်၏ ခရီးသွား လုပ်ငန်းအတွက် တန်ဖိုးအရှိဆုံးရတနာတစ်ပါးဖြစ်ပါသည်။ သို့ရာတွင် လုပ်ငန်းဖော်ဆောင်မှု ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (ရှုထောင့်အားလုံးတွင်) အားနည်းနေသဖြင့် ခရီးသွား လုပ်ငန်း စီမံခန့်ခွဲမှုအပိုင်းတွင်လည်း လစ်ဟာလျှက်ရှိပါသည်။ ထို့ပြင် ဥယျာဉ်အတွက် ရေရှည်ခိုင်မာစေမည့် ဝင်ငွေရရှိရေး နည်းလမ်းလည်း မဖော်ဆောင်ထား သဖြင့် တောင်ထိပ်ပေါ်သို့ တက်ရောက်ရန် အတွက် ဂျစ်ကားလမ်း တည်ဆောက်ရေးနှင့် ဥယျာဉ် အတွင်းရှိ အခြားသော လမ်းပိုင်ဆိုင်ရာဖွံ့ဖြိုးမှုတို့တွင် သက်ရောက်မှုများ ရှိနေပါသည်။<br>ခြေလျင်နှင့် တောင်တက်ခြင်းဖြင့် လေ့လာနိုင်သော ယဉ်ကျေးမှုနှင့်သဘာ ဝအမွေအနှစ် အထင်ကရပြယုဂ်များကို ချင်းပြည်နယ်အတွက် ခရီးသွားလုပ်ငန်း၌ မှင့်တင်နိုင်သော ထွက်ကုန်များအဖြစ် မှတ်ယူနိုင်ပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန်လိုအပ်သည်များ**<br>စီမံကိန်းသည် စီမံခန့်ခွဲမှုလုပ်ငန်း စဉ်များ ပြင်ဆင်၍ ခင်းဖြစ်စင်မှတဆင့် ဥယျာဉ်အတွင်း လုပ်ကိုင်နိုင်မှုစွမ်းရည်ကို တိုးတက်လာစေရန်၊ ဥယျာဉ်ဝန်းကျင်ရှိ နောက် ခံဒေသများ၏ ယဉ်ကျေးမှု ပြယုဂ်များကို ပေါင်းစုတင်ပြခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရန်နှင့် ဖွံ့ဖြိုးမှုကို ဆုတ်ယုတ်စေမည့်အချက်များ ရှောင်ရှား ကာ အစီအစဉ်များ ရေးဆွဲ၍ ဒေသ၏ ပုံရိပ်ကို မြှင့်တင်ရန် စသည်တို့အတွက် နည်းလမ်းများ ရှာဖွေခဲ့ပါသည်။<br>ခြေလျင်နှင့် တောင်တက်ခရီးအတွက် ခွင့်ပြုသော လမ်းကြောင်းအနည်းငယ်သာ ရှိပါသည်။ ခွင့်ပြုထားသော တောင်တက်လမ်းကြောင်းများကို ရွေးချယ်ကာ အခြားသော စီမံကိန်းကြားဝင်ဆောင်ရွက်မှုနှင့် ပံ့ပိုးမှုတို့အတွက် ၎င်းတို့ကို ဦးတည်စဉ်းစားသင့်ပါသည်။<br>ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားလုပ်ငန်းစီစဉ်သူများအပြင် မြို့နယ်အဆင့်တွင် အဓိကဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းရှိသူတို့ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ လတ်တလော တွင်မူ ဒေသအတွင်းတွင် ခရီးသွားလုပ်ငန်းအကြောင်း သဘောပေါက်နားလည် သိရှိမှု အနည်းငယ်သာရှိပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်နှင့် သင်တန်းများ ပို့ချမှုကို လေ့လာဆန်းစစ်ခြင်း။<br>· အမျိုးသားဥယျာဉ်၏ ဥပဒေရေးရာ မူဘောင်ကို လေ့လာဆန်းစစ်ခြင်းနှင့် မြန်မာနိုင်ငံ ဥပဒေရေးရာမူဘောင်အတွင်းတွင် တိုးတက်မှုများရှိစေရန် အကြံပြုဆောင်ရွက်ခြင်း။<br>· အမျိုးသားဥယျာဉ်သို့ လာရောက်လည်ပတ်မှုနှင့် ဥယျာဉ်အတွက် ထည့်သွင်း ဖြည့်တင်းရမှု |

| စီမံကိန်းခေါင်းစဉ် | နတ်မတောင် (ဗစ်တိုးရီးယားတောင်) အမျိုးသားဥယျာဉ်စီမံကိန်း (ယဉ်ကျေးမှုဆိုင်ရာ ပိုမိုကြီးမား ကျယ်ပြန့်သော အထင်ကရပြယုဂ်များအတွက် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်အပါအဝင်) နှင့် ခြေလျင်နှင့် တောင်တက်ခရီးအတွက် လမ်းပြမြေပုံရေးဆွဲခြင်း | |
|---|---|---|
| | | အသေးစိတ်ကို ကောက်ယူစုစည်းခြင်း။<br>· ပါဝင်သက်ဆိုင်သူများအားလုံးနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခြင်း (တောင်တက် လမ်းကြောင်းများ၊ ဥယျာဉ်နယ်နိမိတ်နှင့် နီးကပ်စပ်ဆက်နေသည့် လက်ရှိနှင့် အနာဂတ်တွင် အလားအလာရှိသော နယ်မြေများအကြောင်း ပါဝင်သည်။)<br>· ခရီးသွားလုပ်ငန်းမှုဘောင်အရ ဒေသခံများ ပါဝင်မှုကို အထူးပြု ဖော်ဆောင်ခြင်း။<br>· အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ တည်ဆောက်ပေးခြင်းနှင့် ပုံစံတကျ အမြစ်တွယ်နေသော အားနည်းချက်များနှင့် အဆောက်အအုံပိုင်းဆိုင်ရာ ပံ့ပိုးပေးရမည့် နယ်ပယ်များကို သတ်မှတ်ခြင်း။<br>· ဥယျာဉ်ဝန်ထမ်းများအတွက် သင်တန်းပို့ချရန် အစီအစဉ်များရေးဆွဲခြင်း။<br>· အမျိုးသားဥယျာဉ်အတွက် စီမံခန့်ခွဲမှုအသေးစိတ်အစီအစဉ်များ ရေးဆွဲခြင်း။<br>· အမျိုးသားဥယျာဉ်၏ ဘဏ္ဍာရေးအရင်းအမြစ်အတွက် ရေရှည်ခိုင်မာမည့် နည်းဗျူဟာ၊ ခရီးသွားလုပ်ငန်း လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ဝင်သည့် အသေးစိတ် ခရီးသွားလုပ်ငန်း စီမံချက်ကို ဖော်ဆောင်ခြင်း။<br>· နည်းဗျူဟာများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အခြားသော ရန်ပုံငွေပံ့ပိုးမှုများကို ရှာဖွေခြင်းနှင့် အမျိုးသားဥယျာဉ်အတွက် နည်းစနစ်ကျနစွာနှင့် ရေရှည်ပံ့ပိုးမှု ရရှိစေရန် ကြိုးဆောင်ခြင်း။<br><br>ဤလေ့လာရေးကို အခြေခံအဖြစ် အသုံးပြုကာ တောင်တက်ခရီးစဉ်အတွက် အလားအလာရှိသော လမ်းကြောင်း (၆) မျိုးကို အောက်ပါအတိုင်း ရွေးချယ်ထားပါသည်။ ၎င်းတို့မှာ ဗစ်တိုးရီးယားတောင်ဝန်းကျင်တွင် လမ်းကြောင်းနှစ်ခု၊ ဟားခါးမြို့နယ်တွင် လမ်းကြောင်းနှစ်ခု၊ ထန်တလန်နှင့် ဖလမ်းမြို့နယ်များတွင် တစ်ခုစီဖြစ်ပါသည်။<br>· မင်းတပ်/ကန်ပက်လက် နှင့် ဟားခါး /ထန်တလန်/ဖလမ်း မြို့နယ်များမှ လုပ်ငန်းနှင့် ပါဝင်သက်ဆိုင်သူများကို ဖိတ်ခေါ်၍ အလုပ်ရုံသင်တန်းဆွေးနွေးပွဲ နှစ်ခု ကျင်းပခြင်း။<br>· တောင်တက်ခရီးအတွက် လမ်းကြောင်းများကို ဆန်းစစ်ခြင်းရာတွင် ဒေသခံများ ပါဝင်ချိတ်ဆက်နိုင်မှု၊ လက်လှမ်းမီနိုင်မှုနှင့် ဈေးကွက် ဝင်နိုင်မှု စသော အနေအထားများကို ထည့်သွင်းစဉ်းစားကာ လေ့လာဆန်းစစ်ခြင်း။<br>· တောင်တက်ခရီးစဉ်၏ လမ်းကြောင်းတစ်ခုစီအတွက် မြေပုံများကို အသေးစိတ် ရေးဆွဲပေးခြင်း။ အဆိုပါမြေပုံများသည် တောင်တက်ရာတွင် လမ်းပြမြေပုံအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။<br>· ခရီးသွားလုပ်ငန်းနှင့် ခြေလျင်နှင့်တောင်တက်ခရီးစဉ်များတွင် ဒေသခံများ ပါဝင် ဆောင်ရွက်နိုင်ရန် ထောက်ခံချက်များအသေးစိတ် ဖြည့်ဆည်းပေးခြင်း။<br>· တောင်တက်ခရီး လမ်းကြောင်းစီစဉ်သူများ လိုက်နာကျင့်ကြံရန် လုပ်ထုံးလုပ်နည်းများကို ပံ့ပိုးပေးခြင်းနှင့် ချင်းပြည်နယ်ရှိ ခရီးသွားလုပ်ငန်းစီစဉ်သူတို့အတွက် သင်တန်းအစီအစဉ်များ ရေးဆွဲခြင်း။ ဤလုပ်ငန်း စဉ်များတွင် ယဉ်ကျေးမှုအရ အကဲဆတ်နိုင်သည့်အရာများ၊ ဘေးကင်းလုံခြုံရေးကိစ္စနှင့် ဒေသခံများ ပူးပေါင်းပါ ဝင်ဆောင်ရွက်နိုင်မှုနှင့် စီမံကိန်း အကောင်အထည်ဖော်ခြင်း အစရှိသည်တို့အကြောင်း ပါဝင်ပါသည်။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | စီမံကိန်းကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်မှ ပံ့ပိုးပေးမည်ဖြစ်ပြီး ၎င်းသည် အမျိုးသား ဥယျာဉ်မှ ဝန်ထမ်းများ၊ ကန်ပက်လက်နှင့် မင်းတပ်မြို့နယ်များမှ သက်ဆိုင်ရာ စီမံကိန်း အစီအစဉ်ရေးဆွဲရေးဌာနများနှင့် ပြည်နယ်အဆင့်မှ တာ ဝန်ရှိသူများနှင့် တိုက်ရိုက်ချိတ်ဆက်ကာ စွမ်းရည်မြှ င့်တင်ရေးအတွက် လက်တွဲ ဆောင်ရွက်ပါမည်။ နိုင်ငံတော်အဆင့်မှ |

| စီမံကိန်းခေါင်းစဉ် | နတ်မတောင် (ဗစ်တိုးရီးယားတောင်) အမျိုးသားဥယျာဉ်စီမံကိန်း (ယဉ်ကျေးမှုဆိုင်ရာ ပိုမိုကြီးမား ကျယ်ပြန့်သော အထင်ကရပြယုဂ်များအတွက် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်အပါအဝင်) နှင့် ခြေလျင်နှင့် တောင်တက်ခရီးအတွက် လမ်းပြမြေပုံရေးဆွဲခြင်း | | |
|---|---|---|---|
| | | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ဝန်ကြီးဌာနသည်လည်း တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပါဝင်ဆောင်ရွက်နိုင်ဖွယ် ရှိပါသည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | စုစုပေါင်း ကုန်ကျငွေ (အမေရိကန်ဒေါ်လာ) |
| | | ပါဝင်သက်ဆိုင်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲ (၄ ကြိမ်) | ၁၂၀၀၀ |
| | | မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်း (၂ ကြိမ်) | ၁၀၀၀၀ |
| | | အမျိုးသားဥယျာဉ်၏ ဆောင်ရွက်ပေးနိုင်စွမ်းကို ဆန်းစစ်ခြင်းနှင့် ခြေလျင်နှင့်တောင်တက်ခြင်းအတွက် အလားအလာရှိသော နေရာများကို ဆန်းစစ်ခြင်း (၆ ကြိမ်) | ၂၀၀၀၀ |
| | | ဥယျာဉ်သို့ လာရောက်လည်ပတ်မှုနှင့် ဥယျာဉ်အတွက် ထည့်သွင်းပြင်ဆင်မှုအသေးစိတ် | ၈၀၀၀ |
| | | မြေပုံရေးဆွဲခြင်းနှင့် ပုံနှိပ်ခြင်း | ၁၀၀၀၀ |
| | | ဒေသခံတို့နှင့် အသေးစိတ် ဆွေးနွေးတိုင်ပင်ခြင်း | ၈၀၀၀ |
| | | သုတေသန၊ စီမံကိန်းဒီဇိုင်းရေးဆွဲခြင်းနှင့် ပုံနှိပ်ခြင်း၊ သင်တန်းအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ | ၂၀၀၀၀ |
| | | အဖွဲ့အစည်းဖွံ့ဖြိုးရေးနှင့် သင်တန်းအစီအစဉ်များကို ရေးဆွဲခြင်း | ၅၀၀၀ |
| | | ရှေ့ပြေးသင်တန်းပို့ချခြင်း | ၂၀၀၀၀ |
| | | စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်မှု (၂ ကြိမ်) | ၉၄၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါဝင်ပါ) | ၁၂၂၄၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၁၃၆၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၁၃၆၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်းဆ ချက်များ | *ဖော်ပြရန်မရှိပါ။* | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံချက်နှင့် ရပ်ရွာပြည်သူများ ပူးပေါင်းပါဝင်မှုကို ညွှန်းဆိုသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးမဟာဗျူဟာ စသည့် ဗျူဟာနှစ်ခုစလုံးနှင့် ချိတ်ဆက်မှုရှိပါသည်။ | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | |

# ချင်းပြည်နယ်အတွင်းရှိစီမံကိန်းဦးတည်ဒေသများအတွက်ဘာသာစကားပံ့ပိုးမှုနှင့် ဧည့်လမ်းညွှန်သင်တန်း

| စီမံကိန်း ခေါင်းစဉ် | ချင်းပြည်နယ်အတွင်းရှိ စီမံကိန်းဦးတည်ဒေသများအတွက် ဘာသာစကားပံ့ပိုးမှုနှင့် ဧည့်လမ်းညွှန်သင်တန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အသက်မွေးဝမ်းကျောင်းသင်တန်း၊ ခရီးသွားလုပ်ငန်း |
| | တည်နေရာ | ကန်ပက်လက်နှင့် မင်းတပ်မြို့နယ်များ (စမ်းသပ်စီမံကိန်းအတွက်) |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၄၄၀၀၀ |
| | စီမံကိန်းကာလ | လေးလ |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ဗစ်တိုးရီးယားတောင်ဝန်းကျင်တွင်  လူငယ်လူရွယ်များသည် ဧည့်လမ်းညွှန် လုပ်ငန်းကိုအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ်လက်လှမ်းမီ လုပ်ကိုင်နိုင်ရန်<br>· နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် ဒေသခံဧည့်လမ်းညွှန်များ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်<br>· ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များနှင့် ပြောဆိုဆက်သွယ်နိုင်ရန်အတွက် ဒေသခံလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ် ရရှိစေရေးနှင့် ခရီးသွားလုပ်ငန်းကို လက်လှမ်းမီစေရေးတွင် ဘာသာစကားအခက်အခဲသည် ချင်းပြည်နယ်အတွက် အဓိကအတားအဆီးဖြစ်နေပါသည်။ မင်းတပ်မြို့တွင် တရား   ဝင်မှတ်ပုံတင်၍ ဧည့်လမ်းညွှန်အဖြစ် ဆောင်ရွက်နေသူ နှစ်ဦးသာရှိပြီး၊ ပုံစံတကျမဟုတ်ပဲ ဧည့်လမ်းညွှန် လုပ်ကိုင်နေသူများတွင်လည်း အနည်းငယ်ကသာလျှင် သတိပြုနိုင်လောက်စရာ ကျွမ်းကျင်မှုရှိပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ဤစီမံကိန်းကို စမ်းသပ်အကောင်အထည်ဖော်မည်ဖြစ်ရာ မင်းတပ်နှင့် ကန်ပက်လက်မြို့များတွင် အလားအလာရှိသော ဧည့်လမ်းညွှန် အနည်းငယ်ကို သင်တန်းပို့ချခြင်းနှင့် လက်ရှိတွင် ခရီးသွားလုပ်ငန်း လက်ခံလုပ်ကိုင်နေသော ဒေသခံများ  အတွက် ဘာသာစကားသင်ကြားပို့ချရေး အသေးစားထောက်ပံ့မှုတို့ ပြုလုပ်ရန် ရည်ရွယ်ပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်များမှ အလားအလာရှိသော ဧည့်လမ်းညွှန်များ (ပုံစံတကျလုပ်ကိုင်ခြင်းမရှိသော ဧည့်လမ်းညွှန်များ အပါအ   ဝင်)  ကို သတ်မှတ်ဖော်ထုတ်ခြင်း။<br>· အဆိုပါ ဧည့်လမ်းညွှန်များနှင့် ဦးတည်ထားသော  ဝန်းကျင်အတွက် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အခြေခံဧည့်လမ်းညွှန် ပညာရပ်များကို သင်ရိုးညွှန်းတမ်း ရေးဆွဲခြင်း။<br>· အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာစကားသင်တန်းအစီအစဉ် ရေးဆွဲခြင်း။<br>· ဗစ်တိုးရီးယားတောင်ဝန်းကျင် န  ယ်မြေမှ သင်တန်းသား၊ သင်တန်းသူတို့အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေခံဧည့်လမ်းညွှန် သင်တန်း ပံ့ပိုးပေးခြင်း။<br>· ဗစ်တိုးရီးယားတောင်ဝန်းကျင် နယ်မြေမှ သင်တန်းသား၊ သင်တန်းသူတို့အတွက် ဘာသာစကားကျွမ်းကျင်မှု အခြေခံသင်တန်း ပံ့ပိုးပေးခြင်း။<br>· အင်္ဂလိပ်ဘာသာစကားနှင့်ဆက်သွယ်ပြောဆိုနိုင်စွမ်းရည်အကန့်အသတ်သာ ရှိသော ဒေသခံများအတွက်နှုတ်ဖြင့်ပြောဆိုမှုမပါသည့် ဆက်သွယ်မှုအတွက်  လမ်းညွှန်ချက်များ ရေးဆွဲပေးခြင်း။ |

| စီမံကိန်း ခေါင်းစဉ် | ချင်းပြည်နယ်အတွင်းရှိ စီမံကိန်းဦးတည်ဒေသများအတွက် ဘာသာစကားပံ့ပိုးမှုနှင့် ဧည့်လမ်းညွှန်သင်တန်း | | |
|---|---|---|---|
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲမည်ဖြစ်ပြီး သင်တန်းပို့ချခြင်း နှင့် အဆောက်အအုံပိုင်း ဖြည့်တင်းပေးခြင်းကိုမူ ပြည်တွင်းပညာရှင်များဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | စုစုပေါင်း ကုန်ကျစရိတ် (အမေရိကန် ဒေါ်လာ) |
| | | ပါဝင်ဆောင်ရွက်မည့်သူများကို သတ်မှတ်ရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၄၀၀၀ |
| | | ဧည့်လမ်းညွှန်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းပြင်ဆင်ခြင်း | ၄၀၀၀ |
| | | ဘာသာစကားဆိုင်ရာ သင်ရိုးညွှန်းတမ်းပြင်ဆင်ခြင်း | ၄၀၀၀ |
| | | ဗစ်တိုးရီးယားတောင်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း ပို့ချခြင်း အစီအစဉ် (ရက်သတ္တပတ် နှစ်ပတ်၊ သင်တန်းသား/သူ (၈) ဦး) | ၁၂၀၀၀ |
| | | ဗစ်တိုးရီးယားတောင်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာစကားပံ့ပိုးမှုသင်တန်း ပို့ချခြင်း အစီအစဉ် (၄ * ဆရာ၊ ဆရာမများ။ သင်တန်းအပါအဝင် တစ်လ) | ၈၀၀၀ |
| | | ဖွံ့ဖြိုးရေးနှင့် နှုတ်ဖြင့်ပြောဆိုမှု မပါဝင်သည့် ဆက်သွယ်ရေးပုံစံ လမ်းညွှန်ချက်များကို ပုံနှိပ်ခြင်း | ၈၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါဝင်ပါ) | ၄၀၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၄၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၄၄၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်းဆ ချက်များ | ဘတ်ဂျက်မျှော်မှန်းဆ ချက်များ | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာ တို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံချက်နှင့် ရပ်ရွာပြည်သူများ ပူးပေါင်းပါဝင်မှုကို ညွှန်းဆိုသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးမဟာဗျူဟာ စသည့် ဗျူဟာနှစ်ခုစလုံးနှင့် ချိတ်ဆက်မှုရှိပါသည်။ | |
| | လေ့လာတွေ့ရှိချက် | လေ့လာတွေ့ရှိချက် | |

# တည်းခိုရိပ်သာ အဆောက်အအုံများအတွက် ပံ့ပိုးပေးခြင်း

| စီမံကိန်း ခေါင်းစဉ် | တည်းခိုရိပ်သာ အဆောက်အအုံများအတွက် ပံ့ပိုးပေးခြင်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အသက်မွေးဝမ်းကျောင်း သင်တန်း၊ အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ စွမ်းရည်နှင့် ခရီးသွားလုပ်ငန်း |
| | တည်နေရာ | မြို့နယ်များအားလုံး |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၉၁၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | · လက်ရှိ တည်းခိုရိပ်သာ နေရာထိုင်ခင်းများအတွက် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရန်<br>· ပြည်နယ်အတွင်းရှိ လက်ရှိတည်းခိုရိပ်သာများ လည်ပတ်ဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုစွမ်းရည်အခြေခံသင်တန်းများကို ပံ့ပိုးပေးရန် |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>လက်ရှိတည်းခိုရန်နေရာထိုင်ခင်း အနေအထားမှာ ယေဘုယျအားဖြင့် အဆင့်အတန်း မမီသည့်အပြင် လုံလောက်မှုလည်း မရှိပါ။ ယေဘုယျအားဖြင့် အဆိုပါဧည့်ရိပ်သာတို့ သည် သန့်ရှင်းသော အိပ်ရာခင်းများ၊ ခေါင်းစွပ်နှ င့် တဘက်များ၊ ရေပူ (သို့) ရေချိုး ဇလုံများတွင် အပူပေးကိရိယာများ တပ်ဆင်ပံ့ပိုးမှု မရှိကြပါ။ ဝန်ဆောင်မှုကို ပံ့ပိုးပေး မည့် အစီအမံများ မရှိခြင်းနှင့် အရင်းအနှီးမရှိခြင်းသည် တည်းခိုရိပ်သာများ အဆင့်အတန်း မမီရခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ပါသည်။ တည်းခိုရိပ်သာများ သည် ေ ကာင်းမွန် သော ဝန်ဆောင်မှုပေးရန်နှင့် ၎င်းတို့၏ အစီအမံများကို အဆင့်မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုအခြေခံသင်တန်းများဖြင့် ပံ့ပိုးပေးခံရသင့်ပါသည်။<br><br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>စီမံကိန်းသည် ပို၍ ေ ဒးလံခေါင်ပါးသော အရပ်ဒေသများရှိ လက်ရှိတည်းခိုရိပ်သာများကို ခရီးသွားဧည့်သည်တို့ လက်ခံနိုင်ဖွယ်ရှိသော အခြေခံအဆင့်သို့ ရောက်ရှိရန် ၎င်းတို့၏ ဆောင်ရွက်ချက်များကို မြှင့်တင်ရေးတွင် ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ တည်းခိုရိပ်သာ တစ်ခုအနေဖြင့် အဆောက်အအုံ ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုကို လက်ခံရယူနိုင်ရန် အတွက်အသက်မွေးဝမ်းကျာင်းဆိုင်ရာ ဝန်းထမ်းစီမံခန့်ခွဲရေးသင်တန်းကို ပါဝင်တက် ရောက် မည်ဟု ကတိခံဝန်ချက်ပေးရပါမည်။<br><br><u>သင်တန်းတွင်</u> အောက်ပါဘာသာရပ်များ ပါဝင်ပါသည်။<br>· စီးပွားရေးစီမံခန့်ခွဲမှုနှင့် တည်းခိုရိပ်သာ လည်ပတ်ခြင်း၊ ဧည့်သည်ကို ဝန်ဆောင်မှု ပေးရခြင်း၊ သန့်ရှင်းရေးနည်းစနစ်၊ စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ် စီမံခန့်ခွဲခြင်း။<br><br><u>အဆောက်အအုံတိုးတက်ကောင်းမွန်ရေးတွင်</u> အောက်ပါအကြောင်းအရာတို့ပါဝင်ပါသည်။<br>· အညစ်အကြေးစွန့်ထုတ်မှုနှင့် အိမ်သာစနစ် ကောင်းမွန်လာရေး<br>· အိပ်ရာအခင်း၊ တဘက်များနှင့် အသုံးအဆောင်ပစ္စည်းငယ်များ ဝယ်ယူဖြည့်တင်းရေး<br>· သတ်မှတ်ထားသည့်အတိုင်း အခြားသော အသေးစားပံ့ပိုးမှုများ ဖြည့်ဆည်းထားရှိရေး. |
| | လုပ်ငန်း | · သေချာကောင်းမွန်သော ပံ့ပိုးမှုအဆင့်သို့ ရောက်ရှိစေရေးအတွက် ြ မို့နယ်များ |

| စီမံကိန်း ခေါင်းစဉ် | တည်းခိုရိပ်သာ အဆောက်အအုံများအတွက် ပံ့ပိုးပေးခြင်း | | |
|---|---|---|---|
| | ဆောင်ရွက်ချက် | အားလုံးရှိ တည်းခိုရိပ်သာများနှင့် ဆွေးနွေးတိုင်ပင်ခြင်း။<br>· တည်းခိုဧည့်ရိပ်သာ တစ်ခုစီ၏ လိုအပ်ချက်အလိုက် အဆောက်အအုံဆိုင်ရာ ပံ့ပိုးမှုများကို အသေးစိတ် ဖော်ဆောင်ပေးခြင်း။<br>· လက်တွေ့လုပ်ငန်းခွင်တွင် အကောင်အထည်ဖော် လိုက်နာဆောင်ရွက် ရာတွင် အထောက်အကူပြုမည့် ကျွမ်းကျင်မှုအခြေခံသင်တန်းများ ပို့ချပေးရေး စီမံ ချက်ကို အသေးစိတ် ပြင်ဆင်ခြင်း။<br>· ဒေသခံ သင်န်းပို့ချသူများကို သတ်မှတ်ဖော်ထုတ်ကာ ဆရာဖြစ်သင်တန်းပေးခြင်းနှင့် ၎င်းတို့နှင့် သင်တန်းများ ပြန်လည်ပို့ချခြင်း။<br>· အဆောက်အအုံအဆင့်မြှင့်တင်ရေး အစီအစဉ် အကောင်အထည်ဖော်ခြင်း။<br>· လုပ်ငန်းဖော်ဆောင်မှုကို စောင့်ကြည့်လေ့လာခြင်းနှင့် အသိအမှတ်ပြုမှတ်တမ်းများ ထုတ်ပေးခြင်း။<br>· ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများအားလုံးကို ထိန်းသိမ်းထားကာ နောင်အနာဂတ်တွင် ပို့ချမည့် သင်တန်းများနှင့် ထောက်ပံ့မှုများတွင် ပြန်လည် အသုံးချနိုင်စေရန် စီစဉ်ခြင်း။ | |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲမည်ဖြစ်ပြီး သင်တန်းပို့ချခြင်း နှင့် အဆောက်အအုံပိုင်း ဖြည့်တင်းပေးခြင်းကိုမူ ပြည်တွင်းပညာရှင်များဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန်များ | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | မြို့နယ်အဆင့် ဆွေးနွေးတိုင်ပင်ခြင်း | ၈၀၀၀ |
| | | သင်တန်းပို့ချခြင်းအစီအစဉ်များဖြင့် ကျွမ်းကျင်အရည်အသွေးများ မြှင့်တင်ခြင်း | ၄၀၀၀ |
| | | ရန်ပုံငွေပံ့ပိုးပေးခြင်းနှင့် လုပ်ငန်းကို လေ့လာစောင့်ကြည့်မှု ဖော်ဆောင်ခြင်း | ၅၀၀၀ |
| | | တည်းခိုရိပ်သာများအတွက် အဆောက်အအုံပိုင်းဆိုင်ရာ ပံ့ပိုးမှု * ၁၆ (တည်းခိုရိပ်သာတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ အသုံးပြုပါမည်။) | ၃၂၀၀၀ |
| | | တည်းခိုရိပ်သာများတွင် ရက်သတ္တပတ်ရှည် သင်တန်းများ ပို့ချခြင်းနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခြင်း (တည်းခိုရိပ်သာ ၁၆ ခုအတွက် တစ်ခုလျှင် အမေရိကန်ဒေါ်လ ၂၀၀၀ အသုံးပြုပါမည်။) | ၃၂၀၀၀ |
| | | သင်ရိုးညွှန်းတမ်းရေးဆွဲပြင်ဆင်ခြင်း | ၂၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါဝင်ပါ) | ၈၃၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၈၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၉၁၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်း ဆချက်များ | တည်းခိုရိပ်သာပိုင်ရှင်များသည် ၎င်းတို့၏ အဆောက်အအုံနှင့် ဝန်ဆောင်မှုကို ပံ့ပိုးပေးသည့်အရာများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ပါမည့်အကြောင်း | |

| စီမံကိန်း ခေါင်းစဉ် | တည်းခိုရိပ်သာ အဆောက်အအုံများအတွက် ပံ့ပိုးပေးခြင်း | |
|---|---|---|
| | | ခိုင်မာတိကျသော ကတိခံ ဂန်ချက်များနှင့် ရန်ပုံငွေပံ့ပိုးမှုစနစ်မှ မည်သည့်ရန်ပုံငွေကိုမဆို လျှော့ကျထားသင့်ပါသည်။ ပံ့ပိုးလိုက်သည့် ရန်ပုံငွေများကို အလွဲသုံးစား မလုပ်စေရန် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကောင်းတစ်ခု လိုအပ်ပါသည်။ |
| အခြားသော အချက် အလက် | အမျိုးသားအဆင့် မူဂါဒနှင့် မဟာဗျူ ဟာ တို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံချက်နှင့် ရပ်ရွာပြည်သူများ ပူးပေါင်းပါဂင်မှုကို ညွှန်းဆိုသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးမဟာဗျူဟာ စသည့် ဗျူဟာနှစ်ခုစလုံးနှင့် ချိတ်ဆက်မှုရှိပါသည်။ |
| | လေ့လာတွေ့ ရှိချက် | *ဖော်ပြရန်မရှိပါ။* |

## အမွေအနှစ်များ လေ့လာရေးလမ်းကြောင်းညောင်ဦး - ကန်ပက်လက်

| စီမံကိန်း ခေါင်းစဉ် | ညောင်ဦးမှ ကန်ပက်လက်သို့ အမွေအနှစ်များ လေ့လာရေး လမ်းကြောင်းတစ်ခု ဖော်ဆောင်ပေးရန် စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | အသက်မွေးဂမ်းကျောင်း သင်တန်း၊ အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာ စွမ်းရည်နှင့် ခရီးသွားလုပ်ငန်း |
| | တည်နေရာ | မင်းတပ်မြို့နယ် |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း အကြောင်း အရာ | ရည်ရွယ်ချက် | · ညောင်ဦးနှင့် ကန်ပက်လက်/မင်းတပ် ဆက်သွယ်မည့် ကနဦး ယဉ်ကျေးမှု အမွေအနှစ် လမ်းကြောင်း ဖွံ့ဖြိုးတည်တံ့စေရန်<br>· အမျိုးသမီးများ၏ ချည်ထည်ရက်လုပ်မှုလုပ်ငန်း တိုးတက်ကောင်းမွန်လာစေရေးအတွက် အသက်မွေးဂမ်းကျောင်းသင်တန်းနှင့် ဆင့်ပွားဆရာဖြစ် သင်တန်းများ ပို့ချပေးရန် နှင့် ၎င်းတို့သည် လက်မှုပစ္စည်းထုတ်လုပ်သူများကွန်ရက်နှင့် ချိတ်ဆက် မိပြီး ဈေးကွက်ကို လက်လှမ်းမီနိုင်လာစေရေးတို့အတွက် ပံ့ပိုးပေးရန်<br>· ကမ္ဘာလှည့် ခရီးသွားများ လေ့လာနိုင်မည့် ကျေးရွာများ ကို ရွေးချယ်ရန်နှင့် အဆိုပါ ကျေးရွာများတွင် ထုတ်ကုန်များ ဈေးကွက်ဂင် ရောင်းချနိုင်ရေးအတွက် ကူညီပံ့ပိုးရန် |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | ဗစ်တိုးရီးယားတောင်အမျိုးသားဥယျာဉ်သို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များလာသည်ကို ချင်းပြည်နယ်တောင်ပိုင်းတွင် လတ်တလော တွေ့မြင်နေရပါသည်။ ဤ အခြင်းအရာသည် မင်းတပ်မြို့တွင် ရှိသော လက်ရှိအသက်မွေး ဂမ်းကျောင်းသင်တန်း ကျောင်းမှ လက်ရက်ထည်များ အစရှိသော ဒေသဖြစ်လက်မှုပစ္စည်းများကို ဈေးကွက် ဂင် ရောင်းချနိုင်ရန် အလားအလာကောင်းများကို ဖြစ်ထွန်းစေပါသည်။ သို့ရာတွင် အဆိုပါ လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကျွမ်းကျင်မှုအရည်အသွေးမှာ အကန့်အသတ်ဖြင့်သာ ရှိပြီး ဒေသခံ ကျွမ်းကျင်သူများမှာ ရှားပါးလာပါသည်။ သို့ရာတွင် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးရေးကွန်ယက်/လူမှုစီးပွားရေးဖွံ့ဖြိုးရေးကွန်ယက်၏ ပေါင်းစုအင်အားကို အသုံးပြု၍ လည်းကောင်း၊ ညောင်ဦးမှ ကန်ပက်လက် /မင်းတပ်သို့ အမွေအနှစ်များ လေ့လာရေး လမ်းကြောင်းအတွက် ရွေးချယ်ထားသော ကျေးရွာများတွင် အနုပညာ လက်ရာများ၊ လက်မှုပညာပစ္စည်းများနှင့် ၎င်းတို့၏ ဒေသထွက်ကုန်များကို ရောင်းချရန် အတွက် |

| စီမံကိန်း ခေါင်းစဉ် | ညောင်ဦးမှ ကန်ပက်လက်သို့ အမွေအနှစ်များ လေ့လာရေး လမ်းကြောင်းတစ်ခု ဖော်ဆောင်ပေးရန် စီမံကိန်း |
| --- | --- |
| | ဦးဆောင်စီစဉ်သော လက်မှုပစ္စည်းများ ထုတ်လုပ်ရောင်းချသူများ ကွန်ယက်ကို အသုံးပြု၍လည်းကောင်း ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ ရှိပါသည်။ ဤနည်းအားဖြင့် ချင်းပြည်နယ်တောင်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးကို ချိတ်ဆက်ထားနိုင်မှု ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။<br>ရိုးရာ လက်မှုပစ္စည်းများကို ပြ န်လည်ဖော်ထုတ်ကာ ရပ်ရွာလူထု၏ လုပ်ကိုင်စွမ်းရည်ကို မြှင့်တင်ပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းအား ြ ဖင့် အမျိုးသမီးများသည်လည်း အပို ဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။ |
| လုပ်ငန်း ဆောင်ရွက်ချက် | · သမိုင်းဝင်ပစ္စည်းများ တည်ရှိရာနေရာများနှင့် ၎င်းတို့အကြောင်းကို ဒေသ ခံ ဧည့်လမ်းညွှန်များနှင့်ထိန်းသိမ်းစောင့်ရှောက်ထားသူများက ရှင်းပြပြောဆိုသည့် အချက်များ (ပါးစပ်ရာဇဝင်များနှင့် အက္ခရာတင်ထားသော သမိုင်းရာဇဝင်များအပါအဝင်) ကို စုစည်းခြင်း။<br>· အခြေခံအဆောက်အအုံလိုအပ်ချက်များ (အသေးစားအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးနှင့် ဒေသသမိုင်းကြောင်း ခြေရာခံနိုင်သော ဝန်းကျင် အစရှိသည်တို့အတွက် ) နှင့် ခရီးသွားလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် ရပ်ရွာလူထု ပါ ဝင်နိုင်မည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ခြင်း။<br>· အမွေအနှစ်နေရာများကို ထိန်းသိမ်းစောင့်ရှောက်မည့်သူများ၊ ဧည့်လမ်းညွှန်များနှင့် အခြားသော ပူးပေါင်းပါ ဝင်သူများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရန် လိုအပ်ချက်များကို ဖော်ထုတ်ခြင်းနှင့် ပို့ချရမည့်သင်တန်းများကို သတ်မှတ်ခြင်း။<br>· အမွေအနှစ်လေ့လာရေး မဟာဗျူဟာအပေါ် အသေးစိတ် အကြံပြုချက်များဖြင့် ပံ့ပိုးပေးခြင်း။<br>· လုပ်ငန်းဖော်ဆောင်မှုဖြစ်နိုင်ခြေနှင့် လုပ်ဆောင်ချက်အစီအမံများကို အသေးစိတ် ရေးဆွဲခြင်း<br>· မင်းတပ်မြို့ရှိချင်းအမျိုးသမီးများအတွက် ရက်ကန်းဆိုင်ရာအတတ်ပညာများ၊ ထုတ်ကုန်တိုးတက်ရေးနှင့် စီးပွားရေးနှင့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အကြောင်း အရာများကို အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဆင့်ပွားဆရာဖြစ် သင်တန်းများ တွင် ပို့ချပေးခြင်း။ ထို့နောက် ၎င်းတို့ကို ညောင်ဦးရှိ အမျိုးသမီးအဖွဲ့များနှင့် ချိတ်ဆက်ကာ လေ့လာရေးခရီးများ သွားရောက်နိုင်စေရန် စီစဉ်ပေးခြင်း။<br>· ညောင်ဦးရှိ အမျိုးသမီးအဖွဲ့များနှင့် ချိတ်ဆက်ကာ ချင်းပြည်နယ်တွင် အမျိုးသမီး ရက်ကန်းရက်သူများအဖွဲ့ကို ထူထောင်ခြင်း။<br>· နည်းပညာကျွမ်းကျင်သူ အကြံပေးပညာရှင်များ၏ ကူညီပံ့ပိုး မှုဖြင့် ဈေးကွက် ဝင် ထုတ်ကုန်များအတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်ခြင်း။<br>· အမျိုးသမီးအဖွဲ့များအတွက် ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ ပံ့ပိုးမှုများနှင့် ဈေးကွက်သို့ လက်လှမ်းမီနိုင်စေရေးအတွက် သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်း။<br>· ဒေသခံလူထု၏ အသိအမြင်ဗဟုသုတ များကို မြှင့်တင်ခင်းနှင့် ခရီးသွားဧည့်သည်များကို စွဲဆောင်နိုင်မည့် ကျေးရွာများကို ရွေးချယ်သတ်မှတ်ခြင်း။<br>· ရွေးချယ်ထားသော ကျေးရွာများတွင် ဒေသခံများ၏ အနုပညာလက်ရာများနှင့် လက်မှုပစ္စည်းများကို ပြသနိုင်ရန်အတွက် ေ ကျးရွာသူကျေးရွာသားများကို လေ့ကျင့် ပျိုးထောင်ပေးခြင်း။<br>· ခရီးသွားဧည့်သည်တို့အတွက် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း။ |
| စီမံကိန်း | စီမံကိန်းကို ကျေးလက်နေဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် နိုင်ငံတကာ ကျွမ်းကျင် |

| စီမံကိန်း ခေါင်းစဉ် | ညောင်ဦးမှ ကန်ပက်လက်သို့ အမွေအနစ်များ လေ့လာရေး လမ်းကြောင်းတစ်ခု ဖော်ဆောင်ပေးရန် စီမံကိန်း | | |
|---|---|---|---|
| | အကောင်အထည် ဖော်ခြင်း | ပညာရှင်နှင့် ကာလတိုခန့်အပ်ထားမည့် ပညာရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် မြို့ပြ အဆင့်တွင် အကောင်အထည်ဖော်ဆောင်မည် ဖြစ်သည်။ | |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | လုပ်ငန်းတာဝန် | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
| | | အမွေအနစ်ဆိုင်ရာကျွမ်းကျင်ပညာရှင် (နိုင်ငံတကာပညာရှင် - ၄ ဦး) | ၄၀၀၀၀ |
| | | အမျိုးသားခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် | ၁၅၀၀၀ |
| | | မြို့နယ်အဆင့် အသေးစားအလုပ်ရုံဆွေးနွေးပွဲများ * ၈ ခု | ၁၀၀၀၀ |
| | | ဒေသကို အသေးစိတ်လေ့လာဆန်းစစ်ခြင်း | ၈၀၀၀ |
| | | ရပ်ရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း | ၈၀၀၀ |
| | | အမွေအနစ်လေ့လာရေးလမ်းကြောင်းအတွက် ဖြစ်နိုင်ခြေအစီအမံ | ၄၀၀၀ |
| | | အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ ဆရာဖြစ်သင်တန်း | ၁၅၀၀၀ |
| | | ရပ်ရွာလူထု၏ အသိပညာဗဟုသုတကို တိုးမြှင့်ခြင်း (ရွေ့လျားအဖွဲ့များဖြင့်ဆောင်ရွက်မည်) | ၅၀၀၀ |
| | | သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (ICT)အတွက် ပံ့ပိုးမှုနှင့် အချက်အလက်များ ဖြန့်ဝေခြင်း (ဈေးကွက်လက်လှမ်းမီမှု၊ ဈေးကွက်မြှင့်တင်ရေး၊ ဝဘ်ဆိုက် စသည်) | ၁၀၀၀၀ |
| | | ဘာသာပြန်ဆိုခြင်း | ၅၀၀၀ |
| | | အခြား (ဥပမာ။ ကျေးရွာ သုံး၊ လေးရွာတွင် သတင်းအချက်အလက်များ ရယူရန် ဆုံမှတ်များနှင့် ပြပွဲပြုလုပ်ရန်နေရာများ ဖန်တီးခြင်း၊ မြေပုံထုတ်ခြင်း၊ သန့်ရှင်းရေးစနစ် မြှင့်တင်ခြင်းအစရှိသည်) | ၁၂၀၀၀ |
| | | လေ့လာစောင့်ကြည့်အကဲဖြတ်ခြင်း | ၃၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါဝင်ပါ) | ၁၃၅၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၁၀% ထပ်တိုးပေါင်းခြင်း | ၁၅၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၁၅၀၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်း ဆ ချက်များ | *ဖော်ပြရန်မရှိပါ* | |
| အခြားသော အချက် အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာ ဗျူဟာ တို့နှင့် ကိုက်ညီမှု | ဤစီမံကိန်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မဟာစီမံချက်အပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးမဟာဗျူဟာတွင် ရပ်ရွာပြည်သူများ ပူးပေါင်းပါဝင်မှု စသည့် ဗျူဟာနှစ်ခုစလုံးနှင့် ချိတ်ဆက်မှုရှိပါသည်။ | |
| | လေ့လာ တွေ့ရှိချက် | လတ်တလောတွင် ချင်းလူမျိုးမဟုတ်သည့် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ကျေးရွာများတွင် ညအိပ်ရပ်နားခွင့် မပြုပါ။ | |

# ၇။ အဖွဲ့အစည်းမူဘောင်သွင်းခြင်းဆိုင်ရာဓလေ့များ ဖွံ့ဖြိုးတိုးတက်လာခြင်း

## လုပ်ငန်းစဉ်များ ရေးဆွဲပြင်ဆင်ရာတွင် ချင်းပြည်နယ်အစိုးရ၏စွမ်းဆောင်ရည်များ မြင့်မားလာခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ၏ကို ခိုင်မာစေခြင်း

| စီမံကိန်း ခေါင်းစဉ် | အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ခိုင်မာစေခြင်း နှင့် နှစ်စဉ် လုပ်ငန်းစဉ်များ၊ ဘတ်ဂျက်များ ရေးဆွဲပြင်ဆင်ခြင်းနှင့် အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းတို့တွင် ချင်းပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရေး စီမံကိန်း | |
|---|---|---|
| သတ်မှတ်ခြင်း | ပဓာနနယ်ပယ် | ဖွံ့ဖြိုးရေးအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ခြင်း |
| | တည်နေရာ | မြို့နယ်များအားလုံးနှင့် ပြည်နယ်အစိုးရအဆင့် |
| | စုစုပေါင်း ကုန်ကျစရိတ် | အမေရိကန်ဒေါ်လာ ၂၇၀၀၀၀ |
| | စီမံကိန်းကာလ | တစ်နှစ် |
| စီမံကိန်း အကြောင်းအရာ | ရည်ရွယ်ချက် | · ပါဝင်ဆောင်ရွက်မှု အစီအစဉ်၊ စီမံကိန်းတွက်ချက်မှု၊ အရင်းအမြစ် ရွှေ့ပြောင်းခြင်း၊ စီမံကိန်းဖော်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ လုပ်ငန်း အစီအစဉ်ကို လေ့လာစောင့်ကြည့်ခြင်းနှင့် မြို့နယ်နှင့် ပြည်နယ်အဆင့် အစိုးရ အုပ်ချုပ်ရေးဌာနများသို့ အစီရင်ခံခြင်းတို့တွင် နည်းစနစ်ကျနမှုရှိစေရန်နှင့် ခိုင်မာမှု ရှိစေရန်။<br>· ပြည်နယ်အစိုးရအတွင်းတွင် "ကူညီထောက်ပံ့မှု လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့" ဖွဲ့စည်းထားရာ အဆိုပါအဖွဲ့၏ လုပ်ကိုင်နိုင်စွမ်းရည်များကို မြှင့်တင်ရန်။ အဆိုပါအဖွဲ့သည် အလှူရှင်များ ပံ့ပိုးပေးထားသည့် ရန်ပုံငွေဖြင့် ဖော်ဆောင်သော စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ကို စီမံခန့်ခွဲရန် နှင့် အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းကိစ္စရပ်တို့တွင် အလှူရှင်အသိုင်းအ ဝိုင်းနှင့် ထိထိရောက်ရောက် ပေါင်းကူးဆက်သွယ်ရန်အတွက် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ |
| | စီမံကိန်းနှင့် ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအကြောင်းအရာ**<br>မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအရ ဖွံ့ဖြိုးရေးစီမံကိန်း အစီအစဉ်များရေးဆွဲရာတွင် ယခင်က ပြည်ထောင်စုအစိုးရမှ တာ ဝန်ခံလုပ်ဆောင် နေရာမှ စနစ်သစ်တွင် ပြည်နယ်အစိုးရများထံသို့ လွှဲပြောင်းလိုက်ပြီ ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်အရ ပြည်သူ လူထုဗဟိုပြုသောနည်းလမ်းဖြင့် လုပ်ငန်း များကို အကော င် အထည်ဖော်ရမည်ဖြစ်ရာ ယခင်က ဗဟိုချုပ်ကိုင်၍ အစီအစဉ်ရေးဆွဲသော နည်းလမ်းမှာ လုံးဝဥဿုံ ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ လတ်တလော တွင်မူ ပြည်နယ်တော်တော် များများတွင် ချဉ်းကပ်နည်းအသစ်ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော စွမ်းရည် နည်းပါးနေပါသည်။ အထူးသဖြ ဖင့် မြို့နယ်အဆင့်သည် လည်း စီမံကိန်းအစီအစဉ်များကို အခြေခံရေးဆွဲပေးရသည်ဖြစ်ရာ ဤအဆင့်တွင်ပင် လုပ်ကိုင်နိုင်စွမ်းရည်များ နည်းပါးနေသည်ကို တွေ့ရပါသည်။<br>ဖွံ့ဖြိုးရေးဆိုင်ရာရှုထောင့်မှကြည့်လျှင် ထိုသို့သော ပြောင်းလဲမှုသည် နိုင်ငံတကာ အလှူရှင်အသိုင်းအဝိုင်းကို မြန်မာ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများ ပံ့ပိုးပေးရာတွင် အစိုးရလမ်းကြောင်းမှတဆင့် ပံ့ပိုးနိုင်ရန်အတွက် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ပါသည်။<br>**တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည်များ**<br>ချင်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဆင်းရဲအနွမ်းပါးဆုံး ဒေသဖြစ်ရာ အလှူရှင်များ ရန်ပုံငွေပံ့ပိုးရာတွင် ပြည်နယ်အစိုးရ၏ လုပ်ငန်းအစီအစဉ်နှင့် |

| စီမံကိန်း ခေါင်းစဉ် | အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ခိုင်မာစေခြင်း နှင့် နှစ်စဉ် လုပ်ငန်းစဉ်များ၊ ဘတ်ဂျက်များ ရေးဆွဲပြင်ဆင်ခြင်းနှင့် အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းတို့တွင် ချင်းပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရေး စီမံကိန်း | |
|---|---|---|
| | | ဆက်နွယ်နေသော ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အတွက် ဦးစားပေး ပံ့ပိုးခြင်းဖြစ်ပါသည်။ ထိုသို့သောပံ့ပိုးမှုကို ချင်းပြည်နယ်အစိုးရကလည်း အသိအမှတ်ပြုပြီး နိုင်ငံတကာအလှူရှင်များထံမှ လက်ခံရရှိသည့် အရင်းအမြစ်များ ရွှေ့ပြောင်းသုံးစွဲရာတွင် ပံ့ပိုးမှုရစေရန်အတွက် ကူညီထောက်ပံ့မှု လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။<br>သို့ရာတွင် ပြည်နယ်အစိုးရအတွက်မူ အကောင်အထည်ဖော်ဆောင်ရွက်ရ မည့် လုပ်ဆောင်ချက်များမှာ အလွန်အသစ်အဆန်းဖြစ်နေပြီး၊ လက်ရှိအနေအထား တွင် ဖွဲ့စည်းထားသည့် ကူညီထောက်ပံ့မှုလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့သည်လည်း အတွေ့အကြုံနှင့် စွမ်းဆောင်ရည် အနည်းငယ်သာ ရှိပါသည်။ ထို့ကြောင့် အလှူရှင်များထံမှ ရရှိသော အရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲ အသုံးချနိုင်စေရန်နှင့် အရင်းအမြစ်များ ရွှေ့ပြော င်းသုံးစွဲမှု မြန်ဆန်တိုးတက်စေရန် အဆိုပါအဖွဲ့ကို ခိုင်မာအောင် ပံ့ပိုးပေးရန် အရေးကြီးပါသည်။ |
| | လုပ်ငန်း ဆောင်ရွက်ချက် | · လူထုပူးပေါင်းပါဝင်သောအစီအစဉ်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ အချက်အလက်ကောက်ယူခြင်းနှင့် ကျေးရွာ၊ မြို့နယ်နှင့် ပြည်နယ်အဆင့်အလိုက် အသုံးပြုနိုင်ရန်အတွက် အစီရင်ခံစာရေးဆွဲခြင်း အစရှိသော လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်အတွက် သင်တန်းနှင့်လုပ်ငန်းလည်ပတ်ခြင်း ဆိုင်ရာ လက်စွဲများ ရေးဆွဲပြင်ဆင်ခြင်း။<br>· ကျေးရွာအဆင့်မှသည် ပြည်နယ်အဆင့်အထိ အဆင့်လိုက် သင်တန်းများ ပို့ချပေးခြင်း။ သင်တန်းတွင် အဆင့်အလိုက် စီမံကိန်း အစီအစဉ်ရေးဆွဲခြင်း ဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များ ပါ ဝင်မည်ဖြစ်ပါသည်။ ထို့ပြင် သက်ဆိုင်ရာနှစ်အတွက် နှစ်အလို က်စီမံချက်များတွင် ဖော်ပြထားသော လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ရခြင်း တို့ကိုလည်း ထည့်သွင်းထားပါသည်။<br>· ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် အမျိုးသမီး အဖွဲ့အစည်းများအပါအဝင် ရပ်ရွာအခြေပြုအဖွဲ့များအတွက် အလုပ်ရုံဆွေးနွေးပွဲသင်တန်းများ ကျင်းပခြင်း။<br>· အီလက်ထရောနစ်နည်းပညာဖြင့် စီမံကိန်းအစီအစဉ်များ ရေးဆွဲရန်နှင့် အစီရင်ခံစာ ရေးသားရန်အတွက် ဧ ဖာင်ပုံစံများ ပြင်ဆင်ပေးခြင်းနှင့် အဆိုပါ ဖောင်များထဲသို့ မည်သို့ရေးသွင်းရမည်ဆိုသော ညွှန်ကြားချက်များကိုပါ ရှင်းပြပြောဆိုခြင်း။ စာရင်းအင်းနှင့် အချက်အလက်ကောက်ယူစီ မံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်ရာ ဂန်ထမ်းများကို ဆော့ဖ် ဂဲများ အသုံးပြုမှုအတွက် ညွှန်ကြားခြင်း။ (အများတကာအသုံးပြုနေသော ဆော့ဖ် ဂဲကို အသုံးပြုမည်ဖြစ်ပြီး လုပ်ငန်းစဉ်တစ်ခုစီ၏ သီးခြားလိုအပ်ချက်နှင့် ကိုက်ညီအောင်အတွက်မူ အထူးသီးသန့်ရေးသားထားသည့် ဆော့ဖ်ဂဲကို အသုံးပြုပါမည်။)<br>· မြန်မာနိုင်ငံတွင် ပံ့ပိုးပေးကူညီနေသော အလှူရှင်တစ်ဖွဲ့စီ၏ ပုံစံနှင့် သီးခြားလိုအပ်ချက်နှင့် ကိုက်ညီစေရန် "ကူညီထောက်ပံ့မှု လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး " အဖွဲ့ကို စီမံခန့်ခွဲမှု၊ ပစ္စည်းမှာယူမှု၊ အစီရင်ခံစာ ရေးသားခြင်းနှင့် ရန်ပုံ ငွေရရှိရန် အလားအလာရှိသော စီမံကိန်းအမျိုးအစားများအကြောင်း သင်တန်းပို့ချ၍ မှုဝေပေးခြင်း။<br>· အလှူရှင်များနှင့် ဆက်ဆံရာတွင် အင်္ဂလိပ်ဘာသာစကားစွမ်းရည် တိုး တက်ကောင်းမွန်ခြင်း။ ကူညီထောက်ပံ့မှု စီမံခန့်ခွဲရေးအဖွဲ့မှ သင့်တော်ပြီး အရည်အချင်းရှိသော အမှုထထမ်း၊ အရာထမ်းတို ့သည် အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းပြောဆိုခြင်း၊ ဘာသာပြန်ဆိုခြင်းနှင့် အစီရင်ခံစာရေးသားခြင်း အထူးသင်တန်းကို ရန်ကုန်တွင် သွားရောက်သင်ကြားရမည် ဖြစ်ပါသည်။ |

| စီမံကိန်း ခေါင်းစဉ် | အဖွဲ့အစည်းဆိုင်ရာမူဘောင်များကို ခိုင်မာစေခြင်း နှင့် နှစ်စဉ် လုပ်ငန်းစဉ်များ၊ ဘတ်ဂျက်များ ရေးဆွဲပြင်ဆင်ခြင်းနှင့် အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းတို့တွင် ချင်းပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရေး စီမံကိန်း | |
|---|---|---|
| | | · မြို့နယ်ရုံးတိုင်းနှင့် ဟားခါးမြို့ရှိ ကူညီထောက်ပံ့မှု လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အတွက် ရုံးသုံးပစ္စည်းကိရိယာများနှင့် လပ်တော့ကွန်ပြူတာများ အစုံလိုက် ဖြည့်တင်းပေးနိုင်ရန်အတွက် ရန်ပုံငွေပံ့ပိုးပေးခြင်း။ |
| | စီမံကိန်း အကောင်အထည် ဖော်ခြင်း | ဤစီမံကိန်းသည် ချင်းပြည်နယ်အစိုးရ၏ စီမံကိန်း အစီအစဉ်စက်ဝိုင်းစဉ်အတိုင်း လိုက်နာပါမည်။ အကြံပေးပညာရှင်အဖွဲ့သည်လည်း အစီအစဉ်စက်ဝိုင်းအတိုင်း အမျိုးမျိုးသောအဆင့်အလိုက် လျော်ညီသည့် သွင်းအားစုများကို ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။<br>စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း ရေးဆွဲခြင်းနှင့် စီးပွားရေးဝန်ကြီးက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်း ရေးဆွဲခြင်းဌာနမှ ဌာနအကြီးအကဲက နေ့စဉ်လုပ်ငန်းဆောင်တာများကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။ စာရွက်စာတမ်းများကို မှတ်တမ်းတင်ပြုစုခြင်း၊ သင်တန်း ဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုလက်စွဲများရေးသားပြင်ဆင်ခြင်း၊ အဆင့်အလိုက်လိုအပ်သော သင်တန်းများ ပို့ချပေးရေးအတွက် ပြည်တွင်းနှင့်ပြည်ပမှအကြံပေး ပညာရှင်များကို ခေါ်ယူခန့်အပ်မည်ဖြစ်ပါသည်။ အကြံပေးပညာရှင် ခေါင်းဆောင်သည် နိုင်ငံတကာ အလှူရှင်များအတွက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် အလားတူစီမံကိန်းများကို စီမံခန့်ခွဲရာ၌ အလွန် အတွေ့အကြုံပြည့်ဝသော နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် ဖြစ်သင့်ပါသည်။ အဆိုပါ နိုင်ငံတကာ အကြံပေး ပညာရှင်သည် အစိုးရပိုင်း၏ စီမံကိန်းရေးဆွဲမှုနှင့် ဘတ်ဂျက်လျာထား အသုံးပြုခြင်း လုပ်ထုံးလုပ်နည်းများနှင့် အလွန် ရင်းနှီးကျွမ်းဝင်ပြီး မြန်မာနိုင်ငံတွင် အလှူရှင်ပံ့ပိုးမှုဖြင့် ဖော်ဆောင်ရသော စီမံကိန်းများကို ကိုယ်တိုင်အောင်မြင်စွာ စီမံခန့်ခွဲနိုင်သည့် ပြည်တွင်း အကြီးတန်းကျွမ်းကျင်ပညာရှင်နှင့် တွဲဖက်လုပ်ကိုင်ပါမည်။ စီမံကိန်း အချက်အလက်များကို သွင်းယူစီမံခန့်ခွဲမှုစနစ်တွင် အတွေ့အကြုံ ပြည့်ဝသည့် ပြည်တွင်းစာရင်းအင်းကျွမ်းကျင်ပညာရှင်တစ်ဦးကိုလည်း စီမံကိန်းအတွက် အလုပ် ခန့်အပ်မည်ဖြစ်ပါသည်။ |
| ဘဏ္ဍာရေး အချက်အလက် | ဘတ်ဂျက် | |

| လုပ်ငန်းတာဝန် | အရေအတွက် | တစ်ခုစီ တန်ဖိုး | စုစုပေါင်း ကုန်ကျငွေ (အမေရိကန် ဒေါ်လာ) |
|---|---|---|---|
| အသေးစိတ် စီမံကိန်းတွက်ချက်မှု | ၁ | ၅၀၀၀ | ၅၀၀၀ |
| နည်းပညာအကူအညီ - နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် - စီမံကိန်းဒီဇိုင်း ရေးဆွဲခြင်းနှင့် လုပ်ငန်းဖော်ဆောင်မှု ဆိုင်ရာကျွမ်းကျင်သူ | ၄ လ | ၁၅၀၀၀ | ၆၀၀၀၀ |
| နည်းပညာအကူအညီ - ပြည်တွင်းပညာရှင် - စီမံကိန်း စီစဉ်ရေးဆွဲမှု ကျွမ်းကျင်သူ | ၉ လ | ၃၀၀၀ | ၂၇၀၀၀ |
| နည်းပညာအကူအညီ - ပြည်တွင်း ပညာရှင် - စာရင်းအင်းနှင့် အချက်အလက် စီမံခန့်ခွဲမှု | ၄ လ | ၃၀၀၀ | ၁၂၀၀၀ |
| ပြည်နယ်အဆင့် သင်တန်း | ၂ | ၅၀၀၀ | ၁၀၀၀၀ |

| စီမံကိန်း ခေါင်းစဉ် | အဖွဲ့အစည်းဆိုင်ရာမှုဘောင်များကို ခိုင်မာစေခြင်း နှင့် နှစ်စဉ် လုပ်ငန်းစဉ်များ၊ ဘတ်ဂျက်များ ရေးဆွဲပြင်ဆင်ခြင်းနှင့် အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းတို့တွင် ချင်းပြည်နယ်အစိုးရ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရေး စီမံကိန်း | | | | |
|---|---|---|---|---|---|
| | | အင်္ဂလိပ်ဘာသာစကားသင်တန်း (သုံးဦးအတွက် ၆ လတာ သင်ကြားမှု) | ၃ | ၅၀၀၀ | ၁၅၀၀၀ |
| | | မြို့နယ်အဆင့် သင်တန်း | ၉ မြို့နယ် | ၁၀၀၀၀ | ၉၀၀၀၀ |
| | | လပ်တော့နှင့် ကွန်ပြူတာများ | ပြည်နယ် (၁)၊ မြို့နယ် (၉) မြို့နယ် | ၂၀၀၀ | ၂၀၀၀၀ |
| | | ရုံးသုံးပစ္စည်းကိရိယာများနှင့် ဆော့ဖ်ဝဲများ တပ်ဆင်ခြင်း | ၁၀ ရုံး | ၂၀၀၀ | ၂၀၀၀၀ |
| | | သယ်ယူပို့ဆောင်ရေးယာဉ် ငှားရမ်းခြင်း | | စုစုပေါင်း | ၅၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောစရိတ်များမပါဝင်ပါ) | | | ၂၆၄၀၀၀ |
| | | မမျှော်မှန်းနိုင်သော စရိတ် ၇% ထပ်တိုးပေါင်းခြင်း | | | ၁၆၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | | | ၂၈၀၀၀၀ |
| | ဘတ်ဂျက်မျှော်မှန်းဆချက်များ | *ဖော်ပြရန်မရှိပါ။* | | | |
| အခြားသော အချက်အလက် | အမျိုးသားအဆင့် မူဝါဒနှင့် မဟာဗျူဟာတို့နှင့်ကိုက်ညီမှု | *ဖော်ပြရန်မရှိပါ။* | | | |
| | လေ့လာတွေ့ရှိချက် | *ဖော်ပြရန်မရှိပါ။* | | | |